www.burmeseclassic.com

# ရင်ဖိုး

(ဆေးတက္ကသိုလ်)

## သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှု

အသစ်စက်စက်စ/ဆုံးလုံးချင်း



Graphic Design : Zay Yar Win Htet

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
လမ်းမှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

# ရှင်မိုး (ဆေးတက္ကသိုလ်)

# သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှု

www.burmeseclassic.com

www.burmeseclassic.com

Synergy Publications
အမှတ် (၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၄၁၂၈၊ ၀၁၀-၃၀၀၀၃၃၂။

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၂ နိုဝင်ဘာ)။ |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | CHEN HMINE AUNG |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | ဦးသုတ၊ Synergy Publication၊ အမှတ် ၉၄၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| အဖုံး/အတွင်းပုံနှိပ် | ရွှေရောင်လင်းပုံနှိပ်တိုက်၊ အမှတ်(၄၂)၊ (၁)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| တာအုပ်ချုပ် | မေသုဝင်း |
| တန်ဖိုး | ၁၆၀၀ |

ရှင်မိုး(လေး တက္ကသိုလ်)
သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှု / ရှင်မိုး(လေးတက္ကသိုလ်)၊ - ရန်ကုန်၊
ဦးသုတ၊ Synergy Publication၊ ၂၀၁၂။
၂၁၉ - စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ။
(၁) သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှု

**ဘဝကယ်ရှိုးများ** ခါတ်လှေကားတစ်ခုထဲမှာ ယောက်ျား ပျိုလေးတစ်ယောက်ရယ်၊ မိန်းမပျိုလေးတစ်ယောက်ရယ်ပေါ့။ သူတို့ နှစ်ယောက်တည်း အတူတူစီးသွားမိတဲ့အခါ သူတို့အသီးသီးရဲ့စိတ်ထဲမှာ ရှိနေမယ့် အတွေးတွေကို မြင်ကြည့်ကြရအောင်....။

ယောက်ျားပျိုလေးကတော့ ယောက်ျားလေးတစ်ယောက်ပီပီ သူနဲ့ မနီးမဝေးမှာရှိနေမယ့် မိန်းမပျိုလေးကို လှလား၊ မလှလား မသိမသာ ကြည့်ပြီး အကဲခတ်မယ်။

မလှရင်တော့ ဆောရီးပေါ့။ နောက်ထပ်တောင် မျက်စိ မကစားတော့ဘဲ ကိုယ်တက်ရမယ့်အထပ်ကို ရောက်ဖို့သာ ခါတ်လှေ ကားထဲက အထပ်နံပါတ်တွေ ပြောင်းပြောင်းသွားတာကို ကြည့်ရင်း အချိန်ဖြုန်းမယ်။ ဒါမှမဟုတ် လက်ထဲမှာပါလာတဲ့ ခေတ်ပေါ် i-phone



www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့ Android (အန်းအွိုက်) Phone ဖြစ်ဖြစ်ကို ကလိရင် ကလိနေလိမ့်မယ်။

ဒါပေမယ့် မိန်းမပျိုလေးဟာ နည်းနည်းလှတပတနဲ့ စတိုင်လ်လေးလည်း မိုက်နေမယ်ဆိုရင် သကောင့်သားလေးအတွက် ဓာတ်လှေကားစီးရတဲ့အချိန်တွေ အကုန်မမြန်ပါစေနဲ့လို့တောင် ဆုတောင်းပြီပေါ့။ သူလေး ဘာရေမွှေးကို သုံးထားပါလိမ့်။ ဘာရှန်ပူနဲ့ ခေါင်းကို လျှော်ထားပါလိမ့်။ ဒါမျိုးတွေကို အရင်ဆုံး ပင့်သက်လေးရှိုက်ကာရှုရင်း ပဟေဠိလုပ်မိမှာတော့ အသေအချာပဲ။

ပြီးမှ . . . ဘယ်လိုလေးဝတ်ထားလဲ။ ဆံပင်က ဘာပုံစံလဲ။ ဘာရောင်ဆိုးတာလဲ။ ဘာရောင်နဲ့ ဟိုက်လိုက်ဖောက်ထားလဲ၊ လက်သည်းရှည်ထားသလား။ လက်သည်းကို အလှပုံဖော်ထားသလား။ အရပ်က ဘယ်လောက်ရှိမလဲ။ အသားရောင်လေးက ဘယ်လိုလေးလဲ၊ ဘယ်နေရာမှာများ အလှ Tatoo (တက်တူး) ထိုးထားသလဲ။ သူ ဘယ်အထပ်ကို သွားမှာလဲ။ ဘာလာလုပ်တာလဲ။ ဘယ်မှာ ကျောင်းနေလဲ။ ရည်းစားရှိသလား။ စသဖြင့်ပေါ့. . . .ယောက်ျားလေးတို့ထုံးစံအတိုင်း စိတ်ဝင်စားသမျှ ပုံစံမျိုးနဲ့ စိတ်ဝင်တစားလေးတော့ ခေါင်းထဲမှာ တွေးရင်း နိုးနိုးကြည့်မယ်။

မိန်းမပျိုလေးကကျတော့ ကိုယ်နဲ့အတူတူ ဓာတ်လှေကားတစ်စီးထဲမှာ ယောက်ျားလေးတစ်ယောက် ပါလာတယ်ဆိုကတည်းက အလိုလိုနေရင်း သတိအနေအထားမှာ ရှိပြီးသွားတာကတော့ ပထမဦးဆုံးသော ခံစားမှုပေါ့။





အဲဒီယောက်ျားလေးက ရုပ်ချော၊ စတိုင်လ်မိမိ၊ ဒါမှမဟုတ် ရုပ်မချောတချောပေမယ့် ဝတ်နိုင်၊စားနိုင်၊ ပိုက်ဆံရှိသားသမီးပုံစံ ပေါက်နေရင်တော့ မိန်းကလေးဟာ ဟန်ကလေးပန်ကလေး ပိုထုတ်ပြီပေါ့။

ရှိပြီးသား မှုပိုင်အလှကိုတောင် ပိုပြီး အရောင်ထွက် ဆွဲဆောင်မှုရှိစေဖို့ မိန်းမတို့တပ်အပ်သော မွေးရာပါအတတ်ပညာအရ မှုယာမာယာလေးတွေ လုပ်ပြမယ်။ ဆံပင်လေးကို သပ်မယ်။ မျက်လုံးလေးထောင့်ကပ်ကြည့်ရင်း ယောက်ျားပျိုလေးက ကိုယ့်ကို အကဲခတ်တာကို အမိဖမ်းပြပြီး မကြည်ဖြူချင်ဟန်ဆောင်မယ်။ (တကယ်တော့ ရင်ထဲမှာ ကျေနပ်နေတာ)။ သူ့မှာ ရည်းစားများရှိသလား။ မရှိသေးရင် ငါ့ကို မြင်မြင်ချင်း ကြိုက်သွားပြီး လိုက်လာရင် ကောင်းမှာပဲ။ ပြန်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အီစီကလီလေးတော့ ဖြစ်စရာပေါ့။ စသဖြင့် . . . . စိတ်ကူးတွေနဲ့ ရင်ခုန်နေမယ်။

ဒါပေမယ့် ဓာတ်လှေကားထဲမှာ အတူတူပါလာတဲ့ ယောက်ျားလေးဟာ ရုပ်ဆိုးဆိုးနဲ့ သိပ်မသားမနားပုံစံဆိုရင်တော့ မိန်းကလေးဟာ အလိုလိုနေရင်း မျက်နှာတင်းပြီးသားပဲ။ ယီးတီးယားကားမလုပ်နဲ့။ တီးထည့်လိုက်မယ်ဆိုတဲ့ မျက်နှာလေးနဲ့ ဝေးနိုင်သမျှဝေးအောင်ရပ်ရင်း ကိုယ်သွားရမယ့်အထပ်ကို အမြန်ရောက်ချင်ဇောနဲ့ အထပ်နံပါတ်တွေကို ကြည့်နေမိမယ်။ မတော်တဆ သူ့အသားနဲ့ ထိရမှာတောင် စိုးရိမ်တဲ့ ပုံစံမျိုး ရှုံ့ရင်ရှုံ့မယ်ပေါ့။

အဲဒီလိုမျိုး ယောက်ျားလေးဘက်နဲ့ မိန်းကလေးဘက် မတူညီတဲ့ အတွေးတွေနဲ့ ဓာတ်လှေကားအထဲမှာ ဆုံစည်းတာမျိုးရှိရင် ရှိနိုင်သလို၊ တစ်ယောက်နဲ့တစ်ယောက် မသိလိုက်၊မသိဘာသာနဲ့ပဲ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



လှေကားတစ်ခုထဲ အတူတူစီးရင်း . . . . ကိုယ်သွားလိုရာ အထပ်ရောက်ရင် ဓာတ်လှေကားထဲက ထွက်သွားကြတာမျိုးတွေလည်း အများကြီး ရှိမှာပါပဲ။

သို့သော် . . . . တစ်နေ့တစ်ရက်မှာတော့ အင်မတန်မှ အမှတ်တရဖြစ်စရာကောင်းတဲ့ အဖြစ်အပျက်နဲ့အတူ ယောကျ်ားပျိုလေး တစ်ယောက်နှင့် မိန်းမပျိုလေးတစ်ယောက်တို့ဟာ . . . ဓာတ်လှေကားမှာ ဆုံစည်းကြပါတယ်။

သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုဟာ အဲဒီကနေပဲ စတင်တာ ဖြစ်ပါတယ်။

× × ×

# အပိုင်း(၁)

## (၁)

မင်းရောင်သည် ဓာတ်လှေကားရှေ့ရပ်လိုက်ပြီးလျှင် ခလုတ်ကို နှိပ်လိုက်ပါသည်။ အပေါ်က အထပ်တစ်နေရာရာကို ရောက်နေမည်ဖြစ်သော ဓာတ်လှေကားက ပြန်ဆင်းလာရမှာမို့ ခဏရပ်စောင့်ရသည်။ ဓာတ်လှေကားသည် သူရှိနေရာ မြေညီထပ်ကိုရောက်လျှင် ခလုတ်လေး စိမ်းသွားကာ တင်ခနဲအသံမြည်ပြီး တံခါးက လျှောခနဲပွင့်သွားသည်။

ခြေတစ်လှမ်း. . . .နှစ်လှမ်း. . .စလုံး ဝင်ပြီးလျှင် သူတက်ရမယ့် အထပ်နံပါတ်ကိုနှိပ်ကာ တံခါးပိတ်သည့်ခလုတ်ကို နှိပ်မလို့ပြင်လျှင် . . . .

"ဟိတ် . . . ဟိတ် . . . နေဦး . . . နေပါဦး၊ တံခါးမပိတ်နဲ့ဦး . . . ခဏ hold (ဟိုးလ်)လုပ်ထားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုသော အော်သံဖြင့် အပြေးအလွှားလာနေသော မိန်းကလေး တစ်ယောက်ကြောင့် တံခါးကို မပိတ်သေးဘဲ ဖွင့်သည့်ခလုတ်ကို ဖိနှိပ်ထားကာ စောင့်ပေးလိုက်သည်။

ကျွတ် . . . . ကြည့်ပါဦး။ ပြေးလာတဲ့ပုံက မှောက်လျက်လဲပြီး သေတော့မှာပဲ။ ဝတ်ထားတာကလည်း ကြည့်ဦး။ ဒူးအောက်လေးရောက်ရုံ၊ ဒူးဖုံးရုံအနေအထား စကတ်အကျပ် အနက်ကလေးနဲ့။ စကတ်ရဲ့ အကျယ်ဟာ ခြေတစ်လှမ်းကို လှရုံလှမ်းနိုင်သည့် အနေအထားမို့ ဘယ်လိုမှ ခြေလှမ်းကျဲချင်လို့မရ၊ မြန်ချင်လို့မရ။ ပြေးလာတာတောင် တောက်တက်၊တောက်တက်နဲ့ လိမ်ဖယ်နေကာ ဂျပန်မတွေ ကီမိုနိုဝတ်စုံဝတ်ပြီး လမ်းအမြန်လျှောက်ရတဲ့ပုံစံမျိုးလို ဖြစ်နေသည်။ ဒီကြားထဲ ပင်ဆယ်လ်ဟီးလ် ထိပ်ပိတ်ပုံစံ ခပ်မြင့်မြင့်ကိုလည်း စီးထားသေးသည်။ လက်ထဲမှာ ဘာဖိုင်တွေမှန်းမသိ တစ်ထပ်ကြီးပိုက်ကိုင်ကာ လူပုံစံ သေးသေးကွေးကွေးနဲ့ မလိုက်အောင် super size (စူပါဆိုဒ်)ဟန်းဘက်(ခ်)ကြီးကိုလည်း ပခုံးမှာ လွယ်ထားသေးသည်။

စောင်းရွဲသွားသော ဖိုင်ကို ပြင်ကိုင်လိုက်၊ ဟန်းဘက်ကို လွယ်လိုက်၊ လေးထောင့်ခပ်သေးသေးမျက်မှန်ကို ပင့်တင်လိုက်ဖြင့်၊ ကြည့်ရတာ စိတ်မချမ်းသာစရာကောင်းလိုက်တာဟု မင်းရောင်စိတ်ထဲ ကဲ့ရဲ့တုန်းရှိသေး။

"ဟိုက် . . . . သေပြီ"

ထင်တဲ့အတိုင်းပဲ၊ ဓာတ်လှေကားဆီတောင် မရောက်လိုက်။ ထိုမိန်းကလေး ခြေတစ်ချက်ချော်ကာ ယိုင်လဲသွားပါသည်။ မင်းရောင်မှာ ယောင်ပြီး ဓာတ်လှေကားထဲက ထွက်လိုက်မိလေရာ ဓာတ်လှေကား





တံခါးမှာ အလိုအလျောက် ချပ်ခနဲပိတ်၍ အပေါ်ကို တက်သွားတော့လေပြီ။ ကြည့်ရတာ အပေါ်က တစ်ယောက်ယောက် အောက်ပြန်ဆင်းချင်၍ ခလုတ်နှိပ်ထားပုံရသည်။ ဒါကြောင့် တစ်စင်းတည်းသော ဓာတ်လှေကားက ပြန်တက်သွားရတာဖြစ်သည်။

မင်းရောင် ရုစ်ထ်ဟု စိတ်ပျက်လက်ပျက် တစ်ချက်ရွတ်ရင်း သူနဲ့နီးနေသော ဖိုင်တချို့လိုက်ကောက်လိုက်ကာ . . .

"အစ်မကလည်းဗျာ၊ ဒီလိုပုံစံနဲ့ ပြေးလာစရာလား၊ ပင်ဆယ်လ်ဟီးလ်နဲ့ စကတ်အကျပ်နဲ့ ပြေးလို့ရမလား၊ ချော်လဲတာတောင် နည်းသေး"

ဟု ဝေဖန်ပစ်လိုက်တော့သည်။

ဒီအဆောက်အအုံရဲ့ အောက်ဆုံးထပ်တွင် ဓာတ်လှေကား ဝင်ပေါက်နှင့် ရိုးရိုးလှေကားပေါက်ကလွဲရင် ဘာအခန်းမှမရှိ။ ဘာကောင်တာမှမရှိလေရာ သူတို့နှစ်ယောက်တည်း ဖြစ်နေလေသည်။

"ဘာ . . . ဘာပြောတယ်"

"မျက်မှန်လည်း တပ်ရသေးတယ်၊ နားလည်း လေးသေးတယ်၊ ဟုတ်လား"

"ဟယ် . . . နင် တော်တော်ရိုင်းတဲ့ကောင်ပါလား"

မင်းရောင်က မတတ်နိုင်ဘူးဟူသော အမူအရာဖြင့် ပခုံးတွန့်လက်ဖဝါးနှစ်ဖက်ဖြန့်ပြကာ တစ်ဖက်လှည့်သွားပါသည်။

"ဒီမှာ . . . ."

နောက်ကနေ ကျောကုန်းကို ဘုန်းခနဲအသံမြည်အောင်ပင် တစ်စုံတစ်ခုဖြင့် အရိုက်ခံလိုက်ရသဖြင့် မင်းရောင် "ဟာ. . . . ." ဟုအော်ပစ်လိုက်ကာ "ဘာဖြစ်လို့ အလကားနေရင်း လာရိုက်ရတာလဲ"

www.burmeseclassic.com



ဟု မျက်နှာချင်းဆိုင်တည့်တည့် ဖြစ်သွားအောင် ပြန်လှည့်ကြည့်ပစ်လိုက်ရင်း အော်ပစ်လိုက်တော့လေသည်။

"နင် . . . ငါ့ကို မျက်မှန်တပ်ရသလေး၊ နားလေးသလေး ပြောချင်တိုင်းပြောတာကို ငါက ငုံ့ခံစရာလား"

တည့်တည့်စိုက်ကြည့်တော့မှ လေးထောင့်သေးသေးမျက်မှန်လေးမှာ သူမ၏မျက်နှာနဲ့ အတော့်ကို လိုက်ဖက်ခြင်း၊ မဖြူမညို အသားအရေရှိသော သူမ၏ မျက်နှာပြင်လေးမှာ တော်တော့်ကို ဆွဲဆောင်မှုရှိခြင်း၊ ဒေါသထွက်နေသော နှုတ်ခမ်းထူထူစုစုလေးမှာ ပန်းသွေးရောင်လှဲ့လှဲ့လေး အရောင်တင်ထားသဖြင့် လှပစွာ ထင်ပေါ်နေခြင်း။ ဒါပေမယ့် အရပ်ခြောက်ပေနီးပါးရှိသော မင်းရောင်၏အရပ်ကို ပင်ဆယ်လ်ဟီးလ်စီးထားတာတောင် နည်းနည်းမှမမှီဘဲ လည်ပင်းကို ကျိုးနေအောင် မော့လှန်ကြည့်နေရသည်အထိ ပုသေးကွေးသော မိန်းကလေးဖြစ်နေခြင်းတို့ကို ယောကျ်ားလေးပီပီ ချက်ချင်း သတိပြုမိသွားပါသည်။

ရှပ်အင်္ကျီပုံစံ လက်တံတောင်အရှည်ရှိသော အဖြူရောင်အင်္ကျီလေးမှာ သူမ၏ ခပ်သွယ်သွယ်ကိုယ်လုံးနဲ့ အတော်လေးဖြစ်သည်၊ ရှပ်ကော်လံတွေမှာ သာမန်ရှပ်ကော်လံမျိုးမဟုတ်ဘဲ ခပ်ကြီးကြီးထောင့်ချွန်ရှည်ရှည်နဲ့၊ ရှပ်လေး၊ စတိုင်လ်လေးက မဆိုးပါဘူး၊ ဒါပေမယ့် သိပ်စွာလွန်းနေတာကတော့ အမြင်ကတ်စရာကောင်းလွန်းနေတယ်။

"ဘာကြည့်တာလဲ၊ မကြည့်နဲ့ နင် . . . ငါ့ကို ကြည့်စရာမလိုဘူး"

"အစ်မပဲ အကြည့်ခံချင်လို့ လှကို တမင်လာရိုက်ပြီးတော့"

"ဟယ် . . . နင် . . . စကားပြောတာ ရိုင်းစိုင်းလိုက်တာ ကြည့်စမ်း"





"တွေ့လား၊ မကြည့်တော့လည်း ကြည့်စမ်းဆိုပြီး စကားခေါ်တယ်"

"တောက် . . ."

ထိုအချိန်တွင် အပေါ်မှ ပြန်ဆင်းလာသော ဓာတ်လှေကား အောက်ရောက်သဖြင့် တင်ခနဲအသံမြည်သွားပါသည်။ ဒီတော့ သူတို့ ရန်ဆက်မဖြစ်ကြတော့ဘဲ ဓာတ်လှေကားဆီ အာရုံရောက်သွားကြလေသည်။

ဓာတ်လှေကား၏ တံခါးနှစ်ချပ် ပွင့်သွားသောအခါ အပေါ်မှ ဆင်းလာသူတချို့ပါလာသောကြောင့် သူတို့ ထွက်လို့ရအောင် ဘေးကပ်ဖယ်ပေးရသည်။ မျက်နှာချင်းဆိုင် တစ်ဖက်တစ်ချက် ဘေးကပ်ရပ်ရင်း သူမကလည်း မင်းရောင်ကို မျက်စောင်းအကြီးကြီးထိုးသလို မင်းရောင်တလည်း (ယောကျ်ားတန်မဲ့) မျက်စောင်းပြန်ထိုးကာ ရန်စပစ်လိုက်ပါသည်၊ ဟုတ်တယ်လေ၊ သူ့စိတ်ကြီးပဲ၊ သူ လိုက်မယ်ဆိုလို့ ဓာတ်လှေကားကိုလည်း ခဏရပ်ပေးထားပြီး စောင့်ပေးရသေးတယ်၊ သူ ချော်လဲလို့လည်း သူ့ဖိုင်တွေ ဝိုင်းကူကောက်ပေးရသေးတယ်။ အဲဒါကို တစ်ချက်မှ ကျေးဇူးတင်ဖော်မရဘဲ လှကို ရန်လိုနေတာ၊ ရုပ်လေး သနားကမားနဲ့ ကြိုက်ချင်စရာကို မရှိဘူး။

ဒါပေမယ့် အပေါ်ကို နှစ်ယောက်အတူတူ တက်ရမှာမို့ ဓာတ်လှေကားထဲ သူတို့ ဝင်လိုက်ကြရတော့သည်၊

မင်းရောင်က သူတက်ရမည့်အထပ်ကို အရင်နှိပ်လိုက်သည်။ ၁၅ ထပ်မှာရှိသော ရုံးခန်းတစ်ခုကို သူ သွားရမှာဖြစ်သည်။

"ဘယ်အထပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“နင် မေးစရာမလိုဘူး။ ငါ့မှာ လက်ပါတယ်”

“ဟောဗျာ၊ ဘယ်လိုမှန်းကို မသိဘူး၊ တစ်စက်မှ စကားကောင်းကောင်းမပြောဘူး”

“ပြောစရာလား၊ နင်ကိုက ရိုင်းစိုင်းနေတာ”

ဓာတ်လှေကားက ငြိမ့်ခနဲတက်နေပြီး၊ သူတို့နှစ်ယောက်ကတော့ ထောင့်တစ်ထောင့်ဆီမှာရပ်ရင်း ရန်စောင်နေကြသည်။ မင်းရောင်ကလည်း အလိုလိုနေရင်း စွာတေးလန်နေသော မိန်းကလေးကို တော်တော်အမြင်ကတ်နေသည်။ လူသေးသလောက် အသံကလည်း စူးကာ အော်တတ်ဟစ်တတ်ပုံရသော အသံမျိုးကို မကြိုက်လှ။

“ကျွန်တော် မရိုင်းပါဘူး၊ အစ်မလုပ်ပုံ မဟုတ်လို့ ဝေဖန်နေတာပါ”

“ငါက ဘာလုပ်လို့လဲ”

“ဒီလိုအဝတ်အစား ဒီလိုဒေါက်မြင့်နဲ့များ ပြေးလာရတယ်လို့”

“နင့်ပုံစံကရော၊ ဘယ်လောက်ကြည့်ကောင်းနေလို့လဲ”

“အဟား....”

“ဒါတော့ အစ်မလည်း မိန်းကလေးပဲ၊ မိန်းကလေးမျက်လုံးနဲ့ ကြည့်ပေါ့၊ ကြွားပြောတာမဟုတ်ဘူး၊ ကြည့်နေတဲ့ကောင်မလေးတွေ လက်ဆယ်ချောင်းမကဘူး ရှိတယ်”

“သောက်ရှူး...”

“အစ်မကတော့ ‘စ’ ပဲ၊ လူပုံစံနဲ့မလိုက်အောင် ဆဲလည်း ဆဲတတ်သေးတယ်”





“နင့်ပါးစပ် ပိတ်ထားစမ်း၊ နောက်တစ်ခွန်း ထပ်ထွက်လာလို့ကတော့ ဓာတ်လှေကားထဲမှာ ငါလူသတ်မှု ကျူးလွန်မိမယ်”

မင်းရောင်မှာ ထိုစကားကို အင်မတန်မှ ရယ်ချင်သွားကာ တဟိဟိ ရယ်မိသည်။ သူကပဲ ငါ့ကို သတ်ဦးမတဲ့။ အရပ်ကဖြင့် it (အိုင်တီ ... အစ်ထ်) လို ကွာနေတာ။ သူက i (အိုင်)လိုပုပြီး ငါက t (တီ)လို ရှည်နေတာကိုများ သူက ငါ့ကို သတ်ပစ်နိုင်တယ် ထင်နေသလား မသိဘူး။ ဘယ်လိုမိန်းမမှန်းကို မသိဘူး။ ကြုံတောင်မကြုံဖူးဘူး။ တကယ့်ကို အမှတ်တရပါပဲ။ ဓာတ်လှေကားပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ စီးခဲ့ဖူးပါရဲ့။ ဒီတစ်ခါကတော့ မှတ်မှတ်ရရပါပဲ။ ဒီတစ်ကြိမ်ကတော့ တစ်သက် မမေ့နိုင်စရာပါပဲ။

ထိုအချိန်တွင် မင်းရောင်သွားရမည့် ၁၅ ထပ်ရောက်သွား၍ ဓာတ်လှေကားမှာ ငြိမ့်ခနဲ ရပ်သွားပါသည်။ တင်ခနဲ အသံမြည်ပြီး တံခါး ဖျတ်ခနဲအပွင့်မှာ ...

“ကျွန်တော် နောက်တစ်ခါလောက် အစ်မနဲ့ ဓာတ်လှေကား တစ်ခုတည်းမှာ နှစ်ယောက်အတူတူစီးပြီး ထပ်ကြုံဆုံချင်ပါသေးတယ်။ အဲဒီကျမှ စကားများများပြောပြီး အစ်မ ကျွန်တော့်ကို ဘယ်လိုနည်းနဲ့ သတ်မလဲဆိုတာ သိချင်လို့၊ စမ်းသပ်ခံချင်ပါသေးတယ်”

ဟု၍ တစ်ချက်လှည့်ပြောကာ ကျောခိုင်းထွက်လာလိုက်ပါသည်။

နောက်ကျောဘက်ကနေများ ပြေးလိုက်လာပြီး တစ်ခုခုနဲ့ ရိုက်မလားလို့တော့ နည်းနည်း လန့်တော့လန့်မိသေးတာပေါ့။ ဒါပေမယ့် ထင်သလိုတော့လည်း မဖြစ်ခဲ့ပါဘူး။ မင်းရောင်ရဲ့ နောက်ကျောဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဓာတ်လှေကားတံခါး ပြန်ပိတ်သွားကာ အပေါ်ကို ဆက်တက်သွားခဲ့တော့လေသည်။

ဒီအဆောက်အအုံက ကုမ္ပဏီရုံးခန်း၊ လေယာဉ်လက်မှတ်တွေ ရောင်းသော ရုံးခန်းတွေရှည်းဖွင့်ထားသော ၁၈ ထပ် အဆောက်အအုံပါ။ သူမ အပေါ်ဆုံးထပ်ကို တက်သွားတာမို့ အဲဒီအထပ်မှာရှိသော ဘယ်ကုမ္ပဏီရုံးခန်းမှာ အလုပ်လုပ်တာပါလိမ့်ဟု တွေးမိရုံအပြင် နောက်ထပ် နာရီဝက်လောက်ကြာတော့ မင်းရောင်ရဲ့အကျင့်အတိုင်း သူမကို အလိုလို မေ့သွားခဲ့ပါသည်။

× × ×

# (၂)

ဆယ်တန်းအောင်ပြီးနောက် တက္ကသိုလ်တွေ တက်ရတော့မည့်ရက် နီးလာသောအခါ တစ်ရက်မှာ မေမေက ချစ်မြတ်နိုးကို ပြောလာခဲ့သော စကားတစ်ခွန်း ရှိပါသည်။

"သမီးလည်း တက္ကသိုလ်တက်ရတော့မယ်ဆိုတော့ အစစအရာရာ ကိုယ်ပိုင်အတွေးအခေါ်နဲ့ လွတ်လပ်ခွင့် ပေးသင့်သလောက်ပေးပါတယ်။ ဒါပေမယ့် တစ်ခုတော့ မှာထားမယ်၊ သမီး တစ်နေ့ကျရင် လက်ထပ်ရမယ့် လူတစ်ယောက်ကတော့ အဆင်သင့်ရှိထားပြီးသားနော်"

မေမေ ထိုသို့မှာခဲ့သောအခါ ချစ်မြတ်နိုး အလွယ်တကူ လက်မခံချင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



“တစ်ခါမှလည်း မမြင်ဖူးတဲ့လူကို လက်ထပ်ရဦးမယ်။ ပြီးတော့ မေမေက ကိုယ်ပိုင်အတွေးအခေါ်နဲ့ လွတ်လပ်ခွင့်ပေးတယ်လည်း ပြောတယ်၊ ဘာတွေလဲ မေမေ၊ ချစ်က ကိုယ်ကြိုက်တဲ့လူကို မယူရဘူးပေါ့၊ အကယ်၍ ကိုယ်ကြိုက်တဲ့လူ တွေ့လာခဲ့ရင်ကော၊ ချစ်က ပြန်မကြိုက်ရဘူးပေါ့၊ အဲဒီလိုလား”

“ကိုယ် တကယ်ချစ်တဲ့၊ ကြိုက်တဲ့လူ တွေ့ခဲ့ရင်လည်း သမီး သဘောပါပဲ၊ မေမေတို့က သမီးစိတ်မချမ်းသာအောင် မလုပ်ပါဘူး။ ဒါပေမယ့် သမီးသိထားအောင် ပြောထားတာပါ။ မေမေတို့မှာ သမီးအတွက် စီစဉ်ထားတာရှိတယ်၊ သမီးတို့ ငယ်ငယ်ကတည်းက လူကြီးချင်း စကားပြော၊ စေ့စပ်ထားတာ”

“ဟင်… မေမေ့ဟာကလည်း၊ ကလေးထဲက စီစဉ်ရတယ်လို့”

“အဘွားတွေချင်း သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေ သမီးရဲ့ သမီးအဘွားနဲ့ အဲဒီ့ကလေးရဲ့အဘွားက သူတို့ခေတ်တုန်းကတော့ သစ္စာဆိုပြီးတော့တောင်အချစ်ဆုံး သူငယ်ချင်း၊ best friend ဖွဲ့ထားတာ မွေးလာတဲ့ကလေးချင်းပေးစားကြမယ်၊ အမျိုးတော်ကြမယ်ဆိုပြီး ကတိပေးထားကြတာလေ”

“ဒါဆို ဖေဖေက အဘွားစီစဉ်လို့၊ အဲ… မဟုတ်သေးပါဘူး ဖေဖေက မေမေကြိုက်လို့ ယူတဲ့သူလား”

“အဘွားနှစ်ယောက်၊ မြေးလည်းနှစ်ယောက် ဖြစ်နေပြီလေ သမီးရဲ့ စဉ်းစားကြည့်ပေါ့၊ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်က တစ်ဦးတည်းသောသမီးလေးပဲ မွေးကြတယ်။ ဒီတော့ သူတို့ ဖြစ်ချင်တာမဖြစ်ရဘူးပေါ့။ အဲဒီအခါကျတော့ သမီးတွေကမွေးလာတဲ့ မြေးကျရင် စီစဉ်





မယ်လို့ ကတိတွေပေးပြီး လက်စွပ်ချင်း လဲထားကြသတဲ့။ အကယ်၍ ဒီအစီအစဉ် မဖြစ်ခဲ့ရင်လည်း နောက်ထပ်နောက်ထပ် မျိုးဆက်တွေကျရင် ဖြစ်ကိုဖြစ်ရမယ်တဲ့”

“မေမေ့ဟာကလည်း တရုတ်ကားကျနေတာပဲ၊ ဆွေစဉ်မျိုးဆက် ကတိထားရတယ်လို့”

“သမီးအဘွားရဲ့ သူငယ်ချင်းသမီးနဲ့ မေမေကလည်း သူငယ်ချင်းပဲ၊ အခုအထိ အဆက်အသွယ်မပြတ် ခင်တုန်းပဲ”

“အခု သူက ဘယ်ရောက်နေလို့လဲ”

“သူ့ယောကျ်ားက အင်္ဂလန်မှာ ဆရာဝန်သွားလုပ်နေတော့ သူ လိုက်သွားရတယ်။ သူ့မှာ သားလေးတစ်ယောက် မွေးတယ်ဆိုတာ သိထားကတည်းက မေမေနဲ့သူဟာ သိပ်ကို ဝမ်းသာသွားကြတာလေ။ အမေတွေတုန်းက မပြည့်ခဲ့တဲ့ ဆန္ဒကို မေမေတို့အလှည့်ကျမှ ဖြည့်ဆည်းပေးနိုင်ပြီဆိုပြီး ဝမ်းသာအားရ ကတိတွေဖလှယ်ထားကြတာပေါ့။ အခု သမီးအဘွားက တဖွဖွမှာတယ်၊ မြေးကို သေချာမှာထားတဲ့၊ မြတ်မွန်ရဲ့မြေးနဲ့ စီစဉ်ထားပြီးသားဆိုတာ ပြောပြထားတဲ့”

“မြတ်မွန်ဆိုတာ ဟိုဘက်က အဘွားနာမည်လား”

“ဒါပေါ့…”

“အဲဒီအဘွားကရော၊ ဘယ်မှာလဲ”

“သူ့သမီးနေတဲ့ အင်္ဂလန်ကိုလိုက်သွားပြီး နေရတာပေါ့၊ သူ့ယောကျ်ားက သူ့သမီး တက္ကသိုလ်နောက်ဆုံးနှစ်မှာကတည်းက ဆုံးသွားတော့ ဒီအမေနဲ့ ဒီသမီးပဲရှိတာ၊ သူ့သမီးနောက် လိုက်နေတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကတော့ အဘိုးရှိသေးလို့ ကံကောင်းတာပေါ့"

တကယ်လည်း အဘွားနဲ့အဘိုးက အခုထိ အသက်ရှည်ရှည်၊ အတူတကွ နေနိုင်ကြသေးလေသည်။

ချစ်မြတ်နိုး ကြားသိထားပြီးသော တစ်နေ့မှာ လက်ထပ်ရမည့် သူ၏ အဘွားကတော့ အင်မတန်မှ ကျန်းမာရေးချို့တဲ့ကာ ထူထူထောင်ထောင်မရှိလှဟု အမြဲတစေ သတင်းကြားခဲ့ရဖူးပါသည်။

အခုတော့ ...

"သမီးအဘွားသူငယ်ချင်း ဒေါ်မြတ်မွန်တို့တစ်တွေ တစ်မိသားစုလုံး မြန်မာပြည် ပြန်လာကြပြီ ... သမီး"

ဟု မေမေက ချစ်မြတ်နိုးကို အသိပေးလာသည်။

ထိုအခါ ချစ်မြတ်နိုး၏ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံတွေ အသံမျိုးစုံစီသွားပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒေါ်မြတ်မွန်က သူ့ကျန်းမာရေးကို သူ သိပ်အားမရတော့ဘူးတဲ့၊ သူ သေရတော့မယ်ဆိုလည်း မြန်မာပြည်မှာပဲ သေချင်တယ်လို့ ပူဆာလွန်းတာနဲ့ တစ်မိသားစုလုံး ပြန်ချလာတာ၊ ရောက်တာ တစ်လပဲရှိသေးတယ်၊ ဒါပေမယ့် သူ့မြေးနဲ့ သမီးတို့ကိစ္စကို အလျင်အမြန် စီစဉ်ချင်နေပြီလို့ ပြောတယ်"

ချစ်မြတ်နိုးမှာ လွန်ခဲ့တဲ့ဆယ့်နှစ်နှစ်တုန်းက အမှတ်တမဲ့ကြားခဲ့ရဖူးသော အကြောင်းအရာကို တကယ်ရင်ဆိုင်ရတော့မည်ဟုသိလျှင် အင်မတန်မှ တုန်လှုပ်သွားပါသည်။

"ဒေါ်မြတ်မွန်က သူမသေခင် သူ့မြေးနဲ့ သမီးတို့လက်ထပ်တာ





ကို မြင်ချင်တယ်လို့ တဖွဖွပြောနေလို့ အဲဒါ မေဦးက မေမေ့ကို တိုင်ပင်နေပြီ"

ဒေါ်မေဦးမှာ ဒေါ်မြတ်မွန် သမီးဖြစ်ပါသည်။ ချစ်မြတ်နိုး၏ အဘွားမှာ ဒေါ်ရွှေအိမ်။ မေမေက ချစ်မြတ်နိုးကို ရေးခေတ်လက်ရာ တစ်လုံးစိန်ဖြစ်သော လက်စွပ်တစ်ကွင်း ထုတ်ပေးသည်။

"ဒီမှာကြည့် ... လက်စွပ်ကွင်းရဲ့အတွင်းဘက်မှာ ထွင်းထားတဲ့နာမည်"

ရွှေကွင်း၏ အတွင်းဘက်မှာ မြတ်မွန်ဟု ထွင်းထားသော စာသားကို တွေ့ရသည်။

"ဒါက ဒေါ်မြတ်မွန်လက်စွပ်၊ သမီးအဘွားနဲ့ လဲထားတာလေ၊ သမီးအဘွား ဒေါ်ရွှေအိမ်နာမည်ထွင်းထားတဲ့ လက်စွပ်ကတော့ အခု လောက်ဆို မေဦး သူ့သားကို ထုတ်ပြနေပြီပေါ့"

"မေမေရယ်၊ ဒုက္ခပါပဲ၊ ချစ် အဲဒီလူကို မြင်တောင်မှ မမြင်ဖူးဘဲနဲ့ အခု တကယ်ယူရမယ့်အဖြစ်ပါလား။ အစက ပုံပြင်လိုလိုထင်ပြီး မေ့နေတာ၊ ပြီးတော့ ဟိုဘက်ကလူကလည်း သူ့ဘာသာသူ ကြိုက်တဲ့လူတွေ့ပြီး ယူပြီးလောက်ပြီထင်နေတာ"

"ဖူးစာပါလို့ပဲ မှတ်တော့ကွယ်၊ ဟိုဘက်ကလည်း သူကြိုက်တဲ့သူ မတွေ့တော့ အဘွားတွေစီစဉ်တာပဲ လက်ခံရတော့မယ်၊ သမီးလည်း အသက်နှစ်ဆယ့်ရှစ်နှစ်ထဲတောင် ရောက်လာပြီ၊ တစ်ခါမှလည်း ချစ်တဲ့ ကြိုက်တဲ့လူ မရှိခဲ့ဘူးဆိုတော့ ဟိုဘက်ဒီဘက် ဖူးစာဖက်ချင်းမှန်လို့ ဆုံရတယ်လို့ပဲ မှတ်ပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူကရော၊ ဒီအသက်အရွယ်ကြီးရောက်တဲ့အထိ ယူရမယ့်လူ မတွေ့ရအောင် ဘယ်လောက်များ ပုံမလာလို့လဲ"

"သမီးနဲ့ ရွယ်တူတော့ မဟုတ်ဘူး၊ သမီးထက် သုံးနှစ်ကျော်လောက် ငယ်လိမ့်မယ်"

"ဟာ... မေမေ"

ချစ်မြတ်နိုး စိတ်ကုန်စွာ ညည်းညူလိုက်သည်။

"ချစ်က ကိုယ့်ထက်အသက်ကြီးတဲ့သူကိုပဲ ယူချင်တာ"

"ဟိုကောင်လေးက အခုမှ အသက်နှစ်ဆယ့်ငါးနှစ်ပေမယ့် တကယ့်ကို သမီးထက်ကြီးတယ်တောင် ထင်ရမှာပါ။ အရုပ်ကြီးက မိုးထိုးနေတာ၊ ပြီးတော့ ဒီမြန်မာပြည်က ကောင်လေးတွေလို ခါးသိမ်ပိန်ခြောက် လက်မောင်းကျုံ့ရှုံ့ပုံစံမဟုတ်ဘူး။ သူ့အရပ်နဲ့ သူ့ဘော်ဒီနဲ့ တောင့်တောင့်တင်းတင်း၊ ယောက်ျားပီပီသသပုံစံမျိုးပါ။ မေမေ့သမီးက သေးသေးညှက်ညှက်လေး၊ သူ့ထက်ငယ်တယ်တောင် ထင်ရတယ်၊ ရုပ်ကလည်း မဆိုးပါဘူး သမီးရဲ့ မေမေ သိပါတယ်။ သိပ်ရုပ်ဆိုးတဲ့သူနဲ့ မေမေကရော ပေးစားပါ့မလား၊ မွေးလာမယ့် ကိုယ့်မြေးလေးတွေ ရုပ်ဆိုးဆိုးလေးဖြစ်နေမှာစိုးလို့"

မေမေက ပြောပြောဆိုဆို ဓာတ်ပုံတစ်ပုံ ထုတ်ပြပါသည်။ မိသားစုဓာတ်ပုံဖြစ်ပါသည်။ အဖေ၊အမေနှင့် အဘွားဟု သိသာသော လူကြီးသုံးယောက်ကြားတွင် ပြုံးမလိုတည်မလို မျက်နှာပေးဖြင့် ကင်မရာကို ကြည့်နေသူအား ချစ်မြတ်နိုး အသေအချာ စိုက်ကြည့်မိသည်။

"ဒီပုံလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"





"ချစ်.....တွေ့ဖူးသလိုပဲ"

"မေမေ့ဆီလာဖူးတဲ့ သူတို့မိသားစုပုံတွေ သမီး မြင်ဖူးထားလို့ဖြစ်မှာပေါ့"

"သူတို့ပုံတွေ မေမေ့ဆီ ပို့ဖူးလို့လား"

"ပို့တာပေါ့၊ အရင်တုန်းက အင်တာနက်ခေတ်မှ မဟုတ်သေးတာ၊ တစ်နှစ်တစ်ခါလောက် မိသားစုပုံလေးတွေ စာတိုက်ကတစ်ဆင့် ပို့တာပေါ့၊ နောက်ပိုင်း အင်တာနက်ခေတ်ရောက်တော့ facebook ကနေ တွေ့ရတာပေါ့၊ သမီး အဲဒါတွေ မြင်ဖူးလို့ဖြစ်မှာပါ"

ချစ်မြတ်နိုးတွင် ဘယ်ဘက်ကမှ ဒီကိစ္စကို အကြောင်းပြငြင်းစရာမရှိသည်ဖြစ်ရာ ခပ်ငူငူဖြင့် ဓာတ်ပုံကိုသာကြည့်ရင်း ကိုယ့်ဘဝကိုယ် ရင်လေးသလိုလို ဘာလိုလို။ တစ်ခုံတစ်ရာကိုပဲ နှမြောတသပြီး စိတ်မကောင်းဖြစ်မိသလိုလို ခံစားရလျက် ထိုသူနှင့် ဆုံရမည့်ရက်တို့ကို နောက်ဆုတ်လို့ရရင် အကောင်းသားဟု စိတ်ကူးထဲမှာ တောင့်တကြည့်မိနေလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# (၃)

မင်းရောင်သည် နဂိုကျယ်ပြီးသားမျက်အိမ်ကျယ်ကျယ်တွေ ပိုပြီးကျယ်သွားအောင် ပြူးပြီး စိုက်ကြည့်နေသော မိန်းကလေးကို ခပ်ထေ့ထေ့ပြုံးပြလိုက်လေသည်။ ဟားဟား... သူ့ခမျာ အစမှ ငါမှန်းသိပုံရတယ်။ ငါကတော့ ဓာတ်ပုံမြင်ကတည်းက ဒေါ်စွာတေးလန်မမှန်း မှတ်မိပြီးသား (ကိုယ်က အသေအချာ စိုက်ကြည့်ခဲ့မိတာကြောင့် မှတ်မိနေတာလည်းဖြစ်ကောင်းဖြစ်မယ်)

မျက်နှာပျက်လျက် ငြိမ်ထိုင်နေသော သမီးဖြစ်သူကြောင့် အမေလုပ်သူမှာ အားနာသလိုဖြစ်ပြီး စကားတွေ အမျှင်မပြတ် ပြောပေးနေသည်။ မင်းရောင်ရဲ့အမေ ဒေါ်မေဦးနဲ့ ချစ်မြတ်နိုး၏မေမေ ဒေါ်ဝတ်မှုန် တို့ကတော့ ငယ်သူငယ်ချင်းတွေမို့ ပြောစရာစကားတွေ အမျှင်မပြတ်လှ။





မင်းရောင်ရဲ့ဘွားဘွား ဒေါ်မြတ်မွန်ကတော့ စကားတစ်ခွန်း ပြောရတာတောင် အတော်ကြီးမောနေတတ်သော နှလုံးရောဂါဝေဒနာ ရှင်ဖြစ်လေရာ ချစ်မြတ်နိုး၏အဘွား ဒေါ်ရွှေအိမ်ကချည်း စကားပြော ပေးသူ၊ ဒေါ်မြတ်မွန်ကတော့ နားထောင်သူဖြစ်နေသည်။

မင်းရောင်၏ဖေဖေ ဒေါက်တာဦးအောင်မင်း၊ ချစ်မြတ်နိုး၏ ဖေဖေဦးကျော်မြတ်နှင့် အဘိုးဦးဟန်တို့ကတော့ ယောကျ်ားသုံးယောက် စကားတစ်ဝိုင်းဖြစ်လျက် သီးသန့်ဆန်နေသည်။

“ဟဲ့...သား...မမကို စကားပြောလေ”

မေမေက တစ်ချက်လှည့်၍ သတိပေးသလို ပြောပါသည်။ ဒီတော့ မင်းရောင်လည်း ကလိစရာအချက် တွေ့သွားကာ...

“ပြောလို့မဖြစ်ဘူး မေမေ”

ဟု အမှတ်မထင် ပြောချလိုက်လေရာ လူကြီးတွေအားလုံး၏ စကားသံတွေဟာ တစ်ပြိုင်နက် ဓာတ်တိုက်ထားသလိုပင် ဟင်ခနဲ ပြိုင်တူ အာမေဍိတ်သံပြုလျက် တိတ်ကျသွားပါသည်။

“သား...မင်း ဘယ်လိုပြောလိုက်တာလဲ”

ဖေဖေ့အသံ အရင်ဆုံး ထွက်လာသည်။ လူကြီးတွေရှေ့မှာ မျက်နှာပျက်အောင် လုပ်တော့မယ် ထင်သွားပုံရသည်။

“ဒီလိုပါ ဖေဖေ၊ အဲဒီအစ်မက သားကို ခြိမ်းခြောက်ထားဖူး တယ်၊ သူ့ကို စကားတစ်ခွန်းထပ်ပြောလာရင် သတ်မယ်တဲ့”

“ဟဲ့ ... ဘယ်လို ... ဘယ်လို ... အမယ်လေး ... မြေးရယ်၊ မင်းတို့ ဘယ်တုန်းကများ တွေ့ဖူးလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



စကားများများမပြောနိုင်သော အဘွားဒေါ်မြတ်မွန်မှာ စိတ်လှုပ်ရှားပြီး စကားပြောလိုက်ပြီးမှ မောပြီး တဟင်းဟင်းပြန်ညည်းနေရရှာသည်။

"မင်း ဘာတွေလုပ်ကြံဇာတ်ခင်းနေတာလဲ၊ ရန်ကုန် ... အဲလေ မြန်မာပြည်ပြန်ရောက်တာဖြင့် နှစ်လမရှိသေးဘူး"

"ဖေဖေ သား တကယ်ပြောတာ၊ မယုံရင် သူ့မေးကြည့်"

အားလုံး ချစ်မြတ်နိုးထံ မျက်လုံးတွေ စုပြုံသွားလျှင် မင်းရောင်တစ်ယောက် ချစ်မြတ်နိုး၏ ပြာကျတော့မတတ်ထိုးလိုက်သော မျက်စောင်းကြီးကို လက်ခံရရှိတော့သည်။

"သမီး....ပြောပါဦး၊ ဘယ်တုန်းကတွေ့ပြီး ဘာဖြစ်ထားလို့လဲ"

"သူ အရင်စပြောပြတာပဲ မေမေ၊ သူ့ကို ပြောပြခိုင်းပေါ့"

"ဟဲ့ ... မြေး၊ ချစ်မြတ်နိုး ဘယ်လိုဖြစ်လို့ လူရှေ့သူရှေ့ရှိုင်းနေရတာလဲ၊ မအေကို ရှိရှိသေသေ ပြောလေ"

"အဘွားမှ မသိတာ၊ အဲဒီကောင်က ပိုရိုင်းတယ်"

"အမယ်လေး ... မြေးမ ချစ်မြတ်နိုး၊ ဘယ်လိုများဖြစ်လို့ လူကြီးတွေကို ပြန်ပြောနေရလဲ"

ချစ်မြတ်နိုးသည် မင်းရောင်ကို စိန်ခေါ်သလိုကြည့်လိုက်ကာ—

"နင် စပြောတဲ့အကြောင်းအရာကို နင့်ဘာသာ ပြီးအောင်ပြောလေ၊ ငါ့ကို ပြောပြခိုင်းဖို့တော့ မစဉ်းစားနဲ့"

"ကျွန်တော်က ဘာမှမပြောပြရဲစရာ မရှိဘူး၊ အစ်မပဲ ကျွန်တော့်ကို ရိုက်လည်းရိုက်သွားတယ်၊ ဆဲလည်းဆဲသွားတယ်၊ သတ်မယ်လို့လည်း ခြိမ်းခြောက်သွားတယ်၊ ဒီတော့ လူကြီးတွေပြန်ကြားတဲ့အခါ





အစ်မက လူဆိုး၊ ကျွန်တော်က လူကောင်း ဖြစ်ကိုဖြစ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မအတွက် lift (လစ်(ဖ))ကို ကျွန်တော် hold လုပ်ပေးတယ်၊ အစ်မချော်လဲတော့ ကျွန်တော် ပိုင်းကူပေးတယ်၊ ကျွန်တော် ဘာမှမကောင်းတာမရှိခဲ့ဘူး"

မင်းရောင်သည် ထိုအစ်မလေးကို ထပ်၍ ကလိလိုက်ရသဖြင့် ရင်ထဲတွင် တဟီးဟီး ရယ်၍မဆုံး ဖြစ်နေပါသည်။ ဒေါသဖြစ်နေပုံများ အခုနေ အနားမှာ ဘယ်သူမှမရှိတော့ရင် ငါတော့ တကယ့်ကို အရေခွံစုတ်ခံရမယ့်ပုံပဲ။ ဘုရားရေ ... ဒီလိုမိန်းမကိုများ ယူရဦးမတဲ့။ ဒုက္ခပါပဲ။ မယူချင်ဘူး။ ဘယ်လိုများ ရအောင်ငြင်းရပါ့မလဲ။ ငြင်းရင် အဘွားက ခေါက်ခနဲ Heart Attack ရပြီး သေသွားနိုင်သည်တဲ့။ ပြဿနာပါပဲလား။

"ဘာတွေဖြစ်ကြတာလဲသားရယ်၊ ပြောစမ်းပါဦး၊ ဘယ်တုန်းကတွေ့တာလဲ"

မင်းရောင် ဖေဖေ့ကိုတော့ ကြောက်ရသဖြင့် အဖြစ်အပျက်ကို ခပ်တိုတို ရှင်းပြလိုက်ရပါသည်။ လိုတိုးပိုလျှော့အနေနဲ့ ကိုယ့်ဘက်ကတော့ အကောင်း၊ သူ့ဘက်ကတော့ ဟဲဟဲ ... အဆိုးပေါ့လေ၊ ဒါပဲပေါ့။ ကိုယ့်ဘာသာ မပြောဘဲ ငါ့ကို ပြောပြခိုင်းတာဆိုတော့ ငါ့ဘက်အသာပေါ့၊ မှတ်ပြီလား ... မမ။

မင်းရောင် စကားဆုံးတော့ လူကြီးတွေအားလုံး ပြုံးတုံ့သက်ပြင်းချလိုက်ဟန်၊ အကုန်လုံး ပြုံးသွားကြဟန်တွေ ဖြစ်လာသည်။

"ငါ မပြောဘူးလား ဝတ်မှုန်၊ သူတို့နှစ်ယောက်က ဖူးစာကိုဖနေတာပါဆို၊ တစ်ယောက်နဲ့တစ်ယောက် မသိကြသေးခင်တောင် တွေ့ပြီး ဆုံကြတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် . . . မေဦးရယ်၊ ငါဖြင့် အံ့ကိုအံ့ဩရော၊ ဒါကြောင့် သမီးက ပြောတော့ပြောသား၊ ဒီလိုပုံကို သူ မြင်ဖူးတယ်ထင်တယ်တဲ့၊ သူ့ဘာသာ ဘယ်မှာမြင်ဖူးခဲ့မှန်း မမှတ်မိတာလေ"

"သား . . . မင်းကရော၊ မှတ်မိလား"

မင်းရောင် . . . ကိုယ့်ဘက်က အရှုံးမခံချင်တာနဲ့ . . .

"မမှတ်မိပါဘူး"

ဟု လိမ်ပစ်လိုက်လေသည်။ မှတ်မိတယ်ပြောရင် မမက ဘဝင်လေဟပ်သွားဦးမယ်။

"ကဲ . . . ကဲ . . . မတော်တဆဆုံပြီး ပြဿနာဖြစ်ဖူးတာလည်း ထားလိုက်ပါ။ ဒါက ဘာမှကြီးကျယ်တာလည်း မဟုတ်ဘူး၊ ကလေး ကလားဆန်ဆန်နဲ့ ရှေ့ဆက်ပြီး ကိုယ့်ဘဝကိုယ် ထူထောင်တဲ့အခါမှာ သာ ကလေးမဆန်ဖို့လိုတယ်၊ အဘွားတို့က အနှစ်နှစ်အလလ မျှော်လင့် တောင့်တခဲ့ရတဲ့ ဆန္ဒမို့ မြေးနှစ်ယောက်စလုံး နာခံကြပါ။ လိမ္မာကြပါ။ နှစ်ဖက်ဘိုးဘွားမိဘ စိတ်ချမ်းသာကြည်ဖြူစေဖို့ ဖြည့်ဆည်းပေးနိုင်တာ ဟာ မြေးတို့ အင်မတန်မှ ကုသိုလ်ရပါတယ်။ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ပြေလည်ကြပါ။ မေတ္တာထားကြပါ"

အဘိုးဦးဟန်၏ လေးနက်သော စကားကြောင့် ချစ်မြတ်နိုးမှာ အံကိုကြိတ်ထားချင်တာတောင် မကြိတ်ရဲတော့သလို ဖြစ်သွားပါသည်။ ဘယ်လောက်ဒေါသဖြစ်ရကောင်းလဲလေ၊ လူကြီးတွေအားလုံးရှေ့ မှာ သူကတော့ လူကောင်း၊ လူလိမ္မာ။ ချစ်မြတ်နိုးကတော့ ပေလိမ္မာတဲ့ သမီး၊ မြေး ဖြစ်ပြနေမိသလို ဖြစ်နေပြီ။ ဒီတော့ နေနှင့်ဦးပေါ့။





ဒီကောင်နဲ့ ဘယ်လိုရေစက်မှန်းကို မသိ။ တွေ့တွေ့ချင်း ကြည့် လို့ကို မရခဲ့တာ။ ခုထိပဲ။ ဘုရားရေ . . . ဒီလိုလူကို ငါ ယူရမတဲ့။ အဖြစ် ဆိုးလိုက်တာ၊ မယူရအောင် ဘယ်လိုများလုပ်ရင် ကောင်းမလဲ၊ ဘယ် နည်းနဲ့များ ဒီအစီအစဉ်ကို ဖျက်ရင်ကောင်းမလဲ။

"မေဦးနဲ့ဝတ်မှုန်တို့ ဗေဒင်ဆရာဆီသွား တွက်ချက်ရက်ရွေး ကြတော့၊ ဟုတ်ပြီလား၊ မောင်အောင်မင်းရဲ့ဆရာ အထူးကုဆရာဝန်ကြီး စုံတွဲကိုတော့ ထိမ်းမြားလက်ထပ်ပေးဖို့ ကြိုပြောထားပြီးသားဆိုတော့ စိတ်မပူရတော့ဘူး။ မောင်ကျော်မြတ်မိတ်ဆွေ လုပ်ငန်းရှင်စုံတွဲထဲက ငယ်လင်ငယ်မယား စုံတွဲတစ်တွဲကို မင်္ဂလာပန်းကုံးစွပ်ပေးဖို့ ကမ်းလှမ်း လိုက်ပါ"

အဘိုးဦးဟန်က အစီအစဉ်ကို စတင်ကြေညာသည်။ အဘိုး စတင်ပြောနေပြီမို့ မင်းရောင်နဲ့ချစ်မြတ်နိုးတို့ စကားနိုင်လုဖို့လည်း မဖြစ် နိုင်တော့၍ တစ်ယောက်ကိုတစ်ယောက် ရန်စောင်သောအကြည့်တွေနဲ့ သာ အပြန်အလှန် ကြည့်နေမိကြလေသည်။

"လက်မှတ်ထိုးတာကတော့ အိမ်မှာ၊ တရားသူကြီးပင့်ပြီး လက်မှတ်ထိုးမယ်၊ ဟိုဘက်ဒီဘက်ဆွေမျိုးတွေချည်းပဲ စုံအောင်ဖိတ်ပြီး နှစ်ဖက်မိတ်ဆက်ကြတာပေါ့၊ လက်မှတ်ထိုးတစ်ရက်၊ မင်္ဂလာဆွမ်းကျွေး က . . . ဟဲ့ . . . စဉ်းစားပါဦးဟဲ့၊ ဘယ်ကျောင်းတိုက် ရွေးမလဲ၊ မိုးကုတ် ဝိပဿနာပဲ ကောင်းမလား၊ မဟာသန္တိသုခပဲ ကောင်းမလား၊ နေရာ ကျယ်တဲ့ကျောင်းတိုက် ရွေးကြနော်။ ငါတို့မိတ်ဆွေ၊ အဘိုးကြီး၊ အဘွား ကြီးတွေက ဟိုတယ်ကစည်ခံပွဲတွေဆို လာချင်ကြတာမဟုတ်ဘူး၊ ဆွမ်း ကျွေးကို လူကြီးပိုင်းအဓိကထားပြီး ဖိတ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အသွားက အော်ကျယ်အော်ကျယ်ဖြင့် ဦးဆောင်တော့ မင်းရောင်တို့အသွား ဒေါ်မြတ်မွန်ကလည်း တဟင်းဟင်းမောရင်း အားတက်သရေပင်...

"ဟုတ်တယ်၊ ဟုတ်တယ်၊ မိရွှေအိမ်ပြောတာ မှန်တယ်၊ မင်္ဂလာဦးကို အလှူလေးနဲ့လည်း စရမယ်"

ဟု ကျေနပ်စွာ ထောက်ခံလေသည်။

"ဘီသိက်စံထိမ်းမြားလက်ထပ်မှာဆိုတော့ ဘီသိက်ဆရာက သတ်သတ်၊ မင်္ဂလာအခမ်းအနားမှူးက သတ်သတ်ငှားရမှာလား ကိုကျော်မြတ်ရဲ့၊ ကျွန်တော်တို့က အဲဒါတွေ ကြားသာကြားဖူးတာ၊ မြန်မာပြည်က မင်္ဂလာပွဲတွေ မတက်ရတာ ကြာပြီဆိုတော့ မမြင်ဖူးသေးဘူး၊ သူ့အမေက သားအလှည့်ကျမှ လုပ်မယ်ဆိုပြီး ကြိမ်းဝါးနေတာဗျ"

"အခုခေတ်ကတော့ လုပ်ကြတာပါပဲ၊ ပွဲတွေ ချဲ့နိုင်သလောက် ချဲ့လုပ်ကြတော့ အကုန်အကျလည်း များမှများပဲ ကိုအောင်မင်းရေ၊ ညနေပွဲပြီးရင် လူငယ်တွေက ဒင်နာပါတီလည်း ထည့်ကြသေးတာ"

"အံမာကွာ၊ မင်းတို့လို စီးပွားရေးသမားတွေ သောက်ချင်၊ စားချင်လို့ ညဘက်ဒင်နာပွဲ ထည့်ကြတာပါ၊ မထည့်လည်း ရပါတယ်"

အဘိုးဦးဟန်က ပောက်လိုက်တော့ ဦးကျော်မြတ် ငြိမ်သွားသည်။ အသက်သာ ငါးဆယ်ကျော်နေပေမယ့် ယောက္ခမကိုတော့ ကြောက်ဆဲဖြစ်ပုံရသည်။

"အိုတော် . . . ကိုဟန်ကလည်း၊ လူကြီးလူကောင်းတွေပဲဟာ ဘယ်သူကရော သောက်စားပြီး ကြခြွမ်ပဲမှာမို့လဲ၊ ကိုယ့်အသိုင်းအဝိုင်းနဲ့





ကိုယ် သင့်တော်သလိုသာ လုပ်ပါစေ၊ မောင်ကျော်မြတ်နဲ့ မောင်အောင်မင်း တိုင်ပင်ပြီးဒင်နာလုပ်ရမယ့်နေရာ ရွေးပေါ့"

အသွားဒေါ်ရွှေအိမ်၏ အဆုံးအဖြတ်က အတည်ဖြစ်သွားပါသည်။ လူကြီးတွေ တက်ကြွစွာစီစဉ်နေသလောက် အေးစက်စွာ ရန်လိုနေကြသော မင်းရောင်နဲ့ ချစ်မြတ်နိုးတို့ကတော့ ဒီပွဲကို ဘယ်လိုဖျက်အောင် ဖျက်ရမလဲဟူ၍သာ အကြံထုတ်နေကြသည်တည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# (၄)

"သူ့ကို သား မယူရင် မရဘူးလား အဘွားရာ၊ သူကလွဲရင် အဘွားမှာ ရွေးစရာမြေးချွေးမ မရှိဘူးလား"

မင်းရောင် တစ်ရက်မှာ အမေ့အလစ်ကို ချောင်းပြီး အဘွားနား ကပ်ကာ ဂျီတိုက်မိသည်။

"မိချွေအိမ်မြေးမဟာ ငါ့မြေးမပဲ၊ အဲဒီလိုပဲ မင်းရောင်ဟာလည်း မိချွေအိမ်ရဲ့မြေးပဲ၊ ရှင်းပြီလား"

"အဘွားတို့ဘာသာ ယယ်ယယ်က စိတ်ကူးတွေယဉ်ပြီး ကတိ ပေးထားတာဗျာ၊ သားကျမှ လာခံရတယ်လို့၊ အဲဒီဗွာဒေးလန်မနဲ့ပေါင်း ရရင် အသက်တိုမှာ သေရှာတယ်၊ လူကို တစ်ခွန်းမခံ ပြန်ပက်တာများ အဘွားမမြင်လို့၊ ပြီးတော့ သူပဲနိုင်ချင်တဲ့ ရုပ်မျိုး၊ သူကတော့ အမြဲနိုင် သူများတော့ အမြဲရှုံးရစေဆိုတဲ့ စိတ်ဓာတ်လည်း အပြည့်နဲ့"





"မင်း ဘယ်လောက်များ အကဲခတ်တတ်လို့လဲ မင်းရောင်၊ တစ်ခါလေး ပြဿနာဖြစ်တာနဲ့ပဲ မယူချင်တဲ့အထိ ဖြစ်ရအောင် ဘာ အကြည်းစရာများရှိလို့လဲ"

"သူနဲ့သား မတည့်မှန်းသိလျက်နဲ့ သားက မငြင်းဘဲ သူ့ကို ယူမယ်ဆိုရင် သူ သားကို ကောင်းကောင်းနိုင်စားတော့မှာ၊ သူ့ကို သိပ် ကြိုက်လို့ ငြင်းတောင်မငြင်းနိုင်ဘဲ လက်ခံတယ်လို့ ထင်တော့မှာ၊ သား မှာ အင်္ဂလန်မှာကျန်ခဲ့တဲ့ ရည်းစားတွေမှ အများကြီး၊ အကုန်လုံး သူ့ ထက်သာတာချည်းပဲ။ သားတွဲခဲ့တဲ့ အပျိုစားတွေထဲမှာ သူ့လို နံပြီစုတ် လောက်ပုံစံကတော့ မသားနားဆုံးပဲ၊ စိတ်ပျက်တယ် တကယ်၊ လုံးဝ ယူချင်ဘူး၊ တကယ်ဆို သားအသက်က နှစ်ဆယ့်ငါးတောင် ပြည့်သေး တာမဟုတ်ဘူး၊ မိန်းမယူလိုက်ဖို့ လုံးဝမသင့်ဘူး၊ လူပျိုဘဝ စောစောစီးစီး ဆုံးရတော့မယ်"

"ဟယ် . . . မင်းရောင်ရယ်၊ ဘယ်လိုများဖြစ်နေတာလဲ၊ ငါ့ နားအူပြီး စိတ်တွေရှုပ်လာပြီ၊ အမယ်လေး . . . မောလိုက်တာ"

အဘွားမှာ မင်းရောင်ကြောင့် စိတ်ရှုပ်ကာ အမောဖောက်လာ သောကြောင့် သူ့ခုတင်ဘေးမှာ အသင့်ထားသော ခေါင်းလောင်းဆီ လက်လှမ်းပြီး ကောင်မလေးတစ်ယောက်ယောက် လာကူဖို့ ခေါ်တော့ လေသည်။ မင်းရောင်လည်း အဘွားပုံစံကြည့်ပြီး သနားကာ မြေမကိုင်မိ သက်မကိုင်မိဖြစ်နေတုန်း အဘွားရဲ့ ခေါင်းလောင်းသံကြောင့် အမေနဲ့ အိမ်ဖော်ကောင်မလေးတို့ ပြေးဝင်လာကြလေသည်။

"ဟယ် . . . သားရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေဦး... ညည်းသား...ညည်းသား... ခေါ်သွားစမ်းပါ၊ ညည်းသား...ငါ့ကို စိတ်... စိတ်ရှုပ်...အမယ်လေး"

"မေမေ...မေမေ... မပြောနဲ့တော့၊ မပြောနဲ့၊ မေဦး နားလည်ပြီ၊ မင်းရောင် နင်တော့လေ...ငါတီးထည့်လိုက်ရ"

အမေ ခေါင်းမခေါက်ခင် မင်းရောင် အမြန်လစ်လာရခြင်းဖြင့် ဆွေးနွေးပွဲ အဆုံးသတ်ရလေသည်။

မင်းရောင်ကဲ့သို့ပင်တစ်ဖက်မှာလည်းချစ်မြတ်နိုးတစ်ယောက် အဘွားနဲ့အမေတို့နဲ့ တချိန်းချိန်းချုပွဲ ကျင်းပနေရလေသည်။

"ညည်း တစ်သက်လုံး အပျိုကြီးလုပ်မယ့်သူလည်း မဟုတ်ဘဲနဲ့၊ အပျိုကြီးလုပ်ချင်လို့ ငြင်းတယ်လို့ အကြောင်းမပြနဲ့ မြေး၊ အဘွားတို့ ရွေးချယ်ပေးတဲ့သူ ယူကိုယူရမယ်ဆိုတာ သိပြီးသားနဲ့၊ အခုမှ အပျိုကြီး လုပ်မယ် မပြောနဲ့"

"သူကလွဲရင် တခြား ဘယ်သူ့ကိုဖြစ်ဖြစ် ယူမယ်ဆိုရင်ရော"

"ဘယ်လိုများဖြစ်နေတာလဲ မြေးချစ်ရယ်၊ ဒီလောက်ရန်ဖြစ်ဖူးတာလေးနဲ့ပဲ စိတ်နာနေစရာလား၊ ကိုယ့်အရင်းချင်း အတွင်းသိ၊ အစဉ်းသိ၊ စိတ်ချရတဲ့သူမို့ မြေးတို့ကို စီစဉ်တာပေါ့၊ မကောင်းတဲ့သူနဲ့ အဘွားက အတင်းစီစဉ်နိုင်းပါ့မလား"

"အဲဒီကောင်က ကောင်းကိုမကောင်းနိုင်ပါဘူး၊ မိန်းကလေး တစ်ယောက်နဲ့ ရန်ပြိုင်ဖြစ်တယ်ဆိုကတည်းက စိတ်ကောင်းရှိပါတော့မလား၊ အဘွားပဲ သေသေချာချာ စဉ်းစားကြည့်ဦး"

"အမယ်လေး...အမယ်လေး...ဝတ်မှုန် ကြည့်စမ်း ကြည့်စမ်း





ညည်းသမီး ဘယ်လောက်တောင်ရိုင်းနေပြီလဲ၊ အဘွားကိုများ စံပက်နေတာ"

"သမီး၊ ဘာဖြစ်လို့ ကန့်လန့်လုပ်နေတာလဲ၊ ဒီကိစ္စဟာ သမီး ဆယ်တန်းအောင်ပြီးကတည်းက သိပြီးသား၊ သမီးလည်း ကျေနပ်ပြီးသားလေ၊ ဒီကောင်လေးမှန်းသိလို့ မယူချင်ပါဘူး ငြင်းတာကလည်း မတော်တဆ ပြဿနာလေးကြောင့် မကျေနပ်နေတာမဟုတ်လား"

"မေမေ၊ ဘယ်လိုပြောလိုက်တာလဲ၊ အဲဒီကောင် မိုက်ရိုင်းလွန်းတာကြောင့် မုန်းနေတာ၊ ပြဿနာဖြစ်ဖူးလို့ ငြင်းတာမဟုတ်ဘူး၊ ပြီးတော့ ကိုယ့်ထက်လည်း ငယ်သေး"

"လျှာရှည်မနေနဲ့၊ ချစ်မြတ်နိုး လူကြီးမိဘစီစဉ်တာ နှာခံ၊ ဒါပဲ၊ နင့်မှာ ရည်းစားရှိလျက်နဲ့ ရည်းစားနဲ့ အတင်းခွဲပစ်ပြီး ပေးစားနေတာလည်း မဟုတ်ဘူး၊ ဘာရည်းစားမှမရှိလို့ စီစဉ်စရာရှိတာ စီစဉ်တာ"

"ချစ်....ကြိုက်တဲ့လူ အခုကျမှ တွေ့လာရင်ရော"

"ချစ်မြတ်နိုး . . . တော် . . . တော်၊ သမီး တမင် ကလန်ကဆန်ပြောပြီး အဘွားနဲ့ အမေကို စိတ်ဒုက္ခပေးနေတာ၊ ဒီအကြောင်းပြောပြီး တစ်နေ့လောက် လူကြီးမိဘတွေကို စိတ်အနှောင့်အယှက်မပေးရရင် တးမဝင်အိပ်မပျော်တော့ဘူးလား၊ ဟုတ်လား"

ချစ်မြတ်နိုးကလည်း ချစ်မြတ်နိုးပင်။ မနက်မိုးလင်းလို့ အိပ်ရာထတာနဲ့ ငါ ဟိုကောင်နဲ့ ယူရတော့မယ်ဆိုကာ တစ်နေ့မှ စိတ်မအေးနိုင်ဖြစ်ကာ အဘွားကို ရန်လုပ်လိုက်၊ အမေကို စိတ်ဆင်းရဲအောင်ပြောလိုက် လုပ်မိနေလေသည်။ ဒီတစ်ခါသာ အဘွားတို့အမေတို့ကို ခံပြောမိကာ၊ အဘွားတို့၊ အမေတို့နိုင်းတာကို ငြင်းပယ်ချင်မိတာ ဖြစ်ပါသည်။ ချစ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးက အသက်နှစ်ဆယ့်ရှစ်နှစ်တာ ကာလပတ်လုံး သမီးလိမ္မာ၊ မြေးလိမ္မာလုပ်လာတဲ့သူ ဖြစ်သည်။ အခုကျမှ ဒီလို စိတ်ပြောင်းလဲရတော့လဲ။

"အဲဒါ ဒီကောင်ကြောင့် . . . ဟင်း . . . ငါ့ဘာသာ အဘွားတို့၊ အမေတို့နဲ့ မတည့်စရာအကြောင်းကို မရှိဘူး၊ သူ့ကို မယူချင်တာကြောင့် ရှုပ်ပွဲပြောရင်း ငရဲတွေယူနေမိတာ၊ ဒီကောင်ဟာ တစ်ချက်မှကို ကောင်းကျိုးမပေးဘူး"

နောက်ဆုံးတော့ မင်းရောင်ကိုပဲ မြားဦးလှည့်မဲကာ မုန်းပြီးရင်း မုန်းလို့မဆုံး ဖြစ်နေသည်။

"မုန်းစရာအကြောင်းရင်းမရှိဘဲနဲ့ မုန်းတယ်အော်နေတာကိုက ဒါ normal (နော်မယ်)မဟုတ်ဘူး၊ သူနဲ့ပတ်သက်ရင် ကိုယ့်စိတ်ထဲမှာ တစ်မျိုးလေး မှတ်မှတ်ရရဖြစ်နေလို့ နင် မုန်းနေတာ"

ဟူ၍ ချစ်မြတ်နိုး၏ တစ်ဦးတည်းသောသူငယ်ချင်း ရွှန်းလဲ့ကတော့ အားမနာစတမ်း ဝေဖန်လေသည်။

ထိုအခါ တစ်ဦးတည်းသော သူငယ်ချင်းနှင့်ပင် ရန်ဖြစ်ပြီး စိတ်ကောက်လျက် တစ်ပတ်လောက် အဆက်အသွယ်ဖြတ်မိတဲ့အထိပင်။ အရင်က နေ့တိုင်း မတွေ့ဖြစ်ပေမယ့် ညဘက်နားချိန်တွေဆို ဖုန်းပြောရင်ပြော၊ မပြောရင် မက်ဆေ့ချ် (message) တွေ အပြန်အလှန်ပို့ကြတဲ့အထိ ချစ်ကြသော သူငယ်ချင်း အရင်းကြီးတွေဖြစ်သည်၊ အခုတော့ ရွှန်းလဲ့ ဝေဖန်မိတာနဲ့ပဲ ချစ်မြတ်နိုးတစ်ယောက် စိတ်တွေကောက်ပြီး တစ်ပတ်လောက် မခေါ်မပြောတော့ပါတဲ့။ ကဲ . . . ဘယ်လောက် စိတ်က ဆတ်ဆတ်ထိမခံဖြစ်နေလဲဆိုတာ။

× × ×

## (၅)

မင်္ဂလာပွဲ နီးလာတဲ့အထိပင် မင်းရောင်နှင့် ချစ်မြတ်နိုးတို့ တစ်ယောက်နဲ့တစ်ယောက် မဆုံဖြစ်ကြချေ။ မင်္ဂလာကိစ္စအကုန်လုံးကို နှစ်ဖက်မိဘတွေ လိုက်မလုပ်နိုင်သဖြင့် ရွှန်းလဲ့၏ အကြံပေးချက်အရ မင်္ဂလာပွဲစီစဉ်ပေးသူ "Wedding Planner" ကို ငှားလိုက်လေရာ ဘယ်သူမှ ဘာမှလိုက်လုပ်နေစရာ မလိုတော့ဘဲ အစီအစဉ်အကုန်လုံး သူ့နေရာနှင့်သူ စီစဉ်ပြီးသားဖြစ်နေတော့သည်။ ဒါ့အပြင် တစ်ယောက်နဲ့တစ်ယောက် တွေ့ကြရင် အဆင်မပြေဖြစ်မှာစိုးပြီး နှစ်ဖက်မိဘတွေက ပေးမတွေ့စေလိုတာကြောင့်လည်း နှစ်ယောက် ဆုံရသည်မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်တို့လုံးဝလည်း မရင်းနှီးဘဲနဲ့ တစ်အိမ်တည်း အတူတူနေရတော့မှာနော်၊ နင် ရင်မခုန်ဘူးလား"

ဟု ရွှန်းလဲ့က ချစ်မြတ်နိုးအစား ရင်ခုန်ရသလိုဟန်ဖြင့် ပြုံးစိစိမေးလာသည်။ မင်းရောင်နဲ့ပတ်သက်ပြီး စနောက်ရင် ချစ်မြတ်နိုးဟာ အင်မတန်ကို ဆတ်ဆတ်ထိမခံဖြစ်လျက် စိတ်အကောက်ကြီးကောက်တတ်တာကို သိထားပြီးဖြစ်သဖြင့် ရွှန်းလဲ့ စကားမစဖြစ်၊ မပြောဖြစ်၊ မစနောက်ဖြစ်တာ ကြာပြီ။ မင်္ဂလာပွဲနီးလာတဲ့အထိ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြတာရယ်၊ ချစ်မြတ်နိုးဘက်ကလည်း မိန်းကလေးပီပီ ကိုယ့်တစ်သက်မှာ တစ်ခါကျင်းပရမယ့် မင်္ဂလာပွဲကို စိတ်လှုပ်ရှားမှုမရှိဘဲ အသွားအလာမပျက် အေးဆေးပြီး စကားတောင် စပ်ပြီးမပြောတာရယ်တွေကြောင့် ကြာတော့ ဘေးကစောင့်ကြည့်ရတဲ့ သူသာ ရင်ထဲကလိကလိဖြစ်လာပြီး စိတ်ကောက်ချင်ကောက်ပါစေဆိုတဲ့အတွေးနဲ့ မေးချလိုက်မိတာဖြစ်သည်။

ရွှန်းလဲ့မေးလိုက်တော့ မျှော်လင့်ထားတဲ့အတိုင်းပင် မျက်နှာကြီးပုပ်၊ မျက်စောင်းကြီးထိုးလျက် ...

"ဘာရင်ခုန်စရာရှိလဲ၊ ရင်မခုန်ပါဘူး၊ တစ်အိမ်တည်းနေလည်း နေပေါ့၊ သူလည်း သူ့ဘာသာနေ၊ ကိုယ်လည်း ကိုယ့်ဘာသာနေပဲ"

ဟူ၍ အမှတ်မထင် ပြန်ဖြေသောစကားကြောင့် ရွှန်းလဲ့ အံ့သြသွားသည်။ ချစ်မြတ်နိုး ဘာတွေပြောနေတာပါလိမ့်။ တစ်အိမ်တည်းနေပေမယ့် သူစိမ်းတွေမှ မဟုတ်တာ။ အဲဒါကို သူ မစဉ်းစားမိဘူးလား။

"အဲဒီလိုနေလို့ ရလို့လား၊ နင်တို့က လင်မယားဖြစ်ပြီလေ"





"ရွှန်းလဲ့ နင် ဘယ်လိုဖြစ်နေတာလဲ၊ နင် အဲဒါကို သိပ်သိချင်ရင် ငါတို့နဲ့ အတူလာနေ၊ နင် သိချင်တာ သိရမယ် ... ကဲ"

ရွှန်းလဲ့ ပါးစပ်ပိတ်သွားပါသည်။ ချစ်မြတ်နိုး တမင်ရွဲ့ပြောနေတာဟုထင်ကာ ဆက်မမေးပေမယ့် ချစ်မြတ်နိုးကတော့ ဆက်ပြောပါသည်။

"နင့်ကိုပဲ ငါ ပြောပြထားမှာ။ သူ ငါ့ကို စိတ်ကုန်ပြီး အင်္ဂလန်ကို ပြန်ပြေးအောင် ပညာပြပေးလိုက်မယ်"

ချစ်မြတ်နိုး၏စကားကြောင့် ရွှန်းလဲ့ စိတ်ပူသွားမိပါသည်။

"ဟဲ့ ... သူ အင်္ဂလန်ကို ပြန်ပြေးတော့ နင်တစ်ယောက်တည်း ယောကျ်ားနဲ့ကွဲပြီး ကျန်ခဲ့မှာပေါ့၊ နင်ပဲ နာတာပေါ့"

"ဘာနာတာလဲ၊ ဘာမှနာတာ မနာတာ မရှိဘူး၊ အိမ်ထောင်ရေးမှာ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာတာလုပ်ရရင် ပြီးတာပဲ၊ သူလည်း သူ စိတ်ချမ်းသာမယ့်နေရာဖြစ်တဲ့ အင်္ဂလန်ကိုထွက်သွားပြီး ပြန်သွားနေတယ်၊ ငါလည်း သူ ငါ့အနားမှာ မရှိတော့ရင် စိတ်ချမ်းသာမယ်ဆိုရင် ဒါဟာ နှစ်ယောက်စလုံးအတွက် အမြတ်ပဲ၊ သူလည်း သူ့အဘွားအသက်ရှည်စေချင်လို့ ငါ့ကိုယူရတယ်၊ ငါကလည်း သူ့ကို မမြင်ဖူးခင်ကတည်းက "ကတိ" ကို ကြိုပေးထားမိတဲ့အတွက် ကတိတည်ချင်လို့ ယူရမယ်၊ အဲဒီအဖြစ်မျိုးနဲ့ ငါတို့နှစ်ယောက်ရဲ့တွေ့ဆုံမှုဟာ စရတာမို့ ဘာမှရင်ခုန်စရာလဲ မရှိဘူး၊ ကဲ ... ကျေနပ်ပြီလား၊ နင်သိချင်တာ အကုန်သိရပြီ"

ရွှန်းလဲ့၏ စိတ်မကောင်းဖြစ်ကာ ခေါင်းတခါခါ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲ လာမေးတယ်နော်၊ နင် ငါ့ကိုခင်ရင် လူကြီးတွေကို ဒီအကြောင်း သွားမပြောပါနဲ့။ နင်ပြောလို့ သူတို့ သိသွားတယ်ဆိုရင် နင်နဲ့ငါ တစ်သက်လုံး ရန်သူဖြစ်ပြီမှတ်၊ တကယ်ပြောတာ၊ ငါ စိတ်မပြတ်ဘူးလို့ မထင်နဲ့၊ ပြီးတော့ ငါလည်း ရတဲ့နည်းနဲ့ စင်ကာပူကိုဖြစ်ဖြစ် ထွက်သွားရလိမ့်မယ်၊ ဟိုမှာ ငါ့ကိုကူညီမယ့်သူငယ်ချင်းတွေ အဆင်သင့်ပဲ"

အဲဒါတော့ ဟုတ်ပါသည်။ ရွှန်းလဲ့ရော၊ ချစ်မြတ်နိုးပါ ဘွဲ့ရပြီးနောက် စင်ကာပူမှာ ကျောင်းသွားတက်ကြည့်ချင်တာနဲ့ နှစ်နှစ်လောက် ကျောင်းသွားတက်ဖူးပါသည်။ ဉာဏ်ကောင်းပြီး ထက်မြက်လှသော ချစ်မြတ်နိုးက အမြင့်ဆုံးအမှတ်ဖြင့်အောင်ကာ ဒီပလိုမာဘွဲ့ ရခဲ့သဖြင့် ကျောင်းပြီးပြီးချင်းမှာပင် အလုပ်ခန့်ချင်၍ ကမ်းလှမ်းသော ကုမ္ပဏီသုံးခုလောက် ရှိခဲ့ပါသည်။ သို့သော် မိဘတွေက စင်ကာပူမှာမနေရ၊ အလုပ်မလုပ်ရဆိုပြီး ပြန်ခေါ်သဖြင့် ချစ်မြတ်နိုးလည်း မိဘစကားနားထောင်ပြီး ပြန်လာခဲ့ရတာဖြစ်သည်။

ပြန်ရောက်ရောက်ချင်းပင် ဖခင်ဖြစ်သူ၏ကုမ္ပဏီမှာ အလုပ်ဝင်ကာ သူ့ခြေသူ့လက်ဖြစ်အောင် အုပ်ချုပ်နိုင်ခဲ့သည်အထိ ချစ်မြတ်နိုးက အင်မတန်မှ ထက်မြက်လှပါသည်။

"စင်ကာပူတော့ ထွက်မသွားပါနဲ့ဟယ်၊ နင် မပြောနဲ့ဆို ငါ မပြောပါဘူး၊ နင့်ကို ငါက စိတ်ချမ်းသာစေချင်တယ်၊ ပျော်စေချင်တယ်၊ မင်းရောင်နဲ့ ယူရလို့ စိတ်ဆင်းရဲနေမယ်ဆိုလည်း ငါအန်တီတို့ကို ကူပြောပေးမယ်"

"ဟား . . . ဟား . . . ငါတောင် ပြောလို့မရတာ၊ နင်ကများ ဝင်ပြောဦးမတဲ့"





"တစ်ခါတလေကျ . . ."

"ဟယ် . . . တော်ပါ။ အခုပဲ ခေါင်းက လွန်နေပြီ၊ ရှေ့ဆက်ရုံပဲရှိတော့တယ်၊ အဓိက က ဒီကောင် ငါ့ကိုလန့်ပြီး အော့ကြောလန်သွားဖို့ပဲ၊ မပေါင်းချင်တော့ပါဘူးပြောပြီး ဒီကနေ ထွက်သွားဖို့ပဲ"

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ပထမဦးဆုံး တစ်ရက်ဖြစ်သော မင်္ဂလာရက်ကတော့ ချစ်မြတ်နိုးတို့အိမ်တွင်ပင်လက်မှတ်ထိုးလက်ထပ်ရမည့်ပွဲဖြစ်သည်။ဒုတိယနေ့မှာ မင်္ဂလာဦးဆွမ်းကျွေး၊ တတိယနေ့မှာ တကယ့်မင်္ဂလာဧည့်ခံပွဲကြီးကျင်းပပြီး ညဘက်ဒင်နာပွဲဖြင့် အဆုံးသတ်မှာဖြစ်ပါသည်။ မင်းရောင်မိဘတွေဘက်မှ လက်ဖွဲ့သော တစ်ထပ်ခွဲတိုက်ပါသည့် ခြံသီးသန့်၊ အိမ်သီးသန့်ကလေးမှာ အဲဒီနေ့ကျမှ အပြီးပြောင်းနေရမှာဖြစ်သည်။

မပြောင်းနေခင် ရက်ပိုင်းအတွင်းမှာတော့ မေမေ့ရဲ့ စီစဉ်မှုဖြင့် ချစ်မြတ်နိုးရဲ့အသုံးအဆောင်၊ အဝတ်အစားတွေ ထုပ်ပိုးပြီး နေမယ့်အိမ်ကို ကောင်မလေးတွေနဲ့ သွားပို့ပေးထားပါသည်။ ချစ်မြတ်နိုးမှာ လျော့သွားသော အဝတ်အစား၊ အသုံးအဆောင်တွေကိုကြည့်ပြီး ရင်ထဲမှာ မကောင်းသလိုတော့ဖြစ်သွားပါသည်။





အသက်နှစ်ဆယ့်ရှစ်နှစ်ထိ နေလာခဲ့ရသော မိဘအိမ်ကနေ ထွက်သွားရတော့မယ်။ တစ်ခါမှ မရောက်ဖူးသေးသော အိမ်မှာ သွားနေရတော့မယ်ဆိုသော အသိက ဝမ်းနည်းသွားစေပါသည်။

"ဖေဖေ၊ မေမေတို့ အဘိုး၊အဘွားတို့နဲ့ပဲနေရင် မရဘူးလား"

ဟု တောင်းဆိုကြည့်မိပေမယ့် မေမေက လက်မခံ။

"ဟိုဘက်ရော၊ ဒီဘက်ရော တစ်ဦးတည်းသော သားနဲ့သမီးပေမယ့် တမင်မိဘနဲ့အတူ မခေါ်ထားကြဖို့ တိုင်ပင်ထားတယ်၊ သမီးတို့က တစ်ဦးတည်းသော သားတွေ၊ သမီးတွေဖြစ်နေကြတော့ အတ္တကြီးကြတဲ့ စိတ်လေးတွေ ကိုယ်စီရှိနေကြတာကို မိဘတွေက သတိထားမိတယ်။ ဒီဘက်မှာနေရရင် ငါ့မိဘအိမ်ဆိုတဲ့စိတ်နဲ့ အတ္တကြီးလာမယ်၊ သူ့ဘက်မှာနေရင် သူ့မိဘအိမ်ဆိုတဲ့ အတ္တစိတ်တွေ ရှိလာမယ်၊ အဲဒါကို မဖြစ်စေချင်လို့ တမင် အိမ်ခွဲထားတာ၊ အိမ်ထောင်ရေးမှာ နှစ်ဖက်မိဘမပါဘဲ ကိုယ့်ဘာသာပဲ ကြိုးစားတည်ဆောက်စေချင်တယ်"

နှစ်ဖက်မိဘတွေကတော့ သူတို့စိတ်ကူးနဲ့သူတို့ ချစ်မြတ်နိုးတို့ကို သီးသန့်ခွဲထားဖို့ ဆုံးဖြတ်ပြီးသားဖြစ်နေပါသည်။

အဲဒီအခါကျတော့လည်း ချစ်မြတ်နိုးထံမှာ စိတ်ကူးအကြံဉာဏ်အသစ်က ပေါ်လာခဲ့တာ ဘယ်သူမှမသိ။ ရှုန်းလှဲ့တစ်ယောက်သာ အသိပေးထားခဲ့တာဖြစ်သည်။

လက်မှတ်ထိုးပွဲကျင်းပမယ့်နေ့ကျတော့ မနက်စောစောမှာပင် ထပြီး ပြင်ဆင်ရပါသည်။ တရားသူကြီးက မနက်ကိုးနာရီမှာ အိမ်ရောက်မှာဖြစ်သည်၊ ချစ်မြတ်နိုးတို့အိမ်မှာတော့ ညကတည်းက လာအိပ်သော အမျိုးအဆွေတချို့၊ မနက်စောစောကမှ ရောက်လာသော အမျိုးတချို့



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် ဆူညံရှုပ်ထွေးနေပါသည်။ အမျိုးထဲမှ ချစ်မြတ်နိုးက ပထမဦးဆုံး မင်္ဂလာပွဲကျင်းပသော အပျိုတစ်ယောက်ဖြစ်နေလေရာ အမျိုးထဲမှ ဝမ်းကွဲတွေ၊ ဘာတွေထဲမှ အပျိုတစ်သိုက်ကတော့ ချစ်မြတ်နိုးကို အားကျမဆုံးဖြစ်ကာ အနားမှာ ဝိုင်းနေတော့သည်။ အမေကတော့ တစ်ဦးတည်းသောသမီးမို့ ချစ်မြတ်နိုးထံမှာ မေမေ့ဘက်က တစ်ဝမ်းကွဲတော့ မရှိပေမယ့် နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲ အမျိုးစပ်လို့ရသော မောင်နှမတွေရှိသည်။ ဖေဖေ့ဘက်ကတော့ မောင်နှမများသဖြင့် ဖေဖေ့ဘက်နှင့်စပ်၍ တော်ရသော တစ်ဝမ်းကွဲကတော့ အများသား။ ဖေဖေက မောင်နှမချည်း ငါးယောက်မို့ အခုတော့ ချစ်မြတ်နိုးထံတွင် တစ်ဝမ်းကွဲတွေက ဆယ့်ငါးယောက်လောက်ရှိနေပါသည်။ အားလုံးကလည်း အပျို၊ လူပျို မတိမ်းမယိမ်းတွေမို့ မင်္ဂလာပွဲကတော့ သူတို့အတွက် စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာကောင်းနေပါမည်။

နှစ်ဖက်မိသားစုနှင့် လက်မှတ်ထိုးကြမည့်ပွဲမို့ အထူးတလည် ပြင်ဖို့မလိုတာနဲ့ မိတ်ကပ်ီသမားကိုပင် မခေါ်ထားသော ချစ်မြတ်နိုး တစ်ယောက် ညီမဝမ်းကွဲတွေရဲ့ ဝိုင်းပြီးလက်စွမ်းပြမှုကို ခံရတော့လေသည်။

"အမျိုးတွေချည်းဆိုပေမယ့် ဓာတ်ပုံ၊ ဗီဒီယိုတွေရိုက်ကြဦးမှာ လှနေဖို့လိုတယ်၊ နောက်အနှစ်ငါးဆယ်အကြာမှာ ပြန်ကြည့်ရင် ကိုယ့်ကိုယ်ကိုယ် ငါဒီလောက်လှနေပါလားဆိုပြီး ဖြစ်နေရမှာပေါ့ မချစ်ရဲ့"

"ကိုယ့်ကင်မရာနဲ့ ကိုယ်ရိုက်မယ့်သူတွေ၊ ဖုန်းနဲ့ဓာတ်ပုံရိုက်မယ့်သူတွေကလည်း Facebook ဖေ့စ်ဘုတ်မှာ တင်မယ့်သူတွေချည်းပဲ"





"ဆံထုံးလေးထုံးမှပေါ့၊ လာ . . . မသဲစ် ထုံးပေးမယ်၊ မသဲစ်က အလုပ်ကို ဆံထုံးပုံစံ တစ်နေ့တစ်မျိုး ထုံးသွားနေကျမို့ ကျွမ်းနေပြီ"

"ဒီတိုင်းကြီး မိတ်ကပ်လိမ်းလို့ ဘယ်ရမလဲ၊ အိုင်းရှဲဒိုးတို့၊ ဘာတို့ လုပ်ရမှာပေါ့၊ မက်(စ်)ကာရာလဲ သုံးရမှာပေါ့၊ ဒါမှ ဓာတ်ပုံထဲမှာ မျက်လုံးလေးပေါ်မှာ၊ နောက်မို့ မျက်ခွံအစ်အစ်ကြီးပုံ ထွက်နေမယ်"

ချစ်မြတ်နိုး ဘယ်လိုငြင်းငြင်း၊ ရှောင်ရှောင် မရ၊ အတင်းဝိုင်းဖြင်ပေးကြတာကို မခံချင်ပါဘဲ ငြိမ်ခံရတော့သည်။ အစကတော့ ချစ်မြတ်နိုးက ရိုးရိုးပဲပြင်ပြီး နေနေတာပါ၊ မလှချင်လို့တော့ မဟုတ်ဘူး၊ လှတော့ လှချင်တာပေါ့၊ ဒါပေမယ့် တစ်ခါမှ ထပ်မတွေ့ဖြစ်ကြတော့ဘဲ ဒီလိုနေ့မျိုးကျမှ ကိုယ်က အထူးတလည် အလှပြင်ထားပြန်ရင် ဟိုအကောင်က ဘယ်လိုထင်မလဲ။ သူ့မျက်စိထဲမှာ လှနေစေချင်လို့ ကိုယ်က မလိုအပ်ပါဘဲ တမင်ပြင်ထားတယ်ထင်မှာလည်း စိုးရိမ်ပြန်သည်။ မင်္ဂလာဆွမ်းတွေ၊ တကာယ့်ညှဲခံပွဲနေ့တွေနဲ့ ဒင်နာမှာပြင်တာကျတော့ လိုအပ်လို့ပြင်တာဆိုတော့ ဟိုကောင် တစ်မျိုးထင်စရာကို မရှိဟု ကိုယ့်အယူအဆနဲ့ကိုယ် ချစ်မြတ်နိုး စိတ်ကူးထဲမှာဖြစ်နေတာ။

အခုတော့ အစ်မဝမ်းကွဲ၊ ညီမဝမ်းကွဲတို့၏ လက်စွမ်းပြမှုကြောင့် ဆံထုံးလေးထုံး၊ သစ်ခွပန်းလေးပန်ကာ သတို့သမီးပုံထွက်နေသော ကိုယ့်ပုံ ကိုယ် မှန်ထဲကြည့်ပြီး ဟိုအကောင်မင်းရောင်နဲ့ ရင်ဆိုင်ရမှာကို စိတ်နည်းနည်းညစ်သွားပါသည်။ နှင်းသာရောင်ပိုးအကျီလက်ရှည်နှင့် နှင်းသာရောင် ရှိုးလုံချည်တို့ကို ဝတ်ဆင်ထားရကာ အဖေနဲ့အဘွားဆင်သော ပုလဲစိန်တစ်ဆင်စာတို့ကို ဆင်မြန်းပြီးသောအချိန်တွင် အားလုံးက

"ချစ်က လှလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ သေးသေးကျစ်ကျစ်လေးနဲ့ အသည်းယားစရာ ကောင်းအောင် ချစ်စရာကောင်းတာမျိုး"

"တချို့က သေးပြီး ကလေးပုံဖြစ်နေတာ၊ ချစ်က အဲဒီလို မဟုတ်ဘူး"

"ဟိုဘက်ကလူက အရပ်မြင့်မြင့်၊ ထွားထွားဆို၊ ချစ်ကိုတော့ သူက အရုပ်လေးလိုသဘောထားပြီး ချစ်သွားမှာပဲ"

"သူက မြန်မာစကား ပီပီသသပြောနိုင်တယ် ဟုတ်လား အန်တီဝတ်မှုန်၊ ဟိုမှာကြီးတာ မဟုတ်ဘူးလား"

"ဒီမှာမွေးတာတဲ့၊ အသက်ငါးနှစ်ကျမှ အင်္ဂလန်ကို ထွက်သွားတာ"

"ဒါပေမယ့် အိမ်မှာ မြန်မာလိုပြောရင် သူလည်း ပြောမှာပေါ့"

ချစ်မြတ်နိုးက ငြိမ်နားထောင်မနေနိုင်တော့ဘဲ ...

"အမယ်လေး...မြန်မာလိုပြောတတ်လွန်းလို့ ရှင်တို့ကိုတောင် ပြန်ရောင်းစားသွားဦးမယ်၊ သတိသာထား"

ဟု တစ်ခွန်းဝေဖန်မိလေသည်။ ရွှန်းလဲ့ကတော့ ချစ်မြတ်နိုး ဘက်သား အရင်းကြီးမို့ အသာလက်ကုတ်သတိပေးလေသည်။ ဆွေမျိုး မောင်နှမဝမ်းကွဲ ဘာညာဆိုတာကလဲ မသိမသာတစ်မျိုး၊ သိသိ သာသာတစ်မျိုး အငြိုင်အဆိုင်လေးတွေကလဲ ရှိတတ်ကြတာမို့ ချစ်မြတ်နိုးတို့၏ အတွင်းကြိတ်မပြေလည်မှုကို အသိမပေးစေချင်တာ ကြောင့် သတိပေးတာလည်း ဖြစ်ပါသည်။

ရွှန်းလဲ့ကတော့ ချစ်မြတ်နိုးကိုလည်း ပြိုင်စရာမလို့၊ သူမက ဘယ်တော့ပဲဖြစ်ဖြစ် ချစ်မြတ်နိုးထက် အမြဲနောက်ရောက်နေသူဖြစ်





သလို၊ ငယ်ငယ်ကဆို ကျောင်းမှာ သူမကို ဗိုလ်ကျသူတွေရှိလေရာ ချစ် မြတ်နိုးကပဲ ဒိုင်ခံဖြေရှင်းလျက် သူမအတွက် Hero (ဟီးရိုး)ဝင်လုပ်ပေး ခဲ့သူလည်း ဖြစ်တာတစ်ကြောင်း၊ ရွှန်းလဲ့က ချစ်မြတ်နိုးလိုပဲ အရပ်ပုပု လေးပေမယ့် ဝဝကစ်ကစ်ပုံပုံလေးနဲ့မို့ ကလေးရုပ်ထွက်နေကာ သေး သေးကျစ်ကျစ်လေးနဲ့လှသော ချစ်မြတ်နိုးကို အမြဲအားကျစွာ သဘော ကျနေခဲ့တာတစ်ကြောင်းတို့ကြောင့် ချစ်မြတ်နိုး အကောင်းတွေကြုံရ ဖြစ်ရလျှင် ဘယ်လိုမှကို မနာလိုမရှိဘဲ အားတက်ကျကျနဲ့ တမေ့တမော ငေးနေလိုသူသာ ဖြစ်နေသည်၊ ချစ်မြတ်နိုးရဲ့အောင်မြင်မှု၊ ပျော်ရွှင်မှုဟာ သူမရဲ့ အောင်မြင်မှု၊ ပျော်ရွှင်မှုတွေလိုပဲ စိတ်ကူးယဉ်ကျေနပ်နေသူမျိုး ဖြစ်လေသည်။

"သတို့သား လာပြီတဲ့ဟေ့"

ထိုအသံကြားသောအခါ ချစ်မြတ်နိုးတစ်ယောက် အချက်ပေး ခေါင်းလောင်းမြည်သွားသလိုပဲ လူက အသင့်အနေအထားလို ဖြစ်သွား ပါသည်။

"သမီးက ရွှန်းလဲ့နဲ့ပဲ အတူဆင်းလာခဲ့၊ ဟုတ်ပြီလား၊ မေမေတို့ အရင်ဆင်းနှင့်မယ်၊ တရားသူကြီးကို ကြိုရမယ်လေ"

မေမေတို့ အပေါ်ထပ်ကဆင်းသွားတော့ အခန်းထဲမှာ ချစ် မြတ်နိုးနဲ့ ရွှန်းလဲ့ပဲ ကျန်လေသည်။

"ရွှန်းလဲ့"

"အေး...ပြော...ချစ်မြတ်နိုး၊ ဘာလဲ"

"ငါ့အခုမှ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာတယ်"

"ဘာတစ်မျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



“တစ်မျိုးပဲ၊ ဝမ်းနည်းသလိုလို၊ စိတ်မကောင်းသလိုလို၊ ဒီနေရာက ထွက်ပြေးချင်သလိုလို ဘာမှန်းကိုမသိဘူး”

“ခြော် . . . ဒါကတော့ဟယ်၊ ကိုယ့်ရဲ့အပျိုဘဝ ကုန်ဆုံးရတော့မယ်ဆိုတာ တွေးမိပြီး ခံစားရတာဖြစ်မှာပေါ့”

“ငါ သူ့ကို လုံးဝမယူနိုင်ပါဘူးလို့ ဘာကြောင့် ရအောင်မငြင်းနိုင်ခဲ့တာလည်း မသိဘူးနော်”

“နင် အခုမှ ထငြင်းလိုက်လို့ မရတော့ဘူး ချစ်မြတ်နိုး၊ နင့်အဘိုးအဘွား၊ မိဘ၊ ဆွေမျိုးတွေ အကုန်အရှက်ရပြီး ဟိုဘက်ကအမျိုးတွေကြားမှာ ခေါင်းမဖော်နိုင်တော့တဲ့အဖြစ်မျိုး ဖြစ်သွားလိမ့်မယ်နော်”

နောက်ဆုံးတော့လည်း ချစ်မြတ်နိုးတစ်ယောက် ရှုန်းလုံ့လက်ကိုတွဲပြီး အောက်ထပ်ကို ဆင်းလာရတော့လေသည်။ ကိုယ့်ခြေလှမ်းတွေကို ဘယ်လိုသုံးသပ်မိသလဲဆိုရင် ဆိုးရွားသော စီရင်ချက်တစ်ခုကိုနားထောင်ဖို့ တရွေ့ရွေ့သွားနေရသော တရားခံတစ်ယောက်ရဲ့ခြေလှမ်းတွေနဲ့ တူသည်ဟုပင် ထင်မိလေသည်။

“လာ . . . သမီး၊ ဒီဘက်မှာထိုင်”

အောက်ထပ်ဧည့်ခန်းမတွင် ဆက်တီခုံကြီးတွေ ထပ်ဖြည့်ထားပြီး ခန်းလုံးပြည့်ကော်ဇောကြီး ခင်းထားလိုက်သည်။ လက်မှတ်ထိုးရမည့်စာချုပ်လေးနှစ်ခုနှင့် သစ္စာပန်းများ အလှထိုးထားသော ငွေဖလားကြီးကတော့ တင့်တယ်လှပစွာ စားပွဲလှလှလေးပေါ်မှာ ရှိနေသည်။ ချစ်မြတ်နိုးက မင်းရောင်၏နံဘေးမှာပင် ထိုင်လိုက်ရပါသည်။ သူ ကိုယ့်ကိုကြည့်သလား၊ မကြည့်သလားတောင် မသိ။ ကိုယ်ကိုယ်တိုင်လည်း





ဘယ်သူ့ကိုမှ မကြည့်မိတော့ဘဲ ကိုယ့်မျက်စိရှေ့တစ်ထွာကိုသာ အာရုံစိုက်ထားမိတော့လေသည်။

“သမီးက ချစ်စရာကောင်းလိုက်တာကွယ်၊ မြန်မာဝတ်စုံလေးနဲ့ တျက်သရေရှိလိုက်တာ”

မင်းရောင်ရဲ့အမေ ဒေါ်မေဦးက ဖွင့်ဟချီးကျူးလေသည်။ မင်းရောင် ကြည့်ချင်ပေမယ့် ကိုယ်ကြည့်မိတဲ့အချိန် ချစ်မြတ်နိုးကပါ ကြည့်လိုက်တာနဲ့ကြုံရင် ကိုယ်ကပဲ “အောက်”ကြီးဖြစ်သွားမလား။ ကြည့်ဝမ်း၊ ဒီကောင် ငါ့ကို သိပ်ကြည့်ချင်နေတယ်ဆိုပြီး အကြောကြီးနဲ့ တုံ့ပြန်မလားဆိုသော စိုးရိမ်ကြောင့်ကြမှုကြောင့် မကြည့်ဖြစ်ချေ။ သူ့ဘေးနားလက်တစ်ကမ်းမပြည့်တပြည့် အကွာလောက်မှာ ဝင်ထိုင်လိုက်သောအသိကိုသာ ခံစားလိုက်ရပါသည်။

“သား . . . လက်မှတ်ထိုးတော့လေ”

တရားသူကြီးပြောနေသော စကားတွေကို တစ်စက်မှ အာရုံစိုက်မိဘဲ မင်းရောင်စိတ်တွေက အင်္ဂလန်မှာကျန်ခဲ့သော သူငယ်ချင်းတွေ၊ ရည်းစားတွေကို သတိရလိုက်၊ ရောက်ရောက်ချင်း ခြောက်လအတွင်း ဘဝပြောင်းကာ မိန်းမတစ်ယောက်ယူရမှာပါလားဆိုသော အသိဖြင့် ကိုယ့်ဘဝကိုယ် စိတ်ညစ်လိုက်၊ ပြီးတော့ ယူရမယ့်မိန်းမကလည်း ကိုယ့်အပေါ် တစ်စက်မှ မကြည်၊ ဘယ်လိုမှ မေတ္တာမထားနိုင်သော မိန်းမဖြစ်နေပြန်တာကြောင့် ရှေ့ဆက်ပြီး ဘယ်လိုများ ရင်ဆိုင်ဖြတ်သန်းရပါ့မလဲဆိုတာ စိတ်ဆင်းရဲလိုက်ဖြင့် အတေးကို ပျံ့ချင်တိုင်းပျံ့နေလေရာ စာချုပ်မှာ လက်မှတ်ထိုးရမည့်အချိန် ရောက်လာတာတောင် သတိမထားမိလိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သတိပေးတော့မှ ကမန်းကတန်း ဘောပင်လ်ကို ကောက်ကိုင်မိသည်၊ လက်မှတ်ထိုးသောအခါ သူ့လက်တွေ တုန်နေခဲ့ကြောင်း မင်းရောင် သတိပြုမိပါသည်။ သူ့ရဲ့ လူပျိုဘဝကို မချစ်မနှစ်သက်သော ခပ်ရွှာရွှာမိန်းမတစ်ယောက်ထံမှာ ပေးအပ်ရတော့မှာပါလား။

"ကဲ . . . ခုချိန်က စပြီး သတို့သားမောင်မင်းရောင်နဲ့ သတို့သမီး မချစ်မြတ်နိုးတို့ဟာ အကြင်လင်မယားအဖြစ် တရားဝင်သွားပြီဖြစ်ပါကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား"

တရားသူကြီး၏ ကြေညာသံအဆုံးမှာ အမျိုးတစ်သိုက်ရဲ့ လက်ခုပ်သံတွေ ညံသွားပါသည်။ ဒီထဲမှာတော့ အဘွားနှစ်ယောက်ဖြစ်သည့် ဒေါ်ရွှေအိမ်နှင့် ဒေါ်မြတ်မွန်တို့၏ လက်ခုပ်သံဟာ အကျယ်ဆုံးဖြစ်ပါလိမ့်မည်။

"ကျွန်မတို့ရဲ့ချွေးမဖြစ်သွားတဲ့ ချစ်မြတ်နိုးကို ဒီနေ့မင်္ဂလာဦးမှာ အမှတ်တရလက်ဆောင်အဖြစ် ပေးချင်ပါတယ်"

ဒေါ်မေဦးက ချစ်မြတ်နိုးအနား လာကပ်ထိုင်၍ ပခုံးကို ဖက်လိုက်ရင်း အားလုံးကြားအောင် ပြောလိုက်ပါသည်။

ပြီးတော့မှ လက်ကိုင်အိတ်ကြီးထဲတွင် ပါလာသော ကတ္တီပါဘူးကြီးကို အသာထုတ်လိုက်သည်။ အနီရောင် ကတ္တီပါဘူးကြီးထဲမှာ ရတနာပစ္စည်းတွေသာ ရှိနိုင်ကြောင်း အားလုံး ရိပ်မိကြပါသည်။

"သမီးလေးအတွက် လက်ဆောင်ပါ။ သီးသန့်ဝယ်ပြီး သမီးအတွက် ရည်စူးပြီး သိမ်းထားတာပါ။ ဖွင့်ကြည့်ပါဦး"

"ကျေးဇူးတင်ပါတယ် အန်တီ"





ချစ်မြတ်နိုး၏ "အန်တီ" ခေါ်သံကြောင့် အဘွားရော၊ မေမေပါ "ဟဲ့" "ဟဲ့" တွေပြိုင်တူအော်သံ ကြားရတော့သည်။

"ဘယ်က "အန်တီ" ဖြစ်ရမှာလဲ၊ နှစ်ဦးနှစ်ဖက်တော်စပ်တဲ့ မိဘတွေဖြစ်သွားပြီ၊ ဒီတော့ သမီးလည်း ဒီဘက်ကအဖေ၊အမေကို "ဖေဖေ" "မေမေ" ခေါ်ရမယ်၊ သား မောင်မင်းရောင်လည်း ဒီဘက်ကို "ဖေဖေ" "မေမေ" ခေါ်ရမယ်နော်"

အဘွားဒေါ်ရွှေအိမ်က အော်ကျယ်အော်ကျယ် ပြောတော့ အဘွားဒေါ်ခင်မြတ်မွန်ကလည်း ထုံးစံအတိုင်း . . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရွှေအိမ် . . . ပြောသာပြော"

ဟု နောက်ကနေ ပင့်ပေးလေသည်။ မင်းရောင်နဲ့ ချစ်မြတ်နိုးတို့ လက်ထပ်ဖြစ်ကြခြင်းကို ကာယကံရှင်၏ မိဘတွေထက် ဒီအဘွားနှစ်ယောက်က ပိုပြီး အပျော်ဆုံးဖြစ်နေမှန်း သူတို့ရဲ့ အပြုံးတွေကို ကြည့်တာနဲ့တင် သိနိုင်ပါသည်။

ကတ္တီပါအနီရောင် ဘူးကြီးထဲမှာတော့ ဖွင့်လိုက်တာနဲ့တင် ချက်ချင်းမတတ် ပြိုးပြိုးပြက်ပြက်လက်သွားသော ရတနာပစ္စည်းတစ်ဆင်စာကို တွေ့ရပါသည်။ ပတ္တမြားနှင့်စိန်ကိုခတ်ပြီး ထွင်ထားသော လက်ဝတ်ရတနာများမှာ ကြီးမားပြွတ်ခဲနေတဲ့ပုံစံမျိုးမဟုတ်ဘဲ ခပ်ရှင်းရှင်းနှင့်လှသော ပုံစံ၊ ခေတ်မီသောပုံစံ ဖြစ်ပါသည်။ သို့သော် အရည်အသွေးကောင်းမှန်းသိသာစွာ ဝိုးရှဲအိစက်နေသည်။ လည်ကပ်ဘယက်တစ်ခု၊ လက်ကောက်တစ်ရန်၊ လက်စွပ်တစ်ကွင်း၊ ဆံထိုးတစ်ချောင်း၊ နားကပ်တစ်ရံနှင့် ရင်ထိုးတစ်ခုတို့ဖြင့် စုံညီလှသော ရတနာပစ္စည်းတွေကို ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ချစ်မြတ်နိုး လက်ဖျားတွေ အေးလာသည်။ ကြည့်စမ်း...ကိုယ်ကတော့ ဒီအိမ်ထောင်ရေးကို မတည်မြဲအောင် ကြံစည်ပြီး ဘယ်လိုနည်းနဲ့ ပြန်ကွဲရမလဲ စိတ်ကူးနေခဲ့တာ၊ လူကြီးတွေဘက်ကတော့ အနာဂတ်ဆိုတဲ့ အချိန်အတွက် အမျှော်ကြီးမျှော်လင့်ပြီး ပြင်ဆင်ထားကြတာပါလား။

"သမီး ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကိုယ့်သားသမီးကို မိဘက လက်ဆောင်ပေးတဲ့သဘောပဲလေ၊ ဟုတ်ပြီလား"

"ကဲ . . . ကဲ . . . အားလုံးပဲ နေ့လယ်စာသုံးဆောင်လို့ရပါပြီ အဆင်သင့်ဖြစ်ပါပြီ"

နေ့လယ်စာမှာ နာမည်ကြီးဒံပေါက်ဆိုင်ကြီးမှ အော်ဒါမှာယူထားသော ဒံပေါက်အပြင် အိမ်မှာ မေမေ့နှင့်အဘွားကိုယ်တိုင် ဦးစီးညွှန်ကြားကာ ချက်ထားသော ကြက်သားဟင်း၊ ဘာလချောင်ကြော်၊ ငါးဖယ်သုပ်နှင့် ချဉ်ပေါင်ဖြူဟင်းချိုတို့လည်း ပါပါသည်။ အချိုပွဲကတော့ အိမ်ကလူတွေ အကြိုက်ဆုံးဖြစ်သည်။ "77 (ဆဲဗင်းတီဆဲဗင်း)" ကိတ်မုန့်ဆိုင်က ကိတ်မုန့်နှင့် အော်ဒါမှာထားသော ဆနွင်းမကင်းအချိုပွဲ၊ ဖေဒါရွှေကြာလက်ဖက်စုံတို့ဖြစ်သည်။

ဓာတ်ပုံ၊ ဗီဒီယိုရိုက်ဖို့ကို သီးသန့်ငှားထားလေရာ ဘယ်သူမှ တကူးတက ဓာတ်ပုံရိုက်နေစရာ၊ ဗီဒီယိုရိုက်နေစရာ မလို။ မနေနိုင်သောသူတွေကသာ ကိုယ့်ကင်မရာဖြင့် ရိုက်လိုရိုက်၊ ကိုယ့်ဖုန်းဖြင့် ထရိုက်လိုရိုက် လုပ်ကြရတာဖြစ်ပါသည်။

"သတို့သားက သတို့သမီးကို တစ်ဇွန်းလောက်ခွံ့ကျွေးလိုက်ပါဦး၊ အဲဒီပုံလေး ရိုက်ချင်လို့"





မင်းရောင်နှင့် ချစ်မြတ်နိုးတို့နှစ်ယောက်တည်း သီးသန့်ပင် ထမင်းဝိုင်းပြင်ဆင်ပေးထားရာ တစ်ယောက်ကိုတစ်ယောက် မကြည့်မိအောင် ထမင်းဟင်းတွေ တမင်ပဲ အာရုံစိုက်စားနေတုန်း ဓာတ်ပုံဆရာနှင့် ဗီဒီယိုသမားတို့ အနားရောက်လာကာ ပြောသည်။

"မရိုက်ရင် မရဘူးလား"

ချစ်မြတ်နိုးက ဆတ်ခနဲပြန်မေးလိုက်တော့ ထိုသူတွေ ကြောင်သွားပါသည်။

"ဧည့်ခံပွဲကြီးတွေမှာသာ ရိုက်တာတွေ့ဖူးတယ်၊ အခုလိုမျိုးပွဲတော့ ရိုက်ဖို့မလိုသေးဘူးထင်တယ်"

"ဟို...အဟဲ...ရပါတယ်ခင်ဗျ။ ကျွန်တော်တို့က အမှတ်တရဖြစ်အောင် ရိုက်ချင်သလားလို့ မေးကြည့်တာပါ"

"မချစ်ကလည်း ရှက်မနေပါနဲ့၊ ကိုယ့်အမျိုးတွေပဲဟာ၊ ရိုက်လိုက်ပါ။ ဒီမှာ တွံတွံတို့ကပါ ရိုက်ဖို့ ဖုန်းတောင်အသင့်ဖွင့်ထားပြီးပြီ"

"ကိုမင်းရောင်ကလည်း နည်းနည်းပါးပါး လှုပ်ရှားလေ၊ ဒီတိုင်းကြီးငြိမ်နေတော့ ပွဲက ကြည့်မကောင်းဘူး"

"ဘာလဲ၊ နင်က ပွဲကို ကြည့်ကောင်းအောင် မချစ်လက်ကို ကိုမင်းရောင်ကဆွဲပြီး ဖက်နမ်းစေချင်တာလား"

ခပ်နောက်နောက် ဝင်ပြောလိုက်သော တစ်ယောက်ကြောင့် ချစ်မြတ်နိုး ရုတ်တရက် ရှက်သွားပြီး မဆီမဆိုင် မင်းရောင်ကို မျက်စောင်းထိုးမိလေသည်။ မင်းရောင်မှာ ပြုံးစေ့စေ့ဖြင့် ပခုံး အသာတွန့်ပြမိသည်။

"တွံတွံတို့၊ ပုံပုံတို့ လာနောက်မနေနဲ့၊ သွားတော့၊ ကိုယ့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ Facebook ပေါ်တင်ဖို့ ပုံလှလှသွားရိုက်တော့နော်၊ ဆက်စကားများလာရင် ငါနင့်အဖေနဲ့ တိုင်ပြီမှတ်"

"ဟီဟီ...ဟုတ်သားပဲ၊ နင်ကလည်းမချစ် ရှက်ရမ်းရမ်းသွားပြီ"

ခေတ်ပုံသမားနဲ့ ဝီဒီယိုသမားကတော့ မျက်နှာသိပ်မကြည်မလင်ရှိလှသော သတို့သားနှင့် သတို့သမီးအခြေအနေကို ရိပ်မိကာ အသာလစ်ထွက်သွားပါသည်။

"နင်က ဒါကို သိပ်နားထောင်ကောင်းနေတယ်ပေါ့"

ချစ်မြတ်နိုးသည် နှစ်ယောက်တည်းကျန်မှ မင်းရောင်ကို မဲပြီး ရန်လုပ်လိုက်ပါသည်။

"ဘာ...ဘာပြောတာလဲ၊ ဘာကို နားထောင်ကောင်းနေလို့လဲ"

"နင် သိလျက်သားနဲ့ ထပ်မကြားချင်နဲ့"

"အစ်မပဲ တစ်ဖက်သတ် ကျွန်တော့်ကို ရန်လုပ်နေတာ၊ ကျွန်တော်နဲ့လည်း ဘာမှမဆိုင်ဘဲနဲ့"

"နင်နဲ့ငါ ကြိုတင်ရှင်းလင်းထားစရာရှိတယ်၊ နင် မြန်မြန်စားပါ၊ စားပြီးရင် ခြံထဲမှာ စကားသွားပြောမယ်"

"ဟောဗျာ၊ ဒီမှာ ဒံပေါက်စားကောင်းလို့ နောက်ထပ်တစ်ပွဲလောက် ထပ်စားဦးမယ် စိတ်ကူးနေတာ"

"အစားကို အဲဒီလောက် မက်စရာလား"

"အစ်မ သူများစားတာကို မကြည့်ဖူးဘဲ ဝိတ်ပင်နေရင် နောက်ဘဝကျရင် "ဘာ" ဆိုလား အဲဒါဖြစ်မယ်တဲ့၊ မေ့သွားပြီ၊ အဘွားပြောတာ"

"နင် ငါ့ကို ဝေဖန်စရာမလိုဘူး"





"ဒီမှာ မမ၊ ခင်ဗျား ကျွန်တော့်မိန်းမဖြစ်သွားပြီဆိုတာလည်း သတိရဦး"

"အောင်မာ ... အေး ... နင် သိမယ်၊ ငါလည်း အဲဒီကိစ္စရှင်းချင်လို့နင်နဲ့ သီးသန့်စကားပြောမယ်လို့ခေါ်တာ၊ ကိုယ့်ကိုယ်ကိုယ် သိပ်လည်း အထင်ကြီးမနေနဲ့"

"ဘာတွေမှန်းကို မသိဘူး၊ "မ" စကားပြောတာ သိပ်မြန်တာပဲ၊ တစ်ခါတလေ နားကိုမလည်နိုင်ဘူး၊ ဖြည်းဖြည်းပြောလည်း ဒီစကားပဲ၊ မြန်မြန်ပြောလည်း ဒီစကားပဲ"

တစ်ခွန်းမခံ ပြန်ပက်နေသော မင်းရောင်ကြောင့် ချစ်မြတ်နိုးမှာ အကြီးအကျယ် ဒေါသဖြစ်လျက် ချက်ချင်း ထရိုက်မိတော့မလို မျက်လုံးတွေဖြင့် ကြည့်မိ၏။ မင်းရောင်တော့ သူ့အကျင့်အတိုင်း ပြုံးတေ့တေ့ရယ်ကျဲကျဲလုပ်ကာ သူ့ပါးစပ်ထဲကို တမင်ပဲ ဒံပေါက်ထမင်း တစ်ဇွန်းထည့်ကာ အားရပါးရ ဝါးပြလေသည်။

တမင်ပဲ စိန်ပြေနပြေစားနေသဖြင့် ချစ်မြတ်နိုးမှာ စားပြီးတာတောင်မှ မင်းရောင်နားက ထမသွားနိုင်ဘဲ စောင့်နေရလေသည်။

"နင်နဲ့ငါ အတူတူတွဲမထွက်ဘူး၊ ငါသွားနှင့်မယ်၊ နင် လိုက်ခဲ့ပါ"

မင်းရောင် လက်စသတ်စားပြီးတာကို မြင်တာနဲ့ ချစ်မြတ်နိုး ချက်ချင်းထကာ ထွက်သွားလေသည်။ လူကြီးတွေရော၊ လူငယ်တွေရော ကိုယ့်အာရုံနဲ့ကိုယ် စကားပြောနေကြ၊ တိုင်ပင်ဆွေးနွေးငြင်းခုံနေကြတာမို့ မင်းရောင်တို့နှစ်ယောက် ဖြစ်ပျက်နေတာကို ဘယ်သူမှ သိပ်သတိမထားလိုက်မိကြချေ။ ရွှန်းလဲ့တစ်ယောက်သာ အကြောင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



သိထားသူမို့ တိတ်တဆိတ် လိုက်ချော်ကြည့်ပြီး ချစ်မြတ်နိုးအတွက် စိုးရိမ်နေမိလေသည်။ စိတ်မြန်ပြီး ဒေါသကြီးတတ်သော ချစ်မြတ်နိုးနဲ့ တို့တို့ တို့တို့နဲ့ သူများမခံချင်အောင် စတတ်ပုံရသော မင်းရောင်တို့ ဘယ်လိုမှ အဆင်ပြေစရာအကြောင်းမရှိဟု ရှန်းလှဲ့ လေ့လာမိလေသည်။

မင်းရောင်ကတော့ သူ တစ်ခါမှ မဝတ်ဖူးသော တိုက်ပုံကိုဝတ်လျက် အိမ်အပြင်ထွက်လာရလေရာ အပြင်မှာကျ ပူသဖြင့် တိုက်ပုံကို ချွတ်၊ လက်ထဲဖြစ်သလိုလုံးထွေးကိုင်ရင်း သူ့ကိုစောင့်နေသည့် ချစ်မြတ်နိုးဆီ လျှောက်လာခဲ့ပါသည်။ အိမ်ထဲမှာတော့ air con ကြောင့် အေးနေပြီး အပြင်မှာ ပူသဖြင့် နေပူပူထဲ စကားပြောဖို့ချိန်းသော ထိုမိန်းမကို အတော်နိုပ်စက်တတ်တာပဲလို့ ဝေဖန်မိသည်။

အမှန်တော့ ဒီလိုဒီဇင်ဘာအချိန်ဟာ မြန်မာပြည်နေသူတွေအတွက် သိပ်ပူလှသော ရာသီဥတုမဟုတ်ချေ။ သွားလို့လာလို့ နေလို့ထိုင်လို့ကောင်းသော ရာသီပင်။ သို့သော် မင်းရောင်လို အင်္ဂလန်မှာ နှစ်အကြာကြီးနေခဲ့ရသူအတွက်ကတော့ အတော်ကြီးပူလှသည်ဟု ခံစားနေရတာ အမှန်ပင်။

"အား . . . ပူလိုက်တာဗျာ၊ ဒီပေါက်ကလည်း စားထားသေး။ နေပူထဲလည်း ထွက်ရသေး၊ မ ကျွန်တော့်ကို တမင်ခေါ်နှိပ်စက်တာလား"

"ပူတာ၊ အေးတာဆွေးနွေးဖို့ နင့်ကိုခေါ်တာ မဟုတ်ဘူး"

"ပူတာတောင် မညည်းရတော့ပါလား"

"ဒီမှာ ဒီလောက်ပူတတ်နေရင်လည်း ရေခဲတိုက်ထဲ သွားနေပေါ့..."





"ကျွန်တော် မနေရဲဘူးမထင်နဲ့၊ နေရဲတယ်၊ သေနေတဲ့လူတွေကိုဘာမှကြောက်စရာမလိုဘူး၊ လူတွေကအသက်ရှင်နေမှသာ ကြောက်ရာကောင်းတာဗျ"

"အရည်မရ၊ အဖတ်မရတွေ ပြောမနေနဲ့၊ ငါပြောမယ်၊ နားထောင်"

"ကျွန်တော်ရော၊ ပြန်မပြောရဘူးလား"

ချစ်မြတ်နိုးမှာ တစ်ခွန်းမှမခံဘဲ စကားကို ဆက်တိုက်ဆက်တိုက် ဆက်ပြောနေသော မင်းရောင်ကို ခပ်တည်တည်ကြည့်လိုက်ကာ

"နင်နဲ့ငါ လက်မှတ်ထိုးလက်ထပ်ပြီးပြီဆိုပေမယ့် နင့်ကို ငါ ဘယ်တော့မှ ငါ့ရဲ့ တရားဝင်လင်ယောကျ်ားလို့ မသတ်မှတ်ဘူးဆိုတာ နင် သိထားပါ"

ဟု တည်ငြိမ်သောအသံဖြင့် ပြောလိုက်ပါသည်။

"ဘာပြောတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"နင် တမင်နားမလည်ချင်ယောင် ဆောင်နေတာ"

"မဟုတ်ဘူး၊ တကယ်ပြောတာ၊ "မ" ပြောတဲ့ အဓိပ္ပာယ်ကို နားမလည်တာပါ၊ လက်ထပ်ထားပြီး ကျွန်တော့်ကို မရဲ့ လင်ယောကျ်ားလို့မသတ်မှတ်ဘူးဆိုတာ ဘာကိုပြောချင်တာလဲ"

"နင်နဲ့ငါ အတူမနေဘူးပြောတာ"

"အိမ်ခွဲပြီးနေလို့ မရဘူးထင်တယ်၊ မေမေတို့က အိမ်တစ်လုံးလုံးသန့်ဝယ်ပေးပြီးတော့ သွားနေနိုင်းတယ်လေ"

"ငါပြောတာ အဲဒါမဟုတ်ဘူး၊ လင်မယားလိုမနေဘူးပြောတာ၊ အဲ....ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးမှာ ထိုစကားကို ပြောလိုက်ရသဖြင့် ရှက်ပြီး မျက်နှာလေး ခပ်နီနီဖြစ်သွားပါသည်။ မင်းရောင်ကတော့ အခုမှ သဘောပေါက်ကာမျက်မှောင်ကြုတ်ပြီးတွေးနေသဖြင့် ချစ်မြတ်နိုးမျက်နှာရဲသွားတာကို သတိမထားမိလိုက်ချေ။

"ဒါဖြင့် ဒီလိုလက်ထပ်တာ ဘာသဘောလဲ"

"အဘွားတွေကို မလွန်ဆန်နိုင်လို့ဆိုတာ နင်ကိုယ်တိုင်လည်း သိပြီးသားပဲ။ ငါလည်း ငါ့အဘွားနဲ့အမေကို မလွန်ဆန်နိုင်ဘူး"

"ဒါဖြင့် ရအောင်ငြင်းပေါ့"

"မင်းရောင်၊ နင် အပိုတွေ ဟန်လုပ်မနေနဲ့၊ ငါ ငြင်းဖို့နေနေသာ သာ နင်တောင် မငြင်းနိုင်ခဲ့ဘူးမဟုတ်လား"

"ကျွန်တော်လည်း ခင်ဗျားကို သိပ်ယူချင်လို့ လက်ခံခဲ့တယ် မထင်ပါနဲ့"

"အမယ်လေး . . . အမယ်လေး . . . မထင်ပါဘူး၊ ဆတ်ဆတ်ထိ မခံဖြစ်မနေပါနဲ့"

"တစ်အိမ်တည်းအတူတူနေတဲ့ လင်မယားဟာ လင်မယားလို မနေဘူးဆိုတော့ ခင်ဗျားက ဘာရည်ရွယ်ချက်ရှိလို့ ဒီလိုအကြံအစည်ကို ပြောနေတာလဲ"

"နင်လည်း နင်လုပ်ချင်တာလုပ်၊ ငါ ဝင်မပါဘူး၊ ငါလည်း ငါလုပ်ချင်တာ လုပ်မယ်၊ နင် ဝင်မပါနဲ့၊ နင်နဲ့ငါဟာ စာချုပ်စာတမ်းထဲမှာ လင်မယားတော်တယ်ဆိုတာ မှတ်ထားရင် ရပြီ၊ တစ်နေ့ကျရင် ကိုယ်ချစ်နိုင်တဲ့သူတွေရှင် ထွက်သွားနိုင်တယ်၊ အဲဒီကျရင် နင်နဲ့ငါ့ရဲ့ပတ်သက်မှုဟာ ပြီးပြီ၊ ဘာကြိုးမှ ရှည်နှောင်ဖို့မရှိဘူး၊ ဘာသံယောဇဉ်မှလည်း မထားဘူး"





မင်းရောင်ရင်ထဲမှာ တော်တော်ခံပြင်းသွားပါသည်။ တော်တော့်ကို မာနကြီးပြီး အကြံအစည်လည်း ကောက်ကွေ့လှသော မိန်းမတစ်ယောက်ဖြစ်မှန်း သူ အခုမှ သိလိုက်တော့လေသည်။

"ဒီလိုဆွေးနွေးတာကို လူကြီးတွေသိဖို့ မလိုဘူး၊ နင်နဲ့ငါ့ကြားမှာပဲ ထားပါ"

"ကျွန်တော်က သဘောတူပါတယ်လို့ ပြောမိသေးလို့လား"

"အေးလေ . . . စဉ်းကြည့်လိုက်ပေါ့၊ မိန်းမတစ်ယောက် အလိုတူဘဲနဲ့ သူ့ကို ရအောင်ယူတယ်ဆိုတဲ့ လူစားမျိုးဟာ ဘယ်လိုလူစားမျိုးလဲ မင်းရောင်၊ ကိုယ့်ကိုယ်ကိုယ် ရှက်တတ်ရင် ငါပြောတာကို နင် ဘာကြောင့် သဘောမတူနိုင်ရမှာလဲ"

"တောက် . . ."

မင်းရောင် ဒေါသဖြစ်စွာ "တောက်" ခေါက်မိလိုက်လေသည်။ ရင်ထဲမှာ ဒေါသတွေဖြင့် နောက်ကျိနေသည်။

ချစ်မြတ်နိုးကလည်း အထက်စီးဆန်သော အပြုံးဖြင့် သူ့ကို ပြုံးပြလိုက်သည့်အချိန်တွင် သူတို့နှစ်ယောက်ကြားမှာရှိသော ပဋိပက္ခမှာ တစ်မှုဟုတ်ချင်းမှာပင် ကြီးထွားလာခဲ့ပါတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၇)

မင်္ဂလာပွဲကြီးကတော့ ကြီးကျယ်ခမ်းနားလွန်းလှပါသည်။ မြင့်မားချောမောသော သတို့သားနှင့် ပုံပုံလေးနဲ့ ချစ်စရာကောင်းလှသော သတို့သမီးတို့ရဲ့ လိုက်ဖက်မှုကို အားကျမဆုံး၊ ငေးမောမဆုံး ဖြစ်နေကြသူတွေ မနည်း။ နှစ်ဘက်အဘိုးအဘွား၊ မိဘဆွေမျိုး၊ အသိုင်းအဝိုင်းကလည်း ကြီးမားတောင့်တင်းလှသည်။ အလွှာပေါင်းစုံမှ သူတို့မိသားစုဝင်တွေ ရှိနေသည်။ ဆရာဝန်၊ အင်ဂျင်နီယာလုပ်ငန်းရှင်၊ ရုပ်ရှင်နယ်ဘက်၊ အဆိုရှင်နယ်ဘက်တွေမှာ အသီးသီးရှိနေကြသော ဆွေမျိုးအုပ်စုတွေကြောင့် ဒီမင်္ဂလာပွဲဟာ အလွှာအသီးသီးမှ ဧည့်သည်တွေကို တွေ့နိုင်သည်ဟုပင် ပြောရမလိုဖြစ်နေသည်။





"ချစ်မြတ်နိုးလို သတို့သမီးမျိုးရတာ အင်မတန် ကံကောင်းတယ်၊ အရာရာမှာ ထက်မြက်လိုက်တာကလည်း အားလုံးက ငေးမော အားကျနေရတဲ့အထိ၊ ဟိုလူနဲ့ ရည်းစားထား၊ ဒီလူနဲ့ ရည်းစားထားလည်း တစ်ခါမှလည်း မလုပ်ခဲ့ဖူးဘူး၊ တကယ့်ကို ခြောက်ပြစ်ကင်းတဲ့ အပျိုစင်လေးနော်"

ဟု မင်းရောင်ကို လာပြောသူတွေ မရှားသလို...

"အထူးကုဆရာဝန်ကြီးသား အင်္ဂလန်မှာ အာခီတက် (Architect) နဲ့ ကျောင်းပြီးလာတာ၊ တကယ့်ဆွေကြီးမျိုးကြီး၊ တစ်ဦးတည်းသောသား။ ဒီလို သတို့သားမျိုးနဲ့ လက်ထပ်ရတာ သိပ်ကံကောင်းပါတယ်"

ဟူ၍ ချစ်မြတ်နိုးကို တီးတိုးလာပြော အားကျသူတွေလည်း ရှိသောအခါ ကာယကံရှင်ဖြစ်ကြသော မင်းရောင်နှင့် ချစ်မြတ်နိုးတို့မှာ တစ်ယောက်နဲ့တစ်ယောက် အတွင်းကြိတ်ကဲ့ရဲ့ရှုတ်ချသည့် အတွေးတွေနဲ့သာ တုံ့ပြန်မိသည်။ အပြင်ပန်းမှာ ရယ်ပြုံးပြနေကြရပေမယ့် အသီးသီး ရင်ထဲမှာတော့ ရှေ့ဆက်ရမယ့်လမ်းအတွက် အလိုလို ရင်လေးနေသော အတွေးတွေနဲ့ ပြည့်ကျပ်စပြုလာနေသည်။

မရယ်ချင်၊ မပြုံးချင်ပါပဲ အရယ်အပြုံးတွေနဲ့ ဟန်ဆောင်ထားရသော မင်္ဂလာပွဲ၊ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းမချိတ်ချင်ပါဘဲ ချိတ်ထားရသော မင်္ဂလာပွဲကြီးကား မိဘဘိုးဘွား၊ ဆွေမျိုးတစ်သိုက်၏ အပျော်အပြုံးတွေကြားမှာ ပြီးဆုံးသွားခဲ့လေပြီ။

နောက်ဆုံးတော့ ညဆယ့်တစ်နာရီကျော်အချိန်တွင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးတည်း ကျန်ရစ်ခဲ့သော အိမ်တစ်လုံးထဲ၌ နှစ်ဦးသား မျက်နှာချင်း မဆိုင်ချင်ပါဘဲ ဆိုင်ရတော့မည်။

တစ်ထပ်ခွဲရှိသော တိုက်အိမ်လေးရှိသည့် ခြံအတွင်းမှာတော့ ဆလိုက်မီးများရှိနေသဖြင့် အလင်းရောင်ဖြာကျနေသည်။ ပုစဉ်းရင်ကွဲ အသံတွေသာ အပြင်မှာ ကြီးစိုးနေသည့် ညအချိန်မှာ တိတ်ဆိတ်လျှက် နေတာတော့မဟုတ်၊ တစ်ခါတစ်ရံလမ်းမကျယ်ကြီးမှကားတစ်စီးတလေ ဖြတ်မောင်းသွားသံကိုတော့ သဲ့သဲ့ကြားနေရပါသည်။

ရေမိုးချိုးပြီး ညအိပ်ဝတ်စုံ Pyjama (ပဂျားမား) အင်္ကျီ ဘောင်းဘီရှည်ပွပွတို့ကို ဝတ်ပြီးသော ချစ်မြတ်နိုးမှာ အိပ်ခန်းတွင်းရှိ နှစ်ယောက်အိပ်ခုတင်၊ မွေ့ရာတို့ကို စိတ်ကုန်စွာကြည့်ရင်း...

"မနက်ဖြန်တော့ ငါ့ဘာသာပဲ တစ်ယောက်အိပ်ခုတင်၊ မွေ့ယာ သွားဝယ်မှပဲ၊ ဒီတစ်ညတော့ ဆိုဖာမှာပဲ သွားအိပ်မယ်"

ဟု တစ်ယောက်တည်း ရေရွတ်နေမိစဉ်...

"အိုး . . . ဟိုး . . . စိတ်ချပါ၊ အစ်မကို ကျွန်တော် လက်ဖျားနဲ့ တောင် မထိပါဘူး၊ အဲဒီလောက် အဖြစ်သည်းမနေပါနဲ့၊ ကျွန်တော်က သူများမပေးရင် အတင်းရယူတတ်တဲ့ကောင်မျိုး မဟုတ်ဘူး"

ဟူသော အသံကို နောက်ကျောဆီမှ ကြားလိုက်ရပါသည်။

"ငါကလည်း အဖြစ်သည်းနေတာ မဟုတ်ပါဘူး၊ မိန်းမ တစ်ယောက်အနေနဲ့ ယောက်ျားတစ်ယောက်နဲ့ တစ်အိပ်ရာတည်း အတူ တူမအိပ်သင့်ဘူးထင်လို့ ငါ့ဘာသာ သွားအိပ်မယ်ပြောတာ"

"အစ်မဘာသာ ဒုက္ခခံနိုင်ရင် သွားအိပ်ပေါ့"





"တကယ်ဆို နင်က သွားအိပ်ပေးရမှာ"

"ဟောဗျာ...ဒီဘက်လှည့်လာပြီ"

"ယောက်ျားနဲ့မိန်းမမှာ ယောက်ျားကပဲ အနစ်နာခံရတဲ့သူ ဖြစ်သင့်တာပေါ့"

"အစ်မဘာသာ မလိုအပ်တဲ့ပြဿနာကို ပုံကြီးချဲ့ပြီး ဆွဲဆန့် နေတာများ ကျွန်တော်က ကြားထဲက အချောင်ကန့်လန့်ကန့်လန့်နဲ့ ဒုက္ခ ခံပေးရမှာတော့ မဖြစ်နိုင်ဘူးထင်တယ်"

"နင်ဟာ ယောက်ျားပီသတဲ့စိတ်ကို မရှိဘူး"

"ယောက်ျားပီသလို့ပဲ အစ်မအလိုမတူရင် လက်ဖျားနဲ့တောင် မထိပါဘူးလို့ ကတိပေးရဲတာပေါ့"

"နင် အဲဒါကိုပဲ စကားထဲထည့်ထည့်ပြီး ခဏခဏ ပြောမနေ နဲ့"

"ဟူး . . . . မလွယ်ပါ့လား၊ ဘာစကားပဲပြောပြော အထအန တောက်ပြီး ရန်တွေ့နေတာကိုက မလွယ်တဲ့အရက်ကြီးတစ်ချက်ပဲ"

ချစ်မြတ်နိုးမှာ တစ်နေကုန် မနက်ပွဲ၊ ညပွဲတွေနဲ့ ပင်ပန်းလွန်း လှနေပြီဖြစ်ရာ လူက လှဲချင်၊ အနားယူချင်နေပြီ။ ရေမိုးချိုးပြီးတာမို့ အညောင်းအညာပြေကာ အိပ်ချင်နေလေပြီ။ တကယ်တော့ အိစက် ညက်ညောပြီး မွေးပုံကျယ်ပြောလှတဲ့ ဒီအန်းလော့(စ်)မွေ့ရာကျယ်ကြီး မှာ ဒိုင်ဝင်ထိုးပြီး အိပ်ပစ်ချင်တာပေါ့၊ သို့သော် ကိုယ်ကသာ ခွဲမအိပ်ရင် ခင်းရောင်ဆိုတဲ့အကောင်ကလည်း သူ့ဘာသာ သွားခွဲအိပ်မယ့်ပုံ မပေါ် တာမို့ အခုတော့ ကိုယ်ပဲ အလျှော့ပေးပြီး ဒီတစ်ညတော့ ဆိုဖာခုံရှည်မှာ သွားအိပ်ရတော့ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံး၊ ဖက်လုံးနှင့် စောင်တစ်ထည်တို့ကို ဆွဲယူချလာကာ အောက်ထပ်ဧည့်ခန်းသို့ ဒုန်းဒိုင်းနှင့် ဆောင့်အောင့်ဆင်းသွားသော ချစ်မြတ်နိုးကို မင်းရောင် ပန်းတွန့်၍ စိုက်ကြည့်ကာ ကျန်ရစ်ရလေသည်။ ညဝတ်အင်္ကျီပွပွ၊ ဘောင်းဘီပွပွတို့ဖြင့် လူတစ်ကိုယ်လုံး အဝတ်ပုံကြီးလို ဖြစ်နေသောပုံစံကို ပြန်မြင်ယောင်ရင်း...

"ဒီလိုပုံမျိုးများ အရင်ကဆို လှည့်တောင်ကြည့်ခဲ့တာမဟုတ်ဘူး၊ အခုတော့ တစ်အိမ်တည်း အတူတူနေနေရပြီ"

တိတ်ဆိတ်သွားသော ညဥ့်ယံမှာ မင်းရောင်တစ်ယောက်တည်း စိတ်ကြိုက်အိပ်ရာကျယ်ကြီးမှာ အိပ်စက်ရသော ညတစ်ညနှင့် ချစ်မြတ်နိုးတစ်ယောက် ဆိုဖာခုံရှည်ပေါ် ကတ်သီးကတ်သတ်ကွေးအိပ်ကာ အိပ်စက်ရသော ညတစ်ညတို့သည် အေးဆေးတည်ငြိမ်စွာပင် ကုန်ဆုံးသွားခဲ့ရပါတော့သည်။

× × ×

# အပိုင်း ( ၂ )

## ( ၁ )

နံနက်ခင်း၏အလင်းရောင်က အိမ်ထဲတိုးဝင်လာသောအခါ၊ ချစ်မြတ်နိုး ဖျတ်ခနဲ နိုးသွားပါသည်။ တစ်ညလုံး ကွေးပြီး တစ်ဖက်တည်း စောင်းကာ အိပ်ပျော်သွားသောကြောင့် နီးနီးချင်း လူတစ်ကိုယ်လုံး ညောင်းညာနေတော့သလို ဖြစ်နေသောကြောင့် ခြေတွေ၊ လက်တွေဆန့်ပြီး အားရပါးရ အကြောဆန့်လိုက်ပြီးမှ...

"ဟင်...ငါ"

ဟု ဖျတ်ခနဲ ကိုယ့်ဘဝမှန် ကိုယ်သတိရသွားပါသည်။

မနေ့က ဧည့်ခံပွဲကြီးတွေ လူသိရှင်ကြား တရားဝင်လုပ်ပြီး ရှုပ်ယှိသတ်အလယ် လက်တွဲပြီကာ မင်းရောင်ဆိုသော ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ လက်ထပ်ရပြီးနေပြီတည်းဆိုသောအဖြစ်ကို သတိရသွားသောကြောင့် နံနက်ခင်းမှာ စိတ်လက်ကြည်သာနေသမျှ ချက်ချင်းနောက်ကျိသွားပါသည်။

"ကြည့်စမ်း . . . ငါ ဟိုကောင့်ကို လက်ထပ်လိုက်ရပြီ၊ ငါ့အခြေအနေဟာ တစ်ယောက်တည်း နေ့တိုင်းဖြုတ်သန်းရမယ့်အခြေအနေ မဟုတ်တော့ဘူး"

ဟူသော အတွေးဖြင့် နဖူးပေါ်လက်တင်ကာ နာရီဝက်လောက် မထဖြစ်သေးဘဲ ဘာလုပ်ရင်ကောင်းမလဲလို့ ခဏခဏ ဒီမေးခွန်းကိုသာ မေးနေဖြစ်တော့လေသည်။

နောက်တော့ ဗိုက်ထဲမှာ တော်တော်ဆာလာတာကို သတိထားမိလေသည်။ မနေ့က မနက်ပိုင်း ညှိနှိုင်းပွဲတွင်လည်း အချင်းချင်းအပြန်အလှန် ဟန်ဆောင်ခွံ့ကျွေးပြသော ကိတ်မုန့်တစ်ဇွန်း၊ အိုက်စ်ခရင်(မ်)တစ်ဇွန်းနှင့်သာ ပြီးခဲ့သလို ညနေဘက် ဒင်နာပွဲကျတော့လည်း အေးအေးဆေးဆေး ထိုင်စားလိုက်ရသည်မရှိဘဲ ဟိုဝိုင်းကဆွဲခေါ်လို့ပါသွားလိုက်၊ ဒီဝိုင်းကတွေ့ချင်တယ်ဆိုလို့ ထသွားရလိုက်ဖြင့် ဘာမှမယ်မယ်ရရ မစားဖြစ်လိုက်ချေ။

အခုတော့ ဗိုက်ထဲမှာ အသံတောင် မြည်လာကာ အတော့်ကိုဆာလောင်လာပါသည်။ ဟိုအကောင် (မင်းရောင်ကို စိတ်ထဲမှာခေါ်တာ) ကတော့ ရှန်ပိန်တွေသောက်လိုက်၊ ဟိုဝိုင်းမှာ တစ်ခွက်အတူမော့လိုက် တစ်ကျိုက်ကျိုက်လိုက်နဲ့ ဘယ်လောက်တောင်သောက်သလဲမသိ။ ညက စကားပြောတော့ နံရံကို ခပ်ယိုင်ယိုင်မှီရပ်နေရပြီး စကားသံတွေ ဝေ့





ဝတွေးဖြစ်နေတာကို သတိထားမိသား။ ချစ်မြတ်နိုးကလည်း အရမ်းကို အိပ်ချင်နေတာမို့ ချက်ချင်း ဆိုဖာပေါ် ကျောချချချင်းပင် အိပ်ပျော်သွားခဲ့တာ။ တကယ်ဆို သူ ယောက်ျားလေးဖြစ်ပြီး အလျှော့ပေးခဲ့ရင် အခုလို ဆိုဖာပေါ်မှာ သူပဲ လာအိပ်ပေးသင့်တာမဟုတ်လား။

ချစ်မြတ်နိုး စောင်ကို ဖယ်လိုက်ပြီး ထလာခဲ့ကာ အိမ်ပေါ်ထပ် တိုက်ဖို့ ခြေလှမ်းပြင်ပြီးမှ မတက်တော့ဘဲ အိမ်အောက်ထပ်မှာ တစ်ခုသီးသန့်ရှိသည့် ရေချိုးခန်း၊ အိမ်သာကိုသာ အသုံးပြုဖို့ စဉ်းစားလိုက်သည်။ ဒါက ဧည့်သည်လာရင် အသုံးပြုဖို့ ထားထားပုံရသည်။ မီးဖိုခန်းနဲ့ ဘိုရပ်မှာလည်း အိမ်ဖော်နေဖို့အခန်းဟု ထင်ရသည့် အခန်းငယ်လေးတစ်ခန်း တွေ့ရသည်။

ဒီအိမ်နဲ့ပတ်သက်ပြီး ချစ်မြတ်နိုး ဘာမှ နှံ့နှံ့စပ်စပ်ပင် မသိသေး။ ခါမပြီး တစ်ရက်မှာ အတင်းလာခေါ်၍ တစ်ခေါက်သာ လိုက်ကြည့်ဖြစ်ပြီး နောက်ပိုင်း လုံးဝမရောက်ခဲ့တာမို့ ခပ်မှေးမှေးတောင် ဖြစ်နေပြီ။ သိသလောက်ကတော့ အပေါ်ထပ်မှာ ဘုရားခန်းရှိသည်၊ နှစ်ယောက်အိပ်အခန်းကျယ်မှာ ရေချိုးခန်းအိမ်သာ တွဲရက်ပါသည်။ ကျန်တဲ့ တစ်ယောက်အိပ်ခန်းက နှစ်ခန်းရှိသည်။

ဘုရားခန်းလို့ ခေါင်းထဲမှာ တွေးလိုက်တာနဲ့ ဘုရားသောက်တော်ရေကပ်၊ ဦးချရန် သတိရသွားပါသည်။ ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာ နေရမည်မို့ ကိုယ့်အိမ်ကိုယ့်ရာတော့ ဖြစ်နေခဲ့ပြီ။ ဒီတော့ ဒီအိမ်နဲ့ဆိုင်သမျှ ခေါင်းထဲထည့်ထားသင့်သည်။ တာဝန်ယူသင့်သည်ဟု တွေးမိသည်။

မီးဖိုချောင်ထဲဝင်လိုက်လျှင် နံရံကပ်ဗီရိုများအပြည့် အစီအရီရှိသော ခေတ်မီမီးဖိုချောင်ကို တွေ့ရသည်။ တံခါးနှစ်ချပ်ပါသော ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို ဖွင့်ကြည့်လိုက်တော့ အသင့်သောက်နိုင်သော နိုင်ငံခြားဖြစ် Dutch lady (ဒချ်လေဒီ)နို့ဘူးတစ်ဗူးနှင့် sprite (စပရိုက်ထ်) အချိုရည်တစ်ဘူး၊ Meadowle (မီဒိုးလီး)တံဆိပ် ထောပတ်တစ်ဘူး။ IXL (အိုင်အိတ်စ်အယ်လ်) တံဆိပ် စတော်ဘယ်ရီယိုတစ်ပုလင်းတို့သာရှိတာ တွေ့ရပါသည်။ နံရံကပ်ဗီရိုထဲမှာတော့ Nescafe (နက်စ်ကဖေး)တစ်ပုလင်း Lipton (လစ်ပ်တန်)တစ်ဘူးနှင့် သကြားထည့်ထားသော ဖန်ပုလင်းတစ်လုံးရှိသည်။ ကော်ဖီပန်းကန်နှစ်စုံလောက် တွေ့ရသည်၊ ကျန်တဲ့ဗီရိုတွေမှာတော့ ထမင်းစားပန်းကန်ပြားတွေ၊ ပန်းကန်လုံးတွေ သူ့နေရာနဲ့သူ အစီအရီရှိနေပါသည်။

ဘာမုန့်မှလဲ မရှိ၊ ဘာဘီစကစ်မှလဲ မရှိတာမို့ ကော်ဖီတစ်ခွက်ကို နို့များများဖြင့်ဖျော်ကာ သောက်လိုက်ရပါသည်။ ကော်ဖီထိုင်သောက်နေရင်း ဒီအိမ်မှာ ဘာလိုသလဲ၊ ဘာဝယ်ရမလဲတွေ ခေါင်းထဲတွေးမိပြန်သည်။ စာရွက်တစ်ရွက်ပေါ် စာရင်းချရေးနေစဉ် အပေါ်ထပ်မှ ရေအိမ်ရေဆွဲချသံ၊ တံခါးဖွင့်သံ၊ ပိတ်သံ၊ ရေကျသံတွေ စပြီး ကြားလျှင် လူက အလိုလိုနေရင်း အသင့်အနေအထားလို ဖြစ်သွားပါသည်။

ညဝတ်အင်္ကျီအဝတ်အစားလဲဖို့ အဲဒီအခန်းထဲဝင်ရဦးမှာလား၊ အင်း . . . မဖြစ်သေးပါဘူး၊ ဗီရိုကိုပါ ငါနေမယ့်အခန်းထဲ ပြောင်းရွှေ့နောက်မို့ အဲဒီအကောင် အခန်းထဲကမထွက်မချင်း ငါ ဝင်ပို့မရဘူး နောက်နေ့တွေဆို အလုပ်ပြန်သွားတော့မှာ မနက်စောစောထ ပြင်ဆင်ရမယ်။ ကိုးနာရီမှာ ရုံးရောက်နေဖို့လိုတယ်။ ကိုယ်က နောက်ကျပြန်ရင် သမီးတွေပါ လိုက်နောက်ကျကုန်ကြမှာ။ ဒါနဲ့ နေပါဦး၊ အဲဒီအကောင်





အရော အင်္ဂလန်မှာ အာခီတက်နဲ့သာ ကျောင်းပြီးလာတယ်။ ဒီမှာ ဘာအလုပ်မှ မလုပ်သေးဘူးလား။

ချစ်မြတ်နိုးမှာ ဟိုတွေးဒီတွေးဖြင့် ကော်ဖီတစ်ခွက်ကုန်သွားသောတောင် မထဖြစ်သေး။ မီးဖိုခန်းထဲသို့ ရှပ်ခနဲ အရိပ်တစ်ရိပ် ဝင်လာသာတွေ့မှ အသိဝင်လာသည်။

"ကော်ဖီတောင် သောက်ပြီးနေပြီ"

မင်းရောင်က မျက်နှာကြည်ကြည်သာသာနဲ့ပင် ချစ်မြတ်နိုးကို လှမ်းကြည့်ရင်း ပြောသည်။

"အစ်မမှာ ခေါင်းကိုက်ပျောက်ဆေးရှိလား"

"မရှိဘူး"

"ကျွန်တော် တကယ်ခေါင်းကိုက်နေလို့ တောင်းတာပါ"

"ငါလည်း တကယ်မရှိလို့ မရှိဘူးပြောတာပါ၊ လူတစ်ယောက် ဝေဒနာခံစားနေရတာကို တမင်နှိပ်စက်ရလောက်အောင်ထိ ငါက အငြိုးထားပါဘူး"

"ဖေဖေ့ကို ဖုန်းဆက်တောင်းလိုက်ပါ့မယ်လေ"

ထိုအချိန်တွင် မင်းရောင်၏ဟန်းဖုန်းအသံ မြည်လာပါသည်။

"ဟာ . . . အတော်ပဲ၊ မေမေဆက်တာ"

မင်းရောင် ဖုန်းကိုဖွင့်ရင်း ဝမ်းသာသလို ရေရွတ်သည်။

"မေမေလား"

"သားတို့ နိုးပြီလားလို့"

"အခုပဲ နိုးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ၊ အိမ်ကအရိုင်ဘာနဲ့ မုန့်ဟင်းခါးဝယ်ထားတာ ပို့ပေးလိုက်မယ်၊ ဟုတ်ပြီလား၊ နေ့လယ်စာ၊ ညစာတွေလည်း မချက်ကြနဲ့ဦး မေမေပဲ ထမင်းဟင်း လာပို့ပေးမယ်"

"ဟာ...အတော်ပဲ၊ မေမေ့လူကို လွှတ်လိုက်ရင် ပါရာစီတမော ဖြစ်ဖြစ် ထည့်ပေးလိုက်ပါ။ သား ခေါင်းကိုက်နေလို့"

"ဟဲ့...ဘာလဲ၊ ညက တော်တော်များများ သောက်မိလို့လား"

"သိပ်မများပါဘူး၊ အကုန်ရောသောက်သလို ဖြစ်သွားလို့ပါ။ ရှန်ပိန်တွေရော၊ ဝိုင်တွေရော၊ ဘီယာတွေရော၊ ဝီစကီတွေရောဆိုတော့ လိုင်းပူးပြီး မနက်ကျ ခေါင်းကိုက်တာပေါ့"

"သမီးရော၊ ဘယ်လိုလဲ"

မေမေ မေးလိုက်တာကြောင့် မင်းရောင်မှာ ချစ်မြတ်နိုးကို မျက်လုံးဝေ့ကြည့်လိုက်လျှင် အနားမှာမရှိတော့တာကို အခုမှသိတော့သည်။ ဘယ်တုန်းကများ ထသွားပါလိမ့်။ အသံကလည်း လုံလိုက်တာ။ ဘာခြေသံမှတောင် မကြားလိုက်ရဘူး။ ဘာလှုပ်ရှားမှုမှတောင် မမြင်လိုက်ဘူး။

"သူ...နေကောင်းပါတယ် မေမေ"

ဟုသာ မင်းရောင် ဖြီးဖြန်းပြောလိုက်ရသည်။ တကယ်တော့ ချစ်မြတ်နိုး နေကောင်းလား၊ မကောင်းလား၊ ကောင်းကောင်းအိပ်ပျော်ရဲ့လား၊ ပင်ပန်းပြီး ခေါင်းတွေဘာတွေ ကိုက်နေသလားဆိုတာ သူ ဘာမှ မသိပါ။

"မေမေတော့ လိုက်မလာတော့ဘူးနော်၊ ဦးထွန်းနဲ့ပဲ အားလုံး ထည့်ပေးလိုက်မယ်၊ သားတို့အချင်းချင်း ရန်လည်းဖြစ်မနေကြနဲ့၊ ဘာပဲ





ဖြစ်ဖြစ် သား လျှော့ပေးလို့ရရင် လျှော့ပေးလိုက်ပါ။ ချစ်မြတ်နိုးက အရမ်း ဆိုးတဲ့မိန်းကလေး မဟုတ်ပါဘူး၊ လိမ္မာယဉ်ကျေးတယ်၊ မိဘစကား နားထောင်တယ်၊ မရှုပ်မပွေဘူး၊ မေမေ အဲဒါလေးကို သဘောကျလို့ကို သူ့ကိုပဲ ကျေကျေနပ်နပ် လက်ခံခဲ့တာ"

"သား...ဖုန်းချလိုက်မယ်နော် မေမေ၊ ဘာမှာစရာရှိသေးလဲ"

"မှာစရာကတော့ တစ်ယောက်နဲ့တစ်ယောက် တည့်အောင် နေဖို့ပဲ"

မင်းရောင် မြန်မြန်ဖုန်းပိတ်လိုက်ရသည်။ နောက်မို့ မေမေ ဆက်မေးလာရင် သူလည်း မဖြေတတ်ရင် ဖုံးထားတာတွေ ပေါ်ကုန်မှာ စိုးရိမ်ရသည်။ ပြီးတော့ မေမေက အလကားနေရင်း ချစ်မြတ်နိုးကို အမွှမ်းတင်ကာ ချစ်ပြနေသဖြင့် စိတ်ထဲမှာ မကြည်တော့တာလည်း ပါသည်။ လိမ္မာယဉ်ကျေးပြီး မိဘစကား နားထောင်တဲ့သူဆိုရင် အိမ်ထောင်ရှင်မ ကောင်းတစ်ယောက်ဖြစ်အောင် နေမှာပေါ့။ ချစ်၍ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ၊ ကြိတ်မှိတ်အလျှော့ပေးပြီး နေမယ်ဆိုတဲ့စိတ်လည်း ထားတတ်ရမှာပေါ့။ အခုတော့...

ဆယ့်ငါးမိနစ်လောက်ကြာတော့ မေမေ လွှတ်လိုက်သော အရိုင်ဘာနှင့် ငါးဆင့်ချိုင့်ဖြင့်ထည့်ထားသော မုန့်ဟင်းခါးတစ်ချိုင့် ရောက်လာသည်၊ မင်းရောင်တို့အိမ်နဲ့ ဖေဖေ၊ မေမေတို့အိမ်မှာ သိပ်လည်း မဝေးလှတာကြောင့် ဆယ့်ငါးမိနစ်လောက်နဲ့ အိမ်ကိုရောက်လာတာဖြစ်သည်။

ချိုင့်ကိုဆွဲပြီး အိမ်ထဲဝင်လာလျှင် ညဝတ်အကျီ အဝတ်အစားတွေ လဲလှယ်ပြီး၍ ပြန်ဆင်းလာသော ချစ်မြတ်နိုးနှင့် ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မေမေမပို့ပေးလိုက်တဲ့ မုန့်ဟင်းခါး"

ရှိုင့်ကိုပါ မြှောက်ပြရင်း ပြောလိုက်လေသည်။

"လူကြီးတွေကို အားနာစရာ၊ စားချင်ရင် ကိုယ့်ဘာသာ ထွက်ဝယ်ပါလား"

"ကျွန်တော် မမှာပါလား၊ မေမေ့ဘာသာ ဖုန်းဆက်ပြီး မုန့်ပို့ပေးလိုက်မယ်ပြောတာပါ"

"နောက်နေ့တွေ မပို့နိုင်းပါနဲ့"

"အဲဒါတော့ ကျွန်တော် အာမ မခံနိုင်ဘူး၊ အစ်မဘာသာ မေမေ့ကို ဖုန်းဆက်ပြော၊ မေမေကတော့ ကျွန်တော် အစားအသောက် ခက်ခဲနေမှာစိုးလို့ မနက်စာရော၊ နေ့လယ်စာရော၊ ညနေစာရော ပို့ပေးမယ်ပြောတာပဲ"

"ဩော် . . . နင်က ငါ့အကြောင်း ဘယ်လိုပြောလိုက်လဲမှ မသိတာ"

"ဟောဗျာ…. ဘာမှလည်း မပြောရပါလား"

ခေါင်းထဲက တဆစ်ဆစ်ကိုက်လာသဖြင့် မေမေထည့်ပေးလိုက်သော ဆေးကို ခပ်မြန်မြန်ပဲ ပါးစပ်ထဲ နှစ်လုံးပစ်ထည့်ကာ ရေနှင့် မျှောချလိုက်ရလေသည်။

ငါးဆင့်ရှိုင့်ကို တရောင်းရောင်းဖွင့်ကာ ရှိုင့်ခွက်တွေ တစ်ဆင့်ချင်း ဖြုတ်လိုက်လျှင် မွှေးပျံ့သော မုန့်ဟင်းခါးနံ့က ထမင်းစားခန်းထဲတွင် ကြိုးစိုးသွားပါသည်။

"ငါက မိန်းမပီသဘူး၊ မနက်စာပြင်ဆင်မကျွေးဘူး၊ ထမင်းဟင်း ချက်မကျွေးဘူးဆိုတာမျိုးတွေ နင် ပြောလိုက်သလား"





"ကျွန်တော် ကိုးန်တောင်ပြောရဲတယ်၊ ဘာမှကို မပြောဘူး၊ အစ်မနဲ့ပတ်သက်တာဆိုလို့ မေမေမေးမှ ပြောတယ်၊ ကျန်တာ အပို မပြောပါဘူး"

"အန့်တီမေဦးက ဘာမေးလဲ"

ချစ်မြတ်နိုးက သိချင်ဟန်ဖြင့် ဆက်မေးလေသည်။ မင်းရောင် ရယ်ချင်သွားပါသည်။ သူ့အကြောင်းတော့ ကွယ်ရာမှာ မကောင်းပြောစ မှာ သိပ်စိုးရိမ်ရှာတယ်ထင်တယ်။

"အစ်မ၊ ဒီမှာ မုန့်လာစားပါဦး၊ မေမေက စားစေချင်လို့ ပို့ပေး လိုက်တာပါ။ ကျွန်တော်နဲ့အစ်မ မတည့်ရင် မတည့်မယ်၊ မေမေကတော့ အစ်မကို ချစ်ပါတယ်၊ ဒီတော့ အစ်မ လာစားသင့်ပါတယ်"

"အန့်တီမေဦး၊ ငါ့အကြောင်း ဘာမေးလဲ၊ အဲဒါ သိချင်တယ်"

ချစ်မြတ်နိုးက ဟန်ဆောင်မနေဘဲ သူမဘာသာ မုန့်ဟင်းခါး အစ်ပန်းကန်ထည့်ရင်း ဆက်မေးပြန်သည်၊ မင်းရောင်မှာ ချစ်မြတ်နိုးကို အတော်အံ့သြမိသည်။ တစ်ခုခုကို သိချင်ရင် မရမက မေးတတ်တာ ပဲလား။

"နေကောင်းလား၊ ဘာညာ မေးတာပါ"

"နင် ရှောက်တွန်းဖို့တော့ မစဉ်းစားနဲ့"

"ဘာကို ရှောက်တွန်းရမှာလဲ"

"ငါတို့နှစ်ယောက်ရဲ့အတွင်းရေး ငါတို့ကြားမှာပဲ ရှိပါစေ"

မင်းရောင် ဘာမှမပြောဘဲ တမင် ပြုံးစေ့စေ့လုပ်နေလိုက် သည်။ မင်းရောင် ဘာမှမပြောလျှင် ချစ်မြတ်နိုးရင်ထဲ နိုးလိုးနုလုဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်က လွယ်လွယ်နဲ့ အလျှော့မပေးတတ်။ မေးလျှင် ဖြေမှကြိုက်သည်။ ကတိတောင်းလျှင် ပေးနိုင်သည်၊ မပေးနိုင်သည် သိရမှ ကျေနပ်သည်။ ဟိုလိုလို၊ ဒီလိုလို လုပ်တာမျိုးကို မကြိုက်လှ။

"မင်းရောင် ..."

ချစ်မြတ်နိုးက မုန့်ဟင်းခါးကို တစ်ပွဲလောက်သာ စားတတ်သည်မို့ ချက်ချင်းစားပြီးနေပေမယ့် မင်းရောင်ကတော့ မုန့်ဟင်းခါးကြိုက်လှတာမို့ ထပ်ထည့်စားနေလေရာ မပြီးသေး။ ချစ်မြတ်နိုးက မင်းရောင် ဘာမှမဖြေသဖြင့် စိတ်မရှည်ဘဲ သူ့နာမည်ကို မခေါ်ချင်ပါဘဲ ခေါ်လိုက်ရသည်။

"ငါပြောတာ လက်ခံလား"

"ဘာလဲ"

"ငါတို့ရဲ့အတွင်းရေးကို ဘယ်သူ့မှမပြောဖို့"

"မပြောဘဲနေလည်း တစ်နေ့ကျ လူကြီးတွေဟာ ရိပ်မိသွားမှာပဲ၊ အဲဒီကျ အစ်မ ဘယ်လိုရှင်းမလဲ"

"အဲဒါ နင်ပူစရာမလိုပါဘူး၊ အစကတည်းက နင် မပြောဖို့ပဲ"

"မပြောပါဘူး၊ ဘာလို့ လေကုန်ခံပြီး ပြောရမှာလဲ၊ မိန်းမတစ်ယောက်က ကိုယ့်ကို မကြိုက်လို့ မပေါင်းနိုင်ပါဘူးပြောတာကို ဂုဏ်ယူပြီး လျှောက်ပြောစရာလား၊ ကျွန်တော် အဲဒီလောက်ထိ မအဘူး"

"ဒါဖြင့် ပြီးတာပဲ"

ချစ်မြတ်နိုး စကားဆုံးဆုံးချင်း ရှာခနဲလှည့်ထွက်သွားပါသည်။ မင်းရောင်ရင်ထဲမှာတော့ အလိုလိုနေရင်း ဘာကို နာကြည်းသွားမှန်း မသိဖြစ်ကာ အံကြိတ်လိုက်မိသည်။





ချစ်မြတ်နိုးက အပေါ်ထပ်မှာရှိနေသည်မို့ မင်းရောင် တက်မသွားသေးဘဲ အောက်ထပ်မှာသာ အချိန်ဖြုန်းနေလိုက်ပါသည်။ တီဗီဗီဒီယိုကို လျှောက်ပြောင်းနှိပ်ရင်း အပျင်းပြေ ထိုင်ကြည့်နေလိုက်သည်။ ချစ်မြတ်နိုးတစ်ယောက် လှပမွှေးကြိုင်စွာ ပြင်ဆင်ပြီး ကားတစ်စီးဖြင့် ထွက်သွားတော့မှ မင်းရောင်လည်း အပေါ်တက်ချင်တာ တက်ခွင့်ရပါသည်။

အိပ်ခန်းထဲရောက်တော့ချစ်မြတ်နိုးနှင့်သက်ဆိုင်သောပစ္စည်းအသုံးအဆောင်တွေ သယ်ထုတ်ပြီး တခြားအခန်းတစ်ခန်းမှာ သွားစုပုံထားတာ တွေ့ရပါသည်။ အခန်းလွတ်နှစ်ခန်းထဲမှာတော့ ဘာပစ္စည်းမှမရှိလေရာ ချစ်မြတ်နိုးကတော့ သူမစိတ်ကြိုက် ထောင့်စွန်းအခန်းလွတ်ကို ရွေးလိုက်ပုံရသည်။ ထိုအခန်းထဲတွင် သူမ၏အဝတ်တွေအပုံလိုက်၊ ပစ္စည်းအသုံးအဆောင်တွေ အပုံလိုက်။ နှစ်ယောက်အိပ်အခန်းနဲ့ ထိုအခန်းကြားတွင် အခန်းလွတ်တစ်ခုခြားပါသည်။ အမယ်လေး အဖြစ်သည်းလိုက်တဲ့ မမ။ သူ့ကို လက်ဖျားနဲ့တောင် မထိပါဘူးဆိုမှတမင်ဝေးဝေးအောင် နေရာရွေးရသေးတယ်။ တွေးရင်း မင်းရောင်စိတ်ထဲ ချစ်မြတ်နိုးကို အလိုလို နာကြည်းပြီး မုန်းသလိုလိုတောင် ဖြစ်လာသည်။

ဘဝမှာ မိန်းမတစ်ယောက်ရဲ့ မတူမတန်သလို ဆက်ဆံမှု၊ ရှောင်ဖယ်မှု၊ မရေမရာဆက်ဆံမှုတွေကို တစ်ခါမှလည်း မရခဲ့ဖူးသလို၊ အခုလောက်ထိလည်း စိမ်းကားပြတ်တောက်လှသော ပုံစံမျိုး မကြုံခဲ့ရဖူးလေရာ ရင်ထဲမှာ မခံချင်တဲ့မာနနဲ့အတူ နာကြည်းမုန်းတီးခြင်းကပါ ကြီးစိုးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာပဲ မာနရှိတာမဟုတ်ဘူး၊ ငါ့မှာလည်း မာနရှိတယ်၊ ချစ်မြတ်နိုးအဲဒီလောက်လုပ်ပြနေစရာ မလိုဘူး"

တိတ်ဆိတ်နေသော အိမ်တစ်လုံးထဲတွင် မင်းရောင်၏ ခပ်တိုးတိုးရှိုက်သံတစ်ခုသာ။

× × ×

## (၉)

မနက်ဆို ခြောက်နာရီထက ဘုရားသောက်တော်ရေကပ်၊ ကော်ဖီ၊ မုန့်များကပ်ပြီးတာနဲ့ ညထဲက ချက်ရန် ပြင်ဆင်ထားသော ဟင်းလျာများကိုစတင်ချက်ပြုတ်သည်။ ထမင်းတစ်အိုးကျက်၊ ဟင်းများလည်း ကျက်လျှင် ဆွမ်းတော်ကို အကျအနကပ်၊ ဘုရားရှိခိုးပြီးတာနဲ့ ရေမိုးချိုး ဝတ်စားပြင်ဆင်ကာ အိမ်ကနေ ကားတစ်စီးဖြင့် ထွက်သွားလိုက်တာ တစ်ခါတလေ ညနေငါးနာရီ၊ ခြောက်နာရီထိ အလုပ်မှာ အချိန်ကုန်ရသဖြင့် တစ်နေကုန်ပင် အိမ်မှာ ချစ်မြတ်နိုး မရှိတတ်ချေ။

မင်းရောင် အိပ်ရာမှနိုးချိန်သည် အမြဲလိုလို ဆယ်နာရီကျော်လောက်ဖြစ်နေတတ်သည်။ ထိုအခါ တိတ်ဆိတ်နေသော တစ်အိမ်လုံးကို ရင်ဆိုင်ရသည်။ ကော်ဖီ ကိုယ့်ဘာသာဖျော်သောက်၊ ရှိတဲ့ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com



ကို မီးကင်၊ ထောပတ်သုတ်စားရင်စား၊ မစားချင်ရင်လည်း ကော်ဖီ ဖလောက်သာ သောက်ပြီးလျှင် ကွန်ပျူတာရှေ့ထိုင်ကာ အဆောက်အအုံ ပုံစံဒီဇိုင်းတွေ စတင်ဆွဲပါသည်။ နေ့လယ်တစ်နာရီလောက်မှာ ဆာလျှင် ချစ်မြတ်နိုးချက်ပြုတ်ပေးထားခဲ့သော ထမင်း၊ ဟင်းတွေ ပန်းကန်ထဲပုံ ထည့်၊ ဗွန်းတပ်၍စားရင်း အလုပ်ကို ဆက်လုပ်သည်။

မင်းရောင်က အင်္ဂလန်မှာထဲက အဆောက်အအုံပုံစံဒီဇိုင်း တွေ ထုတ်ရသောကုမ္ပဏီမှာ အလုပ်ဝင်ခဲ့သည်ဖြစ်ရာ မင်းရောင် မြန်မာ ပြည်ပြန်မည်ဆိုသောအခါ ထိုကုမ္ပဏီက ဝမ်းသာအားရပင် သူတို့၏ ကုမ္ပဏီခွဲတစ်ခုကို ရန်ကုန်မှာ ဖွင့်ပေးဖို့ ကမ်းလှမ်းသည်။ မြန်မာပြည်မှာ လာရောက်ရင်းနှီးမြှုပ်နှံလိုသော ထိုကုမ္ပဏီ၏ရုံးခွဲကို အခုမှ စတင်ခါစ ရှိပါသေးသည်။ မင်းရောင်ကတော့ ရုံးခွဲတစ်ခုလုံး၏ မန်နေဂျာအဖြစ် ရော၊ အာခီတက်အင်ဂျင်နီယာအဖြစ်ပါ တာဝန်ယူပေးရမှာဖြစ်သည်။

ဒါကြောင့် ခုလောလောဆယ်တော့ မနက်ကိုးနာရီကစပြီး အလုပ် သွားစရာ မလိုသေး။ နောက်လလောက်ဆိုရင်တော့ ကုမ္ပဏီ သေသေ ချာချာဖွင့်ပြီးပြီမို့ ကိုးနာရီဆို သူလည်း အလုပ်သွားရပေတော့မည်။

အခုတော့ အလုပ်နည်းနည်းပါးပါးထိုင်လုပ်ပြီး ပျင်းလာလျှင် အပြင်ထွက်မိသည်။ မကြာခင်ဖွင့်တော့မည့် ကုမ္ပဏီဘက် တစ်ချက် တလေ ဝင်ကြည့်ရင်ကြည့်သည်။ ပြီးတာနဲ့ ဟိုယောင်ယောင်၊ ဒီယောင် ယောင် ကားလျှောက်မောင်း၊ ဟိုဆိုင်ထိုင်လိုက်၊ ဒီဆိုင်ထိုင်လိုက်၊ ရှော့ ပင်းလ်မောသွားလိုက် ကြည့်ချင်တဲ့ရုပ်ရှင်ရှိရင် ဝင်ကြည့်လိုက်၊ အင်တာ နက်ကဖေးဆိုင်သွားပြီး အင်တာနက်ဝင်ကာ အင်္ဂလန်မှာကျန်ခဲ့သော





သူငယ်ချင်းတွေနဲ့ online (အွန်လိုင်း)ပေါ်မှာ တွေ့လိုက်ဖြင့် အချိန်ဖြုန်း မိသည်။

မင်းရောင်ထံတွင် မြန်မာပြည်မှာ သူငယ်ချင်းလည်း မရှိသဖြင့် ဘယ်သွားသွား တစ်ယောက်တည်းလို ဖြစ်နေသည်။ အဖေ၊အမေအိမ် လည်း မသွားချင်။ ချစ်မြတ်နိုးမပါဘူးလားမေးမှာစိုးရိမ်၍ မသွားတာ ဖြစ်သည်။

လက်ထပ်ပြီးတာ တစ်လနီးပါးပေမယ့် သူတို့ မျက်နှာချင်းဆိုင် တွေ့ဖြစ်ချိန်ဟာ လက်ချိုးရေ၍ပင် ရမည်ထင်သည်။ အိမ်မှာ ချစ်မြတ်နိုး ရှိသည့်ရက်ကလည်း တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်သာ အလုပ်မသွားရ သဖြင့် ရှိရမှာပေမယ့် ထိုနေ့လိုမျိုးမှာ သူမက တမင်ရှောင်သလားမသိ။ နေ့တစ်ဝက်လောက် အပြင်ထွက်နေတတ်သည်။ ပြန်လာရင် အထုပ် အပိုးစုံဖြင့် ပြန်လာတတ်သဖြင့် shopping (ရှော့ပင်း)သွားတာ ဖြစ်မည် ဟု ခန့်မှန်းရသည်။ ကျန်တဲ့ရက်တွေမှာလည်း ငါးနာရီ၊ ခြောက်နာရီမှသာ အိမ်ပြန်ရောက်ကာ ရေမိုးချိုးစားသောက်ပြီးတာနဲ့ အခန်းအောင်းနေ တော့သည်။ Lap top တစ်လုံးထဲ ဒီဗွီဒီခွေတွေထည့်ကာ ကြည့်နေတတ် ကြောင်း သတိထားမိသည်။ ဘာကြောင့်လဲဆိုတော့ သူမ မရှိသည့်အချိန် မှာ သူမအခန်းဘက် တိတ်တိတ်လေးများ သွားစပ်စုမိသောအခါ ဒီဗီဒီ ခွေတွေရယ်၊ အိပ်ရာပေါ်တင်ထားသော Lap top ကွန်ပျူတာရယ် တွေ့ ကြောင့်။

တနင်္ဂနွေတစ်ရက်မှာတော့ မင်းရောင် အပြင်ထွက်မလို့ ပြင် နေစဉ် ဖုန်းခေါ်သံကြားရသည်။ အခု အိမ်မှာလည်း ဖုန်းတပ်ပြီးဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖုန်းမြည်သံကြားရပြီး ချစ်မြတ်နိုး စကားပြောသံသဲ့သဲ့ကိုပါ ကြားနေရသည်။ ရယ်သံ၊မောသံဖြင့် ပြောနေသော စကားသံချိုချိုတို့ကိုကြားရပြီး သိပ်မကြာ။ မင်းရောင်ရှိနေသော အခန်းတံခါးကို လာခေါက်သံ ကြားရသည်။

"တံခါးလော့ခ်မလုပ်ထားဘူး၊ ဖွင့်လာလို့ရတယ်"

မင်းရောင် ပြောသံကြားမှ တံခါးဘုလှည့်သံ ကြားရသည်။ တံခါးပွင့်သွားပေမယ့် ချစ်မြတ်နိုးကတော့ ဝင်မလာပါ။ တံခါးဝတွင် ရပ်လျက်...

"မေမေနဲ့ အန်တီမေဦး လာမယ်တဲ့"

ဟု စိတ်ရှုပ်သလိုအသံဖြင့် အသိပေးသည်။

ဒီအိမ်ကို အဖေအမေတွေ တစ်ခါမှ မလာသေးတာ ခုမှ သတိရသွားသည်။ သူတို့ လွတ်လွတ်လပ်လပ်နေပါစေဆိုပြီး လူကြီးတွေ တမင် မလာပေးတာဟာ မင်းရောင်နှင့် ချစ်မြတ်နိုးတို့ကို ပိုပြီးဝေးကွာနေစေတာဖြစ်ကြောင်း နှစ်ဘက်မိဘတွေ မသိရှာ။

"ဘယ်တော့လဲ"

"အခု"

"ဟာ...ရုတ်ထ"

"ငါ့ကို မဆဲနဲ့"

"အစ်မကလည်း အရေးထဲမှာ ဆဲတာ၊မဆဲတာ ရန်ဖြစ်နေပြန်ပြီ၊ ကျွန်တော့်ဘာသာ အကျင့်ပါနေလို့ပါ"

"စကားနိုင်လုနေရင် ပြီးမှာမဟုတ်တော့ဘူး၊ အဲဒါကြောင့် ငါ နင့်ကို စကားကိုမပြောချင်တာ"





"ဒါဆိုလည်း မပြောနဲ့ပေါ့"

"နင် အရွဲ့တိုက်မနေနဲ့"

"မရွဲ့ပါဘူး၊ အစ်မဘာသာ အလိုလိုနေရင်း ဒေါသဖြစ်လိုက်၊ စကားအထအနကောက်လိုက်၊ ရန်လိုလိုက် ဖြစ်နေတာပါ၊ ကျွန်တော်လည်း အစ်မနဲ့ ထိပ်တိုက်မတွေ့ချင်ပါဘူး။ တစ်အိမ်တည်းနေပြီး ရန်သူဖြစ်နေရတာကို စိတ်ညစ်လွန်းလို့ပါ"

ချစ်မြတ်နိုးမှာ မင်းရောင်ကို သိပ်မကျေနပ်လှသော်လည်း အခု လောလောဆယ် အမေနှစ်ယောက် ဒီအိမ်လာမယ့်ကိစ္စက အရေးကြီးနေသဖြင့် ကြံရာမရသလိုဖြစ်နေသည်။ မင်းရောင်နဲ့ရန်ဖြစ်နေရင် ဘာမှ ဆွေးနွေးတိုင်ပင်လို့ ရမှာမဟုတ်၍ စိတ်လျှော့လိုက်ရသည်။

"ငါလည်း ရန်ဖြစ်နေဖို့ အချိန်မရှိပါဘူး၊ အခု မေမေတို့လာမှာ ဘယ်လိုလုပ်ကြမလဲ မေးမလို့"

"........."

"ငါ့ကို ဘာမှမဖြေဘဲ ပန်းတွန့်ပြတာမျိုး မလုပ်ပါနဲ့၊ ငါနားမလည်ဘူး ဘာကို ဆိုလိုချင်မှန်း မသိဘူး"

"ကျွန်တော် မသိဘူးလို့ ဖြေတာ"

"မေမေတို့က ဒီအပေါ်ထပ်တက်ပြီး အခန်းတွေ လျှောက်ကြည့်မယ်ထင်လား"

"ကျွန်တော့်အမေကတော့ စပ်စုတတ်တယ်၊ အစ်မအမေအကြောင်းတော့ ကျွန်တော် မသိဘူး"

"ငါ့အမေလည်း စပ်စုတတ်တယ်၊ ဒါပေမယ့် သူများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စပ်စုတာတော့ မဟုတ်ဘူး၊ ငါနဲ့ပတ်သက်တာဆို အမေက သူ အကုန် သိချင်တာမျိုး"

"ကျွန်တော့်အမေလည်း အဲဒီလိုပဲ၊ ကျွန်တော့်အကြောင်းတို့ ဖေဖေ့အကြောင်းတို့ဆို အမြဲမွှေနှောက်စပ်စုနေတာ"

"ငါနေနေတဲ့အခန်းကို တွေ့သွားရင် ဒုက္ခပဲ"

"တံခါးပိတ်ထားပေါ့"

"မဖွင့်ကြည့်ပါစေနဲ့ ဆုတောင်းရမှာပဲ"

"ဒါပဲ အစ်မဆိုးရိမ်တာမဟုတ်လား"

"ဟုတ်တယ်၊ အဲဒါအဓိကပဲ၊ ဟော ... အသံကြားတယ်"

ချစ်မြတ်နိုးတစ်ယောက် အောက်ထပ်က အသံလည်းကြား ရော ရုက်ရုင်းပြေးဆင်းသွားပါသည်။ မင်းရောင်လည်း အပြင်ထွက်မလို့ ဝတ်စားပြီးမှ မေမေတို့ရောက်လာ၍ အကြံအိုက်ကာ နောက်မှ မဆင်း ချင်ဘဲ လိုက်လာရသည်။

"မေမေတို့ ဘယ်လိုဝင်လာလဲ"

ခြံတံခါးက ပိတ်ထားတတ်သဖြင့် အမေနှစ်ယောက် ဘယ်လို ဖွင့်ပြီး ကားမောင်းဝင်လာသလဲဆိုတာ သိလိုဟန်ဖြင့် ချစ်မြတ်နိုး မေးရင်း အိမ်တံခါးကိုဖွင့်ရင်း....

"မေမေ့မှာ ရိုမုဒ်အပိုရှိတယ် သမီးရဲ့ သမီးတို့လိုအပ်ရင် ပေးဖို့ သိမ်းထားတာ၊ လက်ကိုင်အိတ်ထဲပါလာလို့ ဖွင့်ဝင်လာလိုက်တာပါ"

မင်းရောင်အမေ ဒေါ်မေဦးက ဖြေသည်။

ခြံက သိပ်မကျယ်လှသော ခြံပေမယ့် ခြံတံခါးကိုတော့ ရိုမုဒ် ဖြင့်သာ အဖွင့်အပိတ်လုပ်နိုင်ရန် ဆင်ထားပါသည်။





"ဟော ... သားက အဝတ်သစ်တွေနဲ့ ဘယ်သွားမလို့လဲ၊ သမီး ကရော..."

"ချစ်က မလိုက်တော့ဘူး အိမ်အလုပ်လေးတွေ ရှိလို့"

ချစ်မြတ်နိုးမှာ မင်းရောင်ဘယ်သွားမယ်မှန်းတောင် မသိပေ မယ့် လိမ်ညာပြီး ဖြေလိုက်ရသည်။ အမေနှစ်ယောက်ကတော့ မင်းရောင် နှင့် ချစ်မြတ်နိုးတို့ကို အပြန်အလှန် အကဲခတ်ရင်း နှစ်ယောက်သား ခပ် ခွာခွာရပ်လျက် စိမ်းဆန်နေပုံကို အသေအချာပင် သတိထားမိပုံရ နေသည်။

"သားကလည်း အားရက်မှာ ချစ်မြတ်နိုးလေးကို ပိုင်းကူမှပေါ့၊ သားကတော့ ထွက်ပြီး သမီးက မလိုက်ဘဲ အိမ်မှာ အလုပ်လုပ်နေရမယ် ဆိုတော့ မတရားဘူးပေါ့"

"ဟာ...အဲဒီလို မဟုတ်ပါဘူး မေမေရာ၊ ဟိုဟာပါ၊ သူ ...သူက အလုပ်ရှုပ်ရတယ်ဆိုလို့ပါ"

တကယ်တော့ ချစ်မြတ်နိုး ဘယ်လိုအိမ်အလုပ်တွေလုပ်မှန်း မင်းရောင် မသိ။ သူကိုယ်တိုင်လည်း အိမ်ရှင်းတာ၊ ဘာညာ သိပ်တောင် မသိ။ အဝတ်တွေ ဘယ်လိုလျှော်လိုက်သလဲ။ ဘယ်လိုလှန်းလိုက်သလဲ။ ဘယ်လိုမီးပူတိုက်ပြီး သူ့ဗီရိုထဲရောက်နေသလဲဆိုတာ တစ်ခါမှ မဆန်း စစ်ကြည့်ဖူးပါ။ ကြည့်လိုက်ရင် အိမ်က ရှင်းလင်းသန့်စင်နေကာ ပစ္စည်း တွေလည်း သူ့နေရာနဲ့သူ ဖြစ်နေတာတော့ သတိထားမိသား။ ချစ်မြတ်နိုး တစ်ယောက်တည်း ဒါတွေ လုပ်နေတာပါလားလို့ အခုမှပင် သတိရသွား ကာ အားနာသွားပါသည်။ သူ တစ်ခါမှပင် ကျေးဇူးတင်ကြောင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောမိ။ မနက်လင်းလာရင် စားစရာထမင်းဟင်း အဆင်သင့်။ လိုအပ်ရင် ဝတ်စရာအဝတ် အဆင်သင့်ဖြည့်ဆည်းပေးတတ်တာဟာ ကျေးဇူးတင်သင့်ပါသည်။

"ဒီလိုဘယ်ဟုတ်မလဲ၊ အင်္ဂလန်မှာတုန်းကဆို သား ဖေဖေ့ကို ကူရတာပဲ၊ ဖေဖေလည်း ဆေးရုံမှာ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ အိမ်အလုပ်တော့ ကူရတာပဲမဟုတ်လား"

"ကဲပါ . . . မေဦးရယ်၊ ကလေးကို ဆူမနေပါနဲ့၊ အခုလာတာကလည်း သူတို့အကူရအောင် လှူပို့ပေးမယ် လာပြောတာပဲလေ၊ အဲဒါဆိုတော့ အိမ်အလုပ်တွေ ဘယ်သူ့ဘယ်သူမှ မကူလဲ ရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီမလာဖြစ်တဲ့ တစ်လအတွင်း သားက ချစ်မြတ်နိုးကို ကူပြီးလုပ်ပေးနေမယ်ထင်ထားတာ"

"ကဲ . . . သမီး၊ မေမေတို့ပြောတာ ကြားလား၊ သမီးလည်း ဖေဖေ့ကုမ္ပဏီမှာကူရတာ တစ်ဖက်၊ အိမ်မှုကိစ္စတစ်ဖက် ပင်ပန်းနေမှာပေါ့တယ်၊ ဘာကြောင့်လဲဆိုတော့ မောင်မင်းရောင်ကလည်း ကုမ္ပဏီဖွင့်နေပြီဆိုတော့ သူလည်း အလုပ်များတော့မှာ၊ သမီးကိုလည်း သူ မကူနိုင်တော့ဘူးလို့ မေမေတို့ စကားစပ်ပြီး ပြောမိတာနဲ့ ဆွေမျိုးနီးစပ်ထဲကရှာတွေ့တဲ့နှစ်ယောက်ကို သမီးကိုကူဖို့ လာပို့ပေးထားမယ်"

ချစ်မြတ်နိုးမှာ ဝမ်းသာတာတစ်ဖက်၊ စိတ်ညစ်တာတစ်ဖက် ဖြစ်သွားပါသည်။ ဝမ်းသာတာကတော့ ကိုယ်တစ်ယောက်တည်း အိမ်မှုကိစ္စတွေ လုပ်စရာမလိုတော့၍ပင်၊ စိတ်ညစ်တာကတော့ အိမ်မှာ လူ





ရှိလာရင် သူတို့ ခွဲနေနေတဲ့ကိစ္စကို သိသွားတော့မှာမို့ပင်။ အခင်းလေ . . . ရောက်လာမှ ကြည့်ကျက်လိမ်ပြီး ဗိတ်ပြောထားရမှာပဲပေါ့၊ မေမေ ပြန်သေိအောင် သူတို့ မပြောဖို့ ရှော့တန်တာရှော့၊ မြိမ်းခြောက်တန်တာ မြိမ်းခြောက်ရရုံပေါ့။

"အဘွားတို့နဲ့ တော်တော်ဝေးတဲ့ အမျိုးထဲကပဲ၊ နယ်မှာ အလုပ်မရှိဘဲ ဆင်းရဲနေလို့ မြို့မှာ အလုပ်လုပ်ချင်တယ် ရှာပေးပါ ပြောလာတာနဲ့ မေမေက သမီးဆီမှာကူဖို့ ကမ်းလှမ်းလိုက်တော့ လိုလိုလားလားပဲ လုပ်ချင်တယ်ဆိုတာနဲ့ ဒီခေါ်လိုက်ပါတယ်၊ နေစရာပေးမယ်၊ စားဖို့သောက်ဖို့လည်း မပူရဘူး၊ စရိတ်ငြိမ်း ဘယ်လောက်ပေါ့၊ အဲဒါတော့ သမီးတို့ပဲ ကြည့်ကျက်ပေးလိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးပါပဲ မေမေ၊ ချစ်လည်း လူလိုချင်နေတာပါ၊ အတော်ပဲ"

"တွေ့လား၊ သား မင်းရောင်၊ သမီး ဘယ်လောက်ပင်ပန်းနေလဲ၊ အခုမှာ လူတောင် အကူလိုချင်နေရှာတာ၊ မင်းကို မပြောဘူးလား"

မင်းရောင် ဘာမှပြောစရာမရှိဘဲ ခေါင်းသာငုံ့နေမိသည်။

"ဟန်းနီးမွန်းသွားဖို့ ရွေးပြီးပြီလား"

"မရွေးရသေးဘူး အန်တီ"

"ဟဲ့ . . . ချစ်၊ သမီး မေမေ ဘာပြောထားလဲ၊ အန်တီလုပ်မနေနဲ့၊ မေမေလို့ပဲ ခေါ်ပါဆို"

"ဟုတ်ကဲ့၊ ချစ် မေ့သွားလို့ပါ"

"ဟန်းနီးမွန်းက ဘာကြောင့် မရွေးရသေးတာလဲ၊ သားက



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ထဲပဲ လျှောက်လည်ချင်တယ် ပြောပြောနေတာ၊ ပေလီတို့ ဘာတို့များ ရွေးပြီးသလားလို့ပါ"

ချစ်မြတ်နိုး ဘာဖြေရမှန်းမသိ၍ တစ်ချိန်လုံး ငြိမ်နေသော မင်းရောင်ကို စိတ်တိုတိုဖြင့် စိုက်ကြည့်ပြီး "နင်လည်း ဝင်ပြောဦးလေ" ဆိုသော အမူအရာ ပြလိုက်ရသည်။

"သားလည်း ကုမ္ပဏီစဖွင့်ခါစဆိုတော့ အလုပ်များဦးမှာမို့ မသွားတော့ဘူးလို့ စဉ်းစားထားတာနဲ့"

"ဟဲ့... ဘယ်ဟုတ်မလဲ၊ တစ်ပတ်လောက် ခရီးကို ဘာကြောင့် မသွားချင်ရတာလဲ"

"တစ်လလုံးလုံး အနားယူပါစေဆိုပြီး ဒီမလာဘဲ လွှတ်ပေးထားတာ၊ သူတို့ချင်း ဘာမှလဲ တိုင်ပင်ကြပုံမပေါ်ဘူး၊ ဒီနှစ်ယောက်ကြည့်ရတာ အဆင်ပြေကြပုံလည်း မပေါ်ဘူး"

"ဟာ... မဟုတ်ပါဘူး မေမေ၊ ချစ်တို့ အဆင်ပြေပါတယ်"

ချစ်မြတ်နိုး အလျင်အမြန်ပင် ဖြေရှင်းလိုက်ရသည်။

"ညည်းအဖေမေးတော့လည်း နေ့တိုင်း ရုံးခွဲကို လာတယ် အလုပ်တွေ တစ်နေကုန်လုပ်တယ်တဲ့၊ စက္ကူထေရီကောင်မလေးဆီက ပြန်သိရတယ်တဲ့၊ အဲဒါ ဘာဖြစ်တာလဲ၊ ပြောစမ်းပါဦး၊ မင်္ဂလာပွဲပြီးပြီးချင်း နှစ်ပတ်တန်သည်၊ တစ်လတန်သည် နားပါဦးလား၊ ဘာကြောင့် အမေ့တကြီး အလုပ်ဆင်းရသလဲ"

"အိမ်မှာနေရတာ ပျင်းလို့ပါ"

"အဲဒါကြောင့် ပြောတာပေါ့၊ ဟန်းနီးမွန်း ထွက်လိုက်တော့ မပျင်းရတော့ဘူးလေ၊ အခုကြည့်စမ်း၊ တစ်လရှိပြီ၊ ဟန်းနီးမွန်းလည်း မသွား၊ အိမ်လည်းမကပ်နဲ့၊ ဘာဖြစ်နေကြတာလဲ"

"ကဲပါ . . . ဝတ်မှုန်ရယ်၊ ဆူမနေပါနဲ့၊ သူတို့မသွားရင်လည်း လူကြီးတွေပဲ အတင်းစီစဉ်၊ လက်မှတ်ဝယ်၊ ဟိုတယ်ဘွတ်ကင်လုပ်ပေး လိုက်ရုံပဲပေါ့"

"ပေလီပဲ ရွေးပေးလိုက်ပါ၊ မောင်မင်းရောင်လည်း မြန်မာပြည် ဘိနျ်တွေ ရောက်ရတာပေါ့လေ"

"နက်ဖြန်လောက် လေယာဉ်လက်မှတ်ရမှာပါ၊ ဒီရာသီက ဧည့် သိပ်မရှိတဲ့ရာသီဆိုတော့ ဝယ်ရတာ လွယ်တယ်"

"အဲဒီတော့ သွားလာဖို့သာ အသင့်ပြင်ထားပေတော့၊ ဘာမှ တောဒကတက်ဖို့ မစဉ်းစားနဲ့"

"သားကလည်း တစ်ယောက်နဲ့တစ်ယောက် မေးတစ်ခွန်း ပြော တစ်ခွန်း မလုပ်နဲ့လေ၊ မင်းကြည့်ရတာ အေးတိအေးစက် ကျစ်ကန်ကန်နဲ့ ပါလား"

"အမယ်လေး... မေဦးရေ၊ ဒီကသမီးရော ဘာထူးလဲ၊ မျက်နှာ သုန်ကြီးနဲ့၊ ခုနက မောင်မင်းရောင်ကိုကြည့်တာများ ဘယ်လောက်သူစိမ်း ဆန်လိုက်သလဲဆိုတာ သတိမထားမိဘူးလား"

"တစ်ယောက်နဲ့တစ်ယောက် လူချင်းပေါင်းရုံမကဘူး၊ စိတ် ချင်းပါပေါင်းမှ ဒီအိမ်ထောင်ဟာ နွေးထွေးမှာပေါ့"

အမေနှစ်ယောက်သား အတိုင်အဖောက်ညီညီဖြင့် အမြှုပ် ထွက်မတတ် ဆူပူပြီးသောအခါ အိမ်ထဲတစ်ပတ်လှည့်ပတ်ကြည့်ပြီးမှ







www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ အမေနှစ်ယောက်စီးလာသောကား၏ ဘရိတ်နောက်မြီးတန်းကို မင်းရောင်နဲ့ ချစ်မြတ်နိုးတို့ ငေးကြည့်ကျန်ရစ်ရလေသည်။ အခုမှပဲ နားပူသက်သာသွားကာ ရင်ထဲက အပူလုံးပါ ကျသွားသလို ခံစားလိုက်ရသော်လည်း ဒီကောင်နဲ့ နှစ်ယောက်တည်း ခရီးသွားရမှာပါလားလို့ တွေးမိသောအခါ ချစ်မြတ်နိုးစိတ်ထဲမှာ နောက်ကျိသွားပါသည်။ ထို့အတူ မင်းရောင်မှာလည်း သူသွားချင်လှသော ပေလီကို သွားရမှာပေမယ့် မျက်နှာကြောလုံးဝမတည့်သော၊ သူ့ကိုဆို အမြဲမျက်နှာတည်ကြီးနဲ့ ကြည့်တတ်သော တစ်စက်မှ နွေးထွေးမှုမရှိသည့် မိန်းမတစ်ယောက်နဲ့ အတူတူ သွားရမည်ဆိုသောကြောင့် ရင်ထဲမှာ မကျေနပ်လှပါ။ ဘာကြောင့် ငါ တစ်ယောက်တည်း သွားခွင့်မကြုံတာလဲ၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်သွားရတာမှ ပိုစိတ်ချမ်းသာပြီး ပျော်စရာကောင်းဦးမယ်၊ အခုတော့....။

တစ်ယောက်နဲ့တစ်ယောက်လည်း စကားပြောဆိုပြီး နှင့်ကြောင့် ငါ့ကြောင့်နဲ့ လွှဲချပြီး ရန်ဖြစ်ချင်စိတ်လည်း မရှိတာမို့ ချစ်မြတ်နိုး အသာလှည့်ထွက်လာခဲ့မိသည်။ မင်းရောင်လည်း သွားစရာရှိတာသွားဖို့အတွက် ကားဂိုဒေါင်ဘက် လျှောက်လာကာ ကားထုတ်ပြီး အပြင်ထွက်ဖို့သာ စိတ်ကူးလိုက်တော့လေသည်။

မိဘတွေက သူတို့နှစ်ယောက်ကို ရင်းနှီးစေချင်၊ နီးစပ်စေချင်နေကြပေမယ့် တကယ့်တကယ်မှာတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်အဝေးဆုံးမှာရှိနေကြသလိုခံစားနေရသည်။ မင်းရောင်လည်း ချစ်မြတ်နိုးနဲ့ တစ်အိမ်တည်းသာနေသည်။ တစ်ခါ





တလေဒီအိမ်မှာ ချစ်မြတ်နိုးရှိမှန်းပင် မေ့နေတတ်တဲ့အသိဖြစ်ဖူးပါသည်။ အပြင်ထွက်သွားပြီဆိုလည်း ငါ အိမ်ပြန်ရမယ်၊ ငါ့မှာ ဇနီးမယား ရှိတယ်ဆိုသောအသိလည်း ရှိမနေဘဲ ကိုယ့်ကိုယ်ကိုယ် လူပျိုလူလွတ်တစ်ယောက်လိုပဲ ခံစားရတတ်သည်။ တစ်ခါတလေ မေ့ပြီး မိဘအိမ်ကိုတောင်ပြန်ဖို့ ကားမောင်းသွားမိတဲ့အထိပင်။ ချစ်မြတ်နိုးဆိုသော မိန်းမတစ်ယောက်ဟာ သူ့စိတ်အာရုံထဲမှာ ဘယ်နေရာမှ မရှိခဲ့တာ၊ အဲဒီလောက်တောင် ပါလားလို့ သူ့ဘာသာတောင် တအံ့တသြဖြစ်ရဖူးသည်။

ထို့အတူ ချစ်မြတ်နိုးလည်း အလုပ်ရောက်တဲ့အခါမှာ မင်းရောင်ဟာ သူမဘဝထဲမှာ ရှိနေတာ မေ့နေတတ်သည်။ ဒါပေမယ့် အိမ်ပြန်ရောက်ရင်တော့ မင်းရောင် အိမ်မှာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မင်းရောင်ဆိုသော လူတစ်ယောက် ရှိနေသည်ဆိုသည့် အသိကတော့ သူ့ကို သတိပေးသလို ခံစားနေရတတ်သည်။ အဲဒါကလွဲရင်တော့ သူတို့ကြားမှာ ဘာမှ မှတ်မှတ်ရရ မရှိသလောက်နီးပါးပင်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

သံတွဲလေဆိပ်မှတစ်ဆင့် ငှားထားသော ဟိုတယ်မှလာကြိုသည့်ကားဖြင့် ဟိုတယ်ကို ရောက်လေသည်။ ဟိုတယ်ဝန်ထမ်းတွေက အိတ်တွေသယ်သွားစဉ် မင်းရောင် နောက်ကလိုက်သွားမလို့ပြင်တော့ ချစ်မြတ်နိုး အလျင်အမြန်ပဲ . . .

"မင်းရောင် . . . ခဏ"

ဟု ခေါ်ထားလိုက်ရသည်။

"နောက်ထပ်တစ်ယောက်ခန်း ငှားပေးလို့ရမလား"

ချစ်မြတ်နိုး ခပ်တည်တည်ပင် မေးချလိုက်သည်။ ကြိုတင်ငှားထားတာက နှစ်ယောက်ခန်း၊ ကမ်းခြေနဲ့ ကပ်ရပ်နေရာဖြစ်ပါသည်။

"အစ်မ၊ ကျွန်တော်လည်း ဒါကို စဉ်းစားမိပါတယ်၊ ဒါပေမယ့် ကျွန်တော်ငှားလိုက်ရင် မေမေတို့ ပြန်သိသွားလိမ့်မယ်၊ ဒီဟိုတယ်က





ဧဖေ့ညီဝမ်းကွဲပိုင်တဲ့ ဟိုတယ်လေ၊ ကျွန်တော်တို့ကို သူတို့ဟိုတယ်မှာ တည်းစေချင်လို့ မင်္ဂလာမဆောင်ခင်ကတည်းက ပြောထားတာမို့ မေမေက ကိုယ့်အမျိုးအချင်းချင်း အားပေးရမယ်ဆိုပြီး ငှားလိုက်တာ၊ အစ်မ တစ်ယောက်ခန်းထပ်ငှားနေရင် သူတို့ သိကုန်ကြလိမ့်မယ်"

ချစ်မြတ်နိုး ဒီတော့မှ စိတ်ပျက်သွားတော့သည်။ လေယာဉ်ပေါ်မှာတည်းက ဒီကိစ္စကိုပြောဖို့ စဉ်းစားလာသမျှတွေ အလကားဖြစ်ကုန်ပြီ။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဘန်ဂလိုတစ်ခုတည်း အတူတူနေရုံပေါ့"

"ဘာပြောတယ်၊ နင် အဲဒီလိုပြောလို့ ရ·လား"

"လင်မယား ဟန်းနီးမွန်းထွက်လာလို့ နှစ်ယောက်တည်း အတူတူနေတာ ဘာဖြစ်လို့လဲ၊ ဘာကြောင့် ပြောလို့မရစရာရှိလဲ"

"နင် ငါ့ကို ဘယ်လိုကတိ ပေးထားလဲ"

"ရှူး . . . တိုးတိုး . . . ဟိုတယ်ဧည့်ခန်းထဲမှာပဲ ရှိပါသေးတယ် အစ်မရာ၊ အခန်းထဲကျမှ ရန်ဖြစ်ပါ"

ချစ်မြတ်နိုး မကျေမချမ်းဖြင့် အသံတိတ်နေရသည်။ ဘန်ဂလို အခန်းထဲရောက်သောအခါမှာတော့ မင်းရောင်က ဘာစကားမှမပြောမနေ ဆဲ နှစ်ယောက်အိပ်မွေ့ရာပေါ်မှ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်၊ ဖက်လုံးတစ်လုံးတို့ကို ယူချလိုက်သည်။ ပြီးမှ သူ့လက်ဆွဲသေတ္တာကြီးထဲတွင် ထယ်င့်ထည့်ယူလာသော မွေ့ရာအပါးလေးကို ထုတ်ယူလိုက်ပါသည်။ ၎င်းမွေ့ရာပျော့ပျော့ပါးပါးလေးက ခေါက်ရိုးထည့်ထားသဖြင့် ပြန့်အောင် ချခြန့်နေရသေးသည်။ ဖြန့်ပြီးမှ ခေါင်းအုံး၊ စောင်၊ ဖက်လုံးတို့ကို ၎င်းပေါ် ခင်တင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ....ကျေနပ်ပြီလား၊ ဒါ...ကျွန်တော့်အိပ်ရာပဲ"

မင်းရောင် ပြောပြီးပြီးချင်းပဲ ရေချိုးခန်းထဲ တန်းဝင်သွားတော့သည်။ ချစ်မြတ်နိုးမှာ သူကပဲ တစ်ပြန် အသေအချာကြီး ပြင်ဆင်လာတဲ့ဟန်နဲ့ လုပ်ပြသွားတာကို မခံချိမခံသာဖြစ်မဆုံး ရှိနေသည်။

တစ်ခုတည်းသာရှိသော ရေချိုးခန်း၊အိမ်သာကို သူနဲ့ မျှသုံးရတော့မည့်အဖြစ်ကိုလည်း စိတ်ညစ်နေသည်။ အိမ်မှာဆို နှစ်ယောက်အိပ်အခန်းတွင်းရှိ ရေချိုးခန်း၊ အိမ်သာတို့ကို ချစ်မြတ်နိုး လုံးဝဝင်မသုံးပါ။ မင်းရောင် အိမ်မှာရှိရှိ၊ မရှိရှိ မသုံးဖြစ်ပေမယ့် ဘေစင်ကို ဆေးဖြန်းပြီး သန့်စင်တာတို့၊ မှန်ညစ်ပေနေရင် သုတ်ပေးတာတို့တော့ လုပ်ပေးတတ်ပါသည်။ ချစ်မြတ်နိုးကိုယ်တိုင်က ညစ်ပတ်နေရင် မနေတတ်၍ သန့်ရှင်းပေးမိတာပင်။ ချစ်မြတ်နိုးရဲ့ ကိုယ်ပိုင်ရေချိုးခန်း၊ အိမ်သာကတော့ အောက်ထပ်မှာ ဧည့်သည်လာရင်သုံးဖို့၊ ဒါမှမဟုတ် အပိုသုံးဖို့အဖြစ် ရည်ရွယ်ပြီး ထားထားသည့်အခန်းကိုသာ သုံးဖြစ်ပါသည်။ အခုတော့ သူဝင်နေရင် သူ့ကိုကိုယ်စောင့်၊ ကိုယ်ဝင်နေရင် ကိုယ့်ကိုသူက စောင့်ရပေတော့မည်။

ဒီမှာ တစ်ပတ်နေရမှာဖြစ်တဲ့အတွက် ခုနစ်ရက်လုံးလုံး သူနဲ့ တစ်ခန်းတည်းနေရဦးပေမည်။ သူကလည်း သူ့မာနနဲ့သူမို့ ချစ်မြတ်နိုး၏ စကားကို အင်မတန်မှ အနာကြီးနာဟန်ဖြင့် ချစ်မြတ်နိုးကိုဆို စေ့စေ့တောင် မကြည့်တော့ချေ။ ဒီယောကျ်ားကိုယူထားပြီး နင်နဲ့ မပေါင်းနိုင်ပါဘူး၊ လင်မယားလို မနေနိုင်ပါဘူးဟု ပြောခံရတာဟာ မင်းရောင်၏ မာနကို အတော်ထိသွားဟန်ရှိသည်။ ဒါကြောင့် ချစ်မြတ်နိုးကိုဆို သူတရှိတယ်လို့တောင် သဘောမထားတဲ့ပုံစံ ဖြစ်သွားကြောင်း ချစ်မြတ်နိုးလည်း မိန်းကလေးပီပီ ရိပ်မိပါသည်။





အင်းလေ . . . အဲဒီလိုဖြစ်ပါစေပေါ့။ ဖြစ်စေချင်လို့လည်း တမင်သူ့အထိနာမယ့်စကားကို ရွေးပြောလိုက်တာပဲပေါ့။ ကြာလေလေ...ဒီလိုအေးတိအေးစက်နဲ့ ဘာမှတိုးတက်မှုမရှိတဲ့ အခြေအနေကို သူ ငြီးငွေ့လာလေလေ ဖြစ်စေချင်တာ၊ ချစ်မြတ်နိုးဆိုတဲ့မိန်းမကို လှည့်မကြည့်ချင်တော့လောက်အောင် စိတ်နာသွားစေချင်တာ။

ချစ်မြတ်နိုး ခုတင်ပေါ်ထိုင်ရင်း သေတ္တာထဲတွင် ပါလာသော အသုံးအဆောင်ပစ္စည်းတွေ တစ်ခုချင်းထုတ်၍ နေရာချနေစဉ် ရေချိုးခန်းတံခါး ပွင့်လာသည်။ အပေါ်ပိုင်းမှာ ရေကူးရင်ဝတ်တဲ့ ကိုယ်ကျပ်အကျႌလက်တိုဖြင့် အောက်ပိုင်းမှာ ဒူးဆစ်လောက်ထိရှည်သော ရေကူးဘောင်းဘီရှည်တို့ကို လဲလှယ်ဝတ်ထားသည့် မင်းရောင် ထွက်လာသည်။

သူ့လက်ဆွဲသေတ္တာထဲက ကမ်းခြေသုံးမျက်နှာသုတ်ပဝါရှည်ကြီးကို ဆွဲထုတ်လိုက်ပြီး ခါးမှာ ပတ်လိုက်သည်။ ပြီးတော့ အခန်းအပြင်ဘက်ကို ထွက်သွားပါသည်။ ဘန်ဂလိုဓာ်လှေကားမှ တစ်ဆင့်ဆင်းသွားလိုက်ပြီး ဟိုတယ်ဝန်းပရဝဏ်ကို နည်းနည်းဖြတ်ပြီးတာနဲ့ သဲသောင်ပြင်ဆီ ရောက်ပါသည်။ မင်းရောင်ဟာ သဲသောင်ပြင်ပေါ် ခြေချချင်းပင်ကလေးတစ်ယောက်လိုပင် ပင်လယ်ဆီ ပြေးသွားတော့သည်။ ချစ်မြတ်နိုးမှာ အမှတ်တမဲ့ ငေးမိနေသလို ဖြစ်သွားပါသည်။ မြင့်မားသောအရပ်နှင့် တောင့်တင်းဖြောင့်မတ်သော ကိုယ်ခန္ဓာတို့က လိုက်ဖက်လှသော သူပြေးတာကိုပဲ ရုပ်ရှင်မင်းသားတစ်ယောက် ပြေးသွားသည့်အလားလိုက်ကြည့်ကြသူတွေ မနည်းလှ။ ချစ်မြတ်နိုးမှာ သူ ရေထဲကို ဒိုင်ဗင်ထိုးဆင်းသွားတော့မှ ကိုယ့်ကိုယ်ကိုယ် အသိဝင်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်...ဘာလို့ လိုက်ကြည့်နေမိတာလဲ မသိဘူး"

ဟု တစ်ယောက်တည်း ခေါင်းခါရေရွတ်မိသည်။

ရွှန်းလဲ့ကတော့ ပြောသား။

"ဟဲ့ . . . မင်းရောင်ဆိုတာ အင်္ဂလန်မှာရှိတဲ့ အသိုင်းအဝိုင်းမှာတော့ နာမည်ကြီးနော်၊ ရည်းစားတွေလည်း အများကြီးတဲ့၊ ပြီးတော့ သူက တင်းနစ်မှာ အရမ်းကောင်းတော့ ပိုနာမည်ကြီးတာပေါ့၊ ဒီရောက်မှ နင်က သူ့ကို လုံးဝအသိအမှတ်ပြုမခံရတော့ ဒီကောင် တော်တော်နာမှာပဲ"

"အို . . . သူ့ဘာသာ ဘာကောင်ကြီးဖြစ်ဖြစ် ငါက အသိအမှတ်ပြုရမှာလား"

"နင်က ဘာလို့ သူ့ကို မကြိုက်နိုင်ရတာလဲ"

"ဒါတော့ ငါလည်း မရှင်းပြတတ်ဘူး"

"သူ တခြားမိန်းကလေးတစ်ယောက်ကို ကြိုက်သွားရင် နင် ဘယ်လိုနေမလဲ"

"ဘယ်လိုမှ မနေဘူး၊ အဲဒီလိုဖြစ်ပြီး ထွက်သွားစေချင်လို့ကို အခုလို ဆက်ဆံပြနေတာ"

အဲဒီလို အချေအတင်ဖုန်းပြောဖြစ်ကြပြီး သိပ်မကြာ ရွှန်းလဲ့ဆီက သတင်းတစ်ခုတော့ ကြားလိုက်ရသည်။

"မင်းရောင်ကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်၊ ချစ်မြတ်နိုး၊ သူတို့ကြည့်ရတာ အဲဒီကလိုပုံစံနဲ့ တူနေလို့"

"အံမယ်....တယ်ဟုတ်ပါလား၊ ငါ့ရဲ့တိုက်ကွက်က မဆိုးဘူးပဲ လက်ထပ်တာ တစ်လလောက်ပဲရှိသေးတယ်၊ သူ နောက်ထပ်ရည်းစား ရှာတွေ့သွားနိုင်တယ်ပေါ့"





"ချစ်မြတ်နိုးရယ်၊ နင်တော့ ပြဿနာပဲ၊ ငါ နင့်အတွက် စိတ်ပူတယ်"

အဲဒီ့သတင်းရပြီး မကြာခင်ရက်တွေကတောင်...

"ငါ တမင်လိုက်ချောင်းတာမဟုတ်ဘဲ ငါ အလုပ်လုပ်တဲ့နေရာကို သူတို့ ရောက်ရောက်လာတာ၊ ဘာကြောင့်လဲဆိုတော့ ငါသိပြီ ချစ်မြတ်နိုး၊ အဲဒီ့ကောင်မလေးက ငါတို့နားမှာ ဖက်ရှင်ထည်အရောင်းဆိုင်ဖွင့်ထားတယ်တဲ့၊ မင်းရောင်ကြည့်ရတာ serious (ဆီးယီးရက်စ်) ဖြစ်နေ၊ ခဏခဏ အဲဒီ့လာနေတာ"

ဟူသော နောက်ဆုံးသတင်းကို ကြားရသေးသည်။

ချစ်မြတ်နိုးမှာ မတုန်လှုပ်ပါဘူး။ ဂရုမစိုက်ပါဘူးဟု စိတ်ထဲမှာ ထည့်ထားပေမယ့် ဒီလိုကြားရတော့လည်း မခံချင်သလိုလို၊ ဘာလိုလို ဖြစ်မိသားပင်။ ဒီလောက်အချိန်လေးအတွင်းမှာ ရည်းစားရှာလို့ရစရာလား။ သူ့ကိုယ်သူ လူပျိုလို့ပြောပြီး အဲဒီ့ကောင်မလေးကို ရောလို့လည်း ကိုက ပြန်လက်ခံတာ ဖြစ်မှာပေါ့။ ယောကျ်ားတွေများ အကျင့်ကို မကောင်းဘူး။ မိန်းမရှိလျက်နဲ့ဆိုသော အတွေးကို ဖျတ်ခနဲတွေးမိလျှင် ကိုယ်ဘာသာတောင် လန့်သွားပါသည်။

သူနဲ့ကိုယ်နဲ့ ပတ်သက်မှုကို ချစ်မြတ်နိုးကိုယ်တိုင်ပင် စည်းခြားထားတာမဟုတ်လား။ ဒါကို ဘာကြောင့် မကျေနပ်သလိုလို၊ အပြစ်တင်ချင်သလိုလို တွေးမိသနည်း။

ချစ်မြတ်နိုးသည် ပင်လယ်ကြီးကို မက်မောစွာ ငေးလိုက်မိရင်း ရေထဲဆင်းချင်စိတ်လည်း ဖြစ်နေမိသည်။ သို့သော် မင်းရောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရေထဲကို ဦးအောင်ဆင်းသွား၍ လိုက်မဆင်းချင်။ နေနှင့်ဦး။ နောက်နေ့ ကျမှ သူ့ထက်အရင် ဦးအောင်ဆင်းမည်ဟု တေးထားလိုက်ကာ ဒီအခန်း ထဲမှာပဲ ရေချိုးဖို့သာ စိတ်ကူးလိုက်ရသည်။

ရေမိုးချိုး အဝတ်လဲပြီးတာတောင် မင်းရောင် ရေထဲက ပြန် တက်မလာသေး။ ချစ်မြတ်နိုးလည်း ခြေဖမိုးအထိဖုံးသော ဂါဝန်ရှည်လေး ဝတ်ပြီးပိုက်ဆံအိတ်ဆွဲကာ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ကြည့်ဖို့ ထွက်လာခဲ့တော့သည်။

ချစ်မြတ်နိုးဝတ်ထားသော ရောင်စုံပွင့်ဂါဝန်ရှည်မှာ မက်ဆီ (Maxi) ပုံစံ လက်ပြတ်အင်္ကျီရှည်မို့ သဲသောင်မှာ လမ်းလျှောက်လျှင် အသာမပြီး လျှောက်ရသည်။ ပင်လယ်ကိုဖြတ်လာသော လေအရှိန်ဖြင့် အင်္ကျီမှာ တဖျတ်ဖျတ်လွင့်နေသလို၊ ချစ်မြတ်နိုးရဲ့ ဖစ်တိုးရီးယားပုံစံ ဆံပင်တိုလေးမှာလည်း လေထဲမှာ လွင့်ပျံနေတော့သည်။

မင်းရောင်သည် ရေထဲမှာ စိတ်ကြိုက်ရေကူးဖိမ်ခံရင်း ချစ် မြတ်နိုးထွက်သွားတာကို တွေ့လိုက်ပါသည်။ အလိုလိုနေရင်း မာနကြီး ကာ သူ့ကို မတူသလို မတန်သလိုဖြင့် မပေါင်းနိုင်ပါဘူးဟု ပြောထား သော မိန်းမကို လိုက်၍ပင် မငေးမိပါ။ သို့သော်...

"ခတ်ပုံလှလှလေးတွေ များများရိုက်ခဲ့နော်၊ မင်္ဂလာဦးဟန်းနီး မွန်းတုန်းက ရိုက်ထားတဲ့ပုံဆိုတာ အမြဲကို အမှတ်တရဖြစ်နေဖို့ သိမ်း ထားရမယ်။ ဖေဖေ၊ မေမေတို့လည်း ငပလီကိုသွားချင်နေတာ။ သားတို့ ကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မလိုက်တာပါ။ နောက်မှ သွားရမယ် ခုတော့ နှစ်ယောက်တွဲခတ်ပုံလေးတွေသာ ရိုက်ခဲ့ပေါ့။ ပြန်လာမှ မေမေ ကြည့်ရဦးမယ်"





ဟူသော လေယာဉ်ပေါ်မတက်ခင် မှာလိုက်သည့် မေမေ့စကား ကိုပြန်သတိရသွားသောအခါ စိတ်ထဲ နောက်ကျိသွားပါသည်။

တစ်ယောက်နဲ့တစ်ယောက် ဘယ်နေရာသွားသွား အတူယှဉ် ပြီးတော့တောင် မသွားတဲ့သူနှစ်ယောက်က ဟန်ဆောင်ပြီး နှစ်ယောက် ပျော်မြူးနေတဲ့ ခတ်ပုံတွေရိုက်ပြရဦးမတဲ့။ ချစ်မြတ်နိုးကတော့ သတိ ရလား၊ မရလားမသိ။ မင်းရောင်ကတော့ ဒါကို သတိရပြီး ဘယ်လိုဖန်တီး ရမလဲဆိုတာ တွေးတောအကြံထုတ်နေမိသည်။

မင်းရောင် ရေထဲမှာ ကြာကြာလေးကစားပြီး ပြန်တက်လာတဲ့ အထိ ချစ်မြတ်နိုး ပြန်မရောက်သေးပါ။ ဘန်ဂလိုအခန်းထဲမှာ ရေချိုး၊ အဝတ်လဲပြီးသည်အထိ ပြန်မရောက်သေးသဖြင့် မင်းရောင် စိတ်တိုလာ သည်။ လူက ရေကူးလိုက်ရ၍ ဗိုက်ဆာလာပြီဖြစ်ရာ ညနေစာကို စော စောစားချင်လှပြီ။ ကိုယ့်ဘာသာ ဟိုတယ်ထမင်းစားခန်းထဲ သွားစားရင် ရပေမယ့် ချစ်မြတ်နိုးကိုတော့ စောင့်သင့်သည်ထင်ကာ စောင့်နေမိ ပါသည်။

နောက်ဆုံးတော့ ဗိုက်ဆာသည့်ဒဏ် မခံနိုင်တာနဲ့ ဘီယာ တစ်ဘူးနှင့် ပင်လယ်စာအစုံသုပ် တစ်ပွဲကို ဘန်ဂလိုမှာလာပေးရန် မှာ ထားပြီး ထိုင်စောင့်ရင်း သောက်လိုက်စားလိုက် လုပ်နေမိသည်။

ဟော... လာပါပြီ... မမဘုရားက။ ဘယ်ခြေရှည်နေလည်း မသိဘူး။ ဘန်ဂလိုရှေ့ဝရန်တာမှာ ထိုင်စောင့်နေတဲ့ မင်းရောင်ကို ကြည့် ပြီး၊ ဘီယာဘူးကိုကြည့်လိုက်လုပ်ရင်း...

"အများကြီးသောက်မနေနဲ့နော်၊ နင်နဲ့အတူတူ မိန်းကလေး တစ်ယောက် အခန်းထဲမှာရှိတယ်ဆိုတာ သတိရပြီး ဆင်ခြင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလို ပြောလိုက်လေသည်။

"အဲဒီမိန်းကလေးက သူစိမ်းမှမဟုတ်တာ၊ ကျွန်တော် ဘာဆင်ခြင်စရာလိုလဲ"

"အမယ် . . . မူးတာကို အခွင့်ကောင်းယူချင်လို့ ဒီလိုစကားထွက်လာတာပေါ့။ ထိရဲထိကြည့်၊ အသက်နဲ့ လဲပစ်လိုက်မယ် ဘာမှတ်နေလဲ"

"ဟော့ . . . နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ အဲဒီလောက်ဖြစ်နေရတာလဲ၊ ကျွန်တော်က နူနေလို့လား၊ ဝဲစားနေလို့လား၊ အဲဒီလောက်ထိ မတူမတန်သလို ခံစားနေရတယ်ဆိုရင်လည်း ဘာဖြစ်လို့ ဒီလို နှစ်ယောက်ယှဉ်ပြီးကြတဲ့အထိ အဖြစ်ခံလဲ။ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကို အပျိုစင်အဖြစ် ကာကွယ်နေနေ၊ ခင်ဗျားဟာ ကျွန်တော်နဲ့ ယှဉ်ပြီးတဲ့အတွက် ဘယ်သူမှ အပျိုစစ်စစ်ပါလို့ ထင်တော့မှာမဟုတ်တာတော့ သေချာတယ်"

ချစ်မြတ်နိုးမှာ ချက်ကျလက်ကျ အပြောခံလိုက်ရသည့်အတွက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။ အံကြိတ်လျက် မျက်လုံးပြူးကြည့်နေစဉ် မင်းရောင်ဇော်ဟန်းဖုန်း ခေါ်သံကြားရတာကြောင့် မင်းရောင် အထဲပြန်ဝင်သွားပြီး ဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဩော် . . . အဟင်း . . . ဟုတ်တယ်၊ ရန်ကုန်မှာ မရှိဘူးလေ"

ရယ်မောပြီး ရှိုမြူးစွာ ပြန်ဖြေနေသော စကားသံကို တိတ်တိတ်နားစွင့်မိသည်။





"ပေလီရောက်နေတာပါ"

"- - - - - - - - - -"

"တစ်ပတ်လောက်ကြာမယ်"

"- - - - - - - - - -"

"ဟုတ်တယ်၊ အကြာကြီးပေါ့။ မြန်မာပြည်ပြန်ရောက်ပြီး တတည်းက Beach (ဘိချ်)ဆိုလို့ ဒီဟာ ပထမဦးဆုံး သွားတာပဲလေ၊ ကျွန်တော်က ကျိုက်ထီးရိုးကို တစ်ခေါက်သွားဖူးတာလောက်ပဲ ရှိသေးတာ"

"- - - - - - - - - -"

"ချောင်းသာလား၊ အင်း . . . ကြားတော့ကြားဖူးပါတယ်၊ စိတ်လည်း ဝင်စားပါတယ်၊ သူက ရန်ကုန်နဲ့နီးတယ်ဆိုတော့ အချိန်မရွေး တောက်သွားလို့ရတယ်လေ၊ နောက်မှ သွားမယ်"

"- - - - - - - - - -"

"ဟုတ်ပြီ၊ ကိုယ် ယူတို့ကိုပါ အဖော်ခေါ်ရမယ်၊ ယူက ကိုယ့်ရဲ့ အိမ်ပေါ့၊ ချောင်းသာ၊ ငွေဆောင်ကိုတော့ ယူ့အကူအညီနဲ့ သွားမယ်လေ၊ အိုကေ"

အမယ်လေး . . . ကိုယ်တဲ့၊ ဘာတွေများ ကတိပေးနေပါလိမ့်။ နှုန်းလုံ့ပြောတဲ့ဟာမနဲ့များ အချိန်းအချက် လုပ်နေသလား။ အသံကတော့ သကြားရည်လောင်းပြီး အပေါ်က ကြံသကာတွေ၊ ပျားရည်တွေ၊ ချောကလက်တွေနဲ့ အုပ်ထားတဲ့အသံမျိုး၊ ချစ်မြတ်နိုး နားထောင်ရင်း မြဲနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူ့ကို ကိုယ် သတိရနေတယ်ကွာ၊ ကိုယ် ဒီမှာ ဘယ်အဖော်မှ မပါဘဲလာရတော့ ပျင်းနေမိတယ်၊ ယူသာပါရင် အရမ်းပျော်မှာပဲ၊ ခုတော့ သိပ်မပျော်ဘူး၊ ယူကတော့ တကယ် so sweet girl . . . so funny girl ပဲ၊ ယူနဲ့အတူရှိရင် ကိုယ် အမြဲရယ်နေရတာလေ"

ရှိုးပြီး ချွဲပျစ်နေသောအသံကို နားထောင်ရင်း ချစ်မြတ်နိုးရင်ထဲ ဘာကို မနာလိုမှန်းမသိ ဖြစ်လာသည်။ သို့သော် ထိုမနာလိုစိတ်ကို ဖျောက်ပစ်လိုက်ရပါသည်။ သူနဲ့ကိုယ်ဟာ ဘာမှကို မသက်ဆိုင်တဲ့လူ နှစ်ယောက်အဖြစ် စိတ်ထဲမှာ ခံယူထားလိုက်ဖို့သာ ရှိလေသည်။

ချစ်မြတ်နိုးက ဘန်ဂလိုအပြင်ဘက်မှာ ဆက်ထိုင်နေဆဲဖြစ်ရာ မင်းရောင် ဖုန်းပြောပြီး ထွက်လာတဲ့အထိ ထိုင်နေဆဲပင်။ မင်းရောင်မှာ ခုနက တစ်ယောက်နဲ့တစ်ယောက် အချေအတင် စကားများသလို ဖြစ်ခဲ့ ပေမယ့်အခုကျတော့လည်း ခရစ်စတယ် (Crystal) နှင့် စကားပြောရာ စိတ်အပန်းဖြေလိုက်ရသဖြင့် စိတ်နည်းနည်း ပြေသွားပါသည်။ ခရစ် စတယ်လ်က ခုတလောမှာမှ မင်းရောင်နဲ့သိကျွမ်းကာ မင်းရောင်ထံ မဆွတ်ခင်မှာပင် ညွတ်ရျင်နေသော ပန်းကလေးတစ်ပွင့်ဖြစ်လေသည်။ မင်းရောင်လည်း ကိုယ့်အနားမှာ မျက်နှာပုပ်ကြီးနှင့် ရန်လိုနေတတ်သော မိန်းမတစ်ယောက်ကို နေ့စဉ်နဲ့အမျှ စိတ်ကုန်နေမိသည်ဖြစ်ရာ စကား ရိုးပြီး အလိုက်သိတတ်သော၊ ပျော်တတ်သော၊ ချောမောပြီး ဆွဲဆောင်မှု ရှိသော ခရစ်စတယ်လ်ကို စိတ်ထဲမှာ နေရာပေးသဘောကျမိနေသည်။ ဒါကြောင့် ခရစ်စတယ်လ်ဟာ သူ့အတွက် အရေးပါအရာရောက်တဲ့ မိန်းကလေးတစ်ဦးလိုပင် သဘောထားမိနေသည်။





"မချစ်မြတ်နိုး၊ ညစာ ဘယ်မှာစားကြမလဲ"

မင်းရောင် ဒီတစ်ခါပဲ နာမည်အပြည့်အစုံရှေ့ "မ" တပ်ပြီး ခေါ်လိုက်သည်။ အမြဲတမ်း၊ "အစ်မ" လို့ ခေါ်လိုက်၊ "ခင်ဗျား" လို့ပြောလိုက် နှင့် တစ်ခါမှတောင် နာမည်ထည့်မခေါ်ဖြစ်ခဲ့ပါ။

"ဒီမှာပဲ မှာစားလိုက်မလား၊ ဟိုတယ်လ်ခန်းမထဲမှာပဲ သွားစားမလား"

"ဘယ်လိုစီစဉ်ထားလို့လဲ"

"ဘာမှမစီစဉ်ရသေးဘူး၊ကျွန်တော်ကအစ်မကိုစောင့်နေတာ"

"နှစ်ယောက်အတူမစားလည်း ရတာပဲ၊ ဆာရင် ကိုယ့်ဘာသာ သွားစားထားလိုက်ပေါ့"

"မဖြစ်ဘူးလေ၊ ဒီဟိုတယ်မန်နေဂျာက ကျွန်တော်နဲ့ တစ်ဝမ်း ကွဲတော်တယ်လို့ သိထားတယ်၊ ပြီးတော့ သူက ကျွန်တော်တို့ကို ထမင်း ကျွေးချင်လို့ လာတွေ့ပြီး နှုတ်ဆက်မယ်လို့လည်း မှာထားတယ်။ ကျွန်တော်တစ်ယောက်တည်းဖြစ်နေရင် မကောင်းဘူး"

"ဒါဖြင့်လည်း သွားမယ်"

ချစ်မြတ်နိုး ပြောပြောဆိုဆို ထရပ်ပြီး ဘန်ဂလိုပေါ်မှ ဆင်းချ သွားပါသည်။ မင်းရောင်လည်း စိတ်မြန်လက်မြန်ရှိလှသော ချစ်မြတ်နိုး နောက် ခပ်သွက်သွက်လိုက်သွားရလေသည်။

"မချစ်မြတ်နိုး"

"ဘာလဲ"

"ဟို...မေမေမှာလိုက်တယ်၊ ဓာတ်ပုံရိုက်လာခဲ့တဲ့"

"ရိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခု အစ်မလမ်းလျှောက်လာတဲ့ပုံ ကျွန်တော် ရိုက်ပေးမယ်နော်"

"တစ်ပုံပဲ၊ တော်ပြီ"

"ကမ်းခြေကို နောက်ခံပြီးရိုက်ဦးမလား"

"နင် ... ရိုက်ချင်ရင် ငါရိုက်ပေးမယ်"

"ဟုတ်၊ ကျွန်တော့်ကို တစ်ပုံလောက်"

တစ်ယောက်နဲ့တစ်ယောက် ဓာတ်ပုံအပြန်အလှန် ရိုက်ပေးနေစဉ် ဟိုတယ်ဝန်ထမ်းလေးတစ်ဦးက ဘေးမှဖြတ်သွားတုန်း ....

"အစ်ကိုနဲ့အစ်မ နှစ်ယောက်တွဲရိုက်မလား၊ ကျွန်တော် ရိုက်ပေးလို့ရတယ်"

ဟု လောကွတ်လုပ်လေသည်။ ချစ်မြတ်နိုးက "ရတယ်၊ မရိုက်ဘူး" ဟူ၍ ငြင်းမလို့ပြင်တုန်း မင်းရောင်က ဦးပြီး ...

"အတော်ပဲ၊ မေမေက နှစ်ယောက်တွဲပုံလေးတွေ ရိုက်လာခဲ့လို့ မှာလိုက်တယ်၊ ရိုက်ကြရတာပေါ့"

မင်းရောင်၏စကားကြောင့် ချစ်မြတ်နိုး ဒေါသအကြီးအကျယ်ဖြစ်ဟန်ဖြင့် မျက်စောင်းကြီးထိုးပြီး ပုပ်သိုးသွားတော့သည်။

"အသားယူချင်တယ်လို့ မထင်နဲ့၊ ကျွန်တော်လည်း မေမေမှာလိုက်လို့ ရိုက်ရမှာပါ"

မင်းရောင် ခပ်တိုးတိုးလေးပြောရင်း ချစ်မြတ်နိုးဘေးဝင်ရပ်ကာ ချစ်မြတ်နိုး၏ပခုံးပေါ် လက်တင်လိုက်လေသည်။ ချစ်မြတ်နိုးမှာ အနေရခက်သလို ဖြစ်ကာ ကိုယ်ကို ကျုံ့ထားမိ၏။





"အစ်မက အစ်ကို့ခါးကို ပြန်ဖက်လိုက်ပါလား၊ ပြီးတော့ ပြုံးလည်းပြုံးလိုက်ပါ၊ အစ်မမျက်နှာက မှုန်နေတယ်"

ချစ်မြတ်နိုး မင်းရောင်၏ခါးကို မဖက်ပါ။ လက်နှစ်ဖက်ကိုသာ တောင့်တောင့်ကြီးချထားပြီး မပီမပြင် ပြုံးမိလေသည်။

သူနဲ့ အနီးကပ် တစ်ခါမှ မနေခဲ့ဖူးသလို၊ အသားချင်းပင် အသေအချာ မထိဖူးခဲ့၍ ချစ်မြတ်နိုးရင်တွေ တဒိုင်းဒိုင်းခုန်နေမိသည်။ သူ့ထံမှ ကိုယ်ရနံ့နှင့်ရောသော ယောကျ်ားသုံးရေမွှေးနံ့တစ်မျိုးကပင်လျှင် ယစ်မူးသွားစေသလိုလို ခံစားချက်ကို အကြောက်အကန် ငြင်းဆန်နေမိခဲ့သည်တည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

ပေလီရောက်ပြီးကတည်းက မင်းရောင်တစ်ယောက်သာ ဖြ
သောအသားအရေတွေ နီရဲလာတဲ့အထိ ရေထဲခဏခဏဆင်းပေမယ့်
ချစ်မြတ်နိုးကတော့ ရေထဲ တစ်ခါမှမဆင်းဖြစ်သေး။ ညားခါစလင်မယား
သာဆိုပေမယ့် ဘယ်တော့မှ နှစ်ယောက်အတူတွဲတွေ့ရလေ့မရှိ။ ထမင်း
လာစားချိန်ကလွဲရင် တစ်ယောက်တစ်နေရာဆီမှာရှိတတ်သော သူတို့
ကိုပင် ဝန်ထမ်းတချို့ သတိထားမိလောက်ပေမည်။ သို့သော် ဒါကို ရေ
မတိုက်နိုင်။ ဘယ်တော့မှ နှစ်ယောက်အဆင်ပြေခဲ့သည်မရှိသော မင်း
ရောင်နဲ့ ချစ်မြတ်နိုးတို့ကလည်း အတူတူတွဲပြီး ရှိမနေချင်။ မင်းရောင်
ကိုယ်တိုင်ကလည်း မာနကြီးပြီး မျက်နှာပုပ်လှသော ချစ်မြတ်နိုးကို ရှောင်
သလို၊ ချစ်မြတ်နိုးကလည်း သူနဲ့ နောက်တစ်ခါ ထပ်ပြီး နီးနီးကပ်တ





နေစိတ်ရှိ အတော်ကြီးသတိထားသည်ဖြစ်ရာ ရတဲ့နည်းနဲ့ ရှောင်ပါသည်။
မင်းရောင်တို့အမျိုးဖြစ်သော ဟိုတယ်မန်နေဂျာကလည်း ဒီလောက်ထိ
တော့ လိုက်ကရုတစိုက် စောင့်မကြည့်နိုင်သည်ဖြစ်ရာ သူတို့ရဲ့တစ်ယောက်
နဲ့တစ်ယောက် အနေဝေးမှုကို သတိမထားနိုင်ရေး။

မင်းရောင်က ရေထဲဆင်းသလောက် ချစ်မြတ်နိုးကတော့
သောင်ပြင်အနှံ့ ခြေဆန့်နိုင်သလို မနက်စောစောဆို အနီးအနားရွာတွေ
ကို ထိစုပြီး သွားလာတတ်ပါသည်။ ကားငှားပြီး နေရာအနှံ့ လျှောက်
ကြည့်သလို စိတ်တွေ၊ သံတွဲထိပင် စိတ်ကြိုက်လျှောက်လည်ပစ်လိုက်
ပါသည်။ ချစ်မြတ်နိုးက ကမ်းခြေလာပြီး ကမ်းခြေမှာ အချိန်မဖြုန်း၊ ရေထဲ
ဆင်းဖြစ်ဘဲ ဒေသန္တရဝဟုသုတ ကောင်းကောင်းကြီးရှာနေတဲ့သူလို
ဖြစ်နေသည်။

မနက်ဖြန် ပြန်တော့မယ်၊ ဒီနေ့ ထုပ်ပိုးပြင်ဆင်ရပြီဆိုတော့မှ
ချစ်မြတ်နိုး ရေထဲဆင်းကြည့်ချင်လာသည်။ ရှောင်းသာကို ခဏခဏ
ရောက်နေကျဖြစ်၍ ပင်လယ်ရေဟာ ချစ်မြတ်နိုးအတွက် မဆန်းလှသော်
လည်း ပေလီထိတောင် ရောက်ပြီးမှတော့ တစ်ခေါက်လောက် ဆင်း
ကြည့်ချင်မိသည်။

ဂျင်းပန်အတိုလေးဝတ်ပြီး တီရှပ်အပွလေးနဲ့ သဲတွေထဲ ခြေ
ဗလာဖြင့် လျှောက်လာနေသော ချစ်မြတ်နိုးကို မင်းရောင် မြင်သည်။
ဒီမှာ ပုသေးသေးနှင့်မို့ ဂျင်းပင်န်အတိုလေးဝတ်လိုက်လျှင် ကလေး
အသာပုံလိုမျိုး ဖြစ်သွားတာကြောင့် ပြုံးချင်သွားသည်။ သူတို့နှစ်ယောက်
ဟာနှစ်လောက်ကွာတယ်ဆိုတာ ဘယ်သူယုံမှာလဲ။ မင်းရောင်က



www.burmeseclassic.com

www.burmeseclassic.com



တောင် အသက်ပိုကြီးတဲ့ပုံ ပေါက်နေတာဟု တွေးမိပြီးမှ စိတ်ထဲမှာ သူနဲ့ ငါ ဘာမှမဆိုင်ဘူးဟူ၍ ခေါင်းကို ခါပစ်လိုက်မိသည်။

ရေစပ်မှာသာ ရေကစားပြီး ရေစိမ်နေသော ချစ်မြတ်နိုးနဲ့ဖေ ရာကိုသာ ရေကူးသွားလိုက်တော့သည်။ သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံ ပတ်သက်ရမှုကို တွေးမိရင်တော့ ရင်ထဲမှာ မကောင်းလှပါ။ အဘွားတွေ ကြောင့်သာ လက်ထပ်လိုက်ရပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ ချစ်လို့မရ၊ နီးစပ်အောင် ကြိုးစားလို့မရဘဲ ဘယ်လောက်ထိ အောင်များ စခန်းသွားရမည်မသိ။ ဒီအိမ်ထောင်ရေးဟာ ဒီလို မအီမလည် ကြီး စခန်းသွားရလိမ့်မယ်လို့ ထင်တောင်မထင်ခဲ့မိပါ။ သူတို့ရဲ့ မရင်းနှီးမှု ကို အမေတွေက ရိပ်မိလို့ ဒီဟန်နီးမွန်းခရီးကို အတင်းစီစဉ်ပေးပြီး သွား ခိုင်းပေမယ့် တကယ်တော့ ထင်သလို ဖြစ်မလာ။ သူတို့နှစ်ယောက် အတူ တူရှိနေပေမယ့် စိတ်ချင်းက အဝေးကြီးရောက်နေခဲ့လေပြီ။ မင်းရောင် ရေကူးရင်း ရောက်တတ်ရာရာတွေးလျက် ရေနက်ဘက်မရောက်မီ ကမ်းဘက်ပြန်ကူးဖို့ လှည့်လိုက်လျှင် ကမ်းခြေမှာရပ်ပြီး စကားပြော၊ ရယ် မောနေကြသော သူနှစ်ဦးကြောင့် ကမ်းခြေကို ရေဆက်ကူးရမလား မကူးရမလား ပြန်စဉ်းစားလိုက်မိသည်။

ဘာကြောင့်လဲဆိုတော့ ချစ်မြတ်နိုးကိုယောကျ်ားတစ်ယောက် နှင့် ရယ်မောကာ စကားရပ်ပြောနေတာကို တွေ့လိုက်ရ၍ပင်။ ထိုသူက အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် အနေတော်နှင့် ချစ်မြတ်နိုးကို တစ်ချိန်း ကြည့်လျက်။ အဝေးကမြင်ရုံနဲ့တင် သူ့မျက်လုံးထဲမှာ ချစ်မြတ်နိုးကို နှစ် သက်နေမှုတွေ အထင်းသားမြင်နေရသည်။





မင်းရောင် ကမ်းခြေကို ခပ်ဖြည်းဖြည်းကူးလာပေမယ့် ချစ် မြတ်နိုးတို့ရပ်နေသည့်အနား မရောက်အောင် ခပ်လှမ်းလှမ်းကမ်းခြေကို ရွေးကာ ကူးသွားလိုက်သည်။ ရေထဲမှာ ကြာနေပြီမို့ ဘန်ဂလိုပြန်ကာ ရေချိုးချိုးချင်လှပြီ။ ကမ်းပေါ်တက်မိသောအခါ ရယ်မောနေကြသော ချစ် မြတ်နိုးတို့ကို မသိကျိုးကျွန်ပြုပြီး သဲသောင်ပေါ် ဖြတ်ပြေးသွားလိုက် ပါသည်။

ချစ်မြတ်နိုးကတော့ မင်းရောင် ရှောင်ထွက်သွားတာကို တအံ့ တဩ လိုက်ကြည့်မိလေသည်။ လှမ့်ရေးအရ သူ အနီးရောက်လာခဲ့မယ် ထင်တာ။

"မြတ်နိုး လက်ထပ်သွားလိုက်တာကို သတင်းစာထဲမှာ ဖတ် ရပါတယ်၊ ဒီလောက်မြန်မြန်ဆန်ဆန် လက်ထပ်ဖြစ်သွားမယ် မထင်ခဲ့ ဘူးလေ၊ ကိုယ်က မြတ်နိုးဟာ အိမ်ထောင်ရေးကို ခေါင်းထဲမထည့်သေး ဘူးထင်ခဲ့တာ"

"အဟင်း . . . ဟုတ်ပါတယ်၊ ကျွန်မဘာသာဆိုရင်တော့ ဘယ် သူ့တားဖြစ်ဦးမလဲ၊ မိဘတွေကသဘောတူပြီး စီစဉ်ပေးတာဆိုတော့လေ၊ ငြင်းချင်တော့ဘူး"

"မြတ်နိုးကလည်း သူ့ကို ချစ်သွားလို့ဖြစ်မှာပေါ့"

ရန်လင်းက ရယ်သံသဲ့သဲ့ထွက်ပြီး ပြောပေမယ့် သူ့ရယ်သံမှာ ခြောက်ကွဲသလိုအသံ ဖြစ်နေကြောင်း ချစ်မြတ်နိုး သတိထားမိပါသည်။ ရန်လင်းဆိုသောသူက ချစ်မြတ်နိုးတစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲ ချစ်နေခဲ့သူဖြစ်ပြီး ဖွင့်ရိုရိုနဲ့ အဖြေကို စောင့်နေခဲ့သူလည်း ဖြစ်သည်။ ပါဘာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုး၊ ပစ္စည်းဥစ္စာ၊ ရုပ်ရည်နှင့် အလုပ်အကိုင် ဘာမှသဘောမကျစရာမရှိခဲ့သော ရန်လင်းကို ချစ်မြတ်နိုးအနေနဲ့ တစ်နေ့ကျရင်ဆိုသည့် အနေအထားမှာ ထည့်သွင်းစဉ်းစားဖို့ ဆန်ခါတင်ရွေးခဲ့မိဖူးပါသည်။ သို့သော် သို့သော်လည်းပေါ့ . . . ရန်လင်းပြောသလိုပဲ အဖြစ်အပျက်တွေဟာ ဘယ်လိုမြန်မြန်ဆန်ဆန်ဖြစ်သွားခဲ့သည်လည်း မသိတော့ပါ။ အခုတော့ ချစ်မြတ်နိုးဟာ ဘာမှမရေရာတော့သော အိမ်ထောင်တစ်ခုကို ရင်ဆိုင်ရင်း ဇဝေဇဝါ လမ်းမှာ ရပ်နေသူသာတည်း။

"ကိုယ်တို့ဟိုတယ်လ် လုပ်ငန်းစုက ဒီပေလီဘက်မှာလည်း ဟိုတယ်တစ်ခု ထပ်ဖွင့်ချင်လို့ နေရာလာကြည့်တာလေ။ အခု . . . တိုးရစ်တွေသိပ်များတော့ ဟိုတယ်မလောက်ငမှု၊ အဆင့်မမြင့်မှုတွေ ကြုံရတော့ အသံကြားတော့ ကိုယ်တို့တွေလည်း လုပ်ငန်းတွေ ပိုပြီးတိုးချဲ့ကုန်ကြရတာပေါ့"

ရန်လင်းက အရင်ထဲကပင် သူ့ကိုယ်သူ ကိုယ်ဟု သုံးနှုန်းနေကြ အတိုင်း အခုလည်း သုံးမြဲပင်။ အရင်က သူ ဒီလိုသုံးနှုန်းတာကို ဘယ်လိုမှ မနေပေမယ့် အခုကျတော့ ချစ်မြတ်နိုးစိတ်ထဲတွင် အနေရခက်သလိုလို ဖြစ်နေသည်။

"ဟန်းနီးမွန်းလာတာဆိုတော့ ဒီခရီးက ချစ်မြတ်နိုးအတွက် အမှတ်တရပေါ့နော်"

"အဟင်း . . . အဲဒီသဘောပေါ့"

"အမျိုးသားရော၊ မတွေ့ပါလား"

"ဪ . . . အင်း . . . သူ ဒီနေ့ ရေထဲမဆင်းချင်ဘူးဆိုလို့ မပါလာခဲ့ဘူး"





"မိတ်ဆက်ပေးဦးလေ။ မြတ်နိုးရဲ့စိတ်တွေကို အလျင်အမြန် ပြောင်းလဲသွားနိုင်စွမ်းရှိတဲ့သူကို တွေ့ချင်တယ်"

ရန်လင်းက သူ့ရှုံးနိမ့်သွားရသည့်အဖြစ်ကို တသသဖြစ်နေဟန်ဖြင့် ပြောသည်။ သူကတော့ ချစ်မြတ်နိုးရဲ့ လက်ခံမှုကိုရဖို့ ငါးနှစ်လောက် ကြိုးစားရင်း စောင့်နေခဲ့ရသူမဟုတ်လား။

"ဒီလိုလုပ်ပါလား၊ မြတ်နိုးတို့စုံတွဲကို ဒီနေ့ ညနေစာကျွေးပါရစေ၊ ကိုယ့်ဟိုတယ်ကို လာခဲ့နိုင်မလား"

ရန်လင်းနှင့် အပေါင်းအပါများအုပ်စုပိုင် ဟိုတယ်အဟောင်း တစ်လုံးက ဒီမှာရှိပြီးသားဖြစ်သည်။ အဲဒီဟိုတယ်ကို ဖိတ်ခေါ်တာဖြစ်ပါသည်။

"ကျွန်မ သူ့ကို ပြန်တိုင်ပင်လိုက်ဦးမယ်"

"ဪ . . . တိုင်ပင်မနေပါနဲ့၊ မိတ်ဆွေတစ်ယောက် ညစာကျွေးဖိတ်တာ မငြင်းကောင်းပါဘူး၊ ပြီးတော့ သူက အင်္ဂလန်က အာခီတက်တစ်ယောက်ဆိုတော့ သူနဲ့လည်း ဟိုတယ်ဒီဇိုင်းသစ်တွေ၊ ဘာတွေ ဆွေးနွေးရတာပေါ့။ ဆက်ဆက်လာခဲ့ပါ၊ မနက်ဖြန်က မြတ်နိုးတို့လည်း ပြန်တော့မယ်ဆိုတော့ ကျွေးလိုက်ပါရစေ"

ချစ်မြတ်နိုးလည်း အတင်းမငြင်းချင်တာနဲ့ လာခဲ့မယ်ဟု ကတိပေးလိုက်ရတော့သည်။ ရန်လင်းကို မုန်းလည်းမမုန်း၊ ချစ်လည်းမချစ်၊ ဘာနဲ့ ဖူးစာမဆုံလိုက်ရလို့ တသသလည်း မဖြစ်ပေမယ့် စိတ်ထဲမှာ အားနာသလိုလိုတော့ ဖြစ်မိသည်။ သူ့ကို အတိအလင်းလည်း မငြင်းမိဘဲ မျှော်လင့်ချက်တွေ ပေးသလိုလို ထားခဲ့မိတာကြောင့် လိပ်ပြာမလုံပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းရောင်သာ ပေါ်မလာခဲ့ဘူးဆိုရင် ရန်လင်းဟာ ချစ်မြတ်နိုးလက်တွဲသင့်သောသူဟုသာ စိတ်ထဲမှာ ဆုံးဖြတ်ပြီးသားပါ။

ရန်လင်းကို နှုတ်ဆက်ပြီး ဘန်ဂလိုကို ပြန်လာသောအခါ မျှော်လင့်ထားသလို မင်းရောင်ကို မတွေ့ရ။ ဘယ်များထွက်သွားပါလိမ့်။ ရေချိုးပြီးတာနဲ့ ရန်လင်းဖိတ်ထားတဲ့ဆီ သွားရမှာမို့ သူ့ကို ရှိနေစေချင်သည်။ အကျိုးအကြောင်း ပြောပြပြီးခါမှ သူဟာလည်း လူမှုရေးခေါင်းပါးတဲ့သူ မဟုတ်တာမို့ လိုက်ခဲ့ပေးမှာပဲ ဟု မျှော်လင့်ထားမိပါသည်။

ရေမိုးချိုးပြင်ဆင်၊ အဝတ်လဲပြီးသည်အထိ မင်းရောင် ပြန်မလာသောအခါ ချစ်မြတ်နိုး အတော်စိတ်တိုလာသည်။ ဒါ ဘာသဘော လဲ။ တမင်လုပ်သွားတာလား။

နောက်ဆုံးတော့ ချစ်မြတ်နိုးမှာ ပါလာသောဖုန်းဖြင့် မင်းရောင် ဖုန်းကို ခေါ်လိုက်ရသည်။ ဘယ်တုန်းကမှ သူ့ဖုန်းကို ခေါ်လေ့မရှိခဲ့ဘဲ ဒီ တစ်ခါ ပထမဦးဆုံးအကြိမ် ခေါ်မိတာပင်။

"ဟယ်လို"

"မင်းရောင်"

"ဟုတ်ပါတယ်၊ မင်းရောင်ပါ"

"ချစ်မြတ်နိုး ခေါ်နေတာပါ"

"ဪ…ဟုတ်လား၊ ဘယ်ကဖုန်းမှန်း မသိလို့"

ချစ်မြတ်နိုး၏ ဖုန်းနံပါတ်ကို အမည်နှင့်တကွ သူ့ဖုန်းထဲ ထည့် မထားပါဘူးဆိုတဲ့သဘောမျိုးမို့ ချစ်မြတ်နိုးရင်ထဲ အောင့်သွားသည်။ ငါ ကတော့ သူ့ဖုန်းနံပါတ်ကို သိနေရတဲ့သဘောဖြစ်သွားပြီး…





"ဘယ်ရောက်နေတာလဲ"

"ရွာတွေထဲ တစ်ခါမှမရောက်ရသေးလို့ အဲဒီဘက် ထွက်သွားတာပါ"

"အခုပြန်လာခဲ့ပါ"

"ဘာဖြစ်လို့လဲ"

"မိတ်ဆွေတစ်ယောက် ထမင်းစားဖိတ်ထားတယ်၊ အဲဒါ သွားရမယ်"

"အစ်မပဲ သွားလိုက်ပါလား"

"အို…ဘယ်ဖြစ်မလဲ၊ သူက နှစ်ယောက်စလုံးကို ဖိတ်တာ"

"ကျွန်တော် မလိုက်ဘူးဆိုရင် ဘာဖြစ်သွားမလဲ"

"နင် ဘယ်လိုဖြစ်နေတာလဲ၊ တမင်ရွဲ့နေတဲ့သဘောလား။ ငါတို့ နှစ်ယောက် ဟန်းနီးမွန်းထွက်လာမှန်းသိလို့ နှစ်ယောက်တွဲဖိတ်တာကို မသွားဘဲ ငါတစ်ယောက်တည်းသွားရင် သူ ဘယ်လိုမြင်မလဲ"

မင်းရောင် အသံတိတ်ကာ စဉ်းစားနေသည်။ အဲဒီလူဟာ ချစ် မြတ်နိုးနဲ့ တစ်စုံတစ်ရာတော့ ပတ်သက်သည်ဟု သူ့စိတ်အာရုံတွေက အလိုလိုသိနေသည်။ ဒါကြောင့် ရှောင်ပေးခဲ့တာလည်း ဖြစ်သည်။ ခု တော့ သူ့ကိုမရမကခေါ်ပြီး အဲဒီလူရှေ့တွဲသွားပြချင်တာဟာ ဘာသဘော ပါလိမ့်။ မိန်းမတို့ရဲ့ ကောက်ကျစ်သော မာယာဉာဏ်ဟာ လိုက်လို့ကို မမီ [illegible] ရည်းစားလူလု အနုကြွဲခတ်ခံရစေချင်လို့များ တမင်တွဲပြချင်လေ သလား။

"အဲဒီလူဟာ အစ်မနဲ့ တစ်စုံတစ်ခု ပတ်သက်နေတယ်ဆိုရင် ကျွန်တော် မလိုက်တာကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

ချစ်မြတ်နိုး တစ်ဖက်မှဆောင့်အော်လိုက်သောအသံမှာ ကျယ်လှသဖြင့် မင်းရောင်နားတွေတောင် အူသွားပါသည်။ လူသေးသလောက် တော်တော်အသံကျယ်တဲ့မိန်းမပဲ။

"တိုးတိုးအော်ပါ အစ်မရယ်၊ ဒီမှာ ကျွန်တော် နားကန်းတော့မယ်"

"နင် ဘာလို့ အရွဲ့တိုက်ချင်နေသေးလဲ"

"ကျွန်တော် အရွဲ့မတိုက်ပါဘူး၊ အစ်မတို့ရဲ့ ပြန်လည်ဆုံတွေ့မှာ ကျွန်တော်က ကန့်လန့်ကန့်လန့်ပါနေသလို ဖြစ်နေမှာစိုးလို့ပါ"

"နင် ငါ့ကို စော်ကားတဲ့သဘောပဲ အဲဒါ"

"ဗျာ"

"အိမ်ထောင်ရှိမိန်းမတစ်ယောက်ဖြစ်ရက်နဲ့ ငါက စိတ်ထားဖောက်လွဲဖောက်ပြန်လုပ်ပြီး တခြားယောကျာ်းနဲ့ အကြည်ဆိုက်နေချင်တယ်လို့ စွပ်စွဲလိုက်တာပဲ"

"အစ်မက စကားကို အများကြီးပြောပြီး ရန်လိုနေတတ်လွန်းတယ်၊ တစ်ခါတလေ အစ်မ ဘာကို အထအနကောက်ပြီး စိတ်ဆိုးမှန်း ကျွန်တော် မသိဘူး၊ တစ်ခါတလေ ကျွန်တော် စိတ်ထဲရှိတဲ့အတိုင်း ပြောတာကို အစ်မ စိတ်ကောက်အော်ဟစ်တာလည်း ကျွန်တော် အဖြေမရှာတတ်ဘူး"

"နင်ကမှ စကားပိုတတ်တာပါ မင်းရောင်၊ နင့်ကို ယှဉ်ပြောတိုင်းကို အမြဲရှုံးနေတာပါ။ နင်က အဲဒါကို မသိချင်ယောင်ဆောင်ပြီး သိပ်ကျေနပ်နေတယ်မဟုတ်လား"





"ဒုက္ခပါပဲ၊ ကဲပါ . . . ဖုန်းထဲကနေ အငြင်းပွားမနေပါနဲ့၊ အစ်မ အခု ဘာဖြစ်ချင်လဲ၊ အဲဒါပဲ ပြောလိုက်တော့။ ကျွန်တော် အစ်မနဲ့ ရန်ဖြစ်ချင်ပါဘူး၊ အစ်မပြောတဲ့အတိုင်း လုပ်မယ်၊ ကဲ . . ."

"ဒါဖြင့် အခု ပြန်လာခဲ့ပါ"

"အိုကေ"

ချစ်မြတ်နိုး၏စကားကို နားထောင်ပြီး သိပ်မကြာခင်အတွင်း ဘန်ဂလိုကို ချက်ချင်းပြန်ရောက်လာသော မင်းရောင်ကြောင့် ချစ်မြတ်နိုး စိတ်ထဲတွင် အတော်လေး ကျေနပ်သွားမိသည်။ သူ့ကို ပြုံးပြမိတော့မလို ဖြစ်ပြီးမှ မျက်နှာပြန်တည်ကာ . . .

"အဝတ်အစား လဲချင်လဲ၊ မလဲချင်ရင်လည်း အခု သွားမယ်"

ဟု အမိန့်ပေးသလိုလေသံဖြင့် ပြောလိုက်သည်။

"မလဲတော့ပါဘူး၊ လဲဖို့လိုလို့လား"

"ဒါတော့ ကိုယ့်သဘောနဲ့ကိုယ်ပဲ"

"ယောကျာ်းချင်း တွေ့ဆုံမှုမှာ အဝတ်အစား ပြိုင်ဝတ်တယ်ဆိုတော့ မကြားဖူးဘူး၊ ဒီတော့ မလဲတော့ပါဘူး"

မင်းရောင်က သူဝတ်ထားသော ကော်လံပါတီရှပ်နှင့် ဂျင်းကော်တွန်သားဖြင့်ချုပ်ထားသော အိတ်အများကြီးပါသည့် ဘောင်းဘီတို့ကို ငုံ့ကြည့်ပြီး ပြောချင်ရာပြောကာ အရင်ဆင်းသွားနှင့်ပါသည်။ ဒီတော့ ချစ်မြတ်နိုးလည်း နောက်က အသာဆင်းလိုက်လာခဲ့သည်။ ဘယ်တော့မှ နှစ်ယောက်အတူယှဉ်တွဲပြီး မသွားတာမို့ မင်းရောင်က ရှေ့က ချစ်မြတ်နိုးက နောက်ကပုံစံမျိုးဖြင့် ကမ်းခြေတစ်လျှောက် လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



မိကြသည်။ ချစ်မြတ်နိုးကတော့ ရန်လင်းရှိနေမည့် ဟိုတယ်နားရောက်
ရင် မင်းရောင်ကို လှမ်းခေါ်ပြီး သတိပေးမည်ဟု စဉ်းစားလာတယ်။ မင်း
ရောင်၏ နောက်ကျောပြင်တောင့်တောင့်ဖြောင့်ဖြောင့်မတ်မတ်ကို ငေး
ကာ သူ ဘော်ဒီတော်တော်လှတာပဲ။ ကစားတယ်ထင်တယ်ဟု တွေး
ပြန်သည်။ သူ့ကိုယ်ခန္ဓာတည်ဆောက်ပုံဟာ အားကစားလေ့ကျင့်ထား
သူ၏ ပုံစံမျိုးလို့ မြင့်မြင့်ထွားထွားနှင့် ပခုံးတွေက ဖြောင့်နေသည်။ လည်
ကုပ်နောက်မှာ ရှင်းနေသော၊ နားသယ်စပ်မှာ ရှင်းနေသော ဆံတိုင်
ဆံပင်ပုံစံကြောင့် မွေးညင်းစိမ်းမြလေးတွေ ရိပ်ရိပ်သန်းနေတဲ့ အသွင်
အပြင်မှာ ညှို့ငင်သလို ထင်ရသည်။

ရုတ်တရက် ချစ်မြတ်နိုးမှာ ကိုယ့်အတွေးကိုယ်ရှက်ပြီး "အို
ဟု စိတ်ထဲတွင် ခပ်တိုးတိုးရေရွတ်မိသည်။ ခုရက်ပိုင်းအတွင်းမှာမှ ဘ
ဖြစ်နေတယ်မသိ။ သူနဲ့ပတ်သက်ပြီး ခေါင်းထဲ မကြာခဏထည့်ပြီး ‌ေ
သပ်မိနေတာ ခက်ပါသည်။

"မင်းရောင် ... ခဏရပ်ဦး"

မင်းရောင်မှာ နောက်ကခေါ်သံကြောင့် အသာရပ်လိုက်ပြီး
လှည့်ကြည့်လိုက်သည်။

"ဟိုတယ်နားရောက်ခါနီးပြီ"

သူမကို စောင့်စေချင်ဟန်မျက်လုံးတွေကို မင်းရောင် သ
ထားမိလျှင် အသာပင် ရပ်နေလိုက်သည်။

နေလုံးနီနီကြီးကတော့ ပင်လယ်ပြင်မှာ မေးတင်နေလေပြီ။
ရောင်ခြည် လက်ကျန်ရယ်၊ ကောင်းကင်ပြာပြာရယ်၊ ပင်လယ်ရယ်၊





သောင်ဖြူလွလွရယ်၊ ဆင်ယင်ထားသော ပန်းချီကားတစ်ချပ်ပမာ ကြည့်လို့ကောင်းနေသည်။ ဒီနေရာမှာ ကိုယ်ချစ်တဲ့သူနဲ့သာ လာအပန်းဖြေရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲလို့ စိတ်ကူးယဉ်ကြည့်မိ၏။ သေသေချာချာ တွေးကြည့်လျှင် မင်းရောင်ထံတွင် ရည်းစားတွေ ရှိခဲ့ဖူးပေမယ့် ဘယ်သူ့ကိုမှ စွဲစွဲမြဲမြဲ ချစ်နေတာမျိုးမရှိဘဲ အလွယ်တကူ မေ့ပျောက်သွားနိုင်နေတာမို့ ကိုယ်ချစ်တဲ့သူဆိုတာ ဘယ်လိုလူမျိုးကို ခေါ်တာလဲဟု သိချင်နေမိသည်။

"အတူတူဝင်ကြမယ်နော်၊ ပြီးတော့ သူမေးရင် စကားအများမပါအောင် ဖြေပေးပါ၊ သူ့နာမည်က ကိုရန်လင်းလို့ ခေါ်တယ်၊ သူက ဟိုတယ်လုပ်ငန်းစုတွေလုပ်တဲ့ ရှယ်ယာဝင်တစ်ယောက်ပဲ၊ မင်းရောင်နဲ့ ဆွေးနွေးပြီး ဟိုတယ်ဆောက်ချင်တယ်တွေဘာတွေတော့ ပြောတာပဲ၊ တကယ် အလုပ်အတူလုပ်မယ်၊ မလုပ်ဘူးတော့ မသိဘူး"

"အစ်မသဘောက ဘယ်လိုလဲ"

"ဘာကိုမေးတာလဲ"

"သူနဲ့ အလုပ်လုပ်စေချင်တာလား၊ မလုပ်စေချင်ဘူးလား"

"အဲဒါ တို့နဲ့ မဆိုင်ပါဘူး၊ မင်းသဘောပါ၊ သူနဲ့တို့ ဘာမှမပတ်သက်ခဲ့ဖူးဘူး"

မင်းရောင်က ဘာအဓိပ္ပာယ်မှန်းမသိ သူ့ဘာသာ တစ်ချက်ပြုံးလေသည်။ ချစ်မြတ်နိုးမှာ ဘာပြုံးတာလဲဟု ရန်လိုပြီး မေးမလို့ပြင်စဉ် ...

"ဟော ... မြတ်နိုးတို့ ရောက်လာကြပြီ၊ အတော်ပဲ၊ ကိုယ် ခုလေးတင် ဖုန်းဆက်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော နှုတ်ဆက်သံနှင့်အတူ ရန်လင်းကိုပါ တွေ့လိုက်ရသောကြောင့် ချစ်မြတ်နိုးမှာ အသံတွေကို အပြင်မထွက်ခင် မျိုချလိုက်ရသည်။

"ကိုရန်လင်းလေ၊ တို့မိတ်ဆွေပေါ့၊ အခု ဒီပါတီတယ်က ကိုရန်လင်းတို့မိတ်ဆွေတစ်စုပိုင်တဲ့ ပါတီတယ်ပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုမင်းရောင်၊ အခုမှပဲ လူချင်းဆုံရတော့တယ်"

ရန်လင်း၏ဦးဆောင်မှုဖြင့် ပါတီတယ်ထဲ ဝင်လာခဲ့ကြသည်။ ယောကျ်ားနှစ်ယောက် ရှေ့ကသွားပြီး ချစ်မြတ်နိုးကတော့ နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာခဲ့သည်။ နှစ်ယောက်ယှဉ်သောအခါ မင်းရောင်က ရန်လင်းထက် သိသိသာသာလေး ပိုမြင့်နေကြောင်း သတိထားမိသွားပါသည်။ ရန်လင်းတောင် အရပ်မြင့်လှပြီထင်နေတာ၊ မင်းရောင်က ပိုမြင့်နေသဖြင့် ချစ်မြတ်နိုးမှာ သူငယ်ချင်းရွှန်းလဲ့ဝေဖန်တာကို သတိရလိုက်မိသည်။

"ဟီးဟီး . . . မင်္ဂလာဆောင်တုန်းက နင်က ဆံထုံးအမြင့်နဲ့ ဖိနပ်တော်အမြင့်နဲ့ဆိုတော့ နင်တို့တွဲလာတဲ့အခါ အရပ်က သိပ်မကွာသလို ထင်ရတာနော်။ နင်သာ ဒေါက်မြင့်တွေဘာတွေ မစီးလို့ကတော့ အရပ်ချင်း တစ်ပေလောက်ကွာနေတာ၊ အရမ်းသိသာနေလိမ့်မယ်"

ချစ်မြတ်နိုး လမ်းလျှောက်လာရင်း သိပ်မမြင့်လှသော ဒေါက်ကို အမှတ်တမဲ့ ငုံ့ကြည့်ကာ နောက်ဆို ပိုမြင့်တဲ့ဒေါက်ဝယ်မှ ထင်တယ် ဟု အမှတ်တမဲ့ တွေးမိပြန်သည်။





"သူနဲ့တွဲနေတဲ့ ကောင်မလေးက အရမ်းလှတာနော်၊ အရပ်ကြီးတာလည်း မင်းရောင်နဲ့ သိပ်မကွာအောင် မြင့်နေတာ၊ မိန်းကလေးဖြစ်ပြီး ငါးပေရှစ်လက်မလောက်များ မြင့်မလားမသိဘူး"

ချစ်မြတ်နိုး ကိုယ့်အတွေးနဲ့ကိုယ်မို့ ရန်လင်းလှည့်မေးလိုက်တာပင် မကြားလိုက်။

"မြတ်နိုးက ခွင့်ပြုမယ်မဟုတ်လား"

"ရှင် . . . ဘာကိုလဲ"

"ဩော် . . . မကြားလိုက်ဘူးလား၊ ကိုယ်တို့ စလေးတင် တိုင်ပင်နေကြတာ၊ ကိုမင်းရောင်ကမြတ်နိုးကို လှည့်ကြည့်နေလို့ကိုယ်က ကိုမင်းရောင်အစား မေးပေးတာလေ"

ချစ်မြတ်နိုး မင်းရောင်ထံ စူးစမ်းသလိုကြည့်စဉ် မင်းရောင်ထံမှ တစ်ခန်းအသံထွက်ရယ်ရင်း . . .

"ကိုရန်လင်းက နည်းနည်းသောက်ကြရင်း စကားပြောတာ ကောင်းမလားဆိုလို့"

"သိပ်မများစေရပါဘူး မြတ်နိုးရဲ့ မိတ်ဖြစ်ဆွေဖြစ်သောက်ကြည့်သဘောပါ"

"သိပ်မများဘူးဆိုလည်း ပြီးတာပါပဲ"

"အိုကေ၊ စိတ်ချ . . . မြတ်နိုး၊ ကိုယ်မြတ်နိုး စိတ်အနှောင့်အယှက်ဖြစ်အောင် ဘယ်တော့မှ မလုပ်တတ်ဘူးဆိုတာ မြတ်နိုး သိပါတယ်"

မင်းရောင်က မျက်လုံးအပြန်အလှန် ဝေ့ဝဲကြည့်ရင်း အကဲခတ်နေသဖြင့် ချစ်မြတ်နိုး တော်တော်အနေခက်သွားပါသည်။ ရန်လင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူက အရင်ထဲကလည်း စကားပြောရင် အဲဒီလိုပဲ ဟိုလိုလို ဒီလိုလို ထင်စရာလေးဖြစ်အောင် ပြောတတ်တာ သူ့စရိုက်ပဲမို့ ချစ်မြတ်နိုး အတွက် မဆန်းပေမယ့် မင်းရောင်အတွက်တော့ အဆန်းတကြယ် ဖြစ်ကာ အဓိပ္ပာယ်ကောက်ချင်စရာ ဖြစ်နေလေသည်။

ဟိုတယ်၏ ထမင်းစားခန်းထဲတွင် စားသောက်ကြသောအခါ ရန်လင်းက အဓိကစကားပြောသူဖြစ်ပြီး မင်းရောင်နှင့် ချစ်မြတ်နိုးတို့က တော့ အလိုက်အထိုက် မေးတစ်ခွန်း၊ ပြောတစ်ခွန်းလို ဖြစ်နေသည်။ ကြာ တော့ ရန်လင်း သတိထားမိလာပြီး ရယ်သလိုမောသလိုဖြင့် . . .

"ဟောဗျာ၊ ကိုယ်ကချည်း ပြောတဲ့သူဖြစ်နေပြီ၊ ကိုမင်းရောင် တို့ မြတ်နိုးတို့ကလည်း ပြောကြပါဦး၊ ကိုယ် သိပ်စကားများတဲ့သူများ ဖြစ် နေပြီလား"

မင်းရောင် အားနာသလိုရယ်ရင်း . . .

"မဟုတ်ပါဘူးဗျာ၊ ကိုရန်လင်းပြောတာတွေ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ကျွန်တော်ကမြန်မာပြည်ပြန်ရောက်တာတစ်နှစ်တောင် မပြည့်သေးဘူးဆိုတော့ ကိုရန်လင်းပြောသမျှ ဗဟုသုတဖြစ်စရာချည်းပဲ မို့ နားထောင်နေတာပါ။ ဟို . . . အစ်မကတော့ ဘာလို့ စကားနည်းနေ လဲကျွန်တော် မသိဘူး"

ဟု ချစ်မြတ်နိုးကို လှည့်ပြောလေသည်။

"ဟောဗျာ . . . အစ်မလို့ခေါ်တာလား"

"သူက ကျွန်မထက် လေးနှစ်လောက်ငယ်တယ်လေ"

"မနဲ့မောင်ပေါ့ . . . ဟဲဟဲ"





ရန်လင်းက ရယ်သံဖြင့် စနောက်လေသည်။

"သူစိမ်းရှေ့မှာမို့ အစ်မလို့ခေါ်တယ်လို့ မှတ်ပါတယ်ဗျာ၊ ဒါနဲ့ နေပါဦး၊ ကိုမင်းရောင်က မြတ်နိုးကို ဘယ်လိုများ ကြိုးစားလိုက်ရလဲ၊ စိတ် ရှည်နဲ့နော်၊ မြတ်နိုးက very tough lady (ဗဲရီးတော့(ဖ်)လေဒီ)ဗျ၊ စိတ် ဓာတယ်၊ အသည်းမာတယ်၊ မချစ်တတ်ဘူး၊ အဲဒီလိုမိန်းကလေးရဲ့ အသည်းနှလုံးကို အရည်ပျော်အောင် ဘယ်လိုများလုပ်လိုက်သလဲ"

ရန်လင်းက မင်းရောင်ထက်ပင် တော်တော်လေး ပိုသောက် သလိုဖြစ်နေတာမို့ စကားလည်း ပိုသွက်၊ ပိုပြီးတော့လည်း ပြောရဲဆိုရဲနှင့် အသံကျယ်နေသည်။

မင်းရောင်ကတော့ ကိုယ်နဲ့မရင်းနှီးသည့် လူတစ်ယောက်နှင့် သောက်စားရတာကြောင့်ရော၊ ဒီလူဟာ ချစ်မြတ်နိုးနှင့် တစ်စုံတစ်ရာ ပတ်သက်ဖူးသည်ဟု ထင်သဖြင့် ထိုသူ့ရှေ့မှာ ဟန်ပျက်မသွားချင်တာ ကြောင့်ရော၊ သတိထားသဖြင့် ရန်လင်းထပ်ထည့်ပေးသော ဝီစကီ ခွက်တစ်ခွက်ကို ထပ်၍တောင် မထိပါ။ တစ်ခွက်ကိုသာ အသာလေး ဖြည်းဖြည်းချင်း သောက်ခဲ့ပါသည်။

"လူကြီးချင်းသဘောတူလို့ပါ ကိုရန်လင်း"

ချစ်မြတ်နိုးက အရင်ကြိုဖြေနှင့်သည်။

"ဒီခေတ်ကြီးထဲမှာ လူကြီးချင်း သဘောတူတိုင်း လက်ခံကြတဲ့ လူငယ်တွေ မရှိတော့ပါဘူး၊ မြတ်နိုးကလည်း ချစ်နိုင်လို့ဖြစ်မှာပါ။ ဟုတ် တယ်မဟုတ်လား၊ ကိုယ့်ကို အားမနာပါနဲ့၊ ဖြေလို့ရပါတယ်"

"ကိုရန်လင်းမှာရော၊ ချစ်ရသူ မရှိသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မင်းရောင်က ရန်လင်း ရစ်နေတာကို သဘောပေါက်ပြီး ချစ်မြတ်နိုး အကျဉ်းအကျပ်ထဲမရောက်စေရန် သူ့ဘက်ကို စကားလွှဲလိုက်ပါသည်။ ဟန်မဆောင်တတ်သော ချစ်မြတ်နိုးကတော့ မူးပြီးရစ်ချင်နေသည့် ရန်လင်းကို ထားကာ ထွက်သွားတော့မလောက် ဖြစ်နေပြီ။ မင်းရောင်ကတော့ ချစ်မြတ်နိုးကို မျက်လုံးတွေဖြင့် သတိပေးဖျောင်းဖျ ကြိုးစားမိသည်။ အနက်ရောင်ပေါ် အရောင်လက်လက်မှုန်မှုန်လေးတွေပါသော ဂါဝန်ရှည်နှင့် ဆံပင်လေးတွေသိမ်းကာ နားကွင်းပါးပါးဝိုင်းဝိုင်းလေးဆင်ထားသည့် လေးထောင့်မျက်မှန်သေးသေးလေးကို နှာခေါင်းဖျားပေါ်ခပ်လျှောလျှောလေးတင်ထားတတ်သည့်ချစ်မြတ်နိုးဟာကိုရန်လင်းဆိုတဲ့လူ အရူးအမူးဖြစ်ရလောက်အောင်ပဲ ပြုစားတတ်သလား။ ဒီညမှာ ပုံစံတစ်မျိုးလေးနဲ့ ဆွဲဆောင်မှုရှိပြီး ငေးမောနေချင်စရာ ဖြစ်နေတာတော့ မင်းရောင် မငြင်းချင်။

မင်းရောင်တွဲခဲ့သော မိန်းကလေးတွေလောက် မလှပေမယ့် ချစ်မြတ်နိုးဟာ သူမဘာသာ သီးသန့်စတိုင်လ်လေးဖြင့် ဆွဲဆောင်မှုရှိလှသည်။ သိပ်လည်းမလှဘဲ ဘယ်လိုဆွဲဆောင်နေမှန်းမသိ ဆွဲဆောင်မှုရှိသော မိန်းကလေးမျိုးကို သဘောကျမိသူတွေဟာ ဘယ်သူမဆို အရူးအမူးကိုဖြစ်ကြသူတွေ များသည်။ အဲဒီထဲမှာ ကိုရန်လင်းတစ်ယောက် အပါအဝင်ဖြစ်ပုံရသည်။ ချစ်မြတ်နိုးကို မရလိုက်လို့ အသည်းကွဲနေဟန်က အရက်ပိုမူးလေ၊ ပိုသိသာလေ။ ဟန်မဆောင်ပန်မဆောင် တွေပြနေတဲ့ပုံစံသည် မင်းရောင်နေရာမှာ တခြားယောက်ျားဆိုလျှင် ဘယ်သူမှ သည်းခံနိုင်မည်မထင်။ မင်းရောင်ကသာ ချစ်မြတ်နိုး၏ မာနတွေကို





နှုန်းနေသဖြင့် ရင်ထဲမှာ ဘယ်လိုမှ ဖြစ်မနေတာပင်။ သူမနဲ့ပတ်သက်လျှင် သဝန်တိုတာလည်း မရှိ၊ သဝန်မတိုတာလည်း မရှိ။ တကယ့်ကို သူစိမ်းပြင်ပြင် ခံစားနေရသည်။

“မင်းရောင်၊ ပြန်ကြရအောင်လေ”

ချစ်မြတ်နိုးက ရန်လင်း ထပ်ရစ်နေမှာစိုးသဖြင့် ပွဲသိမ်းဖို့ စကားဆသည်။

“အိုး . . . နိုးနိုး၊ ခဏလေးနေပါဦး၊ မြတ်နိုးရဲ့ ကိုမင်းရောင်က မေးထားတယ်လေ၊ အဲဒါ ဖြေပါရစေဦး၊ ကိုမင်းရောင်မေးတဲ့ ကျွန်တော့်ချစ်သူအကြောင်း ဖြေပါရစေဦး”

“ကိုရန်လင်း မဖြေချင်ရင်လည်း ရတယ်နော်၊ ကျွန်တော် အတင်းအကျပ် မမေးပါဘူး၊ စကားစပ်လို့ မေးမိတာပါ”

BURMESE CLASSIC

“ကျွန်တော် သူ့တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတာ၊ ခင်ဗျား ယုံလားမသိဘူး၊ သူ့အချစ်ကိုရဖို့ ကျွန်တော် ငါးနှစ်တောင် စိတ်ရှည်ရှည်နဲ့ စောင့်ခဲ့တယ်၊ သူ ကျွန်တော့်ကို ပြန်ချစ်မယ်လို့ ထင်ကိုထင်ခဲ့တယ်ဗျာ၊ ကိုမင်းရောင်လည်း ယောက်ျားချင်းချင်း သိမှာပါ။ မိန်းကလေးတစ်ယောက်က ကိုယ့်အချစ်ကို လက်ခံလိမ့်မယ်ဆိုတာ သေချာတဲ့ခံစားမှုကို ယောက်ျားလေးတိုင်း ခံစားဖူးပါတယ်။ အဲဒီလိုပါပဲ၊ ဒါပေမယ့် သူ မထင်မှတ်တာတစ်ခုကို လုပ်ချသွားတယ်။ ကျွန်တော့်ကို ထားရစ်သွားခဲ့တယ်ဗျာ၊ ကျွန်တော် တကယ့်ကို အသည်းကွဲသွားခဲ့တယ် ကိုမင်းရောင်”

ချစ်မြတ်နိုးသည် သည်းမခံနိုင်တော့သလို မျက်လုံးတွေဖြင့် မင်းရောင်ကို ကြည့်လိုက်ကာ ထရပ်လိုက်တော့သည်။ ဒီကောင် ရိုင်းမိ



www.burmeseclassic.com

www.burmeseclassic.com



လျက်သားနဲ့ တမင်သက်သက် ပေကပ်ထိုင်ပြီး ငါ့ကို အနေကျပ်အောင် လုပ်နေတာ၊ ဘယ်လောက်အောက်တန်းကျလိုက်သလဲ။

"နေပါဦး...မြတ်နိုး၊ ပြန်တော့မလို့လား"

"ပြန်တော့မယ် ကိုရန်လင်း၊ အခုလို ညစာဖိတ်ကျွေးတာ ကျေးဇူးတင်ပါတယ်"

"ရန်ကုန်ရောက်မှ ကိုရန်လင်းကို တစ်ခေါက်ပြန်ကျွေးမယ် လေ၊ ကိုရန်လင်းဆီမှာ ကျွန်တော့်ဖုန်းနံပါတ် ရှိနေပြီပဲ၊ ကျွန်တော့်ဆီမှာ လည်း ကိုရန်လင်းနံပါတ်ရှိတော့ အချိန်မရွေး ဆက်သွယ်လို့ရတယ်၊ ပြီး တော့ ကျွန်တော်တို့ အလုပ်ကိစ္စလေးတွေ ပြောဖို့လည်း ရှိသေးတယ်"

"အိုကေ...စိတ်ချ၊ စိတ်ချ၊ ကျွန်တော် ကိုမင်းရောင်နဲ့ပဲ အလုပ် တွဲလုပ်ချင်ပါတယ်"

"ဟော...သူက စိတ်မြန်လက်မြန် ထွက်သွားနှင့်ပြီ၊ ကျွန်တော့် ကို ခွင့်ပြုပါဦးဗျာ"

"ဗွတ်နိုက် ကိုမင်းရောင်"

"ဗွတ်နိုက်...ကိုရန်လင်း"

သဲသောင်ပြင်ပေါ် လျှောက်သွားနှင့်နေပြီဖြစ်သော ချစ်မြတ်နိုး နောက် အပြေးလိုက်လာခဲ့ပါသည်။ မင်းရောင်ကို တစ်ချက်မှလှည့်မကြည့် ဘဲ ရှေ့က ခပ်သွက်သွက်သွားနေသော ချစ်မြတ်နိုးနဲ့ယှဉ်ပြီး မလျှောက်ခဲ့ ဘဲ ခြေလှမ်းငါးလှမ်းလောက် နောက်ကျရန်ကာ လျှောက်လာခဲ့သည်။

သဲသောင်ပြင်မှာ လပြည့်ကျော်တစ်ရက်နေ့ရဲ့လမှာ ပြည့်တင်း ဖြူဖွေးပြီး ထိန်နေအောင် သာနေပါသည်။ လရောင်ရယ်၊ သဲသောင်ပြင်





ရဲ့ သဲမှုန်အရောင်လက်လက်ရယ်၊ ပင်လယ်ရဲ့ အသံရယ် ပေါင်းစပ်ပြီး ဒီ ညဟာ သိပ်လှနေပေမယ့်လည်း သူတို့ မခံစားနိုင်ခဲ့ပါ၊ သူတို့နှစ်ဦးရဲ့ ရင်ထဲမှာ အကျိတ်အခဲကိုယ်စီနဲ့ ဖြစ်နေခဲ့ကြသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"သူက ဒေါ်ခင်ရွှေတဲ့၊ သမီးတို့အဘွားရဲ့ ညီအစ်မနှစ်ဝမ်းကွဲတော်တော် မွေးတဲ့ သမီးပဲ၊ မေမေနဲ့ဆို သုံးဝမ်းကွဲပေါ့၊ တော်တော်ဝေးတဲ့ ဆွေမျိုး သဘောပေမယ့် ကိုယ့်ကြီးတော်လိုပဲ သဘောထားနော်။ သူက အိမ်ကို အကူသဘောနဲ့လာတာလည်း လာတာပေါ့။ ကောင်းကောင်းမွန်မွန် ဆက်ဆံ ကြားလား။ သူနဲ့ပါလာတဲ့ ကောင်မလေးကတော့ ဘာမှမတော် ဘူး၊ ရွာမှာ မိဘမဲ့နေလို့၊ ဒေါ်ခင်ရွှေကလည်း အပျိုကြီးမို့ အဲဒီကလေး လေးကို ခေါ်ကျွေးမွေးရင်း သံယောဇဉ်ရှိနေတာနဲ့ တစ်ခါတည်း ခေါ်လာ စေချင်တော့ ခေါ်လာလိုက်တာပဲ။ အိမ်မှုကိစ္စတွေ သူတို့ပဲ လုပ်လိမ့်မယ်။ သမီး ကြိုက်သလိုခိုင်းနိုင်တယ်၊ ခိုင်းဖို့တော့ အားမနာနဲ့ပေါ့။ သမီး သတ် သာအောင် ပို့ပေးထားတာ"





မေမေက သူနဲ့အတူပါလာသော နှစ်ယောက်ကို သူတို့နေရမယ့်အခန်းတွေ ပြပြီးနောက် ခပ်တိုးတိုးကြိတ်မှာပါသည်။ ချစ်မြတ်နိုးက တော့ မင်းရောင်နဲ့ သူမတို့အခြေအနေကို ဒေါ်ခင်ရွှေတို့ မေမေ့ကို ပြန်မပြောအောင် ဘယ်လိုစည်းရုံးရမလဲဘဲ ခေါင်းထဲတွေးနေမိသည်။

"မောင်မင်းရောင်လည်း အခု သူ့ကုမ္ပဏီကိစ္စနဲ့ မအားတော့ အိမ်သိပ်မကပ်ဘူးထင်တယ်"

"ဟုတ်တယ်၊ အိမ်မကပ်ဘူး"

ချစ်မြတ်နိုးလည်း အလိုက်အထိုက်သာ ပြန်ဖြေနေပေမယ့် တကယ့်တကယ်တော့ မင်းရောင်နဲ့ပတ်သက်သမျှကို ဘာမှမသိပါ။ ကိုယ်ကလည်း မမေး၊ သူကလည်း မပြော။ တကယ့်ကို တစိမ်းပြင်ပြင် ဖြစ်နေတာ။ ဘယ်တုန်းကမှလည်း မရင်းနှီးခဲ့တာမို့ ဘယ်လိုမှ ရင်းနှီး အောင်လုပ်လို့ရတော့မည်မထင်။ တစ်ယောက်နဲ့တစ်ယောက် မာနတွေ မြင့်ကာ ရှိနေကြသဖြင့် သူတို့ချင်းမှာ ပို၍ပို၍ ဝေးကွာနေလေပြီ။

"သမီးတို့နှစ်ယောက် အဆင်ရော ပြေရဲ့လား၊ သူကရော သမီး ကို ကောင်းကောင်းဂရုစိုက်ရဲ့လား"

"အင်း...ဂရုစိုက်ပါတယ်"

"မေမေ့ကို မလိမ်နဲ့နော်"

"ဟာ...မလိမ်ပါဘူး"

"မေမေ...သတင်းကြားထားလို့"

ချစ်မြတ်နိုးရင်ထဲတွင် ဒိန်းခနဲဖြစ်သွားပါသည်။ ဘုရားရေ၊ ဒါတို့အကြောင်းများလား။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းရောင် အပြင်မှာ ကောင်မလေးတစ်ယောက်
တော်တော်တွဲနေတယ် ကြားတယ်၊ ဟိုနေရာတွေ၊ ဒီနေရာတွေဆို
ရှော့ပင်းမောလ်ကို လက်ချင်းချိတ်လာသတဲ့။ ရုပ်ရှင်အတူဝင်ကြ
သတဲ့၊ သူ့ကားပေါ်မှာပါသွားတာ တွေ့သတဲ့။ ကဲ...အဲဒါ ဘာတွေလဲ"

ချစ်မြတ်နိုးကတော့ ဒါဟာ ရှန်းလှဲ့ သတင်းပေးထား
တစ်ယောက်နဲ့ပဲ ဖြစ်မယ်ဟု ချက်ချင်းသိလိုက်သည်။ မင်းရောင်နဲ့
မြတ်နိုးတို့၏ ဆက်ဆံရေးကို မေမေ ရိပ်မိတာမဟုတ်ဘဲ မင်းရောင်
အတွဲသတင်းကို ကြားလာသည်ဆိုတော့ နည်းနည်းရင်အေးသလို
ရင်ထဲမရှင်းသလိုလို။ မေမေ့ဆီ သတင်းပြန်ရောက်တဲ့အထိတောင်
တို့ ဘယ်လောက်ထိ တွဲနေကြလို့လဲ၊ ဘယ်လောက်တောင် ခရီးရော
နေပြီလဲဟူသော အတွေးဖြင့် မနာလိုစိတ်ဝင်လာပါသည်။ သူက
လောက်တောင် ပြတ်သားပြနိုင်လှချည်လားဆိုသော ဒေါသစိတ်
ဝင်လာသည်။

"နှစ်ယောက်သား သိပ်လည်း ရင်းရင်းနှီးနှီးမရှိကြဘူးထင်
မေဦးနဲ့မေမေ တိုင်ပင်ပြီး ပေးလိုက်ကို ဟန်းနီးမွန်းလွှတ်လိုက်တာပဲ၊ အဲ
လည်း ပိုမရင်းနှီးလာဘူး၊ ကြည့်လိုက်ရင် သူစိမ်းတွေလိုပဲ၊ ဘယ်တော့
နှစ်ယောက်အတူတွဲပြီး ဟိုမိဘအိမ်၊ ဒီမိဘအိမ် ဝင်ထွက်သွားလာ
တောင် မရှိကြဘူး။ အမေတွေက တွေ့ချင်ရင် ဒီလာမှ တွေ့တယ်။
ပြန်တော့လည်း တစ်ယောက်မဟုတ်တစ်ယောက်က အိမ်မှာ မရှိ
အဲဒါ ဘာဖြစ်နေကြတာလဲ။ ညားခါစလင်မယားဆိုတာ ဘယ်သူ
သွားသွား မခွဲမခွာပေါ့။ အဲဒီလို ရှိရမှာပေါ့"





"နှစ်ယောက်စလုံး အလုပ်မအားလို့ပါမေမေရာ"

"ကလေးရောမယူချင်သေးတာလား၊ သမီး မလိုချင်သေးလို့
တားဆီးထားသလား"

ချစ်မြတ်နိုး ဖြန်းခနဲရှက်သွားကာ ဘာစကားနဲ့ ပြန်ရှင်းပြရမှန်း
မသိပါ။

"သမီးက နှစ်ဆယ့်ရှစ်နှစ်ရှိနေပြီ၊ ဒီနှစ်မယူသေးရင်တောင်
နောက်နှစ်တော့ ယူရမယ်၊ အဘိုးအဘွားတွေလည်း ကံထူးလို့ မြစ်
ကလေးဘာလေး မြင်သွားရအောင်လုပ်ပေးဖို့ သမီးပေါ်ပဲ မူတည်တာ။
သားသမီးကနေ မြေးလောက်ထိပဲ ကြုံခွင့်ရတဲ့ ဘိုးဘွားက များတယ်။
မြစ်ပါ မြင်ခွင့်ကြုံခွင့်ရတဲ့ ဘိုးဘွားကတော့ ဆယ်ယောက်မှာ လေးငါး
ယောက်ထက်မပိုဘူးလို့ မေမေတော့ ထင်တာပဲ"

ချစ်မြတ်နိုးထံမှာ တုံ့ပြန်သံမကြားရဘဲ အသံတိတ်နေသော
အခါ မေမေက ထပ်မေးလာပြန်သည်။

"ဘာလဲ . . . မောင်မင်းရောင်က ကလေးမယူချင်သေးဘူး
ပြောထားလို့လား"

"ဟာ ... မဟုတ်ပါဘူး၊ မေမေကလည်း ချစ်တို့ အဲဒါကို တစ်ခါ
မှ မဆွေးနွေးမိပါဘူး"

"သူနဲ့တွဲနေတယ်ဆိုတဲ့တစ်ယောက်သတင်းကိုလည်း သူ့ကို
သေသေချာချာမေးပြီး သတိပေးဦး၊ အိမ်ထောင်သက်က ဘာမှမရှိသေး
ဘူး။ ယောက်ျားက အပြင်မှာ ဟိုတွဲဒီတွဲ သတင်းကြားရတာ မကောင်းဘူး"

ပြောစရာရှိတာပြော၊ မှာစရာရှိတာမှာကာ မေမေ ပြန်သွား
တော့မှပဲ ချစ်မြတ်နိုးလည်း အသက်ရှုရဲရဲရှူရဲတော့သလိုဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မချစ်မြတ်နိုး ကျွန်မ ဘာလုပ်ပေးရမလဲ"

ချစ်မြတ်နိုးတစ်ယောက်တည်း ထိုင်ငေးနေမိစဉ် ဒေါ်ခင်ရွှေ ခပ်ယို့ယို့ အနားလာရပ်ကာ မေးတော့မှ စိတ်ကို စုစည်းလိုက်ရသည်။ ဆွေမျိုးသုံးဝမ်းကွဲ တော်စပ်သည်ဆိုသော်ငြား တစ်ခါမှလည်း မတွေ့ဖူး မဆုံဖူး။ ပြီးတော့ သူတို့ကြည့်ရတာ ဆင်းတောင့်ဆင်းရဲ လုပ်ကိုင်ရှာဖွေ ကြီးပြင်းလာရသော တောသူတောင်သားပုံစံမို့ အသက်ငါးဆယ်ပဲ ငါးဆယ်နဲ့မတူဘဲ ပိုပြီးရင့်ရော်နေသည်။ ပြီးတော့ ခပ်ယို့ယို့နှင့်မဝံ့မရဲရှိနေ ပုံလည်း ရသည်။ ဒေါ်ခင်ရွှေအတွက် ဒီရန်ကုန်မြို့မှာ ဒီလိုအိမ်၊ ဒီလို အနေအထားနဲ့ နေခွင့်ရတာဟာ အတော့်ကို အံ့သြဘနန်း ဖြစ်နေပုံ ရသည်။

"ချစ်ကို သမီးလို့ပဲ ခေါ်ပါရပါတယ်"

"ဖြစ်...ဖြစ်ရဲ့လား"

"ရပါတယ်၊ သမီးအရွယ်မို့ သမီးခေါ်တာ စိတ်ဆိုးစရာ မဟုတ်တာ"

"တကယ်တော့ မဝတ်မှုန်က စိတ်သဘောကောင်းပြီး ဆွေမျိုး စပ်ပြလို့ သုံးဝမ်းကွဲတော်တယ်တွေဘာတွေ သိရတာပါ။ ဒီလောက်ကြီး ဝေးမှတော့ အမျိုးလို့တောင် ခေါ်လို့မရတော့ဘူး၊ ရွာမှာ လုပ်ကိုင်စား သောက်ရတာ အဆင်မပြေလို့ ရန်ကုန်မှာ အိမ်ဖော်လေးဘာလေး လုပ် ပါရစေဆိုပြီး ဒေါ်ရွှေအိစိမ့်ဆီ လှမ်းဆက်သွယ်မိရာက သူတို့ကယ်တင်လို့ ဒီရောက်လာရတာပဲ မှတ်ပါတယ်၊ ဒါကြောင့် ဒေါ်ရွှေအိမ်တို့မိသားစုဟာ ကျွန်မရဲ့ကျေးဇူးရှင်တွေပါပဲ"





"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ အဲ ... ဒေါ်ဒေါ်ဆိုတာကြီးက မကောင်း ဘူး၊ ဒေါ်လေးခေါ်ရင် ကောင်းမယ်နော်"

ဒေါ်ခင်ရွှေကတော့ ချစ်စရာရုပ်ရည်လေးနဲ့ သေးသေးသွယ် သွယ် ကျော့ကျော့ရှင်းရှင်းလေး ကြည့်ကောင်းလှသော ချစ်မြတ်နိုးကို သဘောကျပြီး ငေးနေတော့သည်။

"ဟဲ့...မိထွေး...လာဦး၊ ဒီမှာ မမကို လာကန်တော့ချေ"

အသားညိုညို၊ မျက်လုံးပြူးပြူးနဲ့ ခပ်ပုပုကောင်မလေး ပြူးတူး ကြောင်တောင် ပြေးထွက်လာကာ ချစ်မြတ်နိုးကို ကဆုန်ပေါက် ထိုင်ကန် တော့ပါတော့သည်။

"ဟာ...နေပါ၊ မကန်တော့ပါနဲ့၊ ရပါတယ်၊ ကျွန်မ မနေတတ်ဘူး"

"ကျွန်မတင်မကဘူး၊ မိထွေးကိုပါ လက်ခံမယ်ဆိုတော့ သူ့မှလည်း အင်မတန်ကံကောင်းသွားတာပါ သမီးရယ်၊ နောက်မို့ ကျွန်မမရှိရင် မိထွေး ခမျာ ကျွေးမယ့်မွေးမယ့်၊ စောင့်ရှောက်မယ့်လူ မရှိနဲ့ သူများစော်ကားတာ ခံရင် ခံနေရမယ်။ မိထွေးက နည်းနည်းလည်း ညက်ထိုင်းပြီး အကင်းမပါး တော့ ရွာမှာ သူ့ကို ဗိုလ်ကျချင်တဲ့သူချည်းပဲလေ၊ ဒါကြောင့် မိထွေးအနေနဲ့ သမီးတို့လင်မယားကို ကျေးဇူးတင်သင့်တယ်လေ၊ ကိုမင်းရောင်လာရင် လည်း ကန်တော့ရတယ်နော် မိထွေး"

ထိုအချိန်မှာပင် ခြံထဲကို မင်းရောင်ကား ဝင်လာပါသည်။ အိမ် ဘေးရှိ ကားဂိုဒေါင်ထဲသို့ ကားကို တိုက်ရိုက်မောင်းဝင်သွားသည်၊ အော် တိုမက်တစ်ဂိုထောင်တံခါးပိတ်သံတွေကြားရပြီးမှနောက်ဖေးမီးဖိုချောင် တံခါးကို တွန်းဖွင့်ကာ ဝင်လာသည်။ ဒီအိမ်မှာ ကားဂိုဒေါင်မှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်လာချင်လျှင် မီးဖိုချောင်မှတစ်ဆင့် ဝင်လို့ရအောင် တံခါးတစ်ချပ်လုပ်ထားလေရာ ချစ်မြတ်နိုးကအစ အပြင်ကပြန်လာရင် ကားကိုဂိုဒေါင်ထဲတန်းမောင်းဝင်ပြီးတာနဲ့ မီးဖိုချောင်မှတစ်ဆင့် အိမ်ထဲဝင်လေ့ရှိပါသည်။

"မင်းရောင်...ခကာ"

မင်းရောင်က အိမ်အပေါ်ထပ်ကို တန်းတက်သွားမလို့ ခြေလှမ်းလှမ်းနေတာမို့ ချစ်မြတ်နိုး လှမ်းခေါ်လိုက်ရသည်။ ဒေါ်ခင်ရွှေနှင့် မိထူးကတော့ ဖြူဖွေးမြင့်မားကာ ချောမောလှသော မင်းရောင်ကို မင်းသားတစ်ပါးအလား ပါးစပ်ကြီးတွေဟပြီး ငေးနေတော့သည်။

"မေမေ . . . လာပို့သွားတာလေ၊ အိမ်မှာ ဝိုင်းကူပေးဖို့တဲ့၊ ဒေါ်လေးဒေါ်ခင်ရွှေ၊ ဒါက သူ့သမီး မိထူး"

မင်းရောင် တစ်ချက်ပြုံးပြလိုက်ပြီး...

"ဪ...ဪ...ကောင်းတာပေါ့၊ အစ်မအတွက် အဖော်ရတာပေါ့"

ဟုပြောရင်း...

"အခန်းနေရာချပေးပြီးပြီလား"

ဟုရှုပါ ဆက်မေးလိုက်သည်။

"မေမေ အကုန်စီစဉ်ပေးသွားတယ်၊ အဲဒါ မင်းရောင်ကို အသိပေးတာပါ၊ ဒီအဒေါ်ကို ဒေါ်လေးလို့ ခေါ်ပါ၊ သူက ငါတို့နဲ့လည်း ဆွေမျိုးစပ်တော်တယ်"

"အိုကေ"





"ဟယ် . . . ဒီလိုမမှာပါနဲ့ သမီးရယ်၊ အမျိုးတော်တယ်ဆိုပြီး ခိုင်းရဲဘဲနေဦးမယ်၊ ဒီလိုပါ ကိုမင်းရောင်ရယ်၊ ကျွန်မတို့က ဒီကို အိမ်ဖော်သဘောနဲ့ လာရတာပါ၊ ကြိုက်တာခိုင်းပါ၊ အချိန်မရွေး ခိုင်းလို့ရပါတယ်၊ မိထူးကိုလည်း ခိုင်းပါ"

"ကျွန်တော့်ဝေယျာဝစ္စကတော့ သိပ်လုပ်စရာရှိမယ်မထင်ပါဘူး၊ အစ်မအတွက်ပဲ လူလိုလို့ ခေါ်တာမို့ အစ်မကိုသာ သေသေချာချာကူလိုက်ပါ၊ သူက အလုပ်များတယ်လေ၊ ရုံးကိစ္စ၊ အိမ်မှုကိစ္စတွေနဲ့ဆိုတော့..."

မင်းရောင် စကားဖြတ်လိုက်ပြီး အားလုံးကို ဝေ့ကြည့်လိုက်ကာ

"ကဲ...ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်"

အပေါ်ထပ်ကို ပြေးတက်လာခဲ့ပါသည်။ ဒေါ်ခင်ရွှေကတော့ တစ်ယောက်နဲ့တစ်ယောက် စကားပြောတာ ဘယ်လိုကြီးမှန်းမသိ စိမ်းသက်လှသော ညားကာစလင်မယားကို ပထမဦးဆုံးအကြိမ် သတိပြုမိသွားပါသည်။ လင်ယောကျ်ားအလုပ်က ပြန်လာတာကို တစ်ချက်မှမကြိုသော ဇနီးနှင့် အလုပ်ကပြန်လာလာချင်း ဇနီးဖြစ်သူကို တစ်ချက်မှတောင် လှမ်းကြည့်ဖော်မရဘဲ အိမ်ပေါ်တက်ဖို့ ခြေလှမ်းပြင်သော လင်ယောကျ်ားတို့၏ အမူအရာမှာ ပုံမှန်မဟုတ်ဟု ထင်သွားသည်။ ခေါ်ပုံကလည်း "မင်းရောင်"တဲ့၊ "အစ်မ"တဲ့။ နှစ်ယောက်စလုံး တစိမ်းတွေလို ခေါ်ပြောဆက်ဆံနေပုံကြောင့် ဒေါ်ဝတ်မှုန် ဒီကိုမလာခင် မှာလိုက်တာကို ပြန်ကြားယောင်မိပါသည်။

"မခင်ရွှေကိုတော့ ကိုယ့်အချင်းချင်းတွေမို့ သေသေချာချာပြောထားမယ်နော်၊ မောင်မင်းရောင်နဲ့ သမီးတို့အိမ်ထောင်ရေးအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဆိတ်လောက် မသိမသာ အကဲခတ်ပေးပါ၊ သူတို့ကြည့်ရတာ အဆင်မပြေဘူးလို့ ကျွန်မ သံသယရှိနေတယ်၊ ကောင်လေးကလည်း အပြင်မှာ ဟိုလူနဲ့တွဲ၊ ဒီလူနဲ့တွဲ ခပ်ရှုပ်ရှုပ်ဖြစ်နေသလို အသံကြားတော့ ကိုယ့်သမီးလေးအတွက်လည်း ရင်လေးမိတယ်။ သမီးက အိမ်ထောင် ချင်သေးရာတာ မဟုတ်ဘူး၊ အဘွားတွေကြောင့် အမေတွေ တိုက်တွန်း လို့ သူတို့ ယူဖြစ်ကြတာဆိုတော့ ကြားထဲမှာ အဆင်မပြေတာလေးတွေ ရှိကောင်းရှိနေမှာလို့ ထင်တယ်လေ၊ မခင်ရွှေ သိသမျှလေးတွေ ကျွန်မ အမြဲသတင်းပို့ပေးပါရှင်၊ အမှန်အတိုင်းပြောရရင် ကိုယ့်သမီးအိမ် ကိုယ့်ရဲ့လူယုံထည့်ထားတဲ့သဘောပါပဲ"

အင်း . ... ဒီအတိုင်းဆို ဒေါ်ဝတ်မှုန်မှာတာ မလွန်ဘူး၊ ထင် အတိုင်းပါပဲလားလို့ ဒေါ်ခင်ရွှေ တွေးမိကာ ညအိပ်ရာဝင်ရင် မိထူးကို ကျိတ်သင်ထားရမည်ဟူ၍လည်း ခေါင်းထဲမှာ အကြံထုတ်နေမိသည်။

× × ×

# (၁၃)

မနက်အိပ်ရာထကတည်းက မင်းရောင်မှာ ကိုယ်လက်မအီ သာဖြစ်လျက် မျက်ရိုးတွေ ကိုက်နေမှန်း သူ့ကိုယ်သူ သတိထားမိသွား သည်၊ ညက ရေချိုးပြီးပြီးချင်း ပူအိုက်သည်ဆိုကာ အဲယားကွန်းကို အမြင့်ဆုံးတင်ရင်း ကွန်ပျူတာရှေ့ထိုင်ကာ တမေ့တမေ အလုပ်လုပ်မိ သည်။ အလုပ်ထဲ ရှာန်ဝင်နေလျှင် နာရီတွေ၊ဘာတွေ မေ့နေတတ်သော အကျင့်အတိုင်း ထိုင်နေမိရာ မနက်သုံးနာရီကျမှ အိပ်ချင်လွန်းလာ သောကြောင့် ဝင်အိပ်လိုက်ပါသည်။ မနက်ကျ အလုပ်ကို ကိုးနာရီမသွား တော့ဘဲ အိပ်ရာနိုးမှပဲ သွားတော့မည်ဟု စိတ်ကူးထားပြီး တစ်ဝအိပ်မလို့ ကြံထားခဲ့ပေမယ့် မနက်ကျ ခြောက်နာရီကျော်မှာ ခေါင်းတွေတဒိန်းဒိန်း ဖြစ်ပြီး ပြန်နိုးလာခဲ့ပါသည်။ ခုတော့ သိပ်နေမကောင်းချင်သလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သူ့ဘာသာ သတိထားမိလေရာ အတော်စိတ်ပျက်သွားပါသည်။

မကောင်းပြီး အိပ်ရာထဲလဲနေရမှာကို သူ မနှစ်သက်ဆုံးဖြစ်သည်။

ပေပေတေတေလုပ်ပစ်မယ်တွေးကာ မနက်အစောကြီး

ခေါင်းလျှော်ပစ်လိုက်သည်။ မနက်ခုနစ်နာရီခွဲလောက် အောက်ဆ

လာသောအခါ လစ်ပတန်တီးတစ်ခွက်၊ ပေါင်မုန့်မီးကင်တစ်ချပ်နှင့်

နယ်ထိုင်ဖတ်နေသော ချစ်မြတ်နိုးကို တွေ့ရသည်။ မနက်စောစော

လေ့မရှိသော မင်းရောင်နဲ့ မနက်စောစောထတတ်သော ချစ်မြတ်နိုး

ဘယ်တုန်းကမှ မနက်စာဝိုင်းမှာ မဆုံဖူးလေရာ ချစ်မြတ်နိုးက အ

ကြီးထလာတာ မင်းရောင်ကို တစ်ချက်သာ မျက်လုံးလှန်ကြည့်သည်။

ဒေါ်ခင်ရွှေကတော့ နှစ်ယောက်တွေ့ဆုံမှုမှာ တိတ်ဆိတ်

ကားလှသော လင်မယားကို အခုတော့ မြင်ရတွေ့ရတာကြာတော့

ဆန်းတော့သလို ဖြစ်နေသည်။ သူတို့ချင်း တစ်ခန်းတည်း အတူမနေ

တစ်ယောက်တစ်ခန်းစီနေကြောင်း ဒေါ်ခင်ရွှေကို အသိပေးပြီးလျှင်...

"မေမေတို့ကိုတော့ သွားမပြောပါနဲ့၊ ချစ်တို့ အကြောင်း

ဒီလိုနေတာပါ။ ကျန်တာ ဘာပြဿနာမှ မရှိပါဘူး"

ဟု လေသံမာမာဖြင့် သတိပေးသလိုမှာသော ချစ်မြတ်

ကြောင့် ဒေါ်ခင်ရွှေမှာ တော်တော်အခက်တွေ့သွားသည်။ ဒေါ်ဝတ်မှုန်

လည်း သိသမျှ သူ့ကို ပြန်ပြောစေချင်။ ဒီဘက်မှာကလည်း မလိုအပ်

မပြောဖို့ ကြိုတင်သတိပေးနှင့်မို့ တော်တော့်ကို အခက်တွေ့နေသူ

ဒေါ်ခင်ရွှေတည်း။

"ဟပ်ရှီး"





မင်းရောင် နှာတစ်ချက်ချေလိုက်သဖြင့် ဒေါ်ခင်ရွှေက...

"ကိုမင်းရောင် နေမကောင်းဘူးလား"

ဟု သတိထားပြီး မေးမိသည်။

"ကောင်းပါတယ် ဒေါ်လေး၊ ကျွန်တော့်ကို ကော်ဖီတစ်ခွက်လောက်"

"ရမယ်...ရမယ်...မုန့်ရော"

"ရတယ်၊ မစားတော့ဘူး၊ ကော်ဖီပဲ"

မင်းရောင် ထမင်းစားစားပွဲ၏ တစ်ဖက်မှာ ဝင်ထိုင်လိုက်ပါသည်။ ဟိုတစ်ခါ မေမေပေးသွားသော ဆေးတွေရှိသဖြင့် ကိုးလ်အင်န်ဖလူး (Cold & Flu) ဆေးပြားတစ်ပြားကို ကော်ဖီရောက်လာတာနဲ့ သောက်ချလိုက်သည်။ ဘာမှတော့ မဖြစ်သေးပေမယ့် ကြိုတင်သောက်လိုက်တဲ့သဘောပင်။

ချစ်မြတ်နိုးကတော့ နေနေကျပုံစံအတိုင်း တစ်ချက်မှလည်း မကြည့်၊ မမေး။ ဂျာနယ်ကိုသာ စိတ်ဝင်တစား ဖတ်နေတော့သည်။ အဲဒီလိုနေတဲ့အတွက် မင်းရောင်အနေနဲ့လည်း ဘာမှမခံစားရ။ ဒါဟာ သူတို့နေ့စဉ်ဆက်ဆံနေကျ ပုံမှန်အမူအရာလို ဖြစ်နေသည်။

မင်းရောင်၊ ကော်ဖီသောက်ပြီးတာနဲ့ နာရီတစ်ချက်ကြည့်လိုက်သည်။ အိမ်ထဲမှာ အောင်းမနေချင်တာနဲ့ အပြင်ထွက်ဖို့ စဉ်းစားသည်။

ဒီနေ့ ခရစ်စတယ်နဲ့တွေ့ဖို့လည်း ချိန်းထားသဖြင့် အပြင်ကို ထွက်မှဖြစ်မည်။ ရုံးရောက်၊ အလုပ်လုပ်စရာရှိတာ လုပ်နေရင်း လူက တိုယ်တွေ့ပူနေသလိုလို ခံစားလာရပေမယ့် တကယ့်တကယ် အများ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကြည့်တော့လည်း သိပ်မရှိ။ (မင်းရောင်က ဆရာဝန်ကြီးသားမို့ အဖျားဘယ်လိုတိုင်းရမလဲ၊ သာမိုမီတာ ဘယ်လိုသုံးရမလဲဆိုတာ သိပါသည်) ထိုအချိန်တွင် ဖုန်းမြည်လာသည်။ ကြည့်လိုက်တော့ ခရစ်စတယ်ဆီမှ ဖုန်းဖြစ်နေသည်။

"ဟယ်လို…ခရစ်စတယ်"

"ဟယ်လို…ကိုမင်း"

"ကိုယ်တို့ နေ့လယ်တွေ့ကြဖို့ရှိတယ်နော်"

"အင်း . . . သိပါတယ်၊ အဲဒီအချိန်ထိတောင် တို့ မစောင့်နိုင်တော့ဘူး"

"တွေ့ချင်လှပြီလား"

"တွေ့ချင်လှပြီတော့ မဟုတ်ဘူး၊ တို့ မေးစရာတစ်ခုရှိလို့"

"အခု မေးလေ"

"မမေးသေးပါဘူး၊ ကိုမင်းရဲ့မျက်နှာကိုသေသေချာချာကြည့်ပြီးမှ မေးမယ်၊ မေးချင်တယ်၊ အဲဒါကြောင့်ပါ"

"ဘာများလဲ၊ ကိုယ် တကယ်စိတ်ဝင်စားသွားပြီ"

"ဒါဆိုလည်းအခုအားရင်အခု ထွက်လာခဲ့လေ၊ တို့က ကိုယ့်ပိုင်ဆိုင်ဆိုတော့ အမြဲအားတယ်၊ တကူးတက အချိန်ပေးပြီး အပြင်ထွက်ရတဲ့သူ မဟုတ်ဘူးလေ"

"အိုကေ . . . ဒါဆိုလည်း ကိုယ် ခုပဲ ထွက်လာခဲ့မယ်၊ ကိုယ့်အိမ်ကိုလည်း ခပ်စောစောပြန်ပြီး အနားယူချင်နေလို့၊ ကိုယ် သိပ်နေမကောင်းဘူး"





မင်းရောင် ခပ်ရွှဲရွှဲပြောလိုက်မိသည်၊ ခရစ်စတယ်က ဂရုစိုက် မေးမည်ထင်ပေမယ့် မမေးဘဲ…

"အိုကေ…တွေ့ကြမယ်လေ"

ဟုသာ ပြောကာ ဖုန်းချသွားသဖြင့် စိတ်ထဲမှာ နည်းနည်းတုန်းသည်ဟု ထင်နေပါသည်။ ခရစ်စတယ်က အရင်ကဆိုရင်တော့ သူ့အပေါ် ပျာပျာသလဲနှင့် ဂရုတစိုက်ရှိလှသည်။ သူနဲ့ခရစ်စတယ်က ရှင့်လင်းစွာ ချစ်သူရည်းစား ဖြစ်နေကြသူတွေမို့ သူ နေမကောင်းသလို ဖြစ်နေတဲ့သတင်းကို ခရစ်စတယ်လည်း ကြားရလျှင် ဘာပဲဖြစ်ဖြစ် ဂရုစိုက်မေးရမှာ၊ ဘာများစိတ်ကောက်နေပါလိမ့်။

ကားမောင်းပြီး ခရစ်စတယ်နဲ့တွေ့ဖို့ ထွက်လာခဲ့ပါသည်။ ခရစ်စတယ်က လူစည်ကားလှသော မြို့နယ်ကြီးမှာ အဝတ်အစားအရောင်းဆိုင်အကြီးကြီးကိုဖွင့်ပြီး စီးပွားရေးလုပ်နေသူဖြစ်သည်။ ဒါ့အပြင် ဝါသနာအရ ဓာတ်ပုံမော်ဒယ်သီးသန့်လုပ်သေးသည်၊ ခရစ်စတယ့်ဆီသွားလျှင် ကော်ဖီဆိုင်ထိုင်ဖို့၊ စားသောက်ဆိုင်၊ အအေးဆိုင်ထိုင်ဖို့ တကူးတက ရှာရှာနေစရာလည်း မလို၊ နေရာတိုင်းမှာ ဆိုင်ကြီးဆိုင်ကောင်းတွေနဲ့ ပြည့်နေတာ။ ဆိုင်တိုင်းကလည်း နာမည်ရသော နာမည်ကြီးဆိုင်တွေဖြစ်သည်။

မင်းရောင် ရောက်သွားသောအခါ အသင့်စောင့်နေဟန်တူသော ခရစ်စတယ်က ဆိုင်ထဲမှ ချက်ချင်းထွက်လာပြီး မင်းရောင်ကားတံခါးကို ဆွဲဖွင့်၍ ဝင်ထိုင်လိုက်တော့သည်။

"ဟေး…ဟန်နီ၊ ချစ်လေး ဘာဖြစ်နေတာလဲ၊ မျက်နှာကြီး ပုပ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဆိုင် သွားမယ်၊ အဲဒီကျမှ စကားပြောစရာရှိတာ ပြော ကြမယ်"

ခရစ်စတယ်က မင်းရောင် သူ့ပုံးလေးကို ဆွဲဖျစ်လိုက်ခြင်းအား ဖျတ်ခနဲရှောင်ကာ ခပ်တည်တည်ပြောလေသည်။ မင်းရောင် အံ့သြသွား ပါသည်။

"အခု စကားမပြောရဘူးလား"

"ကိုမင်း ကားမောင်းနေတုန်း မပြောချင်ဘူး"

"တကယ့်ကို serious (ဆီးယီးရက်စ်) ကြီးပါလား၊ ဘာပါလိမ့်"

မင်းရောင် ခေါင်းထဲမှာ ပိုကိုက်လာသလိုတောင်ထင်ကာ နား ထင်ကို တစ်ချက်ထောက်၍ နှိပ်လိုက်ပါသည်။

"နေမကောင်းနေတာလား"

ခရစ်စတယ် ဂရုတစိုက်မေးဖော်တော့ ရပါသည်။

"ကိုယ် မနက်အိပ်ရာထကတည်းက နေမကောင်းဖြစ်ချင် တား၊ အိမ်မှာ လှဲမနေချင်တာနဲ့ ဆေးတစ်လုံးသောက်ပြီး ထွက်လာတာ"

ခရစ်စတယ်က စူးစမ်းသလိုကြည့်ပြီး တစ်စုံတစ်ရာ ပြော မလိုပြင်ပေမယ့် နောက်တော့ မပြောတော့ဘဲ တစ်ဖက်လှည့်သွားတာ လည်း မင်းရောင် သတိထားမိလိုက်ပါသည်။ ဒါနဲ့ပဲ အနီးအနားမှာ သော သူတို့ မကြာခဏ ထိုင်နေကျကော်ဖီဆိုင်မှာကိုသာ ရွေးလို ပါသည်။ ကော်ဖီဆိုင်အဖြစ် Cafe (ကဖေး)အမည်သာ တပ်ထားပေမ အအေး၊ အပူ၊ တရုတ်စာ၊ ဥရောပစာ၊ ဘာဂါ စသဖြင့် တွဲရောင်း ဆိုင်မျိုးဖြစ်သည့်ပြင် ဒီဆိုင်ရဲ့ ထူးခြားချက်က စီဒီနဲ့ သီချင်းဖွင့်ထား





မျိုးမရှိ။ မနိမ့်မမြင့် စတိတ်စင်အသေးလေးမှာ တူရိယာပစ္စည်းတစ်မျိုးကို သာ တီးခတ်ပြီး သီချင်းအေးအေးလေးတွေဆိုသော အဆိုရှင်တစ်ဦးက တော့ အမြဲထားထားတတ်သည်။ ဟော်လိုကစ်တာတစ်လုံးနဲ့ဖြစ်ဖြစ်၊ စန္ဒရားတစ်လုံးနဲ့ဖြစ်ဖြစ်၊ တစ်ခါတလေ တယောထိုးကာ ဆိုတတ်သော ဝါသနာရှင်တွေ တစ်နေ့တစ်မျိုး တွေ့ရတတ်သောကြောင့် ဒီဆိုင်ကို မင်းရောင်ကြိုက်သည်။ ထို့အတူ ခရစ်စတယ်လည်းကြိုက်ပါသည်။

ခရစ်စတယ်နဲ့မင်းရောင်တို့က အကြိုက်ချင်း အတော်များများ တူလှသဖြင့် မင်းရောင်ကိုယ်တိုင် လိုလိုလားလားပင် ချစ်သူအဖြစ် ရွေး ဖို့ ဆုံးဖြတ်မိခဲ့သူ မိန်းကလေးတစ်ဦးလည်း ဖြစ်ပေလေသည်။ ဒီလို ချစ်သူ တစ်ယောက်ကောက် ထားလိုက်သည့်အတွက်လည်း သူ့ကိုယ်သူ အပြစ် ရှိတယ်လို့ လုံးဝမမြင်။ သူနဲ့ချစ်မြတ်နိုးတို့ရဲ့ အခြေအနေဟာ တစ်နေ့ ချင် ဘယ်ကိုဦးတည်နေမလဲဆိုတာကို သူ့စိတ်ထဲတွင် အလိုလို ခံစား သိရှိနေကာ ချစ်မြတ်နိုးဆိုသော မိန်းမတစ်ယောက်ကို မေ့ထားရင်း မေ့ ထားရင်းနဲ့ သူ့ဘဝထဲတွင် မရှိတော့သလိုတောင် ခံစားနေရတာ အမှန် တည်း။

"Latte (လာတေး)နှစ်ခွက် ပေးပါ"

ခရစ်စတယ်က သူမနဲ့မင်းရောင် သောက်နေကျကော်ဖီကို မှာလိုက်ပါသည်။ ဝိတ်တာအနားမှာ မရှိတော့သောအခါမှ...

"ကိုမင်းအကြောင်း သတင်းတစ်ခုကြားထားခဲ့တယ်"

ဟု တည်ငြိမ်အေးစက်သော မျက်လုံးတွေနဲ့ စပြောပါသည်။ မင်းရောင် တစ်ချက်ပြုံးလိုက်မိ၏။

www.burmeseclassic.com



"ခရစ်စတယ်ကြားခဲ့တာဟာ ကိုယ့်မှာ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ရှိတယ်ဆိုတာပဲ မဟုတ်လား"

"ဟုတ်တယ်၊ ကြားခါစက ယုံတောင်မယုံဘူး၊ အံ့သြလွန်းလို့ ပြီးတော့ ရက်လွန်းလို့ ချက်ချင်းတောင် သတ်သေပစ်ချင်စိတ် ဖြစ်သွားတယ်"

"ကိုယ် ဟန်နီ့ကို လိမ်ထားခဲ့မိသလို ဖြစ်သွားတယ်၊ ဆောရီး"

"ဘာ . . . ဘာရယ်၊ ဘာဆောရီးလဲ၊ ဒီလိုကိစ္စမျိုးဟာ ဆောရီး တစ်လုံးတည်းနဲ့ ပြီးလိုက်လို့ဖြစ်မလား"

"ကိုယ်က..."

"ပြောပြဖို့ကို ရည်ရွယ်ချက်ရှိခဲ့တာ မဟုတ်ဘူး၊ မဟုတ်လား၊ တမင် တို့ကို လာအရူးလုပ်ခဲ့တာမဟုတ်လား"

ခရစ်စတယ့်မျက်နှာမှာ ညှိုးမည်းတင်းမာပြီး လေသံတွေ မာနေ ပေမယ့် သူမက တော်တော့်ကို စိတ်ထိန်းနိုင်သော မိန်းကလေးပဲဖြစ် သည်။ ပေါက်ကွဲအော်ဟစ်ပစ်လိုက်သင့်ပေမယ့် အဲဒီလိုအပြုအမူမျိုးကို ထိန်းချုပ်ထားနိုင်တာ တွေ့ရပါသည်။ မင်းရောင်ရင်ထဲမှာတော့ ကွဲကြေ ကာ စိတ်မကောင်းဖြစ်နေပါသည်။ ဒီမိန်းကလေးကို ရင်ထဲမှာ ဒဏ်ရာ အနာတရဖြစ်အောင် လုပ်မိပြီ။

"မဟုတ်ပါဘူး ဟန်နီရယ်၊ ကိုယ့်မှာ ဘာရည်ရွယ်ချက်မှ မရှိ ပါဘူး၊ မင်းကို မနာကျင်စေချင်ပါဘူး၊ မင်းနဲ့ စတင်ခင်မင်ရာကနေ တဖြည်းဖြည်း ရင်ထဲမှာ ချစ်မိလာလို့ ချစ်သွားတာပါ။ ကိုယ် အမှန်အတိုင်း ပြောရရင် ကိုယ့်မိန်းမဆိုတဲ့ မိန်းမတစ်ယောက်ကို ဘယ်တုန်းကမှ သတိ





တရ မရှိခဲ့ဘူး။ ကိုယ် သူ့ကို အမြဲတမ်း စက္ကန့်တိုင်း မိနစ်တိုင်း မေ့နေတာ၊ တကယ်ပြောတာပါ။ ကိုယ်တို့နှစ်ယောက်က အဝေးကြီးမှာ နေနေကြတဲ့ သူတွေလိုပါပဲ ခရစ်စတယ်ရယ်၊ မင်း နားလည်အောင် ကိုယ် ဘယ်လို ရှင်းပြရမှန်းမသိဘူး။ မင်းကို တမင်မပြောပြတာလည်း မဟုတ်ဘူး၊ ခုချိန် ထိ ကိုယ့်ကိုယ်ကိုယ် မိန်းမရှိတဲ့လူလို့ မခံစားရလို့ မပြောမိသလို ဖြစ်သွား တာပါ"

ခရစ်စတယ်ကတော့ ရယ်စရာအကောင်းဆုံး ဟာသတစ်ခုကို ကြားလိုက်ရသလိုပဲ၊ ရယ်မောပစ်လိုက်ပါသည်။ နာကျင်သော ရယ်မော သံကို မင်းရောင် ကရုဏာသက်သွားပါသည်။

"တစ်အိမ်တည်းအတူတူနေပြီး ကိုယ်နဲ့ တစ်အိပ်ရာတည်း အတူတူအိပ်နေတဲ့မိန်းမ မနက်မိုးလင်းလို့ အိပ်ရာထရင် ကိုယ့်ဘေးမှာ ရှိနေတဲ့ အရင်ဆုံးမြင်ခွင့်ရတဲ့ မိန်းမကို မေ့နေတယ်ဆိုတော့ ရှင့်မှာ တော်တော်ထူးဆန်းတဲ့ စိတ်ရောဂါဖြစ်နေလို့ဖြစ်မယ်"

"မဟုတ်ဘူး၊ ကိုယ်တို့က..."

မင်းရောင်အပြောရခက်သွားပါသည်။ ဒီကိစ္စက ပြောရင်လည်း တမင်ထွင်သလို ဖြစ်နေမလား။ ပုံပြင်၊ ဝတ္ထု၊ ရုပ်ရှင်ဆန်ဆန်များ ဖြစ် နေမလား။

"လွန်ခဲ့တဲ့လေးလကမှ လက်ထပ်ခဲ့တဲ့ ယောက်ျားတစ်ယောက် ဖြစ်ပြီး အလွယ်တကူ ဖောက်ပြန်တတ်တဲ့ ရှင့်စိတ်ကို တကယ်ရွံရှာ မိတယ်"

"မဟုတ်ဘူး ခရစ်စတယ်၊ မဟုတ်ဘူး၊ ကိုယ် အဲဒီလိုသဘောနဲ့ ဆုံးလုပ်ခဲ့တာ မဟုတ်ဘူး၊ ကိုယ် ခရစ်စတယ့်ကို လက်ထပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



တောင် ခဏခဏ စိတ်ကူးမိပါတယ်၊ ကိုယ် သူ့ကို အကျိုးအကြောင်း ပြောပြပြီး လမ်းခွဲကြရင်...”

“အိုးဟိုး... ပြောတော့ လွယ်လိုက်တာ၊ ဟိုက လက်ခံဦးမှကိုး။ ဘယ်မိန်းမမှ ကိုယ့်ကိုယ်ကိုယ် တစ်ခုလပ်အဖြစ်မခံချင်ပါဘူး၊ကိုမင်းရောင်၊သူ့မှာ ဘာအပြစ်မှမရှိဘဲ လမ်းခွဲမယ်လို့ ရှင် သွားပြောရဲလား”

“ကိုယ်နဲ့သူ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မပတ်သက်ဘူး၊ ဘာသံယောဇဉ်မှ မရှိကြဘူး၊ မိဘတွေ သဘောတူလို့ ယူခဲ့ရပေမယ့် ကိုယ်တို့ ခုထိ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေခဲ့ကြပါဘူး၊ သူ့မှာလည်း သူ တကယ်လက်ထပ်ယူချင်ခဲ့တဲ့လူတစ်ယောက် ရှိခဲ့တယ်ဆိုတာ ကိုယ် သိထားပါတယ်... ဟန်နီ၊ ကိုယ်နဲ့သူ လမ်းခွဲလိုက်ခြင်းဟာ ကိုယ်တို့နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြေရှင်းမှုပဲ”

ခရစ်စတယ်ကတော့ ယုံခြင်းတစ်ဝက်၊ မယုံခြင်းတစ်ဝက်ဖြင့် စူးစိုက်ကြည့်ကာ နားထောင်နေသည်။

“ကိုယ့်ကို ယုံပါ။ ခရစ်စတယ် ကိုယ် လိမ်ညာမပြောပါဘူး။ ကိုယ်နဲ့ခရစ်စတယ် လက်ထပ်ပြီး အင်္ဂလန်ကိုထွက်သွားရင် ကိုယ်တို့ ဘယ်သူမှ ရင်ဆိုင်စရာမရှိတော့ပါဘူး”

“သိပ်လည်း ဆန္ဒမစောပါနဲ့လေ၊ ကိုမင်းဘက်ကသာ ကိစ္စ ရှင်းအောင် လုပ်ပါဦး၊ တစ်ဖက်မှာ မရှင်းမလင်းဘဲနဲ့တော့ တို့ အသည်း အနောင်းမယားအဖြစ်မခံနိုင်ဘူး၊ ဘယ်မိန်းမမဆိုကိုယ့်ချစ်သူရဲ့မိဖုရားခေါင် ဖြစ်ချင်ကြတယ်”

“အိုကေ၊စိတ်ချ၊ကိုယ့်ဘက်ကအသေအချာရှင်းလိုက်ပါ့မယ်”





“ဒီနေ့ကစပြီးတို့ကိုလာမတွေ့ပါနဲ့၊တို့နဲ့လည်းအဆက်အသွယ်မလုပ်ပါနဲ့၊ ကိုမင်းဘက်က ကိစ္စတွေရှင်းအောင်သာ လုပ်ခဲ့ပါ၊ အဲဒီနေ့ကို စောင့်နေမယ်၊ တို့ကို ယုံ။ တို့ ကိုမင်းကို ချစ်တယ်၊ ဘာအပြစ်တွေပဲရှိရှိ ချစ်နိုင်တယ်၊ ဒီတော့ ကိုမင်း တို့ဆီကို လူလွတ်တစ်ယောက်အဖြစ်နဲ့ ရောက်လာမယ့်နေ့ကိုပဲ စောင့်ပါ့မယ်”

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဝုန်းဟူသော လဲပြိုသံလိုလို၊ တစ်ခုခု ပြုတ်ကျသံလိုလို အသံ ကျယ်ကျယ်ကြောင့် ချစ်မြတ်နိုး မေးခနဲ အိပ်ပျော်သွားရာမှ လန့်နိုးသွား ပါသည်။ အိပ်ရာဘေးက စားပွဲလေးမှာရှိတဲ့ နာရီကိုကြည့်လိုက်တော့ ညတစ်နာရီကို ညွှန်ပြနေသည်။ ဘာပါလိမ့်။ ဘာပြုတ်ကျတာပါလိမ့် နေဦး၊ မင်းရောင် ငါ အိပ်ရာဝင်တဲ့အထိ အိမ်ပြန်မရောက်သေးဘူး၊ အခု သူ ပြန်ရောက်လာတာလား၊ အသံက သူ့အခန်းဘက်ကလာတဲ့အသံ များလား။ ချစ်မြတ်နိုး နားဆက်စွင့်နေစဉ် ထပ်၍ တွန်းတိုက်လဲပြို ကြားရပြန်သည်။ ချစ်မြတ်နိုး ငြိမ်မနေနိုင်တော့ဘဲ ထကြည့်ဖို့ စိတ်ကူး လိုက်သည်။ သူနိုးဖြစ်ဖြစ်ဝင်လို့ မင်းရောင်နဲ့တွေ့ပြီး သတ်ပုတ်နေ တာများလားလို့ ကြဲဖန်တွေးမိသည်။





မင်းရောင်နေသော နှစ်ယောက်အိပ် အိပ်ခန်းဘက်ရောက် တော့ အခန်းတံခါးက စေ့ရုံစေ့ထားတာ တွေ့ရသည်။ ချစ်မြတ်နိုး စိတ်ကို ဆုံးဖြတ်လိုက်ပြီး…

"မင်းရောင်…မင်းရောင်…ဘာဖြစ်တာလဲ"

ဘာမှတုံ့ပြန်သံမကြားရလေရာ ချစ်မြတ်နိုး တံခါးကို အသာ တွန်းကြည့်လိုက်သည်။

"ဟင်…ဘယ်လိုဖြစ်နေတာလဲ"

ရေချိုးခန်းဘက် အဝတွင်လဲနေသော မင်းရောင်ကို တွေ့လိုက် ရသည်။ အပြင်ကပြန်လာသော အဝတ်အစားတွေပင် မလဲရသေး။ ချစ် မြတ်နိုး ချက်ချင်း အဲဒီနား ရောက်သွားပါသည်။

"မင်းရောင် … မင်းရောင် … နင် ဘာဖြစ်နေတာလဲ၊ ချော်လဲ တာလား၊ ဟင်း…အရက်နံ့ကလည်း မွှန်ထူနေတာပဲ၊ ကြည့်စမ်း၊ အရက် သောက်ပြီး မူးလဲနေတာ၊ ငါ ဒါမျိုးဆို လုံးဝမကူဘူးမှတ်"

ချစ်မြတ်နိုး ဖျတ်ခနဲပြန်လှည့်လျှင်…

"အဲဒီလောက် အသည်းမာပြမနေပါနဲ့၊ ခင်ဗျားကို ကျွန်တော် ဘာလည်း မချစ်ပါဘူး"

ဟု ပြောသံနှင့်အတူ လက်ကောက်ဝတ်ကို လှမ်းဆွဲထားတာ ခံလိုက်ရသည်။ အသားချင်းထိတော့မှ သူ့လက်ဖဝါးတွေ ပူခြစ်နေမှန်း သတိပြုမိ၏။

"နင်…ငါ့လက်ကို လွှတ်"

"မလွှတ်ဘူး…မချစ်မြတ်နိုး၊ ခင်ဗျားနဲ့ကျွန်တော် ဒီညပဲ အပြီး ဆုံးရှင်းစရာရှိတယ်"

www.burmeseclassic.com



မင်းရောင် လူးလဲထရပ်လိုက်ပါသည်။

ချစ်မြတ်နိုးက ထိတ်လန့်ဟန်ဖြင့် လက်ကောက်ဝတ်ကို မရ မကာရုန်းကန်နေသလို သူမကို ချုပ်ကိုင်ထားသည့် မင်းရောင်လက်ကို လည်း ထုရိုက်နေသည်။

"ကျွန်တော် နေမကောင်းဘူး၊ ဒီနေ့ ဖျားနေတယ်၊ လူလည်း ဖျားနေတယ်၊ အချစ်လည်း ဖျားနေတယ်၊ ဒါကြောင့် စိတ်ညစ်လို့ အရက် တွေသောက်ပစ်လိုက်တယ်"

"နင် . . . အရက်မူးနေတယ်၊ ငါ နင့်နားမှာ မနေနိုင်ဘူး၊ ငါ့ကို အခုလွှတ်စမ်း"

"ကျွန်တော့်ဘဝ ခင်ဗျားကြောင့် ချောင်ပိတ်မိနေတယ်၊ ဘာ လွတ်လပ်ခွင့်မှမရှိတော့ဘူး၊ အားလုံးပဲ၊ ဘဝတစ်ခုလုံးပဲ၊ နှလုံးသား မလွတ်လပ်တော့ဘူး၊ ကျွန်တော်ချစ်တဲ့သူကိုပါ လွတ်လွတ်လပ်လပ် ချစ်ခွင့်မရတော့ဘူးဗျာ၊ ခင်ဗျားဟာကျွန်တော့်ဘဝကိုအကျဉ်းကျအောင် ကျိန်စာတိုက်ထားတဲ့ မိန်းမပဲ၊ ခင်ဗျား နိုင်ပါတယ်"

"နင်ကြိုက်တာ နင်လုပ်လို့ ပြောထားတယ်လေ၊ ငါက ဘာ ချုပ်ချယ်လို့လဲ"

"ကျွန်တော်နဲ့ခင်ဗျား ခုချက်ချင်း ကွာရှင်းကြမယ်ဆိုရင် ခင်ဗျား ဘာပြောချင်လဲ၊ ဟန်နီကပြောတယ်၊ ကျွန်တော့်ဘက်က ရှင်းရှင်းလင်း လင်းဖြစ်ရင် သူ့ဆီ အချိန်မရွေး လာခဲ့ပါတဲ့။ သူ အမြဲတမ်း စောင့်နေမယ် တဲ့ . . . သိလား၊ ဘယ်လောက်လိမ္မာပြီး ချစ်တတ်တဲ့မိန်းကလေးလဲ ဆိုတာ"





မင်းရောင် ချစ်မြတ်နိုး၏လက်ကို လွှတ်ပေးလိုက်ကာ သူ့ကိုယ် သူတော့ မဟန်နိုင်တော့ဘဲ နှစ်ယောက်အိပ်မွေ့ရာပေါ် ကန့်လန့်ဖြတ် ပစ်လဲသွားပါသည်။ ပြီးတော့ အရက်မူးလွန်တာရော၊ အဖျားရှိန်ရှိတာ ရော ပေါင်းပြီး လူက သတိမေ့သလိုလိုပုံစံဖြင့် ငြိမ်သက်တိတ်ဆိတ်သွား ခဲ့သည်။

ချစ်မြတ်နိုးမှာ အဖြစ်အပျက်ကို မယုံနိုင်သလို တအံ့တသြဖြစ် လျက် ကြောင်ငေးနေမိပါသည်။ ခုနကတော့ ဒီအခန်းထဲကနေ အတောင် ပံပေါက်ပြီး ထွက်ပြေးသွားချင်လောက်အောင် ဖြစ်နေခဲ့ပေမယ့် အခု တော့ မသွားချင်တော့။ မင်းရောင် ဘာတွေဆက်ပြောမလဲဆိုတာ ကြား ချင်၊ သိချင်နေမိသည်။

ရင်ထဲမှာလည်း တထိတ်ထိတ်ခုန်နေသည်။ ဘုရားရေ . . . ငါ ဖြစ်ချင်တဲ့အဖြစ်မျိုး တကယ်ဖြစ်လာပြီ၊ မြန်လှချည်လား၊ ဒီလောက်ထိ မြန်မယ်လို့တောင် မထင်ဘူး၊ ငါ့ကို စိတ်ပျက်ပြီး နောက်အသစ်ရှာ၊ ငါနဲ့ လမ်းခွဲ၊ ကိုယ့်လမ်းကိုယ်လျှောက်ဆိုတဲ့အဖြစ်မျိုး ငါ တကယ်မျှော်လင့် ခဲ့တာ၊ အခု ဖြစ်ပြီ၊ ကြည့်စမ်း . . . ချစ်မြတ်နိုးရင်ထဲတွင် ပျော်ရမလိုလို၊ ကျေမနပ်ဖြစ်ရမလိုလို ဘာမှန်းမသိ ခံစားချက်တွေ ရောပြွန်းပြီး ခေါင်း ဆောင် နောက်လာသည်။

မင်းရောင်ကိုထားပြီး အခန်းထဲက ထွက်လာ၊ ကိုယ့်အခန်းထဲ ကိုယ် ပြန်ဝင်၊ အိပ်ရာပေါ် ပြန်လှဲသည်အထိ ရင်ထဲမှာ ဘာဖြစ်နေမှန်း မသိ။ ငါ့ကို ချစ်မလာဘဲ တခြားမိန်းမတစ်ယောက်ကို ချစ်သွားနိုင်တယ်၊ မြန်လှချည်လားလို့ တွေးမိပြန်လျှင် ဘာလို့ ဒါကို လိုချင်ရသလဲဟူ၍



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ပြန်မေးမိကာ ဒေါသဖြစ်ရပြန်သည်။ သူ ငါ့ကို လမ်းခွဲတော့ မယ်လေ၊ ပျော်စမ်း၊ အရမ်းပျော်လိုက်စမ်း၊ ငါ ဒါကို လိုချင်ခဲ့တာ၊ မိဘ အဘိုးအဘွားတွေအလိုကျ လက်ထပ်ခဲ့ပါတယ်။ ဒါပေမယ့် ညီမရဲ့ အကြောင်းတွေကြောင့် ကွဲရပါတယ်။ သူက ဖောက်ပြန်လို့၊ လမ်းခွဲ တယ်ဆိုတဲ့အချက်ဟာ ဘယ်လောက်ကောင်းလဲ၊ ဒါ ပျော်သင့်တဲ့အရာ ပျော်စမ်း။ အရမ်းကို ပျော်လိုက်စမ်းပါ။ ခုချက်ချင်း ရှန်းလဲ့ကို မက်ဆေ့ ပို့လိုက်လေ။

ချစ်မြတ်နိုးမှာ တစ်ညလုံး နိုးတစ်ဝက်၊ အိပ်တစ်ဝက်ဖြစ်လိုက် အတွေးတွေနဲ့ ချာချာလည်လိုက်။ အိပ်ပျော်သွားပြန်လျှင်လည်း မ မရာသော ဖမ်းဆုပ်မရသော အိပ်မက်တွေနဲ့ နိုးလာလိုက်ဖြစ်ကာ မနက် လင်းခါနီးလေးကျမှ သေသေချာချာ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်လို့ရသွား ပါတော့သည်။ ထိုအခါ အင်မတန်မှ ရှင်းလင်းသော အိပ်မက်တစ်ခု မက်ပါသည်။

အိပ်မက်ထဲမှာ မင်းရောင်နဲ့ ချစ်မြတ်နိုးတို့၏ မင်္ဂလာပွဲကို ပြ မြင်နေရသည်။ တကယ့်မင်္ဂလာဆောင်ဖြစ်ခဲ့တဲ့နေ့တုန်းက ချစ်မြတ်နိုး ရင်ထဲမှာ ပျော်လည်းမပျော်သလို၊ စိတ်ဆင်းရဲတာလည်း မရှိခဲ့ဘဲ ခံစား ချက်မဲ့နေခဲ့ပါသည်။ ဝတ္တရားတစ်ခုကို ကျေပွန်အောင် လုပ်ပြသလို ခံစား ခဲ့ရကြောင်း အိပ်မက်ထဲမှာ မှတ်မိနေသည်။ သို့သော် အခု အိပ်မက်ထဲ ကျတော့ ချစ်မြတ်နိုးဟာ တအားကို ပျော်ရွှင်ချမ်းမြေ့နေခဲ့ပြီး အပြုံး ကလည်း ဟန်ဆောင်ပြုံးမဟုတ်ခဲ့ဘဲ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲခံစားပြီး ပြုံးနေခဲ့တာတဲ့။





"သမီး…သမီး…ချစ်မြတ်နိုး၊ သမီး…နိုးပြီလား"

အပြင်က တံခါးခေါက်သံသဲ့သဲ့နှင့် ဒေါ်ခင်ရွှေအသံကို ကြားရ လျှင် ချစ်မြတ်နိုးသည် အိပ်မက်မှ ဖြုန်းဆို လန့်နိုးသွားပါသည်။ အိပ်မက် ထဲက အပျော်တွေကို နမြောသလိုလိုဖြစ်ပြီး ဇဝေဇဝါ ထထိုင်လိုက် သည်။

"သမီး…."

"ရှင်…ဟုတ်ကဲ့၊ ဒေါ်လေး…ချစ်…အခု နိုးပါပြီ"

"သမီး ဘာများဖြစ်သလဲလို့ပါ။ ခါတိုင်း သမီးက အစောကြီး နိုးလာတာမို့ စိတ်ပူပြီး မေးမိတာ၊ အိပ်ပျက်သွားရင် တောင်းပန်ပါတယ်"

"ရပါတယ်၊ ချစ်လည်း ထသင့်ပါပြီ"

မနက်ရှစ်နာရီခွဲကို မြင်ပြီး ချစ်မြတ်နိုး အံ့သြမျက်လုံးပြူးရ သည်။ အိပ်ရာစောစောဝင်ပြီး စောစောထတတ်သော ချစ်မြတ်နိုးအတွက် ဒါဟာ တော်တော့်ကို နောက်ကျသော အိပ်ရာထချိန်ဖြစ်နေပြီ။ ဒါကြောင့် လည်း ဒေါ်ခင်ရွှေ စိတ်ပူပြီး လာနှိုးတာပင်။ ချစ်မြတ်နိုး အိပ်ရာကနိုးပြီး အောက်ဆင်းလာကာ အောက်ထပ်မှာ သီးသန့်ရှိသော ရေချိုးခန်း၊ အိမ် သာမှာပင် ကိုယ်လက်သန့်စင်၊ နံနက်စာစား။ ပြီးနောက်မှ အလုပ်သွားဖို့ အဝတ်လဲပြီး အောက်ပြန်ဆင်းလာလျှင် ချစ်မြတ်နိုးကို တစ်စုံတစ်ခုပြော ချင်ဟန်ဖြင့် စောင့်နေသော ဒေါ်ခင်ရွှေကို တွေ့ရပါသည်။

"ဘာပြောစရာရှိလို့လဲ ဒေါ်လေး"

"ဟို . . . ဟိုညစ္စာပါကွယ်၊ ကိုမင်းရောင် အခန်းတံခါးဟနေလို့ သေးလေး ဝင်ပြီး လျှော်စရာအဝတ်တွေ ဝင်ယူတော့ သူ တဟီးဟီးညည်း နေတာ တွေ့တယ်၊ သူ ဖျားနေတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညကတော့ အရက်တွေသောက်လာပြီး…"

"သမီး…အလုပ်သွားစရာရှိရင် သွားပါလေ၊ ဒေါ်လေး သူ့အ[illegible] ကို ဖုန်းဆက်ခေါ်ပေးမယ်နော်၊ ရလား"

ချစ်မြတ်နိုး ခေါင်းမညိတ်၊ ခေါင်းမခါမိဘဲ ဘာလုပ်ရမလဲ[illegible] စဉ်းစားနေမိသည်။ သူ တော်တော်နေမကောင်းဖြစ်သွားတာပဲဟု[illegible] အတွေးဖြင့် သူ့ကို ခဏသွားကြည့်ချင်လာမိသည်။ ချစ်မြတ်နိုးရှိလျှ[illegible] အမေကိုခေါ်ပြီး ကြည့်နိုင်းဖို့ကျတော့လည်း မသင့်တော်ပါဘူးလို့ [illegible] မိသည်။

ဒေါ်ခင်ရွှေအမေးကို မဖြေတော့ဘဲ အပေါ်ကို ပြန်လှည့်တ[illegible] လာမိသည်။ ရင်ထဲမှာ လေးလံနေမိသည်။ သူ ကိုယ့်ကို လမ်းခွဲပါမည်[illegible] အသေအချာ ပြောခဲ့တာဟာ သူ အရက်မူးလို့ ပြောတာမဟုတ်။ [illegible] တကယ်ပြောတာကို သိနေလျှင် အခံမကျေသလိုလို၊ မကျေနပ်သလို[illegible] ဝမ်းနည်းသလိုလိုတွေ ပြန်ခံစားရပြန်သည်။

အခန်းတံခါး စေ့ထားတာကို အသာတွန်းဖွင့်ဝင်လိုက်ပါသည်[illegible] စောင်ခြုံပြီး ခပ်ကွေးကွေးအိပ်နေသော မင်းရောင်ကို တွေ့ရသည်။ ည[illegible] ဝတ်ထားတဲ့ အဝတ်အစားအတိုင်းဝတ်ပြီး အိပ်နေဆဲဖြစ်သည်။

"မင်းရောင်…မင်းရောင်"

ချစ်မြတ်နိုး သူ့နာမည် ခေါ်ကြည့်မိသည်။

မင်းရောင် မျက်လုံးဖွင့်မကြည့်ဘဲ "အင်း…အင်း" ဖြင့် ပြ[illegible] သံလိုလို ကြားရသည်။

"ဖျားနေတာလား"





ချစ်မြတ်နိုး ဘာလုပ်ရမှန်းမသိသဖြင့် သူ့နဖူးကို အသာစမ်း ကြည့်လိုက်သည်။ တော်တော်ပူတာပဲ။

"ဆေးသောက်မလား"

"မချစ်မြတ်နိုး…အလုပ်သွားစရာရှိရင် သွားပါ၊ ရပါတယ်"

"နင် ဆေးတော့ ထသောက်မှပေါ့၊ ဒီလိုနေလို့ ဘယ်ရမလဲ၊ ထ ထ…ထလိုက်နော်"

ချစ်မြတ်နိုး ချော့မော့သလို ပြောမိသည်။ မင်းရောင်မျက်လုံး တွေ ကြိုးစားဖွင့်ကြည့်ရင်း ထသည်။

"ထလို့ရလား၊ လမ်းလျှောက်လို့ရော ရလား"

"ရပါတယ်"

"ရရင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်နော်၊ အဝတ် အစားပါ လဲလိုက်၊ ဒါမှ နည်းနည်းပါးပါး ခေါင်းကြည်ပြီး လန်းသွားမယ်၊ အိပ်ရာထဲလှဲနေရင် ပိုဖျားလိမ့်မယ်"

မင်းရောင် ဘာမှ အတိုက်အခံမပြော၊ မငြင်းဆန်ဘဲ အိပ်ရာမှ ကြိုးစားထပြီး ရေချိုးခန်းဘက် ခပ်ဖြည်းဖြည်းလျှောက်သွားပါသည်။ နား ဆင်နှစ်ဖက်ကိုတော့ လက်ဖြင့်ထောက်၍ နှိပ်ရင်း ညည်းညူနေသည်။

ခေါင်းထဲက တဆစ်ဆစ်ထိုးကိုက်တာဟာ အဖျားရှိန်ကြောင့် လား၊ ညကသောက်ခဲ့သည့် အရက်ကြောင့်လား၊ မင်းရောင် သူ့ကိုယ်သူ ဘာမှသေသေချာချာ မမှတ်မိသလိုလို၊ မှတ်မိသလိုလို ဖြစ်နေသည်။ ချစ်စတယ်နဲ့ စကားများပြီး လမ်းခွဲလာရ နေမကောင်းနေမှန်းသိရက် အိမ်မပြန်ဘဲ ရုံးမှာ ပေထိုင်နေမိသည်။ ပြီးတော့ ရုံးကအပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



တချို့နဲ့ အရက်သွားသောက်ပစ်မိသည်။ ပြန်လာတော့ မူးရစ်ထွေကာ ချစ်မြတ်နိုးနဲ့ အဖျော်အတင်စကားပြောမိတာ မှတ်မိပေမယ့် ဘာပြောမိမှန်းမသိ။ သူ့အနားမှာနေခဲ့သော ချစ်မြတ်နိုး၊ ဘာကြောင့် ညက သူ့အနား ရောက်လာသလဲဆိုတာ စဉ်းစားလို့မရ။

မင်းရောင် ရေချိုးခန်းကထွက်တော့ သူ့ကို စောင့်နေဆဲဖြစ်သော ချစ်မြတ်နိုးကို အံ့ဩစွာ လှမ်းကြည့်မိ၏။ အင်မတန် စိမ်းကားပြီး သူနဲ့ ခပ်ကင်းကင်းဆက်ဆံလိုသော မိန်းမက သူ့ကို စောင့်နေသတဲ့။

"ဆေးသောက်မယ်မဟုတ်လား၊ ဘာစားဦးမလဲတဲ့၊ ဒေါ်လေး ဒေါ်ခင်ရွှေမေးထားလို့ စောင့်နေတာ"

ချစ်မြတ်နိုးကလည်း သူမ စောင့်နေမိသည့်အဖြစ်ကို ဖုံးကွယ်လိုဟန်ဖြင့် ထရပ်ရင်း မေးလေသည်။

"ဘာမှစားချင်စိတ်မရှိဘူး၊ ကျွန်တော့်ဘာသာ ဆေးသောက်ပြီး ပြန်အိပ်နေမယ်၊ အစ်မ ရုံးသွားစရာရှိရင် သွားပါ"

"မင်းရောင်၊ နေမကောင်းတုန်း အနှောင့်အယှက်ဖြစ်မှာစိုးလို့ မေးစရာရှိတာကို မမေးတော့ပါဘူး၊ နောက်မှပဲ"

မင်းရောင် ရုတ်တရက် စဉ်းစားမရဘဲ ချစ်မြတ်နိုးကို စိုက်ကြည့်လိုက်သည်။

"နောက်မှပဲ လုပ်မနေပါနဲ့၊ မေးစရာရှိတာ မေးပါ။ ကျွန်တော် အဲဒီလောက်ကြီး နေမကောင်းတာမှ မဟုတ်တာ"

ဟု မင်းရောင် ပြန်ဖြေပေမယ့် အလိုလိုနေရင်း ချမ်းစိမ့်တုန်ကာ လူက မခံမရပ်နိုင်အောင် ခေါင်းမူးသဖြင့် အိပ်ရာပေါ် ပြန်ထိုင်လိုက်ရသည်။ သို့သော် ဟန်ဆောင်ထားပြီး…





"မချစ်မြတ်နိုး၊ ဘာမေးမလို့လဲ၊ မေးပါ" ဟူ၍ ထပ်ပြောမိသည်။

"ညကပြောခဲ့တဲ့ ကိစ္စပါ"

"ညက…"

"ဟုတ်တယ်၊ နင် ငါ့ကို ဘဝနဲ့ပတ်သက်ပြီး အရေးကြီးတာ တစ်ခု ပြောခဲ့တယ်"

"ကျွန်တော်…အဲ…ဆောရီး၊ သိပ်မမှတ်မိတော့ဘူး"

"သိပ်မမှတ်မိရင်တော့ ထပ်ပြောပြမယ်၊ နင် ငါ့ကို ကွာရှင်းပေးဖို့ ပြောလာတယ်၊ နင့်မှာ ချစ်သူရှိတယ်လို့လည်း ပြောတယ်၊ အဲဒါတွေဟာ အရက်မူးလို့ပြောတဲ့စကားလို့တော့ ငါ မထင်ဘူး"

မင်းရောင် ချစ်မြတ်နိုးကို အားနာသလို ဖြစ်သွားပါသည်။ ယောက်ျားဘက်က စတင်ကွာရှင်းခွင့်တောင်းခံရတာဟာ ချစ်မြတ်နိုးလို မာနကြီးတဲ့ မိန်းမအတွက် တော်တော်များ ထိခိုက်နာကျင်သွားစေသလား။

"နင့်ကို ငါ ချုပ်ကိုင်မထားပါဘူး၊ လုပ်ချင်တာ လုပ်ခွင့်ပေးပါတယ်၊ လွတ်လပ်ခွင့်ပေးပါတယ်၊ ဒီတော့ နင် နေကောင်းလာတာနဲ့ ငါတို့ နှစ်ဦးသဘောတူ ကွာရှင်းဖို့ကိစ္စ စပြီးလုပ်ကြတာပေါ့၊ ဘယ်လိုလဲ"

မင်းရောင် ခေါင်းတွေ တဒိန်းဒိန်းပိုကိုက်လာသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ အရက်မမူးတော့တဲ့အချိန်၊ လူကောင်းလိုဖြစ်သွားတဲ့အချိန်မှာတော့ အသိတရားဝင်လာကာ ကွာရှင်းပြတ်စဲဖို့ကို အလွယ်တကူ ဖြေရှင်းသင့်ပါ့မလားဆိုသောအတွေးကို ခေါင်းထဲထည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားတွေရဲ့ ကတိစကားကို အကောင်အထည်ဖော်ဖို့ အဖေ နှစ်ယောက်ရဲ့ စီစဉ်တိုင်ပင်သဘောတူမှုနဲ့ တည်ဆောက်ခဲ့သော အိမ် ထောင်ရေးကို သုံးလေးလအတွင်း အလွယ်တကူ ဖျက်ပစ်ရဲတဲ့အထိ သတ္တိရှိပါရဲ့လား။ ချစ်မြတ်နိုးက ထားတော့၊ သူမရဲ့အဘွား ဒေါ်ရွှေအိမ်မှာ ဘာရောဂါမှ ရှိလှတာမဟုတ်။ အဘွားကျန်းမာရေးကို ငဲ့စရာမလို အဘွား စိတ်ဆင်းရဲရုံကလွဲရင် ဘာမှဖြစ်စရာမရှိ။ မင်းရောင်ရဲ့အဘွား ဒေါ်မြတ်မွန်ကတော့ စိတ်ဆင်းရဲစရာသတင်းကြောင့် ခေါက်ခနဲတော သေသွားနိုင်သည်။ သူ့ကြောင့် အဘွားသေရရင် မင်းရောင် သူ့ကိုယ်သူ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်တော့။

"အစ်မ...တကယ်ပဲ ကွာရှင်းရဲလို့လား"

"အို...ဘာလို့ မကွာရှင်းရဲရမှာလဲ၊ ယောကျ်ားတစ်ယောက်ထ စပြီး ကွာရှင်းခွင့်တောင်းတာကို ခြေသလုံးဖက်ပြီး တောင်းပန်နေတဲ့ မိန်းမထဲမှာ ငါမပါဘူး"

ချစ်မြတ်နိုးမျက်လုံးတွေမှာ မာနဖြင့် အရောင်တောက်နေ သည်။ မင်းရောင် စိတ်လေးစွာ ငေးကြည့်မိ၏။ တော်တော်မာနကြီးသ ပဲလို့ တွေးနေမိသည်။ သို့သော် တကယ့်တကယ်မှာတော့ ချစ်မြတ်နိုးမှာ အင်မတန် ဟန်ဆောင်ကောင်းနေကြောင်း ကိုယ့်ကိုယ်ကို သိနေသည်။ ချစ်မြတ်နိုးရင်ထဲမှာ နာကာ ဆွေးမြေ့ပြီး ကြေမွဲ့နေသ ခံစားနေရသည်။ ရင်ဘတ်တစ်ခုလုံး နာလှသဖြင့် အသက်ရှူတော မဝသလိုဖြစ်နေသည်။ ဘုရားရေ...ငါနှလုံးရောဂါများဖြစ်နေသလား ကိုယ့်ကိုယ်ကို အလန့်တကြား တွေးမိလေသည်။





ဒါပေမယ့် ဒီလိုခံစားနာကျင်နေရတာဟာ နှလုံးရောဂါကြောင့် မဟုတ်။ နှလုံးသားထဲမှာရှိသော တစ်စုံတစ်ရာ၏ ဆုံးရှုံးမှုကို ကြေကွဲနေ ခဲ့တာတည်း။

"ကောင်းပါပြီ၊ မချစ်မြတ်နိုး ကြိုက်သလိုစီစဉ်ပါ"

"ဟော့...ဟော့...နင်ကစပြီးကွာရှင်းခွင့်တောင်းတာနော်၊ ငါ့ကို လွှဲမချနဲ့။ ငါကြိုက်သလိုစီစဉ်ပါဆိုတဲ့စကားဟာ ဒီကွာရှင်းမှုမှာငါ တာဝန် အရှိဆုံးဆိုတဲ့ပုံစံမျိုး ဖြစ်နေပြီ"

"စိတ်ချပါ။ ဘယ်သူမေးမေး ကျွန်တော် ဖောက်ပြန်ပြီး နောက် ထပ်အသစ်တစ်ယောက် ရချင်လို့ ကွဲကြတာပါလို့ ကျွန်တော် ပြောမယ်၊ ကဲ...ကျေနပ်ပြီလား"

ချစ်မြတ်နိုး ရှာခနဲလှည့်ထွက်သွားသောအခါ သူမရဲ့မျက်လုံး အိမ်တွေ တဝေ့ဝေ့၊ တလက်လက်ဖြစ်နေသည်ဟု မင်းရောင် သတိထား လိုက်မိသည်။ မျက်ရည်ဝဲနေတာလား။ အေးလေ . . . မိန်းကလေးဆို တော့ မာနကို ထိပါးခံရတော့လည်း နည်းနည်းခံပြင်းမိမှာပေါ့။ စိတ် မကောင်းလို့ မျက်ရည်ဝဲတယ်တော့ မထင်ပါဘူး။

ချစ်မြတ်နိုး ထွက်သွားသောအခါ မင်းရောင်လည်း ဆေးနှစ်လုံး ပါးစပ်ထဲပစ်ထည့်သောက်လိုက်ပြီး လှဲအိပ်လိုက်တော့လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကားမောင်းရင်း မျက်ရည်တွေ တပေါက်ပေါက်ကျလာမိသော ကိုယ့်အဖြစ်ကို ဒေါသကြီးစွာပင် မျက်ရည်တွေကို ကြမ်းတမ်းစွာ သုတ်ပစ်မိ၏။ ဘဝမှာ တစ်ခါမှ အရလောက် အကြီးအကျယ် ဆုံးရှုံးမှုကို မခံစားရ ခဲ့ဖူးဘူးဆိုသော ခံစားချက်မျိုးဖြင့် ရင်ထဲမှာ ပူလောင်နေသည်။

သူက သွေးအေးသလောက် ကိုယ်ကပဲ မအေးစက်နိုင်ခဲ့ဘူး လား။ သူ့ကို မုန်းချင်ဟန်၊ စိမ်းကားချင်ဟန်၊ လျစ်လျူရှုဟန်ဆောင်နေခဲ့ ပေမယ့် ကိုယ်ဟာ တစ်ချိန်လုံး သူ့ရဲ့အချစ်ကိုများ မသိစိတ်ထဲမှာ မျှော် လင့်နေခဲ့မိသလား။ ချစ်မြတ်နိုးမှာ ကိုယ့်ကိုယ်ကိုယ်ပင် အခြေရှာမရ တော့။ ခုလောလောဆယ်မှာ ကြေကွဲရလွန်းသဖြင့် လူက မလှုပ်ချင်၊ မရှားချင်။ ဘာမှမလုပ်ချင်တော့သလို ခံစားနေရသည်။ တစ်နေရာရာ ချောင်တစ်ချောင်ချောင်မှာဖြစ်ဖြစ် သွားပြီး ခွေနေချင်သလို ခံစားရသည်။





ဒါနဲ့ပဲ ရုံးခန်းရှိ စက္ကူတော်ရီကို ဖုန်းဆက်လိုက်ပါသည်။

"မပွင့်ရေ . . . ချစ်ပါ။ ချစ် ဒီနေ့ ခေါင်းကိုက်နေလို့ ရုံးကို မလာ ဖြစ်ဘူးထင်တာပဲ၊ သက်သာသွားရင်တော့ ထွက်လာခဲ့မယ်လို့"

မပွင့်က တခစ်ခစ်ရယ်နေသည်။

"ဘာတွေသဘောကျနေတာလဲ မပွင့်"

"မနက်စောစောစီးစီး ခေါင်းကိုက်နေတယ်ဆိုလို့ပါ။ ဧကန္တ တော့ တစ်ခုခုပဲလို့ တွေးနေတာနော်"

မပွင့် ဘာကိုဆိုလိုသလဲဆိုတာ ချစ်မြတ်နိုး သဘောပေါက် လေရာ ပိုငိုချင်သွားသည်။ မေမေနဲ့လည်း မပွင့်က ခင်သဖြင့် မေမေတို့ မြေး၊ အဘွားတို့ရဲ့ မြစ်ကလေးလိုချင်ကြောင်း ပြောမိလေရာ အဲဒီထဲက ပြီး မပွင့်မှာ ချစ်မြတ်နိုးကို စလို့မဆုံး၊ ကလေးသတင်းမေးလို့မဆုံး ရှိ ခဲ့တာ။ ခုတော့ နေမကောင်းဘူး၊ ခေါင်းကိုက်နေတယ်ဆိုတာကိုများ အဓိပ္ပာယ်တလွဲကောက်နေခဲ့ပြီ။ ချစ်မြတ်နိုးမှာတော့ အသံတွေ မတုန် အောင် ကြိုးစားပြောရင်း . . .

"ဒါပဲနော် . . . မပွင့်၊ ချစ် . . . နောက်မှ ဖုန်းထပ်ဆက်မယ်နော်၊ ဘိုင့် . . ."

ဟူ၍ မြန်မြန်စကားဖြတ်လိုက်ရသည်။

ကန်တော်ကြီးထဲ ကားကို မောင်းဝင်လာပြီး ပါကင်တစ်နေရာ ရပ်ပြီး ငေးရှင်ရာငေး၊ တွေးချင်တာတွေးနေမိပြန်သည်။ အတွေးတွေက ဘာတွေမှန်းမသိ ပြန့်ကျဲနေသည်။ အများစုကတော့ မင်းရောင်နဲ့ စတွေ့ ရှည်ကအဖြစ်အပျက်ကို ထပ်ခါထပ်ခါအမှတ်တရပြန်တွေးနေမိတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကားဆီ ပြေးလာမိသော ချစ်မြတ်နိုးဟာ ဓာတ်လှေကားထဲမှာရပ်နေတဲ့ မြင့်မြင့်ထွားထွား လူချောလေးကို တံခါးမပိတ်အောင် ရပ်ထားပေးဖို့ အော်ပြောမိစဉ်မှာ သူ့ရဲ့မျက်ဝန်းညိုညိုတွေကိုမြင်ပြီး ဖျတ်ခနဲ ရင်ခုန်သွားမိတာကို ဘယ်တော့မှမမေ့၊ အဲဒီမျက်ဝန်းတွေကြောင့်ပဲ ရင်ထဲမှာ ပရမ်းပတာဖြစ်ပြီး ခြေလှမ်းမှားပြီး ချော်လဲတာပါ မင်းရောင်ရယ်။

ချော်လဲနေသောမိန်းကလေးကိုဖေးမကူညီပြီးအားပေးစကားမပြောခဲ့၊ နားဝင်ချိုစေသော စကားမျိုးကို မပြောခဲ့ဘဲ၊ ဘုကလန့်တိုက်ဝေဖန်လိုက်သော သူ့စကားတွေကြောင့် မှန်ထုရှက်သွားပြီး ကိုယ့်ကိုယ်တိုင်ကလည်း ရှက်ရမ်းရမ်းခဲ့မိတယ်၊ ပြေပြစ်သောစကားမျိုးကို ပြန်မပြောဖြစ်ဘဲ ရှက်ရမ်းရမ်း၊ ရန်တွေ့၊ အော်ဟစ်၊ တစ်ခွန်းမခံ သူကလည်း ပြန်ပြော၊ လူကို မခံချင်အောင် ရန်စနဲ့မို့ အဲဒီမျက်ဝန်းညိုတွေကို ရက်ပြီး စိတ်နာသွားရာက စခဲ့တာပါ။

သူနဲ့ အမှတ်မထင် ပြန်ဆုံရပြီး လက်ထပ်ရတော့မယ်၊ အတူတူနေကြရတော့မယ်ဆိုတဲ့အခါမှာ သိစိတ်ရဲ့ အလိုမကျမှုနဲ့ မသိစိတ်ရဲ့ ကျေနပ်နှစ်သိမ့်မှုတွေ လွန်ဆွဲခဲ့ရတာ ဘယ်လောက်ကြာပြီလဲကွယ်။ သူ ချစ်လာပြီး ကိုယ့်အပေါ် တောင်းပန်ခယစွာ ကိုယ့်ရှေ့မှာ ဒူးထောက် တောင်းခံလာမယ့် အချစ်ကို မသိစိတ်ထဲမှာ မျှော်လင့်တပ်မက်နေခဲ့တာလား။

နာရီပေါင်းများစွာ ထိုင်ငေးနေမိပြီးသောအခါရင်ထဲမှာအနည်ငယ် တည်ငြိမ်စပြုလာပြီဖြစ်ရာ ကန်တော်ကြီးဥယျာဉ်ထဲ လမ်းလျှောက် အချိန်ဖြုန်းရန် ကားထဲမှဆင်းလိုက်သည်။





"ဟာ . . . အဝေးကြီးထဲက လှမ်းမြင်ကတည်းက မြတ်နိုးပဲလို့ ထင်နေတာ၊ ထင်တဲ့အတိုင်းပဲ"

ကားတစ်စီးထိုးရပ်လာပြီး ကြားလိုက်ရသောအသံကြောင့် . . .

"ဩော် . . . ကိုရန်လင်း" ဟု နှုတ်ဆက်လိုက်ရသည်။

"ဘယ်လာတာလဲ"

"ဘယ်လာတာလဲ"

ဟု နှစ်ယောက် ပြိုင်တူမေးမိပြီး ပြိုင်တူရယ်မောမိကြသည်။

"မြတ်နိုးမေးတာ အရင်ဖြေပုံမယ်၊ ဒီထဲမှာဖွင့်ထားတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ဆိုင်ကို လာတာပါ"

"ကျွန်မကတော့ အပဲ . . . ခဏဝင်လမ်းလျှောက်ကြည့်တယ် ဆိုပါတော့"

"ကိုမင်းရောင် မပါဘူးလား"

"သူ များနေလို့"

"ကိုယ်နဲ့ အလုပ်ကိစ္စတွေပြောဖို့ နှစ်ခါလောက် တွေ့ဖြစ်ကြသေးတယ်"

"ဩော် . . . အင်း . . . သူ ပြောပါတယ်"

အမှန်တော့ ချစ်မြတ်နိုး ဘာမှမသိခဲ့ရပါ။ မင်းရောင်ကလည်း မပြော၊ ချစ်မြတ်နိုးကလည်း ဒီကိစ္စကို သတိတရမမေးခဲ့တာ ဖြစ်ပါသည်။

"ကားရပ်လိုက်ဦးမယ်"

"ရှင်၊ ဩော် . . . ကိုရန်လင်း သွားစရာရှိတယ်ဆို သွားပါ၊ ရ တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏစကားပြောရင် ရပါတယ်၊ သူနဲ့ အချိန်အတိအကျကြီး ချိန်းထားတာမဟုတ်ပါဘူး။ မြတ်နိုးကိုလည်း သတိပေးစရာလေးရှိလို့"

ရန်လင်း ကားရပ်ပြီး ဆင်းလာနေသဖြင့် ချစ်မြတ်နိုး ရပ်စောင့်နေလိုက်ရသည်။ စိတ်ထဲမှာ တော်တော်ရှုပ်သွားသည်။ တကယ်တော့ တစ်ယောက်တည်း နေချင်တာ။

"ကိုယ် အခုလို ပြောပြတာဟာ မြတ်နိုးတို့ကြားဝင်ပြီး စကားရှုပ်တဲ့သဘောဘာတော့ မဟုတ်ပါဘူး၊ မြတ်နိုးကို ခင်မင်ရင်းစွဲသံယောဇဉ်နဲ့ အသိပေးချင်တဲ့ သဘောပါပဲ၊ ဟို...မြတ်နိုးလည်း သတင်းလေးဘာလေး သိုးသိုးသန့်သန့်ကြားရင်လည်း ကြားမယ်လေ၊ အဲဒါ"

"မင်းရောင်သတင်းလား"

ရန်လင်း ပြောရခက်နေဟန်ဖြင့် ခေါင်းကို ဖွနေသည်။

"သူ...ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့သတင်း လား ကိုရန်လင်း"

"မြတ်နိုး သိပြီးနေပြီလား"

"သတင်းကြားတာလား"

တကယ်တော့ မင်းရောင်ကိုယ်တိုင် ဖွင့်ပြောပြီးနေခဲ့ပြီဆိုတာ တော့ ချစ်မြတ်နိုး လျှို့ဝှက်ထားလိုက်ပါသည်။

"မြတ်နိုး၊ ယုံလား"

"ယုံတယ်ရယ်တော့ မဟုတ်ပါဘူး။ ဘာပြောရမှန်းမသိဘူး"

"မြတ်နိုးကိုယ်တိုင် လိုက်မဖမ်းဘူးလား"

"ကျွန်မ အဲဒီလိုမျိုး မလုပ်ချင်ပါဘူး"





"ဆောရီး...ကိုယ့်အနေနဲ့ သူများကိုယ်ရေးကိုယ်တာကို ဝင်ပါသလိုဖြစ်သွားပြီ"

"ကိုရန်လင်းကရော၊ သိတာကြာပြီလား"

"ကိုယ်ကတော့ သူတို့စုံတွဲကို နှစ်ခါလောက် လှမ်းတွေ့တယ်၊ ကိုမင်းရောင်က ကိုယ့်ကို မတွေ့ပါဘူး၊ ကိုယ်လည်း အစကတော့ မိတ်ဆွေတွေလို ထင်တာလေ၊ နောက်တော့ သူတို့ပုံစံက မိတ်ဆွေပုံစံမဟုတ်တော့ မြတ်နိုးဘက်က မခံချင်စိတ်ဖြစ်ပြီး လာပြောပြချင်တာ တအားပဲ၊ ကြားထဲက ဝင်ပါသလိုဖြစ်မှာလည်း စိုးလို့ ချင့်ချိန်နေတာ"

"အခုကျတော့ရော၊ ဘာလို့ပြောပြလဲ"

ချစ်မြတ်နိုး ခပ်မဲ့မဲ့ရယ်ရင်း မေးမိသည်။ လူတွေအားလုံး သိနေကြပြီဖြစ်တဲ့ မင်းရောင်ရဲ့ အချစ်ဇာတ်လမ်းကို ချစ်မြတ်နိုး ရင်ကွဲစွာ နားထောင်နေရပြီ။

"မြတ်နိုးတစ်ယောက်တည်းကို တွေ့လိုက်ရပြီး မြတ်နိုး မျက်နှာ မွှင်ဘူးဆိုတာ မြင်မြင်ချင်း သတိထားမိတဲ့အချိန်မှာ ဒီအကြောင်းကို သတိပေးချင်သွားတာ၊ ကိုယ် အလိုလိုခံစားလို့ရတယ်လေ၊ မြတ်နိုး တစ်ပုံတစ်ခုကြောင့် စိတ်ညစ်ပြီး စိတ်ပြေလက်ပျောက် ဒီကိုလာတယ် ဆိုတာ"

"အဲဒါကြောင့် မဟုတ်ပါဘူး"

ချစ်မြတ်နိုး တမင်ပဲ ဘူးကွယ်ငြင်းပစ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ မြတ်နိုး အကူအညီလိုရင် ပြောပါ။ ကိုယ် အချိန်မရွေး ကူညီနိုင်တယ်၊ မြတ်နိုးဘက်မှာ ကိုယ် အမြဲရှိတယ်၊ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြချင်တာရှိရင်လည်း ပြောပြပါ။ တစ်ယောက်ယောက်ကို ရင်ထဲမှာ ရှိတာတွေ ပြောပြလိုက်ရလို့ သက်သာသွားမယ်ထင်ရင် ကိုယ် အချိန်မရွေး နားထောင်ပေးဖို့ အသင့်ပါပဲ"

ထိုအချိန်တွင်ပင် ချစ်မြတ်နိုး၏ဖုန်းလေးခေါ်သံမြည်လာသည်။

ဖုန်းဖွင့်ကြည့်လိုက်တော့ အိမ်ဖုန်းမှခေါ်တာဖြစ်ကြောင်း တွေ့ရသည်။

"ဟယ်လို... ချစ်မြတ်နိုး ပြောနေပါတယ်"

"သမီး . . . ချစ်မြတ်နိုး၊ ဒီလိုပါကွယ်၊ ကိုမင်းရောင် အိမ်ရောက်တာ တစ်ရက်ပြန်နိုးလာပြီး ထမင်းမစားဘူး။ ခေါက်ဆွဲပြုတ်ပဲစားမယ်ဆိုလို့ လုပ်ပေးလိုက်ပါတယ်၊ စားပြီး သိပ်မကြာဘူး၊ နာရီဝက်လားဘာလား မသိဘူး၊ သူ တအားကို အန်ပြီး အဖျားတွေလည်း ပိုတက်လာလို့ ခေါင်းတောင် မထူနိုင်တာနဲ့ ဒေါ်လေးပဲ သူ့အိပ်ရာကို တွဲပို့လိုက်ရတယ်၊ အဲဒါ သမီး ဘာများအကြံပေးချင်လဲလို့ပါ"

"အစာစားလိုက်တာနဲ့ အန်တယ်၊ ဖျားတယ်ဟုတ်လား၊ တိုက်ဖွိုက်လားမသိဘူး။ ကျွန်မ ခုပဲပြန်လာခဲ့မယ်လေ၊ ဒေါ်လေး စိတ်မပူပါနဲ့ ကျွန်မ ပြန်လာပြီး စီစဉ်ပေးမယ်"

"အေးပါ...အေးပါကွယ်၊ ဝမ်းသာပါတယ်"

ချစ်မြတ်နိုး ဖုန်းကို ပြန်ပိတ်လိုက်သည်။ ရန်လင်းက ငေးကြည့်နေလေသည်။

"မင်းရောင် အရမ်းဖျားပြီး အန်နေလို့တဲ့၊ ကျွန်မ ပြန်လိုက်ဦးမယ် ကိုရန်လင်း။ သူ့အနားမှာ ကျွန်မရှိမှဖြစ်မယ်၊ အိမ်ကလူတွေက ဘာမှနားလည်တာမဟုတ်ဘူး။ ဘာမှမလုပ်ပေးတတ်ဘူး"





ချစ်မြတ်နိုးပြောပြောဆိုဆိုရန်လင်းကိုနှုတ်တောင်မဆက်မိဘဲ ကားကို အမြန်မောင်းထွက်သွားသော မြင်ကွင်းကို ရန်လင်းတစ်ယောက် ငေးမောအံ့အားသင့်စွာပင် ရပ်ငေးကြည့်ပြီး ကျန်ရစ်ခဲ့တော့လေသည်။ စိုးရိမ်ပူပန်မှုကြီးစွာ အမြန်မောင်းသွားသော ချစ်မြတ်နိုး၏ ရင်ထဲမှာ ဘယ်သူနေရာယူထားနိုင်ပြီလဲဆိုတာကိုလည်းရန်လင်းကောင်းကောင်း ကြီးပင် သဘောပေါက်နားလည်သွားပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၃)

## (၁၆)

ဆေးအရှိန်ကြောင့် မှိန်းနေရာမှ တံခါးတစ်ချပ် ခပ်ဖွဖွတွန်း
လာသံ ကြားရလျှင် မျက်လုံး အသာဖွင့်ကြည့်လိုက်သည်။ မျက်လုံး
ခင်ကပင် သူ့အနားကို ဘယ်သူဝင်လာသလဲဆိုတာ မင်းရောင် တော
ကောင်းမှတ်မိနေပါပြီ။ J'adore (ဂျာဒေါ်) ရနံ့လေး သင်းနေတတ်
မိန်းကလေးတစ်ယောက်ကို သူ အုံ့သြနေရပြီ။ Dior (ဒီအော)ကုမ္ပ
ထုတ်သော J'adore ရနံ့ကို ရေမွှေးမသုံးဘဲ Body Lotion (ဘော်
လိုးရှင်း)လေးတွေသာသုံးမှန်း သူ အလိုလိုသတိထားမိနေခဲ့ပါသ
ဘာကြောင့်လဲဆိုတော့ သူမရဲ့လက်ချောင်းလေးတွေ၊ လက်ဖျံလေး
ဟာ လှုပ်ရှားလိုက်တိုင်း အဲဒီရနံ့လေးသင်းနေတာကို မင်းရောင် ရှူ





မိတာမို့ ဒါဟာ တစ်ကိုယ်လုံးကို ဘော်ဒီလိုးရှင်းလိမ်းထားလို့ပဲဆိုတာ
သေချာသည်။ ရေမွှေးဆွတ်ထားရင် မွှေးရနံ့သင်းသင်းလေးသာ ရှိနေမှာ၊
အခုတော့ သူ့လက်လေးတွေ လှုပ်ရှားလိုက်တိုင်း မွှေးရနံ့လေး သင်းသွား
တတ်တာမျိုး။

"ဪ... နိုးသွားပြီလား"

"မချစ်မြတ်နိုးကြောင့် မဟုတ်ပါဘူး၊ ကျွန်တော် အိပ်မှမအိပ်
သေးတာ၊ ဆေးတွေအရှိန်ကြောင့် ခေါင်းမူးပြီး လဲနေတာပါ။ အဆာလည်း
စားရတော့ လူက ပိုမူးတယ်"

"အူရောင်နေတာဆိုတော့ အဖတ်မစားရဘူး၊ စားရင် ပိုဖျား
သာမယ်၊ ဪ... အဟင်းဟင်း... ဆရာဝန်ကြီးသားကို ရှင်းပြသလို
ဖြစ်နေပြီ၊ ဒါတွေ မင်းရောင် နားလည်ပြီးသားပါလေ"

ပြုံးမြမြိုသာစွာ ပြောနေသော ချစ်မြတ်နိုးကို မင်းရောင် အံ့သြ
ခြင်းများစွာဖြင့် အငြေရှာမရဖြစ်နေဆဲပင်။ အတူတူ မခံနိုင်ပါဘူး၊
ခေါင်းနိုင်ပါဘူးဟု အတိအလင်းကြေညာပြီး သူ့စိမ်းပြင်ပြင်လိုနေနိုင်ခဲ့
သော ချစ်မြတ်နိုးကို အသည်းမာသူ၊ မာနကြီးသူ၊ အမြှုးအဝေးကြီးသူ
အဖြစ် သတ်မှတ်ခဲ့သည်။ မင်းရောင်ကိုယ်တိုင်လည်း အရည်ကြီးချဉ်ကာ
ချစ်မြတ်နိုးနဲ့ မရောမိအောင်၊ မပတ်သက်မိအောင် ရှောင်ရင်းရှောင်ရင်း
ချစ်မြတ်နိုးဟာ သူ့ဘဝထဲမှာ မရှိတော့သလို ခံစားရတဲ့အထိပင် ဖြစ်ခဲ့
သည်။

အိမ်ထောင်သက် လေးလရှိလာတဲ့အထိပင် သူတို့ကြားမှာ
အစိမ်းသန်မှုက သိသိသာသာ စည်းခြားခဲ့တာမို့ မင်းရောင်တောင် ချစ်
ဆိုသည်ကို ချစ်သူအဖြစ် ရွေးချယ်လိုက်မိတဲ့အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကြည့်စမ်း။ မင်းရောင် တိုက်ဖွိုက်ဖြစ်ပြီး နေမကောင်းဖြစ်တယ်ဆိုကတည်းက နေ့စဉ်မပြတ် မင်းရောင်အနားမှာ ရှိနေတတ်ကာ အားနာစရာကောင်းလောက်အောင် ဂရုစိုက်ပြုနေသော ချစ်မြတ်နိုး၏ စိတ်ဓာတ်ကို သူ လုံးဝနားမလည်နိုင်တော့။ အံ့ဩရလွန်းလို့ မိုင်ကုန်ထပ်ပြီးအံ့ဩစရာမရှိတော့အောင် ဖြစ်သွားပါသည်။

မှတ်မိသေးသည်။ လွန်ခဲ့တဲ့တစ်ပတ်က ရည်းစားနဲ့ အဆင်မပြေဖြစ်လို့ နည်းနည်းဖျားနေမှန်းသိရက် အရက်သွားသောက်မိသည်။ ညသန်းခေါင်ကျော် ပြန်လာမှတော့ အရက်မူးပြီး ချစ်မြတ်နိုးနဲ့ စကားများကာ ကွာရှင်းဖို့ကိစ္စကို မင်းရောင် စပြီးပြောမိသည်။ မနက်ကျ ချစ်မြတ်နိုးက ဒါကို မှတ်ထားပြီး ကွာရှင်းမယ်ဆိုရင် အဆင်သင့်ပါပဲလို့ ပြန်စိန်ခေါ်စကား ပြောကာ အိမ်က ထွက်သွားပါသည်။ အိမ်မှာကျန်ရစ်ခဲ့သော မင်းရောင်မှာသာ အကြီးအကျယ် နေမကောင်းဖြစ်ပြီး ကိုယ်ကိုယ်တိုင် နောင်တရလို့မဆုံး ဖြစ်နေခဲ့ရသည်။

မင်းရောင် နေမကောင်းဖြစ်နေမှန်း သတင်းကြားကြားချင်း ပြန်လာကာ ...

"မင်းရောင် အန်ပြီး အဖျားတက်နေတယ်ဆို၊ ဒါကြောင့် ငါ ပြန်လာတာ၊ ဖေဖေ့ကို ဖုန်းဆက်ခေါ်ပေးမယ်နော်"

မင်းရောင်အဖေ ဆရာဝန်ကြီးဦးအောင်မင်းကို ချစ်မြတ်နိုး ကိုယ်တိုင် ဖုန်းဆက်ခေါ်ပေးသဖြင့် မင်းရောင်ရဲ့အံ့ဩမှုတွေ အဲဒီက စတင်တာဖြစ်သည်။ မနက်က ဒေါသတကြီးနဲ့ ကွာရှင်းချင်ရင် အဆင်သင့်ပဲလို့ အော်ဟစ်စိန်ခေါ်သွားတဲ့ ချစ်မြတ်နိုးက မင်းရောင်အတွက် ကြောင့်အလုပ်တွေ ပစ်ထားပြီး အိမ်ပြန်လာပေးသတဲ့။





အဲဒီနေ့ကစပြီး နေ့စဉ်မပြတ်ပင် အလုပ်ကို ခဏတစ်ဖြုတ်သွားရုံသွားပြီး အိမ်ပြန်လာတတ်ကာ မင်းရောင်ကို မခွဲမခွာ ပြုစုပေးသော၊ လိုလေသေးမရှိ စောင့်ရှောက်ပေးသော ချစ်မြတ်နိုး။ စကားအပြောအဆိုကအစ ရိုသာကြည်မြနေကာ သူမနဲ့ မင်းရောင်တို့ကြားတွင် ဘယ်တုန်းကမှ အမုန်းတွေ၊ ဒေါသတွေ၊ အာဃာတတွေ၊ မကျေနပ်မှုတွေ၊ အငြိုးအတေးတွေ မရှိခဲ့ဖူးသည့်အလား ဆက်ဆံနေသော ချစ်မြတ်နိုးဆိုသည့် မိန်းကလေးတစ်ယောက်ကို တွေ့နေရတော့သည်။

"ဟော့ . . . ဩော် . . မေးနေတယ်၊ ရေပတ်တိုက်ချင်သေးလားလို့၊ ပြန်အိပ်ပျော်သွားတာလားဟင်"

မင်းရောင် မျက်လုံးမှိတ်ပြီး မှိန်းလျက် အတွေးတွေ ကယောင်ချောက်ချားဖြစ်နေစဉ် ချစ်မြတ်နိုးအသံ ပေါ်လာသည်။

"မအိပ်ပါဘူး"

"ရေဖတ်တိုက်မလား"

"မတိုက်ရင် မရဘူးလား"

"ရေဖတ်တိုက်လိုက်တော့ လူလည်း လန်းသွားပြီး စိတ်ကြည်လင်တာပေါ့၊ အစ်မ၊ ရေနွေးစပ်ပေးမယ်နော်၊ ရေဖတ်တိုက်လိုက်"

နေ့တိုင်း ဒီအချိန်ဆို ရေဖတ်တိုက်ဖို့ဆိုပြီး သတိပေးကာ မင်းရောင်အနားမှာ လိုတာကူပေးနေသော ချစ်မြတ်နိုးကို အားနာလှသဖြင့် ဘယ်လိုငြင်းရမှန်းမသိ၊ ငြင်းလို့လည်းမရအောင် ချစ်မြတ်နိုးက လှည့်ပတ်မရမကပြောကာ မင်းရောင်ကို ရေဖတ်တိုက်နိုင်း၊ အဝတ်အစားလဲနိုင်းနှင့် ဆရာလုပ်တတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မလည်း ကျွန်တော့်ကြောင့် ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး၊ ရပါတယ်၊ မင်းရောင် ဘာမှအားမနာနဲ့ နေမကောင်းလို့ လုပ်ပေးရတာပဲ၊ မ . . . စိတ်ထဲမှာ ပင်ပန်းတယ်လို့လည်း မထင်ပါဘူး"

စကားပြောရင် နင်နဲ့ငါလို့ သိပ်မသုံးတော့ဘဲ "မင်းရောင်" လို့ မပျော့မမာအသံလေးဖြင့် ခေါ်တတ်ကာ သူမကိုယ်သူမ "အစ်မ" ကလို့ ပြောလိုက်၊ "မ" ကလို့ပြောလိုက် စကားပြောတတ်သော ချစ်မြတ်နိုးကို မင်းရောင်ကတော့ သူပြောထားခဲ့မိသော စကားတွေကြောင့် မျက်နှာလည်း ပူမိသည်။ မင်းရောင်ဘက်ကစပြီး ဖောက်ပြန်သလိုဖြစ်ကာ ကွာရှင်းမယ်လို့ တောင်းဆိုမိခဲ့တာမို့ ဒါကို ချစ်မြတ်နိုးလည်း မေ့မည်မထင်။ မင်းရောင် နေမကောင်းဖြစ်နေတုန်းမို့ အစမဖော်တာလား။

"ပေးပေး . . . လျှော်မယ့်အဝတ်တွေ အစ်မ တောင်းထဲထည့်ပေးမယ်၊ မျက်နှာသုတ်ပဝါနဲ့ သေသေချာချာ ပတ်ထားဦး၊ အအေးပတ်ရင် အဖျားတက်နေမယ်၊ အင်္ကျီမြန်မြန်ဝတ်တော့၊ ဒီမှာ အဆင်သင့်ပဲ မ . . . ထုတ်ပေးထားတယ်နော်"

"ဟုတ်"

"လျှော်စရာအဝတ်တွေ အစ်မ မိထွေးကို သွားပေးလိုက်ဦးမယ်၊ အောက်ဆင်းမလို့ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

"စွပ်ပြုတ်သောက်တော့မလား"

မင်းရောင် နာခေါင်းရှုံ့ပြီး ပြုံးစေ့စေ့ဖြင့် . . .





"စွပ်ပြုတ်ကလွဲရင် ကျန်တာ ဘာစားလို့ရမလဲ"

ဟု တမင်မေးလိုက်သည်။

"ဟာ . . . မစားရပါဘူး၊ တစ်လလောက် ဘာမှမစားဘဲနေရမှာပဲဆို၊ စားလိုက်ရင် အန်မှာပဲ၊ အဖျားတက်မှာပဲ"

"ဟဲ့ . . . အမယ် . . . ဘာတွေအငြင်းပွားနေကြတာလဲ၊ မေမေတို့တက်လာတာတောင် မကြားကြဘူး"

အခန်းဝမှာပေါ်လာသော အသံကြောင့် မင်းရောင်ရော၊ ချစ်မြတ်နိုးပါ "ဩော် . . . မေမေတို့ပါလား" ဟု ပြိုင်တူပြောလိုက်မိကြသည်။

"မင်းရောင်လေ၊ စွပ်ပြုတ်ကလွဲရင် ဘာစားရမလဲ မေးနေလို့"

"ဟယ် . . . သားလေး၊ မဟုတ်တာ မပူဆာနဲ့လေ၊ မြန်မြန်ပျောက်ချင်ရင် အဖတ်ရှောင်ရမှာပေါ့"

"သမီးကလည်း အလိုမလိုက်မိစေနဲ့၊ ကဲ . . . ဒါက ဘယ်လဲ"

"လျှော်စရာအဝတ်တွေ မိထွေးကို သွားပေးမလို့ပါ မေမေ"

အဝတ်ဟောင်းထည့်သော ခြင်းတောင်းတစ်လုံးနှင့် အောက်ဆင်းသွားသည့် ချစ်မြတ်နိုးကို မင်းရောင်ရဲ့မေမေ ဒေါ်မေဦး လိုက်ကြည့်ရင်း . . .

"သမီးလေးက အလုပ်တောင်မသွားတော့ဘဲ သားအနားမှာ နေနေရှာတာ ဝတ်မှုန်ရယ်"

ဟု ချစ်မြတ်နိုး၏မေမေ ဒေါ်ဝတ်မှုန်ကို ပြောလိုက်သည်။

"မေဦးရယ်၊ ငါ မညာပါဘူး၊ အစက သမီးကြည့်လိုက်ရင် သောက်ချိုးကို စကားပြောတာ၊ ဆက်ဆံတာ မာကြွပ်ကြွပ်နဲ့၊ မောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကိုအကဲခတ်လိုက်ရင်လည်းမိန်းမကိုဂရုမစိုက်သလိုလို ဘာလိုလို ဆိုတော့ သူတို့အိမ်ထောင်ရေးကို တစ်နေ့တစ်နေ့ တွေးရင်း ရင်လေးနေမိတာ၊ အခုလိုမျိုး တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနဲ့ ချစ်ချစ်ခင်ခင် ဖြစ်နေတာတွေ့ရမှ စိတ်အေးရပါတယ်"

ဒေါ်ဝတ်မှုန်စကားကြောင့် မင်းရောင် မလုံမလဲဖြစ်သွားပါသည်။ မင်းရောင် နေကောင်းလာတဲ့တစ်နေ့မှာ ချစ်မြတ်နိုးဟာ ကွာရှင်းကြဖို့ဆိုတဲ့စကားကို ပြန်အစဖော်တော့မယ်လို့ မင်းရောင် အလိုလိုရိပ်မိနေရာ ကိုယ့်ဘက်က လိပ်ပြာမလုံသဖြင့် လူကြီးတွေကို ရဲရဲတောင် မကြည့်ရဲသလို ဖြစ်နေပါသည်။

"ကိုယ်က သိပ်မပူတော့ဘူး"

"ဟုတ်တယ် မေမေ၊ ခုလေးတင် အစ်မက ရေဖတ်တိုက်နိုင်းလို့ တိုက်လိုက်တယ်၊ ဆေးလည်း ခုလေးတင် သောက်လိုက်တယ်"

"အေးပေါ့ . . . ရေဖတ်လည်း မှန်မှန်တိုက်ရမှာပေါ့"

မောင်မင်းရောင် နေမကောင်းလို့ သမီးက ခဏအခန်းခွဲအိပ်တယ်ဆိုတော့ ညရေးညတာမှာ သား အဖျားတက်ရင် သူ ဘယ်သိမလဲ ခွဲအိပ်တယ်ဆိုလည်း အခန်းတောင် ခွဲစရာမလိုပါဘူး၊ ဒီအခန်းက အကျယ်ကြီးပဲဟာ၊ တစ်ယောက်အိပ်ခုတင်ထိုးလို့ရတာပဲ၊ သမီးလာရင် ပြောရဦးမယ်"

ချစ်မြတ်နိုးမှာ အခန်းထဲပြန်ဝင်လာစဉ် မေမေ့စကားကြောင့် လန့်ပြီး ရပ်သွားပါသည်။

"သမီးခုတင်လေး ဒီအခန်းထဲ ပြန်ရွှေ့နိုင်းလိုက် ဟုတ်ပြီလား ဒေါ်ခင်ရွှေနဲ့မိထူး နှစ်ယောက်သယ်ရင် ရပါတယ်၊ ကိုယ့်ယောက်ျား နေ





မကောင်းနေတာကို အခန်းတောင် ခွဲအိပ်တယ်ဆိုတာတော့ မကောင်းပါဘူး"

မင်းရောင်မှာ ချစ်မြတ်နိုး၏အခက်အခဲကိုဝင်ဖြေရှင်းပေးလိုက်ဖို့ စဉ်းစားရင်း . . .

"အစ်မလည်း အလုပ်တစ်ဖက်နဲ့ လူမမာပြုစုရတာနဲ့ဆိုတော့ ညတော့ အိပ်ရေးဝဝ အိပ်ရပါစေဆိုပြီး ကျွန်တော်ပဲ သူ့ကို တခြားအခန်းမှာ ပြောင်းအိပ်ခိုင်းတာပါ၊ ရပါတယ် မေမေ၊ သူ တစ်နေကုန် အနားမယူဘဲ ကျွန်တော့်အနားမှာ ပြုစုနေရတာပါ၊ ညဘက်တော့ သူ ကောင်းကောင်းနားပါစေ"

ချစ်မြတ်နိုးက မင်းရောင်ကို ကျေးဇူးတင်သောမျက်လုံးတွေဖြင့် ကြည့်ပါသည်။

"သားဖေဖေက နောက်နှစ်ရက်ကြာမှ လာကြည့်မယ်ပြောတယ်၊ ပေးထားတဲ့ဆေးတွေသာ သေသေချာချာသောက်နော်"

"သောက်ပါတယ်၊ မ . . . က ဆေးသောက်ရမယ့်အချိန်တွေ သူ ခဲမှတ်ထားပေးလို့ တစ်ခွက်မှ မလွတ်သေးပါဘူး"

မင်းရောင် အမှတ်မထင် "မ" ဟု ခေါ်မိသွားသည်။ ဒီရက်ပိုင်းအတွင်း သူ့စိတ်ထဲမှာ ချစ်မြတ်နိုးကို တရင်းတနှီးဖြစ်လာသလိုလည်း ခံစားရသဖြင့် တစ်မိမ်းဆန်မနေချင်။

"အေး . . . ကောင်းပြီ၊ ဒါဖြင့် မေမေတို့ ပန်းထိမ်ဆိုင်သွားလိုက်ဦးမယ်၊ နှစ်ယောက်တိုင်ပင်ပြီး ပန်းထိမ်သွားအပ်မလို့ဟာ ဝတ်မှုန်က သားတို့ကို တစ်ချက်ဝင်ကြည့်ကြမလားဆိုတာနဲ့ ဝင်လာတာပါပဲ၊ အခွ



www.burmeseclassic.com

www.burmeseclassic.com



အထူး ဘာမှမရှိပါဘူး၊ သားလည်း တော်တော်လေး ကောင်းနေပြီဆို တော့ ဝမ်းသာပါတယ်၊ အပြုအစုကောင်းတဲ့ သမီးချစ်မြတ်နိုးကို ကျေးဇူး တင်ပါတယ်ကွယ်"

အမေနှစ်ယောက် ကားတစ်စီးဖြင့် ပြန်ထွက်သွားကြတော့မှ မင်းရောင်နဲ့ ချစ်မြတ်နိုးတို့ အသက်ပုံမှန်ရှူရဲသလို ဖြစ်သွားသည်။ ကိုယ့် အကြောင်းနဲ့ကိုယ် ဖုံးကွယ်ထားမှုတွေရှိသော အခြေအနေကြောင့် နှစ်ဖက်မိဘတွေ အိမ်လာတိုင်း သူတို့နှစ်ယောက်စလုံး ဟန်ဆောင်မှု တွေနဲ့ အသက်ရှူကျပ်နေခဲ့ရတာ အမြဲပင်။ အခုတစ်ခေါက်လည်း အသက်ရှူကျပ်စွာပင် အမေတွေကို ရင်ဆိုင်ရသည်။ အဲဒီထဲမှာ ဒီတစ်ခါ တော့ မင်းရောင်က အဆိုးဆုံးဖြစ်ပါမည်။ မင်းရောင်မှာ ကိုယ့်အပြစ်နဲ့ ကိုယ်သူကစပြီးကွာရှင်းခွင့်တောင်းမိခြင်းဟူသောပြစ်ချက်ကြီးတစ်ရပ ရှိနေလေရာ အမေတွေကို ရင်ဆိုင်ရတဲ့အခါ တော်တော့်ကို အသက်ရှူ မဝနိုင်ပေ။

ချစ်မြတ်နိုးမှာ မင်းရောင်၏အမူအရာကို အကဲခတ်မိသည်နှင့် ရင်ထဲမှာ နာကျင်စွာပင် နားလည်ပေးလိုက်ရပါသည်။

"စိတ်ချပါ။ ချစ်ရတဲ့သူနဲ့ လက်တွဲရဖို့ အကောင်းဆုံးနည်းလမ်း နဲ့ မင်းရောင်ကို မ...ကူညီမှာပါ"

ဟု ရင်ထဲမှာ တီးတိုးပြောရင်း ငိုကြွေးချင်နေမိပါသည်။

× × ×

# (၁၇)

"မင်းရောင်"

"ဟုတ်ကဲ့...မ...ကျွန်တော် နားထောင်နေပါတယ်"

"ဖေဖေက မနက်က လာကြည့်တော့ ပြောသွားတယ်နော်၊ တော်တော့်ကို သက်သာနေပြီဆိုတော့ အဖတ်ပျော့ပျော့စားလို့ရတယ် တဲ့၊ အဲဒါ...မ...အပြင်ထွက်လာရင်း သတိရလို့၊ မင်းရောင် ဘာစားချင် လဲ၊ မ...ဝယ်လာပေးမယ်လေ"

မင်းရောင် တိုက်ဖို့ဂျက်ဖြစ်နေတာ နှစ်ပတ်ကျော်လာပြီးသော အခါ တော်တော်သက်သာလာသဖြင့် အဖတ်ပျော့ပျော့ကို အရည်နဲ့တွဲ စားရင် ရပြီပြောထားသောကြောင့် ချစ်မြတ်နိုး သတိတရ ဖုန်းလှမ်းဆက် မေးခြင်းဖြစ်သည်။ အိမ်မှာရှိတာက ဆန်ပြုတ်ပျောပျော့ဖြစ်လိုက်၊ ကြြက်



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ မြူးစွမ်ဖြစ်လိုက်ရို့ သူ့ ခံတွင်းမတွေ့လှတာကို ချစ်မြတ်နိုး ရိပ်မိပါသည်။

"အစ်မ...တကူးတကကြီး ဝယ်မနေပါနဲ့၊ ရပါတယ်၊ ကျွန်တော် အိမ်မှာရှိတာတွေပဲ စားနိုင်ပါတယ်"

"တကူးတက မဟုတ်ဘူး၊ အခု မ . . . က ကြေးအိုးဆိုင်နား ရောက်နေလို့ မင်းရောင် ကြေးအိုးသောက်မလား မေးချင်လို့ပါ"

"- - - - - - -"

"အားနာမနေနဲ့၊ စားမယ်ဆို မ . . . ဝယ်လာလိုက်တော့မယ်နော်၊ ဟုတ်ပြီလား"

"ဟုတ်...ကျေးဇူးပဲ"

ချစ်မြတ်နိုး ဖုန်းကို ပြန်ပိတ်လိုက်ပြီး ကြေးအိုးဆိုင်ထဲ ဝင်ခဲ့ပါသည်။ စားပွဲထိုးကို ပါဆယ်ယူသွားရန်မှာပြီး စားပွဲလွတ်တစ်လုံးမှာ ထိုင်စောင့်နေလိုက်ပါသည်။

ငါးမိနစ်လောက်ထိုင်ပြီးသောအခါ ကိုယ့်နောက်ကျောကို တစ်စုံတစ်ယောက် (သို့မဟုတ်) လူတစ်ရို့ စိုက်ကြည့်နေကြောင်း အလိုလို ခံစားလို့ရသဖြင့် မသိမသာ ခေါင်းငဲ့ကြည့်မိပါသည်။

ချစ်မြတ်နိုး တစ်ခါမှ မသိခဲ့ဖူးသော မျက်နှာသုံးခုကို ဖျတ်ခနဲ ရင်ဆိုင်ရသည်။ ခေတ်မီမီ ချောချောလှလှ ကောင်မလေးသုံးယောက်ရဲ့ မျက်လုံးတွေထဲမှာ ချစ်မြတ်နိုးကို သိနေသည့်အရိပ်အယောင်တွေ တွေ့နေရ၏။ ချစ်မြတ်နိုး ပဟေဠိဖြစ်စွာ အသာပြန်လှည့်ကြည့်လိုက်ရသည်။

"လှည့်ကြည့်တယ်ဟဲ့၊ ငါတို့ပြောတာ ကြားသွားလားမသိဘူး"





အသံသဲ့သဲ့ တိုးတိုးကို ခုမှကြားရသည်။ တကယ်တော့ သူတို့ ပြောနေတာ ခပ်တိုးတိုးပါ။ အာရုံစိုက်မထားမိရင် မကြားနိုင်။ ချစ်မြတ်နိုးတတော့ အဲဒီသုံးယောက်ကို အာရုံစိုက်လိုက်မိ၍ သူတို့ရဲ့ ခပ်သဲ့သဲ့အသံကို မသဲမကွဲကြားနေရတာဖြစ်သည်။

"မဆိုးပါဘူး၊ ချစ်စရာလေးပဲဟာ"

"မနို့တရှုံ့ပုံလေးနော်၊ အဲဒါမျိုးကမှ ယောကျ်ားလေးတွေကို အသေအလည်း စွဲလမ်းစေတဲ့ရုပ်မျိုး"

"ဒါပေမယ့် မင်းရောင်ကျ မရပါလား"

မင်းရောင်ဟူသော အမည်ကြောင့် ချစ်မြတ်နိုးရင်ထဲ ဒိန်းခနဲ ဖြစ်သွားပါသည်။ နားကိုလည်း ပိုစွင့်မိသည်။

"မင်းရောင်က ခရစ်စတယ်ကို ရေလည်နိုက်တာနော်၊ ခရစ်စတယ်လည်း မင်းရောင်ကိုကျမှ တော်တော်အလျှော့ပေးတာ၊ အရင်တုန်းကဆို ခရစ်စတယ့်မာနတွေ မိုးပေါ်ရောက်နေတာနော်၊ အခုမှ မင်းရောင်သာ တစ်ဖက်မှာ လွတ်လွတ်လပ်လပ်ဖြစ်လာရင် အရှိန်မရွေး သတ်ခံမယ်ဆိုတဲ့အထိ လျှော့ပေးထားတာ"

ချစ်မြတ်နိုး၏ နှလုံးခုန်သံတွေ တဒိတ်ဒိတ်မြည်လာပါသည်။ မင်းရောင်ရဲ့ချစ်သူဆိုသော မိန်းကလေးနဲ့ မင်းရောင်တို့ကြားမှာ ချစ်မြတ်နိုးဟာ တကယ်ပဲ ဆူးငြောင့်ခလုတ် ဖြစ်နေခဲ့ပြီတည်း။

"အံ့သြစရာကြီးနော်၊ မင်းရောင်တို့က လက်ထပ်ပြီးတာ သိပ်မကြာသေးဘဲနဲ့ မင်းရောင် အပြင်မှာ ဖောက်ပြန်ပြီး အသစ်တွဲရတယ်ဆိုတော့ ဘာတွေလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မိဘသဘောတူလို့ ယူရတာတဲ့"

"မိဘသဘောတူလို့ ယူကြလည်း ဘယ်သူမှ သူတို့လောက် မြန်မြန်ဆန်ဆန် မပြောင်းလဲပါဘူး"

"ဒါကတော့ ငါတို့မသိတဲ့ တခြားအကြောင်းတွေ ရှိရင်ရှိမှာပေါ့"

ချစ်မြတ်နိုးရင်ထဲတွင် မွန်းကြပ်နေသည်။ သူတို့က ကိုယ့်ကို ကြည့်ပြီး ကိုယ့်အကြောင်းပြောနေကြတာမို့ အလိုလို သိမ်ငယ်ဝမ်းနည်းကာ လူပ်တောင်မလှုပ်ရဲတော့သလို ဖြစ်သွားသည်။ တကာယ့်ကို တောင့်မတ်မတ်ကြီး ထိုင်နေမိဆဲမှာ . . .

"အစ်မ ပါဆယ်ရပြီ"

ဟူသော စားပွဲထိုးဖော်အသံကြောင့် လန့်တုန်သွားတဲ့အထိပင် အိမ်ကို ကားမောင်းပြီး ဘယ်လိုပြန်ရောက်လာသလဲဆိုတာ ပင် မမှတ်မိတော့ချေ။ နားထဲမှာ ခုနက မိန်းကလေးအုပ်စု ပြောနေသော အသံတွေကိုသာ ကြားယောင်နေခဲ့ပါသည်။

အိမ်ပြန်ရောက်တော့ ချစ်မြတ်နိုးကို စောင့်နေသော မင်းရောင် ကို တွေ့ရသည်။

"အစ်မ၊ အကြာကြီးစောင့်ဝယ်နေရလား"

မင်းရောင်က ချစ်မြတ်နိုးလက်ထဲမှ အထုပ်ကို သူ့လက်ထဲ ပြောင်းယူရင်း ပြောသည်။

"မကြာပါဘူး"

"မ . . . ရော၊ စားခဲ့ပြီးပြီလား"

"မစားရသေးဘူး"





"ဒါဆို ကျွန်တော်တို့ အတူတူစားမယ်နော်"

"မင်းရောင်ပဲ စားပါ။ မ . . . ရင်ပြည့်နေလို့ ဘာမှမစားချင်တော့ ဘူး"

"ဟောဗျာ . . . တစ်ယောက်တည်းစားရမှာ ပျင်းစရာကြီး၊ မနဲ့ အတူတူစားနေကျဆိုတော့ အကျင့်ပါနေပြီ"

ချစ်မြတ်နိုး ငိုချင်သွားကာ မျက်ရည်ဝဲသွားပါသည်။ မင်းရောင် နေမကောင်းကတည်းက ချစ်မြတ်နိုးဟာ မင်းရောင်အနားမှာ မခွဲမခွာ ပြုစုနေမိကာ မင်းရောင် အရည်တွေသောက်နေရတုန်း သောက်ရတဲ့သူ အဖော်ရအောင်ဆိုကာ ချစ်မြတ်နိုးကပါ စွပ်ပြုတ်အတူလိုက်သောက် ပြလိုက်၊ ကော်ဖီဆိုကော်ဖီ၊ အိုဗာတင်း မိုင်လိုဆို သူလည်း တစ်ခွက် သောက်၊ ကိုယ်လည်း တစ်ခွက်သောက် အဖော်လုပ်ရင်း အတူတူနေ ပေးခဲ့တာကို မင်းရောင် အမှတ်ရနေပုံရသည်။ သူကတော့ ခင်မင်ပြီး အားရယ်မဟုတ် ပြောတာပေမယ့် ချစ်မြတ်နိုးအတွက်တော့ အသည်း နှလုံးကို တိုက်ရိုက်ဆွဲခါသလို ဖြစ်သွားစေပါသည်။

"မ . . . ရော၊ နေကောင်းရဲ့လား"

"ဟင် . . . ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"မ . . . မျက်နှာ နွမ်းနေပ[illegible] ဒါဆိုလည်း နေနေ၊ အစ်မ ကျွန်တော့်ကို ပြင်ဆင်ပြီး ကျွေးမနေပါနဲ့၊ ဒါလေးကို လုပ်နိုင်းလိုက်မယ်"

"ရပါတယ်၊ မ . . . လုပ်ပေးချင်ပါတယ်"

မင်းရောင် စိတ်ကြည်နူးမြူးပျော်ပင် ထိုင်နေသည်။ ချစ်မြတ်နိုး တစ်ယောက် ဝယ်လာသော ကြေးအိုးတွေကို အိုးတစ်လုံးထဲ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကာ မီးဖိုပေါ်တင်နွေးကာ ပန်းကန်တွေ ထုတ်တာ၊ ဇွန်းတွေထုတ်တာတို့ကို အစအဆုံး လိုက်ငေးကြည့်နေမိပါသည်။ ရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်းမသိ။ သူ့အနားမှာ ချစ်မြတ်နိုး ဒီလိုလေးအမြဲမပြတ် ရှိနေစေချင်သည်။ တောက်တောက် တောက်တောက်နဲ့ ဟိုဟာလေးလုပ်လိုက်၊ ဒီဟာလေးလုပ်လိုက်၊ စကားလေးပြောလိုက်နဲ့ အဖော်လာလုပ်ပေးနေတာကို စွဲလမ်းလာသည်။

မင်းရောင်ကိုဆို ချစ်မြတ်နိုးကိုယ်တိုင်ပဲ ပြင်ဆင်ကျွေးမွေးနေကျမို့ တစ်ခါတစ်ရံ ချစ်မြတ်နိုးမရှိလို့ ဒေါ်ခင်ရွှေလုပ်ပေးရင်တောင် အထင်မပြောတာ ရှိသလိုလိုနဲ့ တစ်ခုခုလိုသလိုလို ခံစားလာရတတ်တာလည်း မကြာသေး။ ဒီနေ့မကောင်းနေတဲ့ရက်လေးအတွင်းမှာမှ စိတ်တွေပြောင်းသွားတာ မင်းရောင် သူ့ကိုယ်သူ အံ့သြမဆုံးပါ။ အရင်ကတော့ သူ့ဘာထဲတွင် ရှိနေတယ်လို့တောင် မထင်တော့ဘဲ မေ့နေခဲ့သည့် မိန်းမတစ်ယောက်အပေါ် ဒီလောက်ရက်ပိုင်းလေးအတွင်းမှာ အမှတ်တရဖြစ်ရလားလို့လည်း အခါခါအပြစ်တင်ချင်မိပြန်သည်။

"ခေါက်ဆွဲဖတ်လေးနဲ့ အရည်ပဲစားနော်၊ အသားလုံးတွေ အရွက်တွေတော့ မစားနဲ့ဦး၊ အူက အပျော့ပဲ လက်ခံသေးကာ"

မင်းရောင်ရှေ့ ပန်းကန်ချပေးရင်း ဂရုတစိုက် သတိပေးသံ၏ အဓိပ္ပာယ်ဟု မခံစားရဘဲ နားဝင်ချိုနေပါသည်။

"မ…ဘယ်လဲ"

"မင်းရောင်…စားလေ၊ ပြီးရင် ပန်းကန်တွေပုံထားခဲ့၊ မီးဖိုချောင်မှာထားခဲ့တယ်၊ သူ လာဆေးလိမ့်မယ်၊ မ…ခဏသွားနားလိုက်ဦးမယ်နော်"





"ဟာ…မ…ကြည့်စမ်း၊ နေမကောင်းနေတာလား၊ ကျွန်တော့်ကို အမှန်အတိုင်းမပြောဘဲ ဟန်ဆောင်နေတယ်"

မင်းရောင် စိုးရိမ်ပြီး ချစ်မြတ်နိုး၏ လက်ကောက်ဝတ်ကို လှမ်းဆွဲထားလိုက်ကာ မေးလိုက်မိသည်။

"တို့…နေကောင်းပါတယ် မင်းရောင်၊ ခဏနားချင်တာပါ"

မင်းရောင်လက်ထဲမှ လက်ကို ရုန်းထွက်ကာ ချာခနဲပြေးထွက်သွားသော ချစ်မြတ်နိုး၏ ပဟေဠိဆန်သောအကြည့်ကို မင်းရောင် စဉ်းစားမရ ဖြစ်သွားပါသည်။ လေးထောင့်မျက်မှန်သေးသေးလေးအောက်က လှပသော မျက်လုံးဝိုင်းဝိုင်းလေးတွေ၏ အကြည့်ကို မေ့မရတော့။

ထိုနေ့က ညနေစာစားပြီးကတည်းက မင်းရောင် သူ့အခန်းသူ ပြန်လှဲနေသော်လည်း အရင်ကလို ချစ်မြတ်နိုး မကြာခဏ ဝင်လိုက်ထွက်လိုက် လာကြည့်၊ စကားပြောတာမျိုး မလုပ်ဘဲ တိတ်ဆိတ်ငြိမ်သက်နေတာကို အခံရခက်စွာ ရင်ဆိုင်ရပါသည်။ သူ့အနားလာနေကျမဟုတ်ပေမယ့် နေမကောင်းတဲ့ရက်ပိုင်းအတွင်း သူ့နားမှာရှိနေပေးခဲ့တာမို့ အခုကျတော့ တစ်ယောက်တည်း မနေတတ်သလို ဖြစ်နေတော့သည်။ တီဗီ ကြည့်ထားလည်း စိတ်ဝင်စားလို့မရ၊ စာအုပ်ယူဖတ်လည်း ဖတ်လို့မရ။

အိပ်ရာထဲကထလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက်ဖြင့် အချိန်ဖြုန်းနေမိသည်။ ညအိပ်ခါနီးရင်တော့ သူ လာမှာပါ။ ညသောက်ဆေးတစ်ခွက် သောက်ရဦးမယ်ဆိုတာ လာသတိပေးမယ်၊ မင်းရောင်က မှာမိုက်ရင် သူ့ကိုယ်တိုင်ပဲ ဆေးတွေထုတ်၊ အတင်းလက်ထဲထည့်ပေးပြီး မင်းရောင် ဆေးကို မျိုချမှပဲ စိတ်ချလက်ချ သွားအိပ်တတ်တဲ့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကို မင်းရောင် မျှော်နေမိပါသည်။ ဒီအခန်းကထွက်ပြီး ဓရြလှမ်း ဆယ့်လေးငါးလှမ်းလျှောက်ရင် ချစ်မြတ်နိုးနေတဲ့ တစ်ယောက်အိပ် အခန်းကို ရောက်မယ်ဆိုတာ သိပေမယ့် တစ်ခါမှ မသွားခဲ့ဖူးတာမို့ သွား ရမှာ မဝံ့မရဲဖြစ်နေမိသည်။

"မင်းရောင်"

မင်းရောင် မျှော်လင့်နေသော အသံကို ကြားလိုက်ရလျှင် ဝမ်း သာအားရ အိပ်ရာထဲမှ ထထိုင်မိတော့သည်။

မျက်နှာလေးတွေ ခပ်အမ်းအမ်းဖြစ်ကာ နှာသီးဖျားလေးတွေ နီနေသော ချစ်မြတ်နိုးကို ချက်ချင်း သတိထားမိသွားပါသည်။ ဘုရားရေ မ…ငိုနေတယ်လား။

"အစ်မ…မ"

မင်းရောင် မေ့ပြီး ချစ်မြတ်နိုး၏လက်နှစ်ဖက်ကို ဖမ်းဆွဲလိုက် မိ၏။ ချစ်မြတ်နိုး ချက်ချင်းလိုပင် ရုန်းဖယ်ပစ်လိုက်ကာ …

"ဆေးသောက်ရတော့မယ်လေ"

"မ…ဘယ်ရောက်နေတာလဲ"

"မင်းရောင်… ဆေးမသောက်ဘဲ အိပ်မှာစိုးလို့ လာသတိပေး တာ၊ ဂျုစ်နဲ့သောက်မလား၊ မိုင်လိုနဲ့သောက်မလား"

"ခါတိုင်းဆို မ … ညမအိပ်ခင်ထိ ကျန်တော့်နား လာနေပေး တာဆိုတော့ ဒီနေ့ တစ်ယောက်တည်းနေရတာ ပျင်းလိုက်တာဗျာ မ…ဘာဖြစ်နေတာလဲ၊ ဘာလို့အခန်းအောင်းနေတာလဲ"

"မင်းရောင်၊ ဒီမှာ … ဆေး၊ နောက်နေ့ကစပြီး ကိုယ့်ဘာသာ ဆေးသောက်တော့နော်၊ မ … အလုပ်ကို ပုံမှန်ပြန်သွားစရာရှိလို့၊ မင်း





ရောင် မေ့မှာစိုးလို့ မ… ဆေးသောက်ရမယ့်အချိန်ဆိုရင် ဖုန်းဆက်သတိ ပေးမယ်၊ ဟုတ်ပြီလား၊ ဒေါ်လေးကိုလည်း မှာထားမှာပါ"

မင်းရောင်ပြောနေ၊ မေးနေတာက တခြား။ ချစ်မြတ်နိုး ပြောနေ တာက တခြားဖြစ်နေပါသည်။ မင်းရောင် သတိထားမိလာကာ ဆက် မမေးတော့ဘဲ ညိုးလျှပြီး မရွှင်ပျသည့် မျက်နှာလေးကိုသာ အသာငေး ကြည့်နေလိုက်တော့သည်။ ခုရက်ပိုင်းအတွင်း စကားပြောရင် အမြဲပြုံးပြီး ပြောတတ်သော မျက်နှာအမူအရာမျိုးကိုသာ မြင်နေကျဖြစ်ရာ အဲဒီအမူ အရာလေးကို နမြောတမ်းတနေမိသည်။

"ဆေးသောက်ပြီးပြီဆို ကြိုးစားအိပ်လိုက်နော်၊ တီဗွီတွေ အရမ်းကြည့်မနေနဲ့၊ မ… သွားပြီ"

"အစ်မ…"

မင်းရောင် တစ်စုံတစ်ခုကိုပြောချင်သလိုဖြစ်လာကာ ချစ် မြတ်နိုးကို ခေါ်လိုက်မိလျှင် တံခါးဆီ ကျောခိုင်းသွားနေသော ချစ်မြတ်နိုး က လှည့်ကြည့်မလာပါ။

"အိပ်တော့လေ"

မင်းရောင်ရင်ထဲ မောသွားကာ ခေါင်းအုံးကို လက်သီးနဲ့ ပိတ် ထိုးမိတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

မင်းရောင် ကွန်ပျူတာစားပွဲမှာရှိနေစဉ် သူ့အနားလာရပ်လိုက်သော အရိပ်ကြောင့်...

"မချစ်မြတ်နိုး"

ဟု မော့မကြည့်ဘဲ ခေါ်လိုက်ပါသည်။ J'adore ရနံ့လေးကို သူ ယဉ်ပါးနေပြီ။ နေကောင်းသွားပြီး သူ့ကို လာမပြုစုတော့တာတောင် ရနံ့လေးကို သူ မမေ့သေး။

"မင်းရောင်... လိုချင်နေတာလေ"

"ဗျာ...ဒါ..."

မင်းရောင် သူ့မျက်စိရှေ့မှာ လာချသော စာရွက်တစ်စုံကို အံ့ဩနာကျင်စွာ ကောက်ကိုင်လိုက်မိ၏။ မေ့တောင်မေ့နေခဲ့တာ၊ ကြည့်စမ်း သူက မမေ့ဘူး။





"အစ်မမိတ်ဆွေ ရှေ့နေတစ်ယောက်နဲ့တိုင်ပင်ပြီး အသေအချာလုပ်လာတဲ့ စာချုပ်ပါ၊ မင်းရောင်...ဖတ်ကြည့်ပါဦး"

"အစ်မ...ကျွန်တော်တို့..."

"မင်းရောင်ပြောထားတာ တို့ မမေ့ပါဘူး၊ မင်းရောင်အတွက် အစ်မရှိနေတာဟာ ခလုတ်တံသင်းတစ်ခုလို ဖြစ်နေမယ်ဆိုတာ သိတယ်။ မင်းရောင်ကို အစ်မ မချုပ်ကိုင်ထားပါဘူး၊ လွတ်လပ်ခွင့်ပေးပါတယ်၊ မင်းရောင်ရဲ့ချစ်သူ ဘယ်သူလဲဆိုတာ အစ်မ သိပါတယ်၊ မြင့်ဖူးအောင်လည်း သွားကြည့်မိတယ်ဆိုတာ ဝန်ခံပါတယ်၊ သူက တော်တော့်ကို လှပါတယ်၊ မင်းရောင်နဲ့ သိပ်လိုက်တယ်၊ သူလည်း မင်းရောင်ကို ချစ်မယ်လို့ အစ်မ မှန်းလို့ရတယ်၊ ဒီတော့ မ . . . တို့ ကွာရှင်းလိုက်ကြတာ အကောင်းဆုံးပဲလေ၊ မင်းရောင်ကိုယ်တိုင် ဒါကို လိုချင်ခဲ့တာဆိုတော့ အစ်မ လိုက်လျောဖို့ ဝန်မလေးပါဘူး"

မင်းရောင် စာချုပ်ကို ကြောင်ပြီး စိုက်ကြည့်နေမိပါသည်။ ဒါကို ချစ်မြတ်နိုးက သူ အသေအချာ ဖတ်ကြည့်နေသည်ထင်ကာ စာကြောင်းတွေကို လက်ညှိုးထောက်ရင်း...

"ဒါက နှစ်ယောက်နာမည်နဲ့ဝယ်ထားတဲ့ဒီအိမ်ကို ရောင်းပြီး တစ်ဝက်စီခွဲမယ်ပေါ့၊ ဒါကတော့ မ . . . ကို မင်းရောင်အမေက မင်္ဂလာဦးသတ်ဖွဲ့ဆိုပြီး မ . . .ကိုပေးခဲ့တဲ့ ပတ္တမြားစိန်တစ်ဆင်စာပါ။ မ . . . နဲ့မဆိုင်တော့ဘူးလို့ သတ်မှတ်တဲ့အတွက် မင်းရောင်ကို ပြန်ပေးတယ်လို့ ရေးထားတာနော်၊ မ . . . တို့နှစ်ယောက် လက်ထက်ပွားဆိုတာကလည်း အမှုသိပ်မရှိတော့ အဲဒါလေးတွေပဲ ခွဲပေးလိုက်တာ၊ မင်းရောင် ထပ်ဖြည့်ချင်တာရှိရင် ဖြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မက . . . အစ်မက . . . လက်မှတ် . . . အင်း . . . လက်မှတ်တောင် ထိုးပြီးနေပြီလား"

မင်းရောင်အသံမှာ မနည်းကို အားယူပြောရသလို ဖြစ်နေသည်။ သူ နေကောင်းတဲ့အချိန်ထိကို စိတ်ရှည်ရှည်စောင့်ပြီး ကွာရှင်းစာချုပ်ကို ကိုင်ထားခဲ့တာပါလား။

"ဟုတ်တယ်လေ၊ နှစ်ဦးသဘောတူဆိုတော့ အစ်မ လက်မှတ်အရင်ထိုးထားရင် မင်းရောင် လက်မှတ်ထိုးရုံပါပဲ၊ နှစ်စုံလုပ်ထားတာဆိုတော့ မင်းရောင်တစ်စုံ၊ အစ်မတစ်စုံပေါ့"

"လက်ထပ်စာချုပ်ကရော"

"မင်းရောင် လိုချင်ရင် ပေးမယ်လေ၊ စိတ်ချပါ၊ အစ်မမှာရှိတဲ့တစ်စုံကို ဖျက်ဆီးလိုက်ပါ့မယ်၊ မင်းရောင်ကို တစ်စုံပေးမှာပါ၊ ဘာမှမနိုးရိမ်ပါနဲ့၊ မက ဒါကို မျှော်လင့်ထားပြီးသားပါ၊ မင်းရောင်ကို အပြစ်မတင်ပါဘူး၊ဒါပေမယ့် အဘွားဒေါ်မြတ်မွန်၊ မတို့ကြောင့် တစ်စုံတစ်ရာ ဖြစ်သွားမှာတော့ စိုးရိမ်မိတယ်"

မင်းရောင်မှာ တည်ငြိမ်စွာပင် ပြုံးမြသော မျက်လုံးတွေဖြင့်ဆက်တိုက်ပြောနေသော ချစ်မြတ်နိုးကို မယုံကြည်နိုင်စွာပင် ကြည့်မိသည်။ အသည်းမာလှချည်လား။ လုပ်ရက်လှချည်လား။ ခင်ဗျား ကျွန်တော့်ကို တကယ်မလိုချင်ဘူးလား၊ ကျွန်တော့်ကို တကယ်စွန့်လွှတ်ရဲသလား ခင်ဗျားရင်ထဲမှာ အသည်းနှလုံး မရှိဘူးလားဆိုသော စကားလုံးတွေ မင်းရောင်ရင်ထဲမှာ ပြည့်နေပါသည်။

"ကျွန်တော် . . . သူနဲ့ . . ."





မင်းရောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ အဆက်အသွယ်မလုပ်ဖြစ်တာ တစ်လခွဲလောက်ရှိပြီ။ ခရစ်စတယ်ကတော့ ဘယ်လိုထင်မလဲ။ ကွာရှင်းပြီး ချက်ချင်း သူမဆီ ရောက်လာခဲ့မယ်လို့ မျှော်လင့်ထားခဲ့မှာပေါ့။ ဒါပေမယ့် မင်းရောင် ရောက်မလာခဲ့တဲ့အခါ။

"တို့ . . . ထားခဲ့မယ်နော်"

"မ . . ."

မင်းရောင် ရင်ထဲနင့်စွာ ခေါ်လိုက်မိပြန်သည်။ ကျွန်တော်တို့ ကွာရှင်းကြတော့ရင် ကောင်းမယ်။ မင်းရောင်ရင်ထဲမှာ အော်ပြောမိ၏။ ပါးစပ်ကတော့ ထုတ်မပြောရဲ။ ကိုယ့်အသသာတောင် ဘာဖြစ်လို့ဒီလိုပြောင်းလဲသွားမှန်းမသိတာမို့မင်းရောင်ရင်ထဲပြောင်းဆန်နေသည်။

"စိတ်ချပါ၊ အဘွားဒေါ်မြတ်မွန်ကို ချက်ချင်းမပြောဘဲ နေကြမယ်၊ တို့နှစ်ယောက်ရဲ့အခြေအနေကို လူကြီးတွေအကုန်လုံး ဖြည်းဖြည်းချင်း ရိပ်မိလာမှ မ . . . ပြောပြလိုက်ပါ့မယ်၊ မင်းရောင်ကတော့ ကောင်မလေးနဲ့အတူတူ အင်္ဂလန်ကို ထွက်သွားမယ်မဟုတ်လား"

ဘယ်သူပြောလဲ။ ကျွန်တော် အင်္ဂလန်ကို ပြန်သွားမယ်လို့ဘယ်တုန်းက ပြောဖူးလို့လဲ။ မင်းရောင်သည် ချစ်မြတ်နိုးကို စိတ်နာသလိုကြည့်မိ၏။ ဒီဇာတ်လမ်းကို သူပဲ ဒါရိုက်တာ၊ သူပဲ မင်းသမီးလုပ်ပြီး အဆုံးသတ်နေတဲ့သဘောပဲ။ ဘယ်လောက်အသည်းမာတဲ့ မိန်းမလဲ။ မင်းရောင်ရင်ထဲ ပြည့်ကျပ်ပြီး ကျန်ခဲ့သောအခါ ချစ်မြတ်နိုးကို ပြောပြနိုင်စရာစကားတွေ တစ်ခွန်းမှမရှိတော့ပါ။

အဲဒီလို ဖြေရှင်းကြပြီး ရက်ပိုင်းအတွင်း တစ်အိမ်တည်းအတူနေပေမယ့် သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မဆုံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှောင်နေမိကြသော အဖြစ်မျိုးကို ပြန်ရောက်သွားပါသည်။ မင်းရောင် နေမကောင်းစဉ်ကနဲ့ နေကောင်းပြီးခါစ ရက်ပိုင်းတွေတုန်းက ရယ်သံတွေ၊ စကားသံတွေနဲ့ တရင်းတနှီးဖြစ်ခဲ့သော သူတို့နှစ်ယောက်ရဲ့ အခြေအနေကို လေ့လာနေသည့် ဒေါ်ခင်ရွှေမှာ ရုတ်ခြည်း ပြန်၍ ပြောင်းလဲသွားသော အဖြစ်အပျက်ကို စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတော့သည်။

"ကိုမင်းရောင်၊ ဒီနေ့ ဘာဟင်းနဲ့စား..."

"ကျွန်တော့်အတွက် ဒီနေ့ကစပြီး မနက်စာ၊ ညစာ ဘာမှမချက်ပါနဲ့တော့၊ ကျွန်တော် အပြင်မှာပဲ စားဖြစ်ဖို့များတယ်"

ဒေါ်ခင်ရွှေစကားမဆုံးခင် ဖြတ်ပြောပြီး ထွက်သွားသော မင်းရောင်၏ မိုးလင်းကမိုးချုပ် အရင်ကထက်ပိုကာ အိမ်မကပ်တော့တာကို စောင့်ကြည့်မိလျက်...

"သမီး . . . ကိုမင်းရောင်က အိမ်မှာ မစားတော့ဘူးပြောတယ် ကွယ်၊ အဲဒါ..."

"ဒေါ်လေးကြားတဲ့အတိုင်း အမှန်ပဲ၊ ဒီတော့ ဘာမှလဲ မချက်ပါနဲ့၊ တစ်နေ့ကျ အားလုံးရှင်းသွားမှာပါ"

ဟု ချစ်မြတ်နိုး၏ ခပ်ပြတ်ပြတ်ဖြေသံကို ရင်ဆိုင်ရတော့သည်။ ထိုအခါ ဒေါ်ခင်ရွှေမှာ လူငယ်တွေရဲ့ပြဿနာကို ခေါင်းခြောက်စွာ အဖြေရှာမဆုံးဖြစ်ပြီး အသံတိတ်စောင့်ကြည့်နေရတော့လေသည်။

မင်းရောင်တစ်ယောက်ကတော့ မျက်နှာကြီး ပိုမှုန်လာတာ ပိုပြီး တိတ်ဆိတ်လာသလို ချစ်မြတ်နိုးကလည်း မိုးလင်းကမိုးချုပ် အလုပ်





မှာ အချိန်ဖြုန်းပြန်ကာ အိမ်ပြန်ရောက်တာနဲ့ ရေမိုးချိုး၊ ထမင်းစားပြီးတာနဲ့ အခန်းအောင်းတော့သည်။ မနက်ဆို ထနေကျအချိန် ထလာပေမယ့် မျက်နှာလေးရှောင်နေကာ မျက်ခွံလေးတွေ မို့နေတတ်သလို တစ်နေ့တခြား ပိုပြီး ပိန်သွယ်ပါးလျသွားတာကိုလည်း သတိထားမိသည်။

အရင်တည်းက တိတ်ဆိတ်နေခဲ့ဖူးသော အိမ်ဟာ အခုတော့ ပိုပြီးတော့တောင် တိတ်ဆိတ်သွားသလိုဖြစ်ကာ မုန်တိုင်းတစ်ခုမလာခင် တိတ်ဆိတ်ငြိမ်သက်ပုံမျိုးနှင့် တူလှသည်ဟု ဒေါ်ခင်ရွှေ ထင်လေသည်။

အခြေအနေကို စောင့်ကြည့်ကာ လူကြီးမိဘတွေဆီ သတင်းပို့ဖို့ကိုလည်း စိတ်ကူးဖြင့် စီစဉ်နေမိလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

"ကိုယ်နဲ့ သူ ကွာရှင်းပြီးသွားပြီ ခရစ်စတယ်၊ ဒီတော့ ခရစ်စတယ် ဘယ်လိုသဘောရလဲ"

"တို့ ပြောပြီးသားပဲလေ၊ ကိုမင်းဘက်က ရှင်းရင် ရပြီလို့"

"ကိုယ် တစ်ခုပြောရမှာတော့ အားနာတယ်"

"ဘာများလဲ"

"ကိုယ်တို့နှစ်ယောက် အင်္ဂလန်ကို အတူတူထွက်သွားကြ မယ်၊ ဟိုရောက်မှ လက်ထပ်မယ်ဆိုရင် ဟန်နီ ဘယ်လိုဆုံးဖြတ်မလဲ"

"ဘာကြောင့် အဲဒီလိုအခြေအနေဖြစ်အောင် လုပ်တာလဲ ကိုမင်း"

"အဲဒီလိုလုပ်တာ မဟုတ်ဘူး၊ အဲဒီလိုမှမလုပ်ရင် ကိုယ့်အသွား နှလုံးရောဂါအခြေအနေ ဆိုးလာပြီး ချက်ချင်းသေသွားနိုင်တယ်"





မင်းရောင်သည် ခရစ်စတယ့်ကို သွားတွေ့သင့်သည်ဟု သူ့ဘာသာ ဆုံးဖြတ်ကာ သွားတွေ့၊ အခြေအနေကို ရှင်းပြဆွေးနွေးလုပ်နေသည့် သူ့စိတ်တွေ မပေါ့ပါးလှတာကို သတိပြုမိလာသည်။ တကယ်ဆို ကိုယ်ချစ်သောမိန်းကလေးကို လွတ်လပ်သောအနေအထားနဲ့ လက်တွဲနိုင်ပြီဆိုတာဟာ ပျော်စရာအကောင်းဆုံး အနေအထားပဲမဟုတ်လား။ သူ ဘာကြောင့်များ အပြည့်အဝ မပျော်သနည်း။

"ကိုယ်နဲ့ မချစ်မြတ်နိုးတို့ဟာ အသွားတွေအချင်းချင်း ကတိ ပေးထားခဲ့ကြလို့ အသွားတွေကြောင့် လက်ထပ်ရတာပါ၊ အထူးသဖြင့် ကိုယ့်အသွားကြောင့် ကိုယ် သူနဲ့လက်ထပ်ဖို့ လက်ခံခဲ့ရတဲ့သဘောပဲ၊ ကိုယ့်အသွားမှာ နှလုံးရောဂါရှိတယ်၊ စိတ်ဆင်းရဲစရာကြားတာနဲ့ ချက်ချင်း Attack (အတက်ခ်)ရတတ်တယ်။ ဖေဖေက ဆရာဝန်မို့ အသွား ပေါက်ထိ အသက်ရှည်နေတာလို့ ပြောရမယ်၊ ဒီတော့ ကိုယ်တို့ ကွာရှင်းပြီး တစ်ယောက်တစ်ကွဲစီဖြစ်ရုံမက ကိုယ်က ချက်ချင်း နောက်တစ်ယောက်ကို ကောက်ယူရင် အသွား ပိုစိတ်ဆင်းရဲပြီး ရောဂါအခြေအနေ ဆိုးလာမှာ စိုးရိမ်တယ်။ ပြီးတော့ ခရစ်စတယ့်အတွက်လည်း ဂုဏ်သိက္ခာထိနိုက်လိမ့်မယ်လေ။ ဟိုမိန်းမနဲ့ကွဲလာတဲ့ကောင်ကို ချက်ချင်း လက်ထပ်ပြမယ်။ အသိုင်းအဝိုင်းမှာ ပြောစရာဖြစ်မယ်။ ဒါကို ခရစ်စတယ် ခံနိုင်ရည်ရှိပါ့မလား။ ကိုယ် ဒါတွေတွေးမိပြီး ကိုယ်တို့ အင်္ဂလန်ကိုထွက်သွားကြပြီး အဲဒီမှာ လက်ထပ်မယ်။ နှစ်တော်တော်ကြာကြာ နေပြီးမှ ပြန်လာမယ်ဆိုရင်ရော"

မင်းရောင် စီစဉ်သမျှကလည်း ဟုတ်နေသဖြင့် ခရစ်စတယ် လက်ခံချင်သွားပါသည်။ မင်းရောင်ကိုချစ်လို့သာ သူ့ဟိုမိန်းမနဲ့ကွဲလာချင်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမယ်ပြောခဲ့ပေမယ့် တကယ့်တကယ်ကျတော့ ကိုယ်က သူ့
အကျကြီးကို ရျက်ချင်းကောက်ယူလက်ခံလိုက်သူအဖြစ် အပြောခံရ
ကြောက်သည်။ ခရစ်စတယ်ကလည်း ဒီပတ်ဝန်းကျင်အသိုင်းအဝိုင်း
နာမည်တစ်လုံးနဲ့ လူသိများသူတစ်ဦးဖြစ်လေရာ ခရစ်စတယ်ဟာ လူ
လူလွတ်တစ်ယောက်ကို ခေါင်းခေါက်ယူလို့ရပါလျက် တစ်ခုလ
ယောကျာ်းတစ်ယောက်ကိုယူသည့်သတင်းဟာအများအံ့သြဖွယ်ဖ
ဖြစ်လာနိုင်သည်။

"ကိုမင်းက သွားချင်ရင် လွယ်တယ်၊ ဟိုမှာ ကျောင်းပြီးလာ
အလုပ်လည်း အဲဒီကုမ္ပဏီကအလုပ်ကို ဒီမှာ ဆက်လုပ်နေတာဆို
အဆင်ပြေတယ်။ တို့က ဘယ်လိုလုပ်ထွက်မလဲ၊ ကျောင်းနေမယ့်ပိ
တင်မှ ရမယ်"

"ဒါပေါ့၊ ကျောင်းသွားနေဖို့ပဲ ရှိတာပေါ့ ဟန်နီ၊ ဒီလောက်
တတ်နိုင်ပါတယ်၊ အရင်က စင်ကာပူမှာတောင် သုံးနှစ်ဒီပလိုမာတွဲ သူ
တက်ခဲ့သေးတာပဲ"

"ကိုမင်းကို ချစ်လို့သာ လိုက်လျောရတာ သိလား၊ အမှန်
ဟန်နီ၊ ကျောင်းလည်း မတက်ချင်တော့ဘူး၊ စီးပွားရေးပဲ လုပ်
တော့တာ"

"အကြာကြီး ကျောင်းတက်စရာ မလိုပါဘူး၊ တစ်နှစ်လော
တက်ပေါ့၊ ကိုယ်နဲ့လက်ထပ်လိုက်ရင် ဟန်နီ ဘာမှမပူရတော့ဘူး၊ အလု
လုပ်ချင်လည်း လုပ်၊ မလုပ်ချင်ရင်လည်း ရတယ်၊ ကိုယ့်လခနဲ့ လော
ပါတယ်"





"ဟန်နီလည်း အလုပ်လုပ်မှာပေါ့ ကိုမင်းရဲ့၊ ဟန်နီက ရပ်နေရတာကို မကြိုက်ဘူး၊ ကိုယ့်ဘဝ တိုးတက်ဖို့ ရှေ့ကိုလျှောက်နေရတာကိုပဲ ကြိုက်တယ်"

ခရစ်စတယ်က ဝမ်းသာကျေနပ်စွာပင် မင်းရောင်၏ပခုံးမှာ ခေါင်းမှီရင်း ရှေ့ရေးကို စီစဉ်နေလေသည်။ မိဘနှစ်ပါးလုံး မရှိတော့ဘဲ ကြီးတော်၏ အုပ်ထိန်းမှုအောက်တွင် နေရသူမို့ ကြီးတော်၏ခွင့်ပြုချက်ရအောင် ပြောဖို့လည်း လိုတဲ့အကြောင်း၊ သူမ၏ တစ်ဦးတည်းသော ညီမငယ်ကိုပါ သိပ်မကြာခင် ခေါ်ယူပြီး ကျောင်းနေစေမည့်အကြောင်း စသဖြင့် စီကာပတ်ကုံး တတွတ်တွတ်ပြောနေပါသည်။ မင်းရောင်ကတော့ အင်း . . . အဲနှင့် ခေါင်းညိတ်၊ ခေါင်းခါ လုပ်နေမိသည်။ စိတ်ထဲမှာ ဒီလိုဖြစ်သင့်သည်၊ လုပ်သင့်သည်ဟူ၍ ဆုံးဖြတ်ကာ ရှေ့ဆက်ရပေမယ့် ဘာကို အလိုမကျမှန်းမသိ ဖြစ်နေပါသည်။

အခုလောလောဆယ်တွင် မင်းရောင်ဘက်မှ လုပ်ဆောင်စရာရှိတာတွေ လုပ်ဆောင်ပြီးလျှင် နှစ်လအတွင်း အင်္ဂလန်ကိုထွက်ဖို့ စီစဉ်နေမိသည်။ သူတို့ ကွာရှင်းပြီးသည့်သတင်းကို ခရစ်စတယ်ကလွဲရင် ဘယ်သူမှ မသိသေး။ ချစ်မြတ်နိုးကလည်း သူ့ဘက်က လူကြီးမိဘတွေကို မပြော။ မင်းရောင်ကလည်း မပြောချင်။ မင်းရောင် ရုတ်တရက် အင်္ဂလန်ထွက်သွားမှသာ သိချင်သိတော့ဟု ဆုံးဖြတ်ထားသည်။

မင်းရောင်သည် ချစ်မြတ်နိုးနဲ့ တစ်အိမ်တည်းအတူတူနေရပေမယ့် အရင်ကလိုပဲ အဝေးဆုံးတစ်နေရာစီမှာ ရှိနေသလို ခံစားရသည့်အခြေအနေကို သည်းမခံနိုင်စွာ ရင်ဆိုင်နေရပါသည်။ သူ့ဘဝထဲမှာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့သလောက် နေရာမပေးခဲ့ဖူးသော ချစ်မြတ်နိုးဟာ သူ နေမကောင်းခဲ့သော တစ်လလောက်အချိန်လေးအတွင်းမှာ သူ့ကို အနီးကပ်ပြုစုစောင့်ရှောက်ပေးပြီး နီးစပ်မှု အတူတူရှိနေပေးတာလေးနဲ့တင် အလွယ်တကူ နေရာယူနိုင်သလား။ အလွယ်တကူပဲ သူ့စိတ်တွေကို လွှမ်းမိုးနိုင်သလားဆိုသော အလိုမကျစိတ်တို့လည်း ဖြစ်ပွားနေရပါသည်။

ခရစ်စတယ်ကို ပြန်ပို့ပေးပြီးသောအခါ မင်းရောင်လည်း အိမ်ပြန်လာခဲ့ရသည်။ အိမ်ရောက်ရင် ချစ်မြတ်နိုးကိုတွေ့ရမှာ မဟုတ်မှန်းသိသည်။ အရင်ကတော့ သူလည်း သူ့ဘာသာနေ၊ ကိုယ်လည်း ကိုယ့်ဘာသာနေပုံစံဖြင့် ချစ်မြတ်နိုး ရှိနေတတ်ပြီး သူမရဲ့အရိပ်တွေကို အိမ်ထဲမှာ တွေ့နေရတတ်ပါသည်။ အခုတော့ သိသိသာသာပင် မင်းရောင်ကို ရှောင်မှန်းသိသာစွာပင် အမြဲ အခန်းအောင်းနေတတ်သည်။ မင်းရောင်ကလည်း မဆုံအောင် ပြန်ရှောင်နေမိသဖြင့် သူတို့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်သလောက် ဖြစ်နေပါသည်။

ကွာရှင်းကြပြီးဟု ချစ်မြတ်နိုးကိုယ်တိုင်စသတ်မှတ်သောနေ့ကစပြီး ဒီနေ့နှင့်ဆိုလျှင် နှစ်ပတ်ကျော်ရှိပြီ။ မင်းရောင် ခုထိ ရင်ထဲမှာ အနည်မထိုင်သေး။ ဒီအခြေအနေကို လက်မခံနိုင်သေး။ ရင်ထဲမှာ မတော့ မနပ်ဖြစ်ရင်းကပဲ နေ့ရက်တွေကို ကုန်ဆုံးနေရပါသည်။

မင်းရောင် ကားကို ဂိုဒေါင်ထဲ တန်းမောင်းဝင်လာပြီး မီးဖိုခန်းမှ တစ်ဆင့် ဝင်လာလျှင် အိမ်ရှေ့ဧည့်ခန်းမှာ စကားပြောနေသံသဲ့သဲ့ကို ကြားလိုက်ရသည်။ မီးဖိုချောင်မှာပဲ ဒေါ်ခင်ရွှေနှင့် မိထူးတို့ ကော်ဖီ၊ မုန့်တွေ ဝန်းဖြင့်ပြင်ဆင်နေတာ တွေ့ရသည်။





"ဧည့်သည်ရောက်နေတာလား"

သူတို့အိမ်ကို ဘယ်ဧည့်သည်မှ မလာဖူး၍ မင်းရောင် အံ့ဩပြီး မေးမိသည်။

"အမျိုးသားဧည့်သည်တစ်ယောက်ပါပဲ"

မင်းရောင်၏ခေါင်းထဲတွင် "ရန်လင်း"ဟူသော အမည်နာမတစ်ခု ဖျတ်ခနဲပေါ်လာသည်။ လူက အလိုအလျောက်ပင် အိမ်ရှေ့ဧည့်ခန်းကို ရောက်သွားမိပါသည်။ မင်းရောင် ဝင်လာသောအခါ စကားသံတွေ ငုပ်သွားကြ၏။

"ကိုမင်းရောင်၊ ပြန်ရောက်လာပြီကိုး၊ ကားသံတောင် မကြားလိုက်ဘူး"

"ကျွန်တော် ဂိုဒေါင်ထဲ တန်းမောင်းသွားလိုက်လို့ပါ"

"ကိုမင်းရောင်တို့ ဒီမှာနေမှန်း သိပေမယ့် တစ်ခါမှ လာမလည်ဖြစ်ဘူး၊ ဒီနေ့တော့ မြတ်နိုးက ကားနဲ့ဝင်အလာ ကျွန်တော်က ကားနဲ့ပြန်အထွက် ဆုံပြီး မြတ်နိုးဖိတ်တာနဲ့ ဝင်လာတာလေ၊ ကျွန်တော်လည်း ဒီလမ်းထဲမှာ အသိမိတ်ဆွေတစ်ယောက်ရှိလို့ မကြာခဏ ရောက်နေကျပါ၊ အခုမှပဲ ဆုံဖြစ်တော့တယ်နော်"

"ကိုရန်လင်း၊ မကြာခဏရောက်တယ်ဆိုလည်း ဖုန်းဆက်ပြီး ဝင်လည်ရောပေါ့၊ ရပါတယ်"

ချစ်မြတ်နိုးက နှစ်ယောက်ထိုင်ဆိုဖာခုံမှာ တစ်ယောက်တည်း ထိုင်နေလေရာ မင်းရောင် သူမနဲ့အတူ ဝင်ထိုင်လိုက်သောအခါ အကဲခတ်သလို စူးစမ်းသလိုကြည့်လေသည်။ မင်းရောင်စိတ်ထဲမှာတော့ ရန်



www.burmeseclassic.com

www.burmeseclassic.com



လင်းရှေ့မှာမို့ တမင်လုပ်ပြချင်စိတ်ဖြစ်ကာ နှစ်ယောက်တွဲထိုင်လေ့မရှိ ပေမယ့် တမင်ဝင်ထိုင်လိုက်တာလည်း ဖြစ်သည်။

"ခုလေးတင် မြတ်နိုးက ပြောနေတယ်၊ ဒီအိမ်ကို ရောင်းတော့မယ်ဆို"

မင်းရောင်ရင်ထဲ ဒိန်းခနဲဖြစ်သွားပါသည်။ ချစ်မြတ်နိုးဟာ ရန်လင်းကို အားလုံးအသိပေးပြီးနေပြီလား။

"မ...တကယ်ရောင်းတော့မှာလား"

မင်းရောင် ချစ်မြတ်နိုးကို ကြည့်မေးလိုက်သည်။

"ရောင်းရမယ်လေ၊ မရောင်းလို့မှ မဖြစ်တာ"

"ကျွန်တော့်သဘောဆိုရင် မရောင်းချင်ဘူး၊ ရောင်းဖို့မလို ပါ ဘူး"

"ဟောဗျာ...ဘာအခက်အခဲတွေများရှိလို့ အိမ်ကို ရောင်းဖို့ စိစဉ်တာလဲ"

ရန်လင်းက သူတို့နှစ်ယောက်ကို တစ်ယောက်တစ်လှည့် ကြည့်ရင်း အံ့ဩသလိုပြောသည်။

"ကျွန်တော် သဘောမတူဘူး...မ၊ မရောင်းပါနဲ့၊ ကျွန်တော့် လက်မှတ်ထိုးပေးပါလို့လည်း မပြောလာပါနဲ့၊ ကျွန်တော် လက်မှတ်ထိုး ပေးနိုင်ဘူး၊ ဒီအိမ်ဟာ ဘာကြောင့်မှ ရောင်းစရာကို မလိုပါဘူး၊ မ...စိတ် ထင်သလို ေ ျပာက်လုပ်မနေပါနဲ့၊ ကျွန်တော့်ကို သေသေချာချာ ပြော ပါဦး"

မင်းရောင် မနားတမ်း ပြောချလိုက်သောအခါ ချစ်မြတ်နိုး အ... အရာမှာ ချက်ချင်း တည်တင်းသွားပါသည်။ ရန်လင်းမှာ သူ့ရှေ့မှာ...





စကားအချေအတင်ဖြစ်ကာ ဘာတွေမကျေလည်နေမှန်း မသိသော အခြေအနေကို အကဲခတ်ရင်း အနေခက်လာသည်။ ချက်ချင်းထပြန်သွားဖို့လည်း မကောင်းလှသဖြင့် မျက်နှာပူပူနဲ့ပင် ထိုင်နေရသည်။

"ဘာမှမေးစရာမလိုတော့ဘူးလေ၊ အားလုံး ရှင်းနေပြီပဲ၊ ဘာကြောင့် ဒီအိမ်ကို သံယောဇဉ်တွယ်နေစရာလိုလဲ"

"ကျွန်တော်ကတော့ ဒီအိမ်မှာ ကိုယ်ပိုင်တဲ့အိမ်၊ ကျွန်တော်တို့ နှစ်ယောက်နေတဲ့အိမ်အဖြစ် သံယောဇဉ်ရှိတယ်၊ ဘာတွေပဲဖြစ်လာ၊ ဖြစ် လာ မရောင်းဘူး"

"အို . . . ဘာကြောင့်မရောင်းရမှာလဲ၊ ရောင်းရမှာပေါ့၊ ဆက်ထားထားတော့ ဘာများအကျိုးရှိမှာမို့လဲ"

ရန်လင်းမှာဆက်မထိုင်နေရဲတော့။သူ့ရှေ့မှာတင်တစ်ယောက်တစ်ခွန်း ပြန်အော်နေကြသော အခြေအနေကြောင့်...

"ကဲပါ...ကဲပါ...အိမ်ကိစ္စ ဆွေးနွေးစရာရှိရင်လည်း ဆက်ဆွေးနွေးကြပါဦး၊ ကျွန်တော်ရှိနေတာ အနှောင့်အယှက်ဖြစ်နေလိမ့်မယ်၊ ဒီတော့ ကျွန်တော် ပြန်လိုက်ဦးမယ်ဗျာ"

ဟု ချစ်မြတ်နိုးတို့နှစ်ယောက်ကို စကားဖြတ်၍ပြောကာ ထရပ် လိုက်ရပါသည်။

"ကိုရန်လင်းကို အားနာလိုက်တာ၊ သေသေချာချာတောင် ဧည့်မခံလိုက်ရဘူး"

ချစ်မြတ်နိုးက ရန်လင်းနဲ့အတူ ထရပ်လိုက်သည်။ ရန်လင်းကို လိုက်ပို့ဖို့ တံခါးဝကို အတူယှဉ်တွဲထွက်သွားပါသည်။ မင်းရောင် မတ်...



www.burmeseclassic.com

www.burmeseclassic.com



တတ်ရပ်၍ခါးကိုခပ်ပြေပြေယောက်ရပ်ရင်း မျက်မှောင်ကြုတ်ကြည့်နေမိသည်။ ငါ့ကို ကွဲချင်ကွာချင်တာ၊ အကြောင်းကိုရှိမယ်၊ ဖေကန္တ ဒီလူနဲ့ ဇာတ်လမ်းဆက်ချင်လို့ပဲဖြစ်မယ်၊ ဟိုက ပြန်မယ်ဆိုတာနဲ့ ပျာပျာသလဲ ဖြစ်သွားပြီ။

နှုတ်ဆက်သံ၊ ရယ်မောသံ၊ ကားစက်နှိုး၍ မောင်းထွက်သွားသံတွေကို စောင့်၍နားထောင်နေမိသည်။ ချစ်မြတ်နိုး ပြန်ဝင်လာသောအခါ ခါးထောက်ရပ်ရင်း သုန်မှုန်စွာကြည့်နေသော မင်းရောင်ကို ရင်ဆိုင်လိုက်ရ၏။

"နင်က ဘာဖြစ်နေရပြန်တာလဲ"

"ကျွန်တော် ဘာမှမဖြစ်ဘူး...မ၊ ခင်ဗျားပဲ ဖြစ်နေတာ"

"ငါက လုပ်သင့်လုပ်ထိုက်တာကို လုပ်နေတာလေ၊ နင်သာ အဓိပ္ပာယ်မရှိတာကို ပြုံင်ငြင်းနေတဲ့သူ"

"ဘာအဓိပ္ပာယ်မရှိတာမှ မပါဘူး၊ ဒီအိမ်ကို ရောင်းစရာမလိုဘဲ ရောင်းမယ့်ကိစ္စကို ကန့်ကွက်တာလေ၊ အဲဒါ ဘာအဓိပ္ပာယ်မရှိနေလို့လဲ"

"နင်နဲ့ငါ မနေတော့တဲ့အိမ်ကို ဘာကြောင့် ဒီတိုင်းထားထား ရမှာလဲ၊ ရောင်းပြီ့တစ်ဝက်စီခွဲမယ်ဆိုတာ နင်ပဲ သဘောတူခဲ့တယ်လေ"

"ကျွန်တော် မရောင်းဘူး၊ ပိုက်ဆံတစ်ပြားမှလည်း မယူဘူး မေမေပေးတဲ့လက်ဝတ်လက်စားတွေလည်း မယူဘူး၊ အားလုံး မ...ကို အပိုင်ပေးပါတယ်၊ ယူလိုက်ပါ၊ ကျွန်တော် အဲဒါတွေ မလိုပါဘူး၊ ဘာမှ မမက်မောပါဘူး ...ကြောင့် မ...ကို မရောင်းနိုင်းတာပါ"

"နင် မရှိတော့ရော ငါက အရူးတစ်ယောက်လို ဒီအိမ်ထဲမှာ တစ်ယောက်တည်းနေရမှာလား"





"မနေရပါဘူး၊ မ...မှာ အဖော်ရှိပါတယ်၊ ခုန ရည်းစားဟောင်း ဆိုတဲ့လူနဲ့ ပြန်ပေါင်းပြီး ဒီအိမ်မှာ နေလို့ရတာပဲ"

"ဘာ...ဘာ...ငါ့ရည်းစားဟောင်းလဲ"

"ရည်းစားဟောင်းတွေပါဗျာ၊ ပြန်ဆုံကြတဲ့နေ့ကတည်းက တစ်ယောက်နဲ့တစ်ယောက် တမ်းတမ်းတတကြည့်နေကြတာ မသိဘူး မှတ်နေလား၊ ခုတော့ ခင်ဗျားက လွတ်လပ်သွားပြီဆိုတာနဲ့ ဟိုလူ ချက်ချင်းအနားရောက်လာတာပဲ မဟုတ်လား"

"နင် အဲဒီလိုမစွပ်စွဲနဲ့၊ သူ ဘာမှသိတာမဟုတ်ဘူး၊ ငါကလည်း အရှက်မရှိ ကျွန်မ ယောက်ျားနဲ့ကွဲသွားပါပြီလို့ လျှောက်သတင်းဖြန့်မယ့် လူ မဟုတ်ဘူး မင်းရောင်၊ နင် ငါ့စေတနာကို မစော်ကားနဲ့"

"ဗျာ...ဗျာ...ဘာစေတနာလဲ၊ မ... မှာ ကျွန်တော့်အတွက် ဘာစေတနာတွေ ရှိနေလို့လဲ"

"နင်နဲ့နင့်ချစ်သူ မြန်မြန်ပေါင်းရဖို့ ငါ အလိုက်တသိ ကွာရှင်း ပေးခဲ့ပါတယ် မင်းရောင်၊ ငါ နင့်ကို ချုပ်ကိုင်မထားခဲ့ပါဘူး"

ချစ်မြတ်နိုး ထိုမျှသာ ပြန်ပြောနိုင်ကာ ရင်ထဲမှာ ဆို့ကာ ကြေကွဲလာရလွန်းသဖြင့် မင်းရောင်ရှေ့မှ ခပ်မြန်မြန် လှည့်ထွက်ခဲ့ပါသည်။ ကြာရင် ကိုယ့်မျက်ရည်တွေ သူ မြင်သွားတော့မှာ။ အိပ်ခန်းထဲဝင်ကာ အိပ်ရာထဲခွေနေရင်း မျက်ရည်တွေ တွေကျရတော့သည်။

မျက်ရည်တွေကြားမှ မင်းရောင်ရဲ့ အသနားခံသော မျက်ဝန်းအစုံကို မြင်ယောင်ရင်း ပဟေဋ္ဌိဖြစ်ရပြန်သည်။ တစ်စုံတစ်ရာကို အသနားခံနေသလားဟု သံသယကို ကြီးစားဖြေဖျောက်နေရသည်၊ သူမှာ ချစ်ရသူရှိနေတယ်ဆိုသော အသိက ကိုယ့်ရဲ့သံသယကို ချေဖျက်နေခဲ့တာ။

www.burmeseclassic.com



မင်းရောင်ကိုယ်တိုင်ပဲ ဝန်ခံခဲ့တာပဲ၊ ငါသာ သူ့နှလုံးသားကို လွှတ်လပ်ခွင့်မပေးသူ၊ သူ့ဘဝကို ချုပ်နှောင်ထားသူတဲ့။ သူ့ချစ်သူကို သူ တရားဝင်လက်တွဲခွင့်မရတာဟာ ငါ့ကြောင့်လို့ သူကိုယ်တိုင်ပဲ စွပ်စွဲခဲ့တာ၊ ဒီတော့ သူ ငါ့ကို မလုတ်တံသင်းတစ်ခုလို့ မြင်နေခဲ့သူပဲ၊ ဘာကြောင့် ငါ့အပေါ် အသနားခံခြင်းတွေ ရှိနေမလဲ၊ ငါ အထင်မှား အမြင်မှားတာပါ။

တစ်ခါတစ်ရံမှာ လူတစ်ယောက်ဟာ ကိုယ်သိပ်တမ်းတမျှော်လင့်နေတဲ့အရာကို ရယူချင်လွန်းတဲ့အခါ ထင်ယောင်ထင်မှားတွေဖြစ်ပြီး ရူးသွပ်တတ်တယ်ဆိုတဲ့သဘောပါပဲ၊ ငါလည်း ထင်ယောင်ထင်မှားတွေနဲ့ ရူးသွပ်နေခဲ့မိတာပါ။ တကယ်တော့ မင်းရောင်မှာ ငါ့အတွက် "အချစ်" တွေ မရှိဘူး။ သူချစ်နေခဲ့တာ တစ်ယောက်။ သူ့မှာ ချစ်သူရှိပြီးသား ဖြစ်နေတယ်။

ချစ်မြတ်နိုးရင်ထဲ၊ နှလုံးထဲတွင် ထိုသို့ အခါခါ ရေရွတ်မိသော အခါ နှလုံးသားမှာ နာကျင်ရလွန်းသဖြင့် မွမွကြေသွားတော့မတတ် ခံစားနေရတော့လေသည်။

× × ×

( ၂၀ )

ဘယ်သူ့ကိုမှ နှုတ်မဆက်၊ ဘယ်သူ့ကိုမှလဲ အသိမပေးဘဲ မင်းရောင်တစ်ယောက်တည်းအင်္ဂလန်ကိုထွက်သွားလိုက်သောသတင်းကို အရင်ဆုံးသိသူမှာ ချစ်မြတ်နိုးဖြစ်ပါသည်။ အိမ်မရောင်းဖို့ကိစ္စနဲ့ အချင်းချင်းစကားအချေအတင်ပြောမိကြပြီးတစ်ယောက်နဲ့တစ်ယောက် ထုံးစံအတိုင်း ရင်မဆိုင်ဖြစ်အောင် ရှောင်နေခဲ့ကြရာ သူ ထွက်သွားလိုက်တာကို တစ်ရက်၊ နှစ်ရက်တော့ ချစ်မြတ်နိုး မသိသေး။

ဒေါ်ခင်ရွှေက ချစ်မြတ်နိုး အလုပ်ကပြန်အလာကို တကူးတက စောင့်နေခဲ့ပြီးမှ ...

"သမီး ချစ်မြတ်နိုးရယ်၊ ကိုမင်းရောင် အိမ်မပြန်လာတာ နှစ်ရက်ရှိပြီ အဲဒါ သမီး တစ်ခုခုများ သိသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အသိပေးတော့မှသာ ချစ်မြတ်နိုး သိရတော့သည်။

"သူ သူ့မိဘအိမ် အို . . . မဖြစ်နိုင်ဘူး၊ မိဘအိမ်တော့ သူ သွား နေမှာ မဟုတ်ဘူး၊ သူ သူ့ရည်းစားအိမ်မှာ သွားနေနေပြီလား"

"ဘယ်လို . . . ဘယ်လို . . . သမီးတို့က လင်မယားတွေလေ ကိုမင်းရောင်မှာ ရည်းစားရှိသင့်ပါ့မလား"

"ဒေါ်လေးမသိတဲ့အကြောင်းအရာတွေ ရှိတယ်၊ ကျွန်မ မပြော ပြချင်ဘူး၊ ဒီအကြောင်းတွေကို တစ်နေ့ကျရင်တော့ အားလုံး သိရမှာပါ ကဲ . . . ကျွန်မ သူ့အခန်းထဲဝင်ပြီး စစ်ကြည့်ပါဦးမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒေါ်လေးတို့ကတော့ ဈေးလျှော်စရာတွေထဲ ယူရုံ၊ အခန်းရှင်းပေးရုံပဲမို့ ဟိုဟိုဒီဒီ မရှာကြည့်မိပါဘူး"

ချစ်မြတ်နိုးကတော့ ဪ . . . လွန်ခဲ့တဲ့တစ်ပတ်လောက်တုန်း သူနဲ့ငါ အိမ်ရောင်းမယ့်ကိစ္စကြောင့် တော့တော့ဆိုင်ဆိုင် ပေါက်ကွဲအော် ဟစ်ပြီး စကားများကြတယ်။ အခုတော့ သူက ချက်ချင်းပဲ ငါနဲ့ဝေးရာကို ထွက်သွားဖို့ စိတ်ဆုံးဖြတ်လို့ရသွားပြီ။ သူချစ်သူဆီ အတိအလင်းထွက် သွားဖို့ သတ္တိတွေရှိသွားပြီပဲဟု ကြေမွစွာတွေးရင်းမဝင်ဖြစ်တာကြာပြီဖြစ် သော မင်းရောင်နေသည့် နစ်ယောက်အိပ်အခန်းကို ဝင်လာခဲ့ပါသည်။

ဒေါ်ခင်ရွှေတို့ မိထူးတို့ ဝင်ရှင်းလင်းပေးထားတတ်တာကြောင့် အခန်းက သပ်ရပ်နေသည်။ နစ်ယောက်အိပ်ခုတင်ကြီးဘေးမှာရှိသော ခုတင်ဘေးထားသည့် စားပွဲလေးပေါ်မှာ စားပွဲတင်နာရီလေး ရှိနေသည်။ ထိုစားပွဲတင်နာရီလေးဘေးမှာ (Lava Lamp) မီးအိမ်လေးတစ်ခုရှိ ပြီးတော့ . . .





"ဟင် . . . ဒါ ဘယ်တုန်းက ရှိနေတာလဲ"

ချစ်မြတ်နိုး အံ့ဩစွာ ရေရွတ်မိသည်။ ဒီအခန်းကို အရင်ကဝင် ခဲ့ဖူးပါတယ်။ မင်းရောင် နေမကောင်းဖြစ်နေစဉ်ကဆို တစ်လလုံးလုံး ဝင်လိုက်ထွက်လိုက် ဝင်ခဲ့ဖူးတယ်၊ ဒီခုတင်ကြီးဘေးက စားပွဲလေးမှာ စားပွဲတင်နာရီရယ်၊ ညအိပ်ရင် ဖွင့်အိပ်ရတဲ့ Lava Lamp (လာဗာလန့်) ဟုခေါ်သော မီးအိမ်လေးရယ်သာရှိတာ သတိထားမိသည်။ အခုတော့ သူတို့နှစ်ဦး၏ မင်္ဂလာဆောင်စဉ်က စုံတွဲပုံလေးကို ငွေရောင်အသည်းပုံ မှန်ဘောင်လေးနဲ့ထည့်ကာ ထောင်ထားတာတွေ့လိုက်ရသည်။

ဓာတ်ပုံလေးကို ကောက်ကိုင်ရင်း ချစ်မြတ်နိုးရင်တွေ တဒိုင်းဒိုင်း ဒိုင်းခုန်လာသည်။

စားပွဲလေးမှာ အံဆွဲသုံးဆင့်ပါသဖြင့် ချစ်မြတ်နိုး အပေါ်ဆုံး အံဆွဲကို အရင်စဖွင့်လိုက်ပါသည်။

"မချစ်မြတ်နိုး"

ဟုရေးထားသော စာအိတ်တစ်အိတ်ကို တွေ့လိုက်ရသည်။ စာအိတ်ကို ဖွင့်လိုက်လျှင် အတွင်းမှ စာတစ်စောင် ထွက်လာသည်။

'မ . . .

**ကျွန်တော် ပြန်မလာတော့ဘူးဆိုတာသိရင် ဒီအခန်းထဲကို ဝင်ပြီး တစ်ခုခုအသိပေးခဲ့မှာပဲဆိုပြီး ရှာမယ်လို့ထင်တဲ့အတွက် ကျွန်တော် မကို စာရေးထားပေးခဲ့တာပါ။ ကျွန်တော်တစ်ယောက် တည်းပဲ အဝီလန်ကို ထွက်သွားပါပြီ။ မ . . . စောနှမ်ပါစေ။**



www.burmeseclassic.com

**'မ'လိုချင်တဲ့ ကွာရှင်းလက်မှတ်ကိုလည်း ကျွန်တော် ထိုးပေး ခဲ့ပြီးပါပြီ။ တရုပ်နှစ်တောင်စလုံး ထားခဲ့ပါတယ်။ တစ်ခုပဲ တောင်း ဆိုပါရစေ။**

**ဒီအိမ်လေးကိုတော့ မရောင်းပါနဲ့။ 'မ' နေချင်နေပါ။ မနေချင် ပိတ်ထားပါ။ ကျွန်တော့်မိဘတွေအတွက်လည်း စိတ်မပူပါနဲ့။ ကျွန်တော် အစီလန်ကနေ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြော ပြလိုက်ပါ့မယ်။**

**နှုတ်ဆက်ခဲ့ပါတယ်...ချစ်မြတ်နိုး'**

စာရွက်ပေါ်သို့ ချစ်မြတ်နိုး၏ မျက်ရည်တစ်စက် ပေါက်ခနဲ ကျ သွားပါသည်။ သူ့စာကြောင်းတွေထဲမှာ သံယောဇဉ်အရိပ်အငွေ့ကို တွေ့ နေရသည်။ သူ့ရင်ထဲကို ခံစားလို့ရသည်ဟု ချစ်မြတ်နိုး သံသယရှိသော အခါမှာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်စွာပင် ရှိုက်ကြီးတငင် ငိုကြွေးမိ ပါသည်။

ဘာတွေမှားခဲ့သလဲ။ ငါတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုမှာ ဘာတွေ မှားယွင်းနေခဲ့သလဲ။ ဘာကြောင့် ဒီလိုဖြစ်ခဲ့ရတာလဲ။

"မင်းရောင်...နင် ငါ့ကို ချစ်နေခဲ့သလား"

ဟု ချစ်မြတ်နိုး၏ ရင်ဘတ်ထဲတွင် အခါခါမေးရင်း မင်းရောင် အိပ်ခဲ့သော ခေါင်းအုံးလေးကိုဖက်ပြီး အကြာကြီး မျက်ရည်ကျမိနေ ပါသည်။

နောက်သုံးရက်လောက်ကြာသောအခါမှာတော့ မင်းရောင် ဖုန်းဆက်သဖြင့် မင်းရောင်မိဘတွေရော၊ ချစ်မြတ်နိုးမိဘတွေပါ သိသွား





ကာ နှစ်ဖက်မိဘအကုန်လုံး ချစ်မြတ်နိုးထံ ရောက်လာပြီး ကမ္ဘာပျက် သလို ဆူညံနေတော့သည်။

"မောင်မင်းရောင်က သူ့အပြစ်ပါ၊ သူ့အပြစ်ကြောင့် ချစ်က ကွာ ရှင်းခွင့်တောင်းလို့ ကွာရှင်းပေးခဲ့ပြီး ထွက်သွားပါတယ် ပြောပေမယ့် မေမေ မယုံဘူး၊ ဒါ သူ့အပြစ်ချည်းပဲ မဟုတ်ဘူး၊ သမီးကိုက သူ ထွက်သွား လောက်အောင် လုပ်လိုက်လို့ပဲ"

"မဖြစ်နိုင်ပါဘူး ဝတ်မှုန်ရယ်၊ မေဦးတို့လည်း သား အပြင်မှာ မိန်းကလေးတစ်ယောက်နဲ့ တွဲနေတဲ့သတင်း သိုးသိုးသံ့သံ့ကြားပါ တယ်၊ အိမ်ထောင်တစ်ခုမှာ ယောကျ်ားက စပြီးဖောက်ပြန်မှတော့ ဘယ် မိန်းမကများ သည်းခံနိုင်မလဲ။ မေဦးသား အပြစ်တွေပါ"

ဒေါက်တာဦးအောင်မင်းကတော့...

"ဒီကောင်၊ တစ်ယောက်တည်းထွက်သွားတာကော ဟုတ်ရဲ့ လား၊ သူ့ရည်းစားပါ ခေါ်သွားသလား၊ တောက်...ဒီကောင် မိဘမျက်နှာ အိုးမဲသုတ်တဲ့ကောင်၊ ငါတို့မျိုးရိုးမှာ ဘယ်တုန်းကမှ ဒါမျိုး မရှိခဲ့ဖူးဘူး၊ ဒီကောင့်အလုပ်ညစ်ကျမှ"

ဟု ဒေါသတကြီး ကြိမ်းမောင်းအပြစ်တင်ကာ...

"ဒီကောင့်ကို သားအဖြစ်က စွန့်လွှတ်မယ်၊ သတင်းစာထဲ ခု ချက်ချင်းသွားထည့်မယ်"

လုပ်နေသဖြင့် ချစ်မြတ်နိုး၏ဖခင် ဦးကျော်မြတ်က ဝင်ရောက် ဖျောင်းဖျစကား ပြောနေရသည်။

"ဒီသားတစ်ယောက်တည်း ရှိတာဗျာ၊ သားအဖြစ်ကတော့ စွန့်လွှတ်ပါနဲ့၊ ကိုယ့်သားအပြစ်လို့လည်း မပုံချပါနဲ့လေ၊ ကျွန်တော့်သမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုကလည်း ထောင့်မကျိုးတဲ့ပုံနဲ့ ယောက်ျားကိုဆက်ဆံတော့ ဘယ်ယောက်ျားကများ သည်းခံနိုင်မလဲ။ ပြီးတော့ သားရဲ့အဘွားမျာလည်း စိတ်ထိခိုက်ပြီး ဆေးရုံတောင်ရောက်နေရတာဆိုတော့ သူ့မြေးကို အမြ ဖြတ်စွန့်လွှတ်ရရင် ပိုခံစားနေရပါလိမ့်မယ်ဗျာ၊ စဉ်းစဉ်းစားစားလုပ် ကိုအောင်မင်းရာ"

"မိဘကိုတောင် မပြောမဆိုဘဲ လုပ်ချင်ရာလုပ်သွားတယ် သူ့ကို အင်္ဂလန်မှာထားခဲ့ရင် ဟိုက အဖြူမတွေ၊ မျိုးမစစ်မတွေနဲ့ ဖူးစာ မှာစိုးလို့ ဒီကို ပြန်ခေါ်လာခဲ့တာ၊ သူ့အမေနဲ့အဘွားကလည်း စိစဉ်ပြီးသ ရှိနေပြီဆိုတော့ သား အိမ်ထောင်ပြုဖို့ ဒီကို အပြီးပြန်လာတဲ့သဘော ခုတော့ သူက မိဘတွေကိုထားပြီး ဟိုကိုပြန်ထွက်သွားပြီ"

"ဒီလိုထွက်သွားလို့ရမလား၊ ပြန်ကိုခေါ်ရမယ်၊ သားကို အဖြူ တွေနဲ့တော့မပေးစားနိုင်ပါဘူး၊ကလေးတွေဘာသာ သူတို့စိတ်ထင်တိုင်း လုပ်သွားပြီးနေတာပဲ၊ ထားလိုက်ပါ ဝတ်မှုန်ရယ်၊ တို့တွေ အခင်အမင် မပျက် နေကြရအောင်ပါ။ တစ်မိသားစုနဲ့ တစ်မိသားစုတွေ မုန်းလို့တဲ့ တာမှ မဟုတ်တာနော်၊ သမီး ချစ်မြတ်နိုးကိုလည်း မေမေ စိတ်မဆိုး ဘူး၊ အိမ်ထောင်တစ်ခု ပြိုကွဲရတယ်ဆိုတာဟာ နှစ်ဦးနှစ်ဖက် ဘယ်လို ညှိမရတဲ့အကြောင်းတွေကြောင့် ပြိုကွဲရတယ်လို့ပဲ မှတ်ပါတယ်"

ဒေါ်မေဦးက မျက်ရည်ကျလျက် ပြောလျှင် ဒေါ်ဝတ်မှုန် မျက်ရည်ကျလျက် သူငယ်ချင်းနှစ်ယောက် ဖက်ငိုကြပါသည်။

အဘွားဒေါ်ရွှေအိမ်ကတော့ ...

"ငါနဲ့မြတ်မွန် ဗေဒင်အရ ယုံကြည်ထားတာကတော့ မောင်မင်း ရောင်နဲ့မြေးဟာ သေတာပန်သက်တစ်ဆုံး ပေါင်းသွားရမယ့် အိမ်ထောင်





က်တွေပါတဲ့၊ နက္ခတ်ချင်းလည်း တည့်တယ်၊ နေ့နံချင်းလည်း အဆင် ပြေတယ်၊ အင်္ဂလိပ်လိုကြည့်တဲ့ Star Sign (စတားဆိုင်း)လည်းကောင်း တယ်လို့ တွက်ချက်ထားတာပါ"

ဟု တဖွဖွ မကျေမချမ်းပြောနေလေရာ အဘိုးဦးဟန်က စိတ် ရှည်တော့ဘဲ ...

"ဟာကွာ ....မင်းမလည်း ဒီဗေဒင်ပဲ ယုံနေ၊ ဗေဒင်ဆိုတာ စား ကောင်းအောင် ပါးစပ်ထဲတွေ့ရာ လိမ်နေကြတဲ့သူ အများစုချည်းပဲ၊ သူတို့ ဒီလောက် သူများအကြောင်း မှန်အောင်ဟောနိုင်နေရင် သူတို့ကိုယ် သူတို့ရော အကြီးအကျယ် သူဌေးဖြစ်အောင်လုပ်နိုင်မယ့်နည်း ရှာတွေ့ ပေါ့။ ဒီလောက်သိမြင်နေမှတော့ ..."

ဟူ၍ ဟိန်းဟောက်မာန်မဲလိုက်လေသည်။

"အိုရှင် ... ကိုဟန်ကလည်း တစ်မျောင့်၊ ဒီမှာ မြေးတို့ကြောင့် ဘ်ဆင်းရဲရတာကတစ်မျိုး၊ မြတ်မွန်လည်း ဆေးရုံမှာ အောက်ဆီဂျင် တ်နဲ့ နေနေရတာမြင်ရလို့ ကိုယ့်သူငယ်ချင်းအတွက် စိတ်ပူရတာ သ်မျိုးနဲ့ လူက စိတ်နလုံး မကောင်းရတဲ့အထဲ အလိုက်ကိုမသိဘူး၊ ဖေး မကို မပြောဘူး"

"ငါ အစကတည်းက မပြောဘူးလား၊ မင်းတို့ချင်း ကတိရှိတာ ည်း ရှိပါ၊ ကလေးချင်း မကြိုက်ကြရင် တစ်နေ့ အကြီးအကျယ်စိတ်ညစ် တွေ ကြုံရမယ်လို့ ငါ သတိမပေးဘူးလား"

"ကိုဟန် ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အပြစ်တွေအားလုံး ဘာ ကြောင့် ကျုပ်အပေါ်ပုံချချင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနဲ့အဘွား ထသတ်တော့မလို ဖြစ်နေလေရာ ဦးအောင်မင်းနဲ့ ဦးကျော်မြတ်တို့ကလည်း တော်ပါ၊ တန်ပါ ဝင်ဖျောင်းဖျပြီး နှစ်ယောက်ခွဲထုတ်သွားရပါသည်။

မိဘတွေရဲ့ပြန်လည်ခေါ်ဆောင်မှုဖြင့် ချစ်မြတ်နိုးတစ်ယောက် မိဘအိမ် ပြန်ရောက်သွားရပေမယ့် မင်းရောင်နဲ့အတူ ကောတာနေခဲ့ ခဲ့သော အိမ်လေးကိုတော့ ဒီအတိုင်းသာ သော့ပိတ်ထားလိုက်ပါသည်။ မင်းရောင်မိဘတွေက လက်ဖွဲ့ပြီး ဝယ်ပေးတယ်ဆိုပေမယ့် ဒီအိမ်ရဲ့ ပိုင်ရှင်အမည်မှာ မင်းရောင်နဲ့ ချစ်မြတ်နိုးတို့သာ ဖြစ်လေရာ မင်းရောင် မိဘတွေကလည်း အိမ်ကိစ္စ ဘာမှမစွက်ဖက်ပါ။

တစ်ဖက်နှင့်တစ်ဖက် အခေါ်အပြောမပျက်၊ အခင်အမင်မပျက် ရှိသည်ဆိုသော်ငြား သားသမီးကိစ္စတွေကြောင့် မျက်နှာပူစရာတွေ ရှိ လာရာ အသွားအလာကတော့ ခပ်တန်းတန်းဖြစ်သွားသည်။ အသွား ချင်းသာ သူငယ်ချင်းအရင်းကြီးတွေမို့ အရင်ကလို ဝင်ထွက်သွားလာ ပေမယ့် ဒေါ်ဝတ်မှုန်ထံ ဒေါ်မြေဦး အလာကျဲသွားသလို ဒေါ်မြေဦးထံလည်း ဒေါ်ဝတ်မှုန်ဟာအကြောင်းတစ်စုံတစ်ရာမရှိဘဲမဆက်သွယ်ဖြစ်တော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီး နှစ်လခန့်ကြာသောအခါ ချစ် မြတ်နိုးထံ ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ ချစ်မြတ်နိုး ဧည့် ခန်းကို ရောက်လာသူမှာ ခရစ်စတယ်ဖြစ်နေကြောင်း အံ့သြစွာ ရင်ဆိုင် ရပါသည်။

"မချစ်မြတ်နိုး၊ တို့ကို သိနေတယ်လို့ ထင်ပါတယ်"

ခရစ်စတယ်က ရဲဝံ့စွာပင် သူ့ကိုယ်သူ စတင်မိတ်ဖွဲ့ပါသည်။





"သိပါတယ်၊ မြင်လည်း မြင်ဖူးပါတယ်၊ တို့ တမင်လာကြည့်ခဲ့ တာမို့ ခရစ်စတယ့်ကို တွေ့ဖူးနေခဲ့ပါတယ်"

"ကိုမင်းနဲ့ ဖောက်ပြန်နေတဲ့မိန်းကလေးအဖြစ်နဲ့လား"

"အဲဒီသဘောနဲ့ မဟုတ်ပါဘူး၊ ခရစ်စတယ်၊ တို့ မင်းကို ဘယ် တော့မှ အပြစ်မတင်ပါဘူး၊ အမှန်အတိုင်းပြောတာပါ၊ မုန်းလည်း မမုန်း ပါဘူး၊ မင်းရောင်မှာလည်း အပြစ်မရှိဘူး၊ တို့နဲ့သူ့ကြားမှာ ဘယ်သူမှ နား မလည်နိုင်တဲ့ အကြောင်းအရာတစ်ခုရှိထားတော့ ခရစ်စတယ်နဲ့သူ ချစ်သူဖြစ်တာဟာ မင်းရောင်ရဲ့ဖောက်ပြန်မှုလို့ တို့ မမြင်ခဲ့ဘူး၊ မင်းရောင် ရဲ့ချစ်သူ ဖြစ်ခွင့်ရတဲ့မိန်းကလေးဟာ ဘယ်လိုပုံစံလေးလဲ သိချင်လို့ တစ်ချက်လာကြည့်တာပါ"

ခရစ်စတယ်က အနီရောင်ပြေးနေသော ဆံပင်ခွေခွေလေး တွေကို လက်ဖြင့် တစ်ချက်သပ်တင်လိုက်သည်။ ပလက်တီနမ်နားကွင်း ဖဲပဲဝိုင်းဝိုင်းက တလက်လက်နဲ့ အနီရောင်နှုတ်ခမ်းဆိုးဆေးလေးနဲ့မို့ အသွင်တစ်မျိုးလေးဖြင့် လှနေပါသည်။

"မချစ်မြတ်နိုးကိုလည်း တို့ တမင်လိုက်ကြည့်လို့ တွေ့ဖူးထား ပါတယ်၊ ကိုမင်းမှာ မိန်းမရှိတယ်ဆိုတာ သိလိုက်ရတော့ ဒေါသတအား ဖြစ်ပြီး သူနဲ့ဖြတ်ဖို့ ပြောလိုက်ပြီးတာတောင် ကိုမင်းနဲ့ပတ်သက်တာမှန် သမျှ သိချင်ခဲ့လို့ မချစ်မြတ်နိုးကို လိုက်စောင့်ကြည့်မိတာပါ"

"အဟင်းဟင်း . . . ဒါဆို ကြေပြီပေါ့၊ တို့တွေ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် လိုက်ချောင်းကြည့်ပြီး မြင်ဖူးနေတယ်"

နှစ်ယောက်သား ရယ်မောလိုက်ကြပါသည်။ ခရစ်စတယ်က ရယ်မောနေတာကို အရင်ရပ်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မချစ်မြတ်နိုးက သေးသေးကျစ်ကျစ်လေးနဲ့ ချစ်စရာလေး၊ ဒီလိုပုံစံမျိုးလေးက တစိမ့်စိမ့်ကြည့်ရင်း ချစ်မိသွားတတ်တဲ့ ပုံစံလေးပါ။ ဒါကြောင့်လည်း..."

ဟု အရင်ရှိုးမွမ်းခန်းဖွင့်လျှင် ချစ်မြတ်နိုးက လက်အသာကာရင်း...

"ခရစ်စတယ်ကတော့ သိပ်ကိုလှပါတယ်၊ ဒါကြောင့် မင်းရောင်ရွေးချယ်ခဲ့တာပေါ့"

ဟု၍ ဖြတ်ပြောမိသည်။ ခရစ်စတယ်က ကြေကွဲသလိုပြုံးရင်း ခေါင်းခါပါသည်။

"သူ တို့ကို တကယ်မချစ်ပါဘူး၊ သူ့စိတ်ကို သူ လှည့်စားတာပါ"

"ခရစ်စတယ့်ကို ချစ်လို့လည်း တို့နဲ့ ကွာရှင်းဖို့ သူပဲ ပြောတာပေါ့"

"ဒါပေမယ့် သူ တို့ကို ဘာအကြောင်းမှမကြားဘဲ ထားသွားခဲ့တယ်လေ"

"ခရစ်စတယ်နဲ့သူနဲ့ , တည်ဆောက်မယ့် ဘဝသစ်တစ်ခုအတွက် တစ်ခုခုပြင်ဆင်ထားချင်လို့ သူ ထွက်သွားတာဖြစ်မှာပါ"

"မဟုတ်ဘူး၊ မချစ်မြတ်နိုး၊ တို့နဲ့အတူတူ ထွက်သွားမယ်လို့ သူပဲ ပြောခဲ့တာ၊ ပြီးတော့ သူပဲ တို့ကိုမစောင့်ဘဲ ဘာတစ်ခုမှ အသိမပေးဘဲ ထွက်သွားတာ၊ သူ ထွက်သွားတာကို တစ်လကြာမှ သိရတယ်"

"တို့ကိုလည်း အသိမပေးဘဲ ထွက်သွားတာပါ။ ဘယ်သူ့ကိုမှ သူ အသိမပေးခဲ့ပါဘူး"





"သူ ဘာလို့ အဲဒီလိုလုပ်သွားတယ်လို့ ထင်လဲ"

"အဲဒါတော့..."

ချစ်မြတ်နိုး မဖြေနိုင်၊ အဖြေကိုမရှိ၊ မင်းရောင်နဲ့ပတ်သက်ရင် ပဟေဠိတွေ အမြဲရှိနေခဲ့ပေမယ့် အဲဒီပဟေဠိကို အဖြေရှာကြည့်ဖို့ ဘယ်တော့မှ စိတ်မပါခဲ့ပါ။ အခုလို မင်းရောင်ရဲ့ ချစ်ရသောမိန်းကလေးဟု သိထားသည့် ခရစ်စတယ့်ကို ရင်ဆိုင်ရချိန်မှာဆိုရင်တော့ အဲဒီပဟေဠိက ဝေဝါးမှုန်မှိုင်းစွာ။

"မချစ်မြတ်နိုးကို တို့ တစ်ခုမေးရင် စိတ်မဆိုးနဲ့နော်"

"ဘာများလဲ"

"မချစ်မြတ်နိုး ဘာဖြစ်လို့ မင်းရောင်ကို မချစ်ခဲ့တာလဲဟင်"

ချစ်မြတ်နိုးရင်ထဲ ကျဉ်ခနဲဖြစ်သွားပါသည်။ ဟင့်အင်း . . . တို့သူ့ကို ချစ်ခဲ့တယ်၊ မြင်မြင်ချင်း ချစ်ခဲ့တယ်ဆိုရင် ဘယ်သူယုံမလဲ၊ သူ့အားအပြောအဆိုမတတ်လို့ သူ့ကို ရန်တွေ့မိရင်းက မထင်မှတ်ဘဲ ရန်ငြိုးဖွဲ့မိသလိုဖြစ်သွားခဲ့တယ်၊ ဒါကို ဘယ်သူမှ မသိခဲ့ဘူး။

ခရစ်စတယ်ကတော့ ချစ်မြတ်နိုး၏ ဆွေးမြည့်သွားသော မျက်နှာတစ်ခုကို အကဲခတ်ရင်း...

"မချစ်မြတ်နိုးတို့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲနေတယ်လို့ ထင်တယ်၊ တို့ အခုလာတာကလည်း အဲဒါကို ပြောပြချင်လို့ပါ"

ဟု၍ အေးဆေးတည်ငြိမ်စွာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းနဲ့ဖုန်းပြောဖြစ်ကြတယ်၊ သူတို့ကိုတောင်းပန်တဲ့စကားပြောရင်း သူ့ကို စောင့်မနေဖို့လည်း ပြောတယ်၊ ပြီးတော့ သူ ဝန်ခံခဲ့တယ်။ သူ သိပ်ချစ်ရတဲ့မိန်းမတစ်ယောက် ရှိခဲ့တယ်တဲ့၊ အဲဒီမိန်းမကို မပိုင်ဆိုင်ရတော့တဲ့အတွက် သူ ဘယ်သူ့ကိုမှလည်း ပိုင်ဆိုင်ဖို့ မကြိုးစားတော့ဘူးတဲ့၊ သူ သိပ်ချစ်ရတဲ့မိန်းမဆိုတာ ဘယ်သူလဲလို့ သူ မပြောခဲ့ပါဘူး၊ တို့လည်း မမေးခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ တို့ အလိုလိုသိသွားခဲ့လို့ပါ။ မချစ်မြတ်နိုးလည်း သိမယ်လို့ထင်ပါကယ်"

× × ×

# အပိုင်း(၃)

## (၂၁)

နောက်တစ်နှစ်ခန့်ကြာသောအခါ...

အိမ်ကလေးကို သူ အကြာကြီး ရပ်ငေးကြည့်နေမိသည်။ လူအရိပ်အယောင်မျှမရှိ၊ လူမနေသော အိမ်တစ်အိမ်အဖြစ် တွေ့နေရသော်လည်း အိမ်မှာ သန့်ရှင်းသပ်ရပ်နေသည်။ ခြံထဲမှာလည်း ပေါင်းမြက်ပင်တွေနဲ့ ရှုပ်နေတာမျိုး၊ ခြုံနွယ်တွေ ဖြစ်နေတာမျိုး မရှိဘဲ မြက်ပင်တွေမှာ စိမ်းစိုညိုညာနေသည်။ ပန်းပင်လေးတွေလည်း ပန်းရောင်စုံလေးတွေ ပွင့်နေသည်၊ အိမ်ကလေးမှာလည်း ဆွေးမြည့်တက်နေတာမျိုး၊ အပင်တွေ နွယ်ကပ်ပေါက်နေတာမျိုးမရှိဘဲ ရှင်းလင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မကြာခဏ လာငေးကြည့်တိုင်း အိမ်ကလေးဟာ ဒီလိုပုံစံလေးပဲ ဖြစ်နေတာမို့ ဘယ်သူကများ လာစောင့်ရှောက်ထားသလဲဟု တွေးကြည့်မိသည်။ သူ့မှာလည်း သော့တစ်ချောင်းရှိသေးပေမယ့် သူ ဘယ်တော့မှ ဖွင့်ဝင်မကြည့်ဖြစ်ပါ။

ဒီအိမ်ဟာ သူနဲ့သက်ဆိုင်နေသေးပေမယ့် သူ ပိုင်ဆိုင်ခွင့်မရှိတော့ဘူးဟု ခံစားရသဖြင့် ဝင်ကြည့်ရမှာ လိပ်ပြာမသန့်ခဲ့ချေ။

အကြာကြီး ကားကိုမှိရပ်၊ လက်ပိုက်ကြည့်နေမိပြီးမှ ပြန်တော့မလို့ပြင်ပြီး ဒီဘက်လှည့်ကာ ကားတံခါးကို ဖွင့်ဖို့ပြင်လျှင်...

"ဟင်..." ဟု သူ တအံ့တသြ ရေရွတ်မိသွားပါသည်။

သူ့ကို ဘယ်အချိန်တည်းက ရပ်ကြည့်နေမှန်းမသိတဲ့ အရိပ်တစ်ရိပ်ကို တွေ့လိုက်ရပြင်။

ကားစက်သံကိုမှု သူ မကြားလိုက်ရဘဲ သူ့နောက်ကျောဘက်မှာ သူ့ကို ငေးနေခဲ့သော လေးထောင့်မျက်မှန်သေးသေးလေးနောက်မှ မျက်ဝန်းလဲ့လဲ့တစ်စုံကို ဆုံလိုက်ရတော့ သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်သွားပါသည်။

"မ...မချစ်မြတ်နိုး"

"မင်းရောင်..."

ဟု သူ့ကို ပြန်ခေါ်လိုက်သလား၊ မခေါ်လိုက်သလား မသေချာ။ မရဲ့နှုတ်ခမ်းလေးတွေ လှုပ်သွားသလိုလို၊ အသံသဲ့သဲ့ကြားရသလိုလို သူ ထင်မိလေသည်။

နှစ်ယောက်သား ခြေလှမ်းဆယ်လှမ်းမျှအကွာတွင် ရပ်လျက်အနေအထားဖြင့် တစ်ယောက်နဲ့တစ်ယောက် မေ့မြောစွာ ငေးကြည့်နေမိကြပြန်သည်။ အတန်ကြာမှ မင်းရောင် စတင်အသက်ဝင်လာပြီး...

"မ... ဘယ်လာတာလဲ"

"ဒီကို..."

"ဒီအိမ်ကိုလား"

"ဟုတ်တယ်"

"အိမ်က လူမနေပေမယ့် မြက်တွေလည်း စိမ်းနေတယ်၊ အပင်တွေလည်း လန်းပြီး ပန်းပွင့်တွေနဲ့ လှနေတယ်နော်"

"တို့ တစ်ပတ်တစ်ခါ လာကြည့်တယ်၊ အလုပ်သမားခေါ်ပြီး လုပ်သင့်တာလေးတွေ လုပ်တယ်လေ"

"မကို ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ"

"ဒီအိမ်လေးကို မရောင်းတဲ့အတွက်"

"မရောင်းပါဘူး၊ တို့ ဘယ်တုန်းကမှ မရောင်းချင်ခဲ့ပါဘူး"

မင်းရောင်သည် အလိုအလျောက်ပင် ချစ်မြတ်နိုးနဲ့နီးအောင် လျှောက်သွားလိုက်မိပါသည်။ ခြေလှမ်းလှမ်းလိုက်တိုင်းမှာ နှလုံးသားဘာ တစ်စုံတစ်ရာနဲ့ နီးလာသည်ဟု ခံစားရလေသည်။

"ဘယ်...ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"သိပ်မကြာသေးပါဘူး၊ နှစ်လလောက်ပဲ ရှိသေးတယ်"

"ော်..."

"မရော၊ ဘာလုပ်နေလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့အတူတူ ကုမ္ပဏီကို ဦးစီးပြီး လုပ်နေတုန်းပါပဲ၊ ဒီ အတိုင်းပါပဲ"

"ဟို...ကိုရန်လင်းနဲ့ရော"

"ကိုရန်လင်းအကြောင်း မေးမယ်ဆိုရင် မင်းရောင် တို့နဲ့စကား ဆက်ပြောနေဖို့ မလိုဘူးထင်တယ်"

"ဟား...ဟား...ဟား"

အရင်ကအတိုင်းပဲ၊ မပြောင်းလဲသေးဘူး၊ တစ်ခုခုကို စိတ်ပျက်ကျင်း မကျဘူးဆိုရင် ရက်ချင်းရန်လိုဒေါသဖြစ်ပြီး ရှူးရှဲနဲ့ ပြောတဲ့အကျင့်လည်း မပျောက်သေးဘူး၊ မင်းရောင်ရင်ထဲ ကြည်နူးမှုကြွစွာပင် ရယ်မိပါသည်။

"မင်းရောင် . . . ဒီအိမ်ကို တစ်ယောက်တည်း အပိုင်လိုချင်တဲ့ ဆန္ဒရှိရင် ပြောပါ၊ တို့ အချိန်မရွေး လက်မှတ်ထိုးပေးနိုင်တယ်၊ တို့ ဘာမှ မမက်မောပါဘူး၊ မင်းရောင်က မရောင်းပါနဲ့ဆိုလို့ မရောင်းဘဲ ထိန်းသိမ်း ပေးထားတာပါ"

"ကျွန်တော်က ဘာလို့ တစ်ယောက်တည်း အပိုင်လိုချင်ရမှာ လဲ၊ မလိုချင်ပါဘူး၊ မ လိုချင်ရင်သာ အပိုင်ပေးမှာပါ"

"တို့လည်း တစ်ယောက်တည်း အပိုင်မလိုချင်ပါဘူး၊ မတရား မလုပ်ချင်ဘူး၊ မျှမျှတတ ခွဲပေးချင်တာပါ"

မင်းရောင် စိတ်ဆုံးဖြတ်လိုက်သော မျက်လုံးတွေဖြင့် ချစ် မြတ်နိုးကို ငုံ့မိုးကြည့်လိုက်ကာ...

"ကျွန်တော် မ ကို..."

ဟု အားတင်းပြီး အသက်ကို ရှူလိုက်ပြီးမှ လေတစ်ချက်မှုတ်





ထုတ်လိုက်မိသည်။ မဖြစ်သေးဘူး၊ ချက်ချင်းပြောလိုက်ဖို့ မသင့်ဘူး၊ အချိန်ယူရဦးမယ်၊ တစ်ကပြန်စရမယ်၊

"ဖုန်းဆက်ပြီး စကားပြောလို့ရမလား"

ချစ်မြတ်နိုးမှာ မျက်ရည်တွေဝေလာကာ ကမန်းကတန်း ခေါင်း ငုံ့ချလိုက်ရသည်။ ဘုရားရေ . . . ဘာတွေဖြစ်ကုန်တာလဲ၊ ငါ ဘယ်တုန်း ကမှ မမျှော်လင့်ခဲ့ဖူးတဲ့၊ မရနိုင်တော့ဘူးထင်တဲ့အရာကို ငါ ရတော့မှာ လား၊ ဒါ အိပ်မက်များလား။

"မ ဆီကို ညကျရင် ဖုန်းဆက်ပြီး စကားပြောချင်တယ်၊ ခွင့်ပြု မယ်မဟုတ်လားဟင်၊ မ... ကျွန်တော့်ဖုန်းကို လက်ခံပေးနိုင်မလား"

"မင်းရောင်၊ မတို့က . . . မတို့က . . . မတို့က ကွာရှင်းထားပြီး သားပါ၊ မတို့ ပြန်ဆက်သွယ်ဖို့ မသင့်တော်ဘူးထင်တယ်"

မင်းရောင် စိတ်ဆုံးဖြတ်လိုက်သောအသံဖြင့်...

"ကျွန်တော် အရာအားလုံးကို တစ်ကနေ ပြန်စချင်တယ်ဆို ရင်ရော..."

ဟု ဝန်ခံလိုက်သောအခါ ချစ်မြတ်နိုးတစ်ယောက် လေထဲမှာ လွင့်မျောသွားသလိုပင် ခံစားလိုက်ရတော့လေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ညကျတော့ ဖုန်းထဲမှာ...

"မ ကို ကျွန်တော် အရမ်းချစ်တယ်"

ဟူသော မင်းရောင်ကပြောသည့် ရည်းစားစကားကို ကြားရလျှင် ချစ်မြတ်နိုးဟာ ဆယ်ကျော်သက်အပျိုဖြန်းလေးတစ်ယောက်လိုပဲ ရင်တွေ အကြီးအကျယ်ခုန်လျက် ကြည်နူးနေရလေသည်။

"စဉ်းစားဦးမယ်"

ဆိုသော မိန်းကလေးတစ်ယောက်ရဲ့ ပြန်ပြောရိုးပြောစဉ် စကားလေးကိုပဲ ချစ်မြတ်နိုး ပြန်ပြောခဲ့မိသေးလေသည်။

× × ×

## (၂၃)

နောက်တစ်နေ့ မနက်အစောကြီးကျတော့ ဒေါ်ခင်ရွှေတစ်ယောက် အော်ကြီးဟစ်ကျယ်ဖြင့် ပန်းစည်းကြီးတစ်စည်းပွေ့ကာ အိမ်ထဲပြေးဝင်လာပါသည်။

"မဝတ်မှုန်ရေ၊ အမယ်လေး . . . ကျွန်မ ဈေးက ဆိုက်ကားနဲ့ အပြန် ခြံဝမှာ ဘယ်သူတွေ့တယ်ထင်သလဲ"

"ဟဲ့ . . . ဘယ်သူများလဲ၊ ဒါက ဘယ်ကပန်းစည်းကြီးလဲ၊ နှင်းဆီပန်းရောင်စုံတွေကွယ်၊ လှလိုက်တာ"

"အဲဒါ . . . အဲဒါပေါ့၊ ကိုမင်းရောင်ရယ်ပေါ့၊ ခြံဝမှာ ကားနဲ့ရောက်နေပြီး ခြံတံခါးမှာ ပန်းစည်းကြီး ရအောင်ထိုးထည့်နေတာ၊ ကျွန်မနဲ့တွေ့တော့ ဝမ်းသာအားရပဲ၊ ဒေါ်လေး ဒီပန်းစည်း ယူသွားပေးပါတဲ့၊ မချစ်မြတ်နိုးအတွက်ပါတဲ့၊ ကဲ . . . အဲဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ဘာတွေလဲ"

"ပန်းစည်း…ဟိဟိ…ပန်းစည်းကြီးနဲ့ ကတ်နဲ့တော်၊ ဗီဒီယို ထဲကလိုပဲ၊ မင်းသားက မင်းသမီးကို လာပိုးရင် ပန်းစည်းလေးပေးကြ တာ တွေ့ဖူးတယ်"

"ဟယ် … မိထူးရယ်၊ အရှုးလို၊ အပေါလိုနဲ့ လူကြီးစကားပြော တုန်း ဝင်ပါပြန်ပြီ၊ တယ်…ငါခေါက်ထည့်လိုက်ရ"

"နေပါဦး…နေပါဦး…မိထူးပြောပုံအရဆိုဒါပိုးကြေးပန်းကြေး ပေးတဲ့ ပန်းစည်းပေါ့၊ ဟုတ်လား၊ ဟင် … ချစ် … သမီး၊ သမီးတို့ ဘယ် တုန်းက ဟဲ့…အို…ဘယ့်နှယ်ဖြစ်ရတာလဲ"

"ရုက်ပြီး ဝင်ပြေးသွားပြီ…မဝတ်မှုန်ရဲ့"

"သူ့ပန်းစည်းတော့ သူ ရအောင်ယူသွားသားပဲ၊ မခင်ရွှေရယ်"

ဦးကျော်မြတ်က ဂျာနယ်ဖတ်နေရာမှ ဖယ်ပြီး…

"ဘာဖြစ်နေကြတာလဲ၊ သူတို့ဟာသူတို့ ဘယ်လိုနည်းနဲ့ ပြန်ပြေလည်ပါစေ၊ ထားလိုက်ပေါ့၊ ဘယ်လောက်ကောင်းလဲ၊ မင်းတို့ လုပ်တာနဲ့ သမီးက ရုက်ပြီး အမှုလွန်နေမှ ဟိုတစ်ခါကလို စိတ်မကောင်း စရာတွေ ဖြစ်ကုန်ဦးမယ်"

ဟု ပောက်လိုက်မှ မိန်းမအုပ်စု ကျက်ကျက်ညံနေတာ ငြိမ် ရပ်တော့သည်။

× × ×

# (၂၄)

"အံ့ပါရဲ့တော်၊ ကိုယ့်ဇနီးဟောင်းကို ပြန်ပိုးရတယ်လို့၊ ရှင့် သားလေ…ပန်းစည်းတွေ သွားသွားပို့နေတာ နေ့တိုင်းပဲတဲ့"

"ဟေ…ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲ၊ သူ ပြန်လာတော့ လည်း ဒီအကြောင်း တစ်ခွန်းမှမဟဘဲ ငုငုငေါင်ငေါင်နဲ့ပါ"

"အို … ဘာပဲဖြစ်ဖြစ် မေဦးတော့ သိပ်ဝမ်းသာတာပါပဲ၊ အစ တည်းက ဒီလိုဖြစ်စေချင်ခဲ့တာ"

"ငါ မပြောဘူးလား၊ မင်းသားက ချစ်မြတ်နိုးကို ကြိုက်နေခဲ့ပါ တယ်ဆို၊ မင်းမှ မယုံတာ၊ ဟိုက ပြန်မကြိုက်လို့ စိတ်လေပြီး သူလုပ်ချင် ရာ လျှောက်လုပ်တော့ တလွဲတွေဖြစ်ကုန်တာပါ"

"အမယ်လေး … ဝမ်းသာလွန်းလို့ ဘယ်လိုနေရမှန်းတောင် မသိဘူး၊ ဒီအကြောင်း အမေ့ကို ပြေးပြောဦးမယ်၊ ဝတ်မှုန်လည်း ဖုန်းထဲ

www.burmeseclassic.com



မှာ ပြောနေတာလေ၊ စကားသံတွေသွက်ပြီး လျှာတွေတောင် ခလုတ်တိုက်မတတ် ပြောပြနေတာ သိလား၊ ချစ်မြတ်နိုးလည်း သူ့ဘာသာရှက်ပြီး အိမ်ကမိဘတွေတောင် မျက်နှာချင်းမဆိုင်ရဲဘဲ ရှောင်နေသတဲ့"

"အမေ့ကို စိတ်လျှော့ရှားအောင် သွားလုပ်ပြန်ပြီကွာ၊ တော်ကြာ ဝမ်းသာလုံးဆို့ပြီး ဒုက္ခတွေများနေဦးမယ်"

မင်းရောင်တို့အိမ်မှာလည်း ဒီသတင်းစကားကြောင့် ပွက်လောရိုက်ကာ အံ့ဩစရာကောင်းလှသော ဇာတ်လမ်းကို ပြောမဆုံးဖြစ်နေကြတော့သည်။

နှစ်ဦးသဘောတူ လမ်းခွဲကွာရှင်းပြီးသောအခါမှ တစ်ယောက်ကိုတစ်ယောက် အချစ်ကြီး ချစ်မိကြလျက် ပြန်လည်ဆုံစည်းရဖို့ မျှော်လင့်နေခဲ့ကြသော ' သူတို့နှစ်ယောက်ရဲ့ အဖြစ်အပျက်ဆန်းသည်ကား...။

× × ×

တကယ်လို့များ....

သူတို့နှစ်ယောက်ရဲ့ ပထမဦးဆုံးသော တွေ့ဆုံမှုမှာ ပဋိပက္ခတွေမရှိခဲ့ဘဲ သမားရိုးကျလေးအတိုင်းသာ ဖြတ်သန်းခဲ့မယ်ဆိုရင် သူတို့ ဒီလောက်ထိ အကြာကြီး ဝေးကွာသွားစရာအကြောင်း ရှိမယ်မထင်။

× × ×

# ( ၂၄ )

ဒုတိယအကြိမ်မြောက် ပြန်လည်တွေ့ဆုံမှုလေးကတော့ ရိုးရိုးစွာ သမားရိုးကျဆန်စွာ ဖြတ်သန်းခဲ့ပါတယ်။

သာမန်ဖြစ်ရိုးဖြစ်စဉ်ပုံစံအတိုင်းပဲ မင်းရောင်က ညတိုင်း ဖုန်းတွေဆက်၊ မနက်ကျ ပန်းစည်းတွေပို့၊ ဖုန်းဆက်တိုင်း အဖြေတောင်း။

ချစ်မြတ်နိုးကလည်း မိန်းကလေးတွေထုံးစံအတိုင်း အချိန်ဆွဲတော့ဆွဲကာ စဉ်းစားပေးခဲ့ကာ တစ်ရက်မှာတော့ ချစ်သူကို အဖြေပေးနေကျ မိန်းကလေးတစ်ယောက်ရဲ့ အမူအရာလေးအတိုင်းပဲ သာမန်အဖြေစကားကို ဖြေခဲ့ပါတယ်။

× × ×

www.burmeseclassic.com

# 'သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှု'



"သူတို့နှစ်ယောက်ရဲ့ ပြန်လည်တွေ့ဆုံမှုဟာ မဆန်းကြယ်လှပေမယ့် သူတို့ရဲ့ဇာတ်လမ်းလေးကတော့ အနည်းငယ် ဆန်းကြယ်လှတဲ့အတွက် သူတို့အကြောင်းကို သိထားခဲ့ကြသူတွေကြားမှာ အင်မတန်မှ အလွာရှိဆန်သွားခဲ့ပါတယ်"

ရှင်မိုး(ဆေးတက္ကသိုလ်)

15th, June,

Friday,

2012

www.burmeseclassic.com